# ဗုဒ္ဓဘာသာဝင်တိုင်း

# သိသင့်သောအချက်များ

ပထမတွဲ၊ ဒုတိယတွဲ၊ တတိယတွဲ

စတုတ္ထတွဲနှင့်ပဥ္စမတွဲ

## ၅-အုပ်တွဲပေါင်းချုပ်


စာအုပ်မူပိုင်ရှင်

ဆရာဝန်ဦးကံညွန့်(အမ်-ဘီ-ဘီ-အက်စ်)ဒေါ်တင်ကြည်နှင့်

သားသမီးများ

အမှတ်(၄၈)မင်္ဂလာလမ်း၊ စမ်းချောင်း၊ ရန်ကုန်မြို့။

ဓမ္မဒါန

သာသနာ-၂၅၃၂၊ ကောဇာ-၁၃၅၁၊ ခရစ်-၁၉၈၉



ဆရာဝန် ဦးကံညွန့်
ဤစာအုပ်စုဆောင်းစီစဉ်၍ ဓမ္မဒါနပြုသူ

# ဗုဒ္ဓဘာသာဝင်တိုင်း သိသင့်သောအချက်များ

## ပထမတွဲ၊ ဒုတိယတွဲ၊ တတိယတွဲ
## စတုတ္ထတွဲ နှင့် ပဉ္စမတွဲ

# ၅-အုပ်တွဲ ပေါင်းချုပ်

စာအုပ်မူပိုင်ရှင်

ဆရာဝန်-ဦးကံညွန့် (အမ်-ဘီ-ဘီ-အက်စ်) ဒေါ်တင်ကြည်

သား-သမီးများ

အမှတ် ၄၈-မင်္ဂလာလမ်း၊ စမ်းချောင်း၊ ရန်ကုန်။

ဓမ္မဒါန

သာသနာ ၂၅၃၂၊ ကောဇာ ၁၃၅၀၊ ခရစ် ၁၉၈၉

## စာတည်းဖြတ်သူ

( ၁ ) ဆရာတော်-ဦးကောသလ္လ၊
သာကျသီဟနှင့် အစိုးရဂုဏ်ထူးဆောင်-ဓမ္မာစရိယ၊
မစိုးရိမ်ကျောင်းတိုက်၊ ပြည်လမ်း၊ စမ်းချောင်း၊
ရန်ကုန်။

( ၂ ) ရှင်စာရိတ္တာဗုဒ္ဓိ (ရေငုံဆရာတော်)
သမဏာသုခကျောင်း၊ အရှေ့ဥယျာဉ်တိုက်၊
ရှမ်းလမ်း၊ စမ်းချောင်း၊ ရန်ကုန်။

....☆....

ထုတ်ဝေခြင်း
ဘာသာရေးဆိုင်ရာ စာမူထုတ်ဝေခွင့်ပြု အမှတ် (၂၅၉)
မျက်နှာဖုံး ကြိုတင်ခွင့်ပြု အမှတ် (၁၇၉)

ထုတ်ဝေလ
၁၉၇၉-ခုနှစ်၊ မေလ
ပထမအကြိမ်၊ အုပ်ရေ-၅၀၀၀

ဓမ္မဒါန
မျက်နှာဖုံးရိုက်
ကာလာအောင်သူ-ပုံနှိပ်တိုက်

ထုတ်ဝေသူ
ဆရာဝန်-ဦးကံညွန့် (အမ်-ဘီ-ဘီ-အက်စ်)
(ကင်းလွတ်ခွင့် အမှတ်-၃၉)
အမှတ် ၄၈-မင်္ဂလာလမ်း၊ စမ်းချောင်း၊ ရန်ကုန်။

ပုံနှိပ်သူ
ဒေါ်စိန်စိန် (၀၂၂၉၉-မြ) ကာလာအောင်သူ ပုံနှိပ်တိုက်၊
အမှတ် ၄၇-ဘိုးကလေးဈေးလမ်း၊ ရန်ကုန်မြို့။

# ဆုတောင်းအမျှဝေ

ကျွန်တော်သည် ၁၉၇၃-ခုနှစ်မှစ၍ ယနေ့အထိ တရားစာအုပ်များကို အောက်ပါအတိုင်း ပုံနှိပ်-လှူဒါန်းပြီးပါပြီ။

| | | | |
|---|---|---|---|
| ၁။ | ဗုဒ္ဓဘာသာဝင်တိုင်း သိသင့်သောအချက်များ ပထမတွဲအုပ်ရေ | — | ၂၄၀,၀၀၀ |
| ၂။ | ၎င်း ဒုတိယတွဲအုပ်ရေ | — | ၇၀,၀၀၀ |
| ၃။ | ၎င်း တတိယတွဲအုပ်ရေ | — | ၄၅,၀၀၀ |
| ၄။ | ၎င်း စတုတ္ထတွဲအုပ်ရေ | — | ၅၀,၀၀၀ |
| ၅။ | ၎င်း ပဉ္စမတွဲအုပ်ရေ | — | ၂၀,၀၀၀ |
| ၆။ | မာရဏပရိတ်တော် (မြန်မာပြန်) | — | ၃၀၀,၀၀၀ |
| ၇။ | မြတ်စွာဘုရားသခင်၏ အံ့သြဖွယ်ရာ တန်ခိုးတော်များ ဘုရားရှိခိုး | | ၃၀၀,၀၀၀ |
| ၈။ | ယခု ဗုဒ္ဓဘာသာဝင်တိုင်း သိသင့်သော အချက်များ ၅-အုပ်တွဲပေါင်းချုပ် | | ၅၀၀၀ |
| | စုစုပေါင်းအုပ်ရေ | — | ၁၀၃,၀၀၀၀ |

အုပ်ရေစုစုပေါင်း ဆယ် သိန်း သုံးသောင်း တိတိကို လှူဒါန်းခဲ့ပြီး ဖြစ်ပါသည်။ ဤကောင်းမှုကြောင့် ဤဘဝမသေခင် သောတာပန်ဖြစ်ရပါလို၏။ ဤဓမ္မဒါနပြုရသော ကုသိုလ်ကို သုံးဆယ့်တစ်ဘုံ၌ ကျင်လည်ကြကုန်သော တစ်ဦးမကျန် အားလုံးသော လူ နတ်၊ ဗြဟ္မာ၊ သတ္တဝါ အပေါင်းတို့အား အမျှပေးဝေပါ၏။ အားလုံးအမျှရကြ၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကုန်သတည်း။

ဆရာဝန် ဦးကံညွန့်-ဒေါ်တင်ကြည်
မိသားစု

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၅။ | လောကဓံတရား (၈) ပါး | ၅၄ |
| ၃၆။ | စကား (၆) ခွန်း | ၅၄ |
| ၃၇။ | သည်းခံခြင်း၏ အကျိုး (၅) ပါး | ၅၅ |
| ၃၈။ | ပျက်စီးခြင်းတရား (၆) ပါး | ၅၅ |
| ၃၉။ | အောင်မြင်ခြင်း အခြေ-မူလ (၄) ပါး | ၅၇ |
| ၄၀။ | အရှင်-မဟာမောဂ္ဂလာန် မထေရ်အကြောင်း | ၅၆ |
| ၄၁။ | ၃၁-ဘုံဇယား ရှင်းပြချက် | ၆၅ |
| | **ဒုတိယတွဲ** | |
| ၁။ | ဝိပါက်တော် (၁၂) ပါး တရားတော်နိဒါန်း | ၆၉ |
| ၂။ | အောင်ခြင်းရှစ်ပါး တရားတော် | ၇၇ |
| ၃။ | အနာဂတ်ကာလ၌ ပွင့်တော်မူလတ္တံ့သော အရိမေတ္တေယျ—မြတ်စွာဘုရား၏ အကြောင်းအရာများ | ၈၇ |
| ၄။ | ကမ္ဘာပျက်ပြီး၍ တစ်ဖန် တည်ထောင်လာပုံကို ဟောပြခြင်း | ၉၄ |
| ၅။ | ဓမ္မပဒမှ ကောက်နုတ်ချက်များ | ၁၀၃ |
| ၆။ | သင်္ဂါလသုတ် ကောက်နုတ်ချယ်များ | ၁၁၁ |
| ၇။ | ကိုယ်ချင်းစာ တရားတော် | ၁၂၁ |
| | **တတိယတွဲ** | |
| ၁။ | ခရဏသုတ် ပရိတ်တော် | ၁၃၄ |
| ၂။ | ဓမ္မစကြာသုတ်တရားတော် | ၁၄၁ |
| ၃။ | အနတ္တလက္ခဏသုတ်တရားတော် | ၁၄၈ |

# မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄။ | ပဋိစ္စသမုပ္ပါဒ်တရားတော် | ၁၅၆ |
| ၅။ | ရတနသုတ်ပရိတ်တရားတော် | ၁၆၃ |
| ၆။ | မေတ္တာသုတ္တန်တရားတော် | ၁၇၀ |
| ၇။ | အာဋာနာဋိယသုတ်ပရိတ်တရားတော် | ၁၇၀ |
| ၈။ | မဟာသတိပဋ္ဌာနသုတ်တရားတော် | ၁၈၄ |
| | **စတုတ္ထတွဲ** | |
| | နိဒါန်း | ၁၉၇ |
| ၁။ | အဝိဇ္ဇာလောက | ၁၉၈ |
| ၂။ | သောတာပန်ပုဂ္ဂိုလ် | ၂၀၀ |
| ၃။ | စကြာမင်းကြီး | ၂၀၁ |
| ၄။ | မဋ္ဌကုဏ္ဍလီဝတ္ထု | ၂၀၂ |
| ၅။ | တရားစာအုပ်များစွာတို့မှ ကောက်နုတ်ချက်များ | ၂၀၄ |
| ၆။ | ကဏ္ဍကစ္ဆေဒပမသုတ် | ၂၁၈ |
| ၇။ | နခသိခသုတ္တန် | ၂၁၉ |
| ၈။ | ဂင်္ဂါသုတ် | ၂၂၀ |
| ၉။ | ပုဂ္ဂလသုတ် | ၂၂၁ |
| ၁၀။ | တိဏကဋ္ဌသုတ် | ၂၂၂ |
| ၁၁။ | အဿုသုတ် | ၂၂၃ |
| ၁၂။ | ခီရသုတ် | ၂၂၄ |
| ၁၃။ | ပဗ္ဗတသုတ် | ၂၂၄ |
| ၁၄။ | သာသပသုတ် | ၂၂၅ |
| ၁၅။ | စူဠကမ္မဝိဘင်္ဂသုတ် အဋ္ဌကထာ | ၂၂၆ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၆။ | ခန္ဓာ၏ ခိုင်းနှိုင်းဥပမာ | ၂၂၀ |
| ၁၇။ | မဟာဝဂ္ဂသံယုတ်အာမကဓညပေယျာလသုတ် | ၂၂၉ |
| ၁၈။ | ကာလာမသုတ်တော် | ၂၃၀ |
| | **ပဥ္စမတွဲ** | |
| ၁။ | နိဒါန်း | ၂၃၇ |
| ၂။ | နတ်များ ကောင်းမှုစာရင်းယူခြင်း | ၂၃၉ |
| ၃။ | ကုသိုလ်ရွှေအိုး မြှုပ်နှံကြပါ | ၂၄၁ |
| ၄။ | ခုဒ္ဒကပါဌပါဠိတော် မြန်မာပြန်စာအုပ်မှ ကောက်နုတ်ချက်များ | ၂၄၃ |
| ၅။ | သူယုတ်မာတို့၏ လက္ခဏာများ | ၂၅၃ |
| ၆။ | ကောကာလိကသုတ် | ၂၅၄ |
| ၇။ | အရှင်သီဝလိမထေရ်၏ (ပထမ) ရှေးအကြောင်း | ၂၅၆ |
| ၈။ | အရှင်သီဝလိမထေရ်၏ (ဒုတိယ) ရှေးအကြောင်း | ၂၅၈ |
| ၉။ | အာယုဝဍ္ဎန သတို့သားအကြောင်း | ၂၆၀ |
| ၁၀။ | ကောက ဖွေးမှုန်းအကြောင်း | ၂၆၃ |
| ၁၁။ | မီးလောင်ခဲ ဆိုးဝါး ကျီးအကြောင်း | ၂၆၅ |
| ၁၂။ | လှေသူကြီးမယားအကြောင်း | ၂၆၇ |
| ၁၃။ | လှေသူကြီးမယား အတိတ်အကြောင်း | ၂၆၈ |
| ၁၄။ | အာဂန္တုရဟန်း ခုနစ်ပါးအကြောင်း | ၂၆၉ |
| ၁၅။ | မဟာကာလ ဥပသကာအကြောင်း | ၂၇၂ |
| ၁၆။ | စက္ခုပါလမထေရ်အကြောင်း | ၂၇၆ |
| ၁၇။ | ဇမ္ဗုကသုတ္တန် တရားတော် | ၂၇၉ |
| ၁၈။ | မဟာဒုဂ်အကြောင်း | ၂၈၇ |
| ၁၉။ | နောက်ဆက်တွဲ | ၂၉၅ |

# ဗုဒ္ဓဘာသာဝင်တိုင်း
## သိသင့်သောအချက်များ

( ပ ထ မ တွဲ )

တွင် ဒုစရိုက်တရား (၁၀)ပြစ်မှုတို့ကို ပြုကျင့်သောသူတို့သည် ငရဲ၌ ဒုက္ခခံရပုံကို ရှင်းပြထားပါသည်။

ဒုစရိုက်တရားဟုဆိုအပ်သော ပြစ်မှုတို့ကို ပြုကျင့်ရန် ထိုတ်လန့်သောသူတို့သည် သူတော်ကောင်းများ ဖြစ်လာကြပါသည်။ သူတော်ကောင်းတို့ကိုအုပ်ချုပ်ရာ၌လွယ်ကူပါသည်၊ထို့ကြောင့် ဤစာအုပ်သည် နိုင်ငံတော် အစိုးရအားလည်း အကျိုး ပြုလိမ့်မည်ဟု ထင်ပါသည်။

ဤစာအုပ်ကိုအကြိမ်ကြိမ်ဖတ်ရှုပြီးနားလည်သဘောပေါက်လာသောအခါ လုပ်သားပြည်သူ အပေါင်းတို့သည် ဒုစရိုက်တရား (၁၀) ပြစ်မှုတို့ကို ရှောင်ကြဉ်ကြသဖြင့် ထောင်ဒုက္ခနှင့် ငရဲဒုက္ခတို့မှ ကင်းလွတ်၍ ကိုယ်စိတ်နှစ်ဖြာချမ်းသာပါလိမ့်မည်။ ထို့ကြောင့်ဤစာအုပ်သည် လုပ်သားပြည်သူအပေါင်းတို့အားလည်း အကျိုးပြုလိမ့်မည်ဟု ထင်ပါသည်။ ဤစာအုပ်ကို ဓမ္မဒါနအဖြစ် လှူရ၍ စာရေးသူကုသိုလ်ရပါလိမ့်မည်။ ထို့ကြောင့် ဤစာအုပ်သည် စာရေးသူအားလည်း အကျိုး ပြုလိမ့် မည် ဟု ယုံကြည်ပါသည်။

မြတ်စွာဘုရား ဟောကြားတော်မူသော တရားစာတို့သည် ရိုးရိုးစာမဟုတ်ပါ။ ဓမ္မစေတီထိုက်သောစာများဖြစ်ကြပါသည်။ ထို့ကြောင့် ဤစာအုပ်ကို ဖတ်ရှုပြီးလျှင် မြင့်သောနေရာ၊မြတ်သော နေရာတို့တွင် တင်ထားသင့်ပါသည်။

အားလုံးကျန်းမာ၍ ချမ်းသာကြပါစေသော်ဝ်။

ဦး ကံ ညွန့်

## ဘုရားဂုဏ်တော် ကိုးပါး

ပါဠိ။ ။ဣတိပိ သော ဘဂဝါ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏ သမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊ အနုတ္တရော ပုရိသ ဒမ္မသာရထိ၊ သတ္ထာဒေဝမနုဿာနံ၊ ဗုဒ္ဓေါ၊ ဘဂဝါ။

**အနက်**။ ။( ၁ ) သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ ဣမိနာစ ကာရဏေန၊ ဤသို့ လူ နတ်ဗြဟ္မာ သတ္တဝါတို့၏ ပူဇော်အထူးကို ခံယူတော်မူထိုက်သော အကြောင်းကြောင့်၊ **အရဟံ**၊ အရဟမည်တော်မူ၏။

( ၂ ) သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ-ဣမိနာစ ကာရဏေန၊ အလုံးစုံသော တရား အပေါင်းတို့ကို သဗ္ဗညုတဉာဏ်ဖြင့် အကြွင်းမရှိ သိတော်မူသော အကြောင်းကြောင့်လည်း။ သမ္မာသမ္ဗုဒ္ဓေါ၊ သမ္မာသမ္ဗုဒ္ဓ-မည်တော်မူ၏။

( ၃ ) သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ-ဣမိနာစ ကာရဏေန၊ ဤသို့ဝိဇ္ဇာသုံးပါး-ဝိဇ္ဇာရှစ်ပါး စာရဏ တစ်ဆယ့်ငါးပါးနှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း။ ဝိဇ္ဇာစရဏသမ္ပန္နော၊ ဝိဇ္ဇာစရဏသမ္ပန္န-မည်တော်မူ၏။

( ၄ ) သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ-ဣမိနာစ ကာရဏေန၊ ဤသို့ ကောင်းသော စကားကိုသာ ဆိုတော်မူတတ်သော အကြောင်းကြောင့်လည်း။ သုဂတော၊ သုဂတ မည်တော်မူ၏။

( ၅ ) သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ-

ဣမိနာ ၁၀ ကာရဏေန၊ ဤသို့သတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောက တည်းဟူသော လောကသုံးပါးကို သိတော်မူသော အကြောင်းကြောင့်လည်း။ လောကဝိဒူ၊ လောကဝိဒူ-မည်တော်မူ၏။

( ၆ ) သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ-ဣမိနာ ၁၀ ကာရဏေန၊ မယဉ်ကျေးသော လူနတ်ဗြဟ္မာ သတ္တဝါတို့ကို ယဉ်ကျေးအောင် ဆုံးမတော်မူတတ်သော အကြောင်းကြောင့်သည်။ အနုတ္တရော ပုရိသဒမ္မသာရထိ၊ အနုတ္တရော ပုရိသဒမ္မသာရထိ-မည်တော်မူ၏။

( ၇ ) သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ ဣမိနာ ၁၀ ကာရဏေန၊ ဤသို့လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း။ သတ္ထာဒေဝမနုဿာနံ၊ သတ္ထာဒေဝမနုဿာန-မည်တော်မူ၏။

( ၈ ) သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ-ဣမိနာ ၁၀ ကာရဏေန၊ ဤသို့ သစ္စာလေးပါးတို့ကို သိတော်မူသော အကြောင်းကြောင့်လည်း။ ဗုဒ္ဓေါ၊ ဗုဒ္ဓ-မည်တော်မူ၏။

( ၉ ) သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ-ဣမိနာ ၁၀ ကာရဏေန၊ ဤသို့ ဘုန်းတော်အနန္တ၊ ဂုဏ်တော်အနန္တ၊ ဉာဏ်တော်အနန္တ၊ တန်ခိုးတော်အနန္တနှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း။ ဘဂဝါ၊ ဘဂဝါ-မည်တော်မူ၏။

## တရားဂုဏ်တော် ခြောက်ပါး

ပါဠိ။ ။သွာက္ခာတော ဘဂဝတာ ဓမ္မော၊ သန္ဒိဋ္ဌိကော၊ အကာလိကော၊ ဧဟိပဿိကော၊ ဩပနေယျိကော၊ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ။

အနက်။ ။(၁) ဘဂဝတာ၊ မြတ်စွာဘုရား၏။ သွာက္ခာတော၊ အစ၊ အလယ်၊ အဆုံး ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံစွာ ဟောကြားတော်မူအပ်သော။ ဓမ္မော၊ တရားတော်မြတ်သည်။

(၂) သန္ဒိဋ္ဌိကော၊ ချီးမွမ်းအပ်သော မဂ်ပညာဖြင့် ကိလေသာကို အောင်တတ်၏။

(၃) အကာလိကော၊ အခါမလင့်ကောင်းကျိုးချမ်းသာကို ပေးတတ်၏။

(၄) ဧဟိပဿိကော၊ လာလှည့်-ရှုလှည့်ဟူသော အစီအရင်ကို ခံထိုက်၏။

(၅) ဩပနေယျိကော၊ မိမိစိတ်၌ကပ်၍ ဆောင်ခြင်းငှါ ထိုက်၏။

(၆) ဝိညူဟိ၊ ပညာရှိတို့သည်။ ပစ္စတ္တံ၊ မိမိတို့စိတ်၌ ကပ်၍။ ဝေဒိတဗ္ဗော၊ သိအပ် ခံစားအပ်၏။

## သံဃာဂုဏ်တော်ကိုးပါး

ပါဠိ။ ။သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ယဒိဒံ စတ္တာရိ ပုရိသ ယုဂါနိ အဋ္ဌ ပုရိသ ပုဂ္ဂလာ ဧသ ဘဂဝတော သာဝကသံဃော၊ အာဟုနေယျော၊ ပါဟုနေယျော၊ ဒက္ခိဏေယျော၊ အဉ္ဇလိကရဏီယော၊ အနုတ္တရံ၊ ပုညက္ခေတ္တံ လောကဿ။

အနက်။ ။(၁) ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝကသံဃော၊ တပည့်သား သံဃာတော်သည်။ သုပ္ပဋိပန္နော၊ သိက္ခာကျင့်ဝတ်တို့ကို ကောင်းစွာ ကျင့်တော်မူ၏။

(၂) ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝကသံဃော၊ တပည့်သားသံဃာတော်သည်။ ဥဇုပ္ပဋိပန္နော၊ သိက္ခာကျင့်ဝတ်တို့ကို ဖြောင့်မတ်စွာ ကျင့်တော်မူ၏။

(၃) ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝကသံဃော၊ တပည့်သား သံဃာတော်သည်။ ဉာယပ္ပဋိပန္နော၊ နိဗ္ဗာန်အကျိုးငှာ ကျင့်တော်မူ၏။

(၄) ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝကသံဃော၊ တပည့်သား သံဃာတော်သည်။ သာမီစိပ္ပဋိပန္နော၊ အရိုအသေပြုထိုက်အောင် သိက္ခာကျင့်ဝတ်တို့ကို ရိုသေစွာကျင့်တော်မူ၏။

( ၅ ) ဘဂဝတော၊ မြတ်စွာဘုရား၏။ ယင်းဒိတ်စတ္တာရိပုရိသ ယုဂ ါနိ၊ အကြင်ရှစ်ယောက်သော ယောကျ်ားမြတ်အစုံတို့သည်။ ဟောတိ၊ ဖြစ်ကုန်၏။ သေသော သာဝကသံဃော၊ ထိုဘုရားသခင်သာ အရိယာပုဂ္ဂိုလ် ရှစ်ယောက်သည်။ အာ-ဟုနေယျော၊ အဝေးမှ ဆောင်၍ သီလဝန္တ ပုဂ္ဂိုလ် တို့အား လှူအပ်သော ပစ္စည်းကို ခံတော်မူထိုက်၏။

( ၆ ) ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝကသံဃော၊ တပည့်သား သံဃာတော်သည်။ ပါဟုနေယျော၊ ချစ်နှစ်လိုအပ်သောဧည့်သည်တို့အကျိုးငှာ စီရင်၍ထားအပ်သော မြတ်သော အလှူကို ခံတော်မူထိုက်၏။

( ၇ ) ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝကသံဃော၊ တပည့်သား သံဃာတော်သည်။ ဒက္ခိဏေယျော၊ တမလွန်လောကကို ယုံကြည်၍ ပေးအပ်သော အလှူကို ခံတော်မူထိုက်၏။

( ၈ ) ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝကသံဃော၊ တပည့်သား သံဃာတော်သည်။ အဉ္ဇလိကရဏီယော၊ ကောင်းမှုကို အလိုရှိသောသူ၏ လက်အုပ်ချီခြင်းကို ပြုရာဖြစ်၏။

( ၉ ) ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝကသံဃော တပည့်သား သံဃာတော်သည်။ လောကဿ၊ ခပ်သိမ်းသော လောက၏။ အနုတ္တရံ အနုတ္တရော၊ အတုမရှိသော။ ပုညက္ခေတ္တံ-ပုညခေတ္တော၊ ကောင်းမှုတည်းဟူသော မျိုးစေ့တို့၏စိုက်ပျိုးရာ လယ်ယာမြေကောင်းသဖွယ် ဖြစ်၏။

## အပါယ်လေးပါး ဆိုသည်ကား

၁။ ငရဲ ... ချမ်းသာ အနည်းငယ် မရှိဘဲ၊ မီး တောက်၊ မီးလျှံ၊ ဒါးလှံ စက်တို့ဖြင့် ခံရခြင်းကို 'ငရဲ' ဟုခေါ်ပါသည်။

၂။ တိရစ္ဆာန် ... တရားကိုမသိ၊ စားခြင်း၊ အိပ်ခြင်း၊ မေထုန် မှီဝဲခြင်း ကိုသာ သိသော သတ္တဝါ၊ မင်္ဂ-ဖိုလ်မှ ဖီလာကန့်လန့် ဖြစ်သော 'သတ္တဝါ'။

၃။ ပြိတ္တာ ... ချမ်းသာသုခမှကင်းဝေးသော ဖုတ် တစ္ဆေ စသော 'သတ္တဝါ'။

၄။ အသုရကာယ် ... စည်းစိမ်ချမ်းသာမြူးထူးခြင်းစသည် တို့ဖြင့်မမြူးထူး မထွန်းပတက်သော 'သတ္တဝါ'။
(နေ့စံ၍၊ ညဥ့်ခံ၊ ညဥ့်စံ၍၊ နေ့ခံ သော သတ္တဝါ)။

( အပါယ်-ကောင်းမှုနှင့် မပြည့်စုံသော 'ငရဲ' )

## ကပ် သုံး ပါး

၁။ ဒုဗ္ဘိက္ခန္တရကပ် ... အစာ ခေါင်းပါး ငတ်မွတ်ခြင်း ကြောင့် များစွာ သေကြေပျက်စီး ခြင်း။

၂။ သတ္တန္တရကပ် ... သေစေတတ်သော ဒါး၊ လှံ၊ သေ နတ်စသောလက်နက်တို့ဖြင့် အချင်း

ချင်း တိုက်ခိုက် ထိုးခုတ်၍ များစွာ သေကြေပျက်စီးခြင်း။

၃။ ရောဂန္တရကပ် .... ကူးစက်တတ်သော အနာရောဂါ ကျရောက်သဖြင့် များစွာသေကြေ ပျက်စီးခြင်း။

(ကပ် - ကာလအပိုင်းအခြား)

## အရပ်ပြစ်ရှစ်ပါး

၁။ ငရဲ .... ချမ်းသာအလျဉ်းမရှိသောအရပ်။

၂။ တိရစ္ဆာန် .... မက်-ဖိုလ်မှ ဖီလာ ကန့်လန့်ဖြစ်သော သတ္တဝါ။

၃။ ပြိတ္တာ .... ချမ်းသာသုခ ကင်းဝေးသောဖုတ်-တစ္ဆေစသော သတ္တဝါ။

၄။ အသညဗော .... အရူပဘုံ၊ အသညသတ်ဘုံ။

၅။ ပစ္စန္တရော .... ရတနာသုံးပါးမတည်၍ ရိုင်းစိုင်းသော သူတို့အရပ်။

၆။ ဝိကလိန္ဒြိယ .... ပဉ္စသဒ္ဒေအားဖြင့် ကျုံး၊ ကန်း၊ ဆွံ့၊ အသောသူအဖြစ်။

၇။ မိစ္ဆာဒိဋ္ဌိ .... မှားသောအယူကိုယူသော မိစ္ဆာဒိဋ္ဌိ တက္ကတွန်းဖြစ်ရခြင်း။

၈။ ဗုဒ္ဓသုညောဘိဟောဘုကော....ဘုရားမရှိသောအခါကာလ၌ တိဟိတ်ပဋိသန္ဓေနေသောသူ။

( အရပ်ပြစ်ရှစ်ပါး-မဂ်ကို ရခြင်းမှ ကင်းသောအရပ် ၈-ပါး )

## ရန်သူမျိုး ငါးပါး

၁။ မီး .... လောင်ကျွမ်းစေတတ်သော ဓာတ်တမျိုး။
၂။ ရေ .... သောက်၊ ချိုး၊ ဖွတ်၊ လျှော်၊ ဆေးကြော ရသော အရည်ဓာတ်တမျိုး။
၃။ မင်း .... ရေ မြေကို အစိုးရသော လောကသမုတိ နတ်။
၄။ ခိုးသူ .... သူတပါးပစ္စည်းကိုမသိအောင်တိတ်တဆိတ် ယူတတ်သောသူ။
၅။ မချစ်မနှစ်သက်သောသူ .... ပ်မိကိုမုန်း၍ ပျက်စီးရာ-ပျက် စီး ကြောင်း ကြံတတ်သူ။

## ဝိပတ္တိတရား လေးပါး

၁။ ဂတိဝိပတ္တိ .... အပါယ်လေးဘုံ၌ ဖြစ်ခြင်း။
၂။ ဥပဓိဝိပတ္တိ .... ယုတ်ညံ့သော အတ္တဘောကိုရခြင်း။
၃။ ကာလဝိပတ္တိ .... မကောင်းသောမင်းတို့၏ လက်ထက်ဟု ဆိုအပ်သောကာလ။
၄။ ပယောဂဝိပတ္တိ....မကောင်းသောလုံ့လ ရှိခြင်း။
( ဝိပတ္တိ=ပျက်စီးခြင်း၊ ဖောက်ပြန်ခြင်း )

## ဗျသနတရား ငါးပါး

၁။ ဉာတိဗျသန .... အဆွေ-အမျိုးတို့ ပျက်စီးခြင်း။
၂။ ဘောဂဗျသန.... စည်းစိမ်ဥစ္စာအရာအထူးတို့ပျက်စီးခြင်း။
၃။ ရောဂဗျသန .... အနာရောဂါကြောင့် ပျက်စီးခြင်း။

၄။ သီလဗျသန .... ကောင်းသောအကျင့်သီလ ပျက်စီးခြင်း။
၅။ ဒိဋ္ဌိဗျသန .... ကောင်းသောအယူဝါဒပျက်စီးခြင်း။
( ဗျသန—ပျက်စီးခြင်း )

## ဒုစရိုက် တရား

ဒုစရိုက်သည် - **မကောင်းသော** အကျင့်ကိုဆိုပါသည်။
ဒုစရိုက်သည် - အကုသိုလ် ဖြစ်ပါသည်။

ကာယကံ ၃-ပါး၊ ဝစီကံ ၄-ပါး၊ မနောကံ ၃-ပါး အားဖြင့် ဒုစရိုက် ၁၀-ပါး ဖြစ်ပါသည်။ ဒုစရိုက် ၁၀-ပါး တို့တွင် တပါးပါးကို ကမ္မပထမြောက်အောင်လွန်ကျူးမိပါက အပါယ်လေးပါးသို့လားစေတတ်သောကြောင့်လည်းကောင်း၊ ကမ္မပထ မမြောက်သောဒုစရိုက်သည် ဖြစ်လေရာဘဝ၌ အခွင့်သာသောအခါ ဆင်းရဲစွာသော မကောင်းကျိုးကိုဖြစ်စေတတ်သောကြောင့်လည်းကောင်း၊ ဗုဒ္ဓဘာသာဝင်ဖြစ်သူ အပေါင်းတို့သည် ဒုစရိုက် ၁၀-ပါးကို ကောင်းစွာ ရှောင်ကြဉ်ရာ၏။

## ဒုစရိုက် ၁၀-ပါး ( မကောင်းမှု၁၀-ပါး )

၁။ ပါဏာတိပါတာ .... **သူ၏အသက်ကိုသတ်ခြင်း**။
၂။ အဒိန္နာဒါနာ .... သူ၏ဥစ္စာကို ခိုးယူခြင်း။
၃။ ကာမေသုမိစ္ဆာစာရ .... သူ၏ သားမယားကို မေထုန်မှီဝဲကျူးလွန်ခြင်း။

( ဤတရား ၃-ပါးကို ကိုယ်ဖြင့် ပြုကျင့်သောကြောင့် 'ကာယကံ' ဟုခေါ်ပါသည် )

၄။ မုသာဝါစာ .... မဟုတ် မမှန်သော စကားကို ပြောဆိုခြင်း။

၅။ ပိသုနဝါစာ .... သူနှစ်ယောက် အချစ်ကို ပျက်အောင် ဂုန်းချောခြင်း။

၆။ ဖရုသဝါစာ .... ကြမ်းတမ်းသဖြင့် နားမခံသာသောစကားကို ပြောဆိုခြင်း။

၇။ သမ္ဖပ္ပလာပဝါစာ .... နိဗ္ဗာန်မှ ဖီလာ ဖြစ်သော သိမ်ဖျင်းသော စကားကို ပြောဆိုခြင်း။

( ဤ တရား ၄-ပါးကို နှုတ်ဖြင့် ပြောဆိုပြုကျင့်သောကြောင့် 'ဝစီကံ'ဟု ခေါ်ပါသည်။ )

၈။ အဘိဇ္ဈာ .... သူတပါးစည်းစိမ်ကိုငါ့စည်းစိမ်ဖြစ်ပါစေတော့ဟုကြံခြင်း။

၉။ ဗျာပါဒ .... သူတပါး ပျက်စီးစေ လိုသောဒေါသရှိခြင်း။

၁၀။ မိစ္ဆာဒိဋ္ဌိ .... မှားသောအယူကို ယူခြင်း။

( ဤ တရား ၃-ပါးကိုစိတ်ဖြင့်အောက်မေ့ပြုကျင့်ခြင်းကြောင့် 'မနောကံ'ဟု ခေါ်ပါသည်။ )

## မင်္ဂလာတရား ၃၈ - ပါး

၁။ လူမိုက်ကို ရှောင်ကြဉ်ရမည်။

၂။ ပညာရှိသောသူကို မှီဝဲဆည်းကပ်ရပါမည်။

၃။ ပူဇော်ထိုက်သောသူကို ပူဇော်ရပါမည်။

၄။ တင့်အပ်လျောက်ပတ်သော အရပ်၌ နေရပါမည်။
၅။ ရှေးကပြုခဲ့ဘူးသော ကောင်းမှုရှိရပါမည်။
၆။ မကောင်းမှုကို မပြုမိအောင် မိမိကိုယ်ကို ကောင်းစွာ စောင့်ရှောက်ရပါမည်။
၇။ အကြားအမြင်များအောင် လုံ့လပြုရပါမည်။
၈။ အပြစ်မရှိသောအတတ်ကို တတ်ရပါမည်။
၉။ လူ့ဝိနည်း၊ ရဟန်းဝိနည်း တရားတော်ကို ကောင်းစွာ သင်–အံ လေ့ကျက်ရပါမည်။
၁၀။ တရားလမ်းကြောင်းသင့်၍ ကောင်းမြတ်သောစကားကို ဆိုရပါမည်။
၁၁။ အမိ–အဘတို့ကို လုပ်ကျွေးမွေးမြူရပါမည်။
၁၂။ သားမယားတို့ကို သင်္ဂြိုဟ်ထောက်ပံ့ရပါမည်။
၁၃။ အကုသိုလ်အနှောင့်အယှက်မရှိသော အလုပ်ကို လုပ်၍ အသက်မွေးရပါမည်။
၁၄။ နိဗ္ဗာန်ကို တောင့်တ၍ အလှူပေးရပါမည်။
၁၅။ တရားနှင့်လျော်သော အကျင့်ကို ကျင့်ရပါမည်။
၁၆။ အဆွေ–အမျိုးတို့အား ပေးကမ်းထောက်ပံ့ရပါမည်။
၁၇။ လောက၌ အပြစ်မရှိ၊ သံသရာ၌လည်း အပြစ်မရှိသော အမှုကို ပြုရပါမည်။
၁၈။ မကောင်းမှုမှ ဝေးစွာ ရှောင်ကြဉ်ရပါမည်။
၁၉။ မကောင်းမှုမှ ကိုယ်၊ နှုတ်၊ နှလုံး၊ သုံးပါးဖြင့် အထူး ရှောင်ကြဉ်ရပါမည်။
၂၀။ မူးယစ်စေတတ်သော သေရည်–သေရက်ကို သောက် စားခြင်း၊ ရှူရှိုက်ခြင်းမှကောင်းစွာရှောင်ကြဉ်ရပါမည်။

၂၁။ ကုသိုလ်ကောင်းမှုတို့၌ မမေ့မလျော့ရပါ။
၂၂။ ရှိသေထိုက်သောသူကို ရှိသေရပါမည်။
၂၃။ မိမိကိုယ်ကို နှိမ့်ချရပါမည်။
၂၄။ ရသမျှပစ္စည်း-ဥစ္စာနှင့် ရောင့်ရဲတင်းတိမ်ရပါမည်။
၂၅။ သူတထူး၏ ကျေးဇူးကို သိရပါမည်။
၂၆။ သင့်တင့် လျောက်ပတ်သော အခါ၌ တရားတော်ကို နာယူရပါမည်။
၂၇။ သည်းခံရပါမည်။
၂၈။ သူတော်ကောင်းတို့ ဆိုဆုံးမသောစကားကိုကောင်းစွာ နာယူရပါမည်။
၂၉။ ရဟန်း၊ သံဃာတို့ကိုရှိသေလေးမြတ်စွာ ဖူးမြင်ရပါမည်။
၃၀။ သင့်တင့် လျောက်ပတ်သော အခါ၌ တရားတော်ကို ဆွေးနွေး မေးမြန်းရပါမည်။
၃၁။ မကောင်းမှုကို မပြုမိအောင် ခြိုးခြံစွာကျင့်ရမည်။
၃၂။ မေထုန်အကျင့်မှ ကင်းသော မြတ်သော အကျင့်ကိုကျင့် ရပါမည်။
၃၃။ သစ္စာလေးပါးတရားကို ကောင်းစွာသိမြင်ရပါမည်။
၃၄။ နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုရပါမည်။
၃၅။ လောကဓံတရားရှစ်ပါးနှင့် တွေ့ကြုံသော်လည်း တုန်လှုပ် ခြင်းမဖြစ်ရအောင် မိမိစိတ်ကို ထိန်းရပါမည်။
၃၆။ စိုးရိမ်ခြင်းမဖြစ်ရအောင် စိတ်ကို ထိန်းရပါမည်။
၃၇။ လောဘ-ဒေါသ-မောဟ ဟူသ၍ မြူမျှမရှိစေရပါ။
၃၈။ ကြောက်ခြင်းဟူသော ဘေးလည်း မရှိစေရပါ။

## ပုညကြိယာ ၁၀-ပါး ( ကောင်းမှုဆယ်ပါး )

၁။ ဒါန .... အလှူပေးခြင်း။
၂။ သီလ .... သီတင်းသီလဆောက်တည်ခြင်း။
၃။ ဘာဝနာ .... ကမ္မဋ္ဌာန်းဘာဝနာကို စီးဖြန်းခြင်း။
၄။ အပစာယန .... မိဘ-ဆရာ ရတနာသုံးပါးအား အရိုအသေပူဇော်ခြင်း။
၅။ ဝေယျာဝစ္စ — မိဘ-ဆရာ ရတနာသုံးပါး၏ အမှုကိုပြုခြင်း။
၆။ ပတ္တိဒါန — မိမိကုသိုလ်ကို သူတပါးအားအမျှပေးဝေခြင်း။
၇။ ပတ္တာနုမောဒနာ သူတပါး၏ ကုသိုလ် ကို သာဓုခေါ်ခြင်း။
၈။ ဓမ္မသဝန — တရားတော် နာယူခြင်း။
၉။ ဓမ္မဒေသနာ ... သူတပါး တို့အား တရား ဟောပြောခြင်း။
၁၀။ ဒိဋ္ဌိဇုကမ္မ — ဖြောင့်မတ်စွာ ကောင်းသော အယူကိုယူခြင်း။

## မဂ္ဂင် ၈-ပါး

မဂ္ဂင် ၈-ပါးဟူသည်ကား ကိလေသာ တို့ကို ဖျက်ဆီးတတ်၍ ဝဋ်ဆင်းရဲတို့၏ ချုပ်ကုန်ကြောင်း နိဗ္ဗာန်သို့ရောက်စေတတ်သော တရားကို ခေါ်ပါသည်။

၁။ သမ္မာဒိဋ္ဌိ .... သစ္စာလေးပါး တရားကို ကောင်းစွာ မြင်ခြင်း။

၂။ သမ္မာသင်္ကပ္ပ .... ကာမ ဝိတက်၊ ဗျာပါဒ ဝိတက်၊ ဝိဟိံသဝိတက်မှ ကင်း၍ ကောင်းသော အကြံကိုကြံခြင်း။

၃။ သမ္မာဝါစာ .... ဝစီ ဒုစရိုက် လေးပါးမှ ကြဉ်၍ ကောင်းသော စကားကို ပြောဆိုခြင်း။

၄။ သမ္မာကမ္မန္တ .... ကာယ ဒုစရိုက် သုံးပါးမှ ကြဉ်၍ ကောင်းသော အမှုကို ပြုခြင်း။

၅။ သမ္မာအာဇီဝေါ .... ယုတ်မာသော အသက်မွေးကြောင်း ဖြစ်သော အခမ္မိကဝါဏိဇ္ဇ ကုန်သွယ်ခြင်း ငါးပါးမှ ကြဉ်၍ သီလကို နှလုံးသွင်း၍ ကောင်းစွာအသက်မွေးခြင်း။

၆။ သမ္မာဝါယာမော .... အကုသိုလ် တရားတို့ကို မဖြစ်စေမူ၍ မဖြစ် မရှိသေးသော ကုသိုလ်တရား တို့ကို ဖြစ်အောင် လုံ့လပြုခြင်း။

၇။ သမ္မာသတိ .... မိမိ ခန္ဓာကိုယ်၌ နိဝရဏ စသော တရားတို့ကို အဖန်တလဲလဲ မဖြစ်ရအောင် ကောင်းစွာ အောက်မေ့ခြင်း၊ ရှုခြင်း။

၈။ သမ္မာသမာဓိ — ဝတ္ထုကာမ၊ ကိလေသာ ကာမ တို့မှ ဆိတ်၍ အကုသိုလ် ဖြစ်ကုန်သော တရားတို့ကို ပယ်ပြီးလျှင် ကုသိုလ် တရားတို့ကို မဖောက်မပြန် အာရုံ၌ တည်ကြည်မြဲမြံစွာ ထားနိုင်ခြင်း။

ဩကာသ ရှိခိုးခွင့်ပြုပါဘုရား၊ (ဝါ) ကန်တော့ခွင့်ပြုပါဘုရား။

ခင်ပွန်းကြီး ၁ဝ–ပါး

၁။ ဗုဒ္ဓရှင်တော်မြတ်ဘုရား၊
၂။ ပစ္စေကဗုဒ္ဓါ၊
၃။ ရဟန္တာ၊
၄။ လက်ျာရံ-လက်ဝဲရံ အဂ္ဂသာဝကကြီးများ၊
၅။ အမိဖြစ်သူ၊
၆။ အဘဖြစ်သူ၊
၇။ လေးစားထိုက်သော ပုဂ္ဂိုလ်၊
၈။ မိမိအား သင်ပြဆုံးမဘူးသော ဆရာသမား၊
၉။ အလှူဒါန၊ သီတင်းသီလနှင့် မွေ့လျော်သူ၊
၁ဝ။ အသိဉာဏ် ရှင်းလင်းအောင် ဟောပြောတတ်သူများ။

ပူဇော်ထိုက်သော ခင်ပွန်းကြီးဆယ်ပါးကိုပြစ်မှားကျူးလွန်သော သူတို့မှာ ယခုမျက်မှောက်ဘဝမှာပင် အကြွေးမထားဘဲ လက်ငင်းဒုက္ခတွေနှင့် တွေ့ကြုံနိုင်ကြတဲ့ အပြစ်ဒဏ်တွေမှာ....

ဒုက္ခ ၁၀-ပါး

၁။ ဆင်းရဲသော ဝေဒနာ ပြင်းပြစွာ ခံစားရတတ်ခြင်း။
၂။ ပစ္စည်း ဥစ္စာ ခနေ ကုန်ခမ်း ပျက်စီးတတ်ခြင်း။
၃။ ခန္ဓာပျက်ပြုန်းပြီး အသက်သေဆုံးရတတ်ခြင်း။
၄။ မိမိကိုယ်မှာ နူနာရောဂါ စွဲကပ်တတ်ခြင်း။
၅။ စိတ်ဖောက်ပြန်-ရူးသွပ်တတ်ခြင်း။
၆။ အစိုးရတို့ မကြေနပ်မှုကြောင့် ရာထူးကျခြင်း။
မင်းဘေး မင်းဒဏ်တွေ ကျခံရတတ်ခြင်း။
၇။ သူတပါး၏ မတရားစွပ်စွဲခံရခြင်း။
၈။ စည်းစိမ်သော်လည်း ပြုန်းတီး ပျက်စီးတတ်ခြင်း။
၉။ မိမိ ဆွေမျိုးသားချင်းသော်လည်း ပျက်စီးတတ်ခြင်း။
၁၀။ မိမိနေအိမ်ကို မီးလောင်ခံရတတ်ခြင်း၊ သေလွန်သည့်
အခါ အပါယ်လေးဘုံသို့ ကျရောက် စေနိုင်ပါသည်။

## သူတပါးအသက်ကို သတ်ခြင်း၏အပြစ်ဒဏ်များ

၁။ သူတပါးအသက်ကို သတ်လျှင် အပါယ်ငရဲ ကျမည်။
အပါယ်ငရဲမှလွတ်၍ လူ့ဘဝကို ရောက်လာပြန်လျှင်
လည်း—
၂။ အနာရောဂါများမည်။
( ရောဂါအကြီးအကျယ် စွဲတတ်သည် )
၃။ အကျည်းတန် - အရုပ်ဆိုးမည်။
၄။ သေခြင်းဆိုးနှင့် သေတတ်သည်၊ ( အသတ်ခံရမည် )
၅။ အသက်တိုမည်၊ ( သက်တမ်းစေ့ မနေရ )

၆။ အလွန်ချစ်သော လင်မယားပင် မုန်းတတ်သည်-ကွဲတတ်သည်။
၇။ အခြွေအရံ ပျက်တတ်သည်။
၈။ အင်္ဂါကြီး-ငယ် ချို့တဲ့တတ်သည်။ ( မသန်-မစွမ်းဖြစ်တတ်သည် )
၉။ လူစဉ့်မမှီ လူတန်းမစေ့ ဖြစ်တတ်သည်။

**သူ့တပါး အသက်ကို မသတ်ဘဲ ရှောင်ကြဉ်ခြင်း၏ အကျိုးများ**

၁။ နတ်ရွာသုဂတိရောက်မည်။
၂။ အနာရောဂါ ကင်းရှင်း၍ ကျန်းမာမည်။
၃။ ရုပ်ရည်ချောမောလှပမည်။
၄။ အသတ်မခံရ၊ သေခြင်းဆိုးနှင့် မသေရ။
၅။ အသက်ရှည်မည်။
၆။ လူချစ်-လူခင်ပေါမည်။
၇။ လင်နှင့်မယား ချစ်မကွာကြင်ခိုင်မြဲမည်။
၈။ အခြွေအရံများမည်။
၉။ အင်္ဂါကြီး-ငယ်တို့ ဥပဓိရုပ် ခန့်ငြားမည်။
၁၀။ လူတန်းစေ့ လူစဉ်မှီ၍ လူလုံး-လူဖန် ကောင်းမည်။ သန်မာထွားကြိုင်းမည်။

**ခိုး၊ ဆိုး၊ တိုက်ခိုက်ခြင်း၏ အပြစ်ဒဏ်များ**

၁။ အပါယ်ငရဲကျခြင်း။
၂။ ပစ္စည်း ဥစ္စာ မဲ့တတ်ခြင်း။
၃။ ငတ်မွတ်ခြင်း။

၄။ အလိုရှိသောအရာကို မရနိုင်ခြင်း။
၅။ စည်းစိမ်ဥစ္စာ ပျက်စီးတတ်ခြင်း။
၆။ သူခိုး၊ ခိုး၊ ဓားပြတိုက်၊ ခါးပိုက်နှိုက်ခံရခြင်း။
၇။ မီးလောင်ခံရခြင်း။
၈။ အမွေခံ သားဆိုး - သမီးဆိုး နှိပ်စက်တတ်ခြင်း။
၉။ ရေဘေးသင့်တတ်ခြင်း။
၁၀။ မင်းဘေးသင့်တတ်ခြင်း။
၁၁။ ပေးပါ၊ကမ်းပါနှင့် လမ်းတကာလျှောက်တောင်းစား ရခြင်း။

ခိုး၊ ဆိုး၊ တိုက်ခိုက်ခြင်းမှ ရှောင်ကြဉ်ခြင်း၏အကျိုးများ

၁။ နှတ်ပြည်-နတ်ရွာ ကောင်းရာ ရောက်နိုင်ခြင်း။
၂။ ပစ္စည်းဥစ္စာ ပေါများခြင်း။
၃။ ချမ်းသာကြွယ်ဝခြင်း။
၄။ လိုတ ရနိုင်ခြင်း။
၅။ လုပ်ငန်း၊ ကိုင်ငန်း၊ အဆင်ပြေ၍ ကြီးပွားခြင်း၊
၆။ သူခိုး၊ ခိုး၊ ဓားပြတိုက်၊ ခါးပိုက်နှိုက် မခံရခြင်း။
၇။ ရေမြော၊ မီးလောင် မခံရခြင်း။
၈။ အမွေခံ သားဆိုး - သမီးဆိုးတို့ မဖြုန်းတီးနိုင်ခြင်း။
၉။ မင်းဘေး-မင်းဒဏ် မခံရခြင်း။
၁၀။ ရိုးသားခြင်းကြောင့် ဂုဏ်သိက္ခာရှိခြင်း။
၁၁။ အကျင့်သီလကောင်းသောကြောင့် ကြည်ညိုလေးစား ခံရခြင်း။

သူတပါးသားမယားကို လွန်ကျူးခြင်း၏အပြစ်ဒဏ်များ

၁။ ကာမေသု မိစ္ဆာစာရကံ- ကျူးလွန်သူသည် အပါယ် ကျမည်။

၂။ အပါယ်ငရဲမှ လွတ်လာလျှင် နပုံးပဏ္ဍုက် ဖြစ်တတ်သည်။

၃။ မိန်းမဖြစ်တတ်သည်။

၄။ ဘဝများစွာ ကြင်ယာကင်းတတ်သည်။ ချစ်သူနှင့် ကွဲတတ်သည်။

၅။ ဆင်းဆင်းရဲရဲနေရ၊ တောင်းခံစားရတတ်သည်။

၆။ ကုဋ္ဌနူနာရောဂါကြီး စွဲတတ်သည်။

၇။ အရည်တရွဲရွဲဖြစ်တတ်သည်။

၈။ မ,လိုက်သူအား လူမုန်းများသည်။

၉။ ရန်သူပေါသည်။

၁၀။ မျက်နှာပျက်၍ အရှက်ကွဲတတ်သည်။

၁၁။ ယောကျ်ားဖြစ်ယင်လဲ ဘဝများစွာ အမျိုးယုတ် ဖြစ်တတ်သည်။

၁၂။ စိုးရိမ်ကြောင့်ကျ သောကများတတ်သည်။

သူတပါး သားမယားကို လွန်ကျူးခြင်းမှ ရှောင်ကြဉ်ခြင်း၏ အကျိုးများ—

၁။ ကာမေသုမိစ္ဆာစာရကံရှောင်ကြဉ်လျှင်နတ်ရွာသုဂတိ ရောက်မည်။

၂။ ဘဝတိုင်း ယောကျ်ားကောင်း-ယောကျ်ားမြတ် ဖြစ်နိုင်သည်။

၃။ ချစ်သူ-ခင်သူ၊ လူအကြည်ညိုပေါမည်။
၄။ ချမ်းချမ်းသာသာ နေထိုင်ရမည်။
၅။ ဂုဏ်သတင်း- ပျံ့သင်းမွှေးကြိုင်မည်။
၆။ ကိုယ်အင်္ဂါပြေပြစ်မည်၊ ချောမောလှပမည်။
၇။ စိုးရိမ်ကြောင့်ကျ ကင်းမည်။
၈။ အနာကြီးရောဂါ မစွဲကပ်နိုင်။

**မဟုတ်မမှန် ပြောဆိုခြင်း၏ အပြစ်ဒဏ်များ**

၁။ မဟုတ်မမှန်ပြောလျှင် အပါယ်ကျမည်။
၂။ အပါယ်မှ လူ့တ်လာပြန်လျှင်လည်း ဘဝများစွာအသံမကောင်း ဖြစ်မည်၊ အသံပျက်မည်။
၃။ စကားမပီသ ဆွံ့မည်၊ စကားထစ်တတ်သည်။
၄။ မိမိက မည်မျှ အမှန်ကို ပြောသော်လည်း အများကမယုံမကြည် ရှိမည်။
၅။ သွားရည်တစိုစို ယိုတတ်သည်။
၆။ ပါးစပ်ပြဲတတ်သည်။
၇။ နှုတ်ခမ်းကွဲတတ်သည်၊ နှုတ်ခမ်းတိုတတ်သည်။
၈။ သွားကြဲတတ်သည်။

**မဟုတ်မမှန် ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၏ အကျိုးများ**

၁။ မုသာဝါဒသိက္ခာပုဒ်ကို ထိန်းသူများ၊ မလိမ်မညာသူများသည် ကွယ်လွန်လျှင် နတ်ပြည်ရောက်မည်။
၂။ အသံကောင်းမည်၊ ကြားရသူတိုင်း ဘဝင်ခိုက်အောင်နှစ်ခြိုက်စေမည်။

၃။ မဆွံ့ မအ, စကားပီသမည်၊ ဩဇာရှိမည်။
၄။ လူတကာယုံကြည်မှုအပြည့်အဝ ခံယူရရှိမည်။
၅။ အာနံ့မွှေးမည်။
၆။ သွားကလေးများ ပုလဲသွယ်လိုနေမည်။
၇။ နှုတ်ခမ်းက လေးကိုင်းသဏ္ဌာန် လှပမည်။
၈။ ပါးစပ်ပြဲပြဲ နှုတ်ခမ်းတိုတို ဘယ်ဘဝမှမဖြစ်။

**မူးယစ်စေတတ်သော အရာများကို သောက်စားခြင်း၏ အပြစ်ဒဏ်များ**

၁။ သေလျှင် အပါယ်ငရဲကျခြင်း။
၂။ ဘဝများစွာ အသိပညာကင်းခြင်း။
၃။ သတိချွတ်ယွင်း-မေ့တတ်ခြင်း။
၄။ အရှက်-အကြောက် ကင်းခြင်း။
၅။ အရူး-အနှမ်း ဖြစ်တတ်ခြင်း။
၆။ ဒေါသ-မျက်မာန် ခက်ထန်ခြင်း။
၇။ အပျင်းထူခြင်း။
၈။ ကျေးဇူးကန်းခြင်း။
၉။ ဒုစရိုက်အားလုံးကို ကျူးလွန်နိုင်ခြင်း။

**မူးယစ်စေတတ်သော အရာများကို ရှောင်ကြဉ်ခြင်း၏ အကျိုးများ**

၁။ အမှုကြီးငယ်ကို သိလွယ်ခြင်း။
၂။ အမြဲတန်း သတိရှိခြင်း။
၃။ မရူးသွပ်ခြင်း။

၄။ အရာခပ်သိမ်းကို သိနိုင်ခြင်း။
၅။ အပျင်းမထူခြင်း။
၆။ ပဋိသန္ဓေအားဖြင့် မချွတ်ယွင်းခြင်း။
၇။ မဆွံ့-မအခြင်း။
၈။ မူးယစ်ခြင်း မရှိခြင်း။
၉။ မေ့လျော့မှု မရှိခြင်း။
၁၀။ မတွေဝေခြင်း။
၁၁။ ထိတ်လန့်မှု မရှိခြင်း။
၁၂။ ကြောက်ရွံ့မှုမရှိခြင်း။
၁၃။ ငြီးငွေ့မှု မရှိခြင်း။
၁၄။ စကားမှန်ခြင်း။
၁၅။ ဂုဏ်မတိုက်တတ်ခြင်း။
၁၆။ ကြမ်းတမ်းသော စကားမရှိခြင်း။
၁၇။ ပြိန်ဖျင်းသော စကားမရှိခြင်း။
၁၈။ နေ့-ည ပတ်လုံး မပျင်းမရှိခြင်း။
၁၉။ သူ့ကျေးဇူးကို သိခြင်း။
၂၀။ သူ့ကျေးဇူးကို ပြောလေ့ရှိခြင်း။
၂၁။ ဝန်မတိုခြင်း။
၂၂။ ပေးကမ်းလေ့ရှိခြင်း။
၂၃။ အကျင့်သီလရှိခြင်း။
၂၄။ ဖြောင့်မတ်သော စိတ်ရှိခြင်း။
၂၅။ အမျက်ဒေါသနည်းခြင်း။
၂၆။ မကောင်းမှုမှ ရှက်ခြင်း။
၂၇။ မကောင်းမှုမှ လန့်ခြင်း။

၂၈။ ဖြောင့်မတ်သော အယူရှိခြင်း။
၂၉။ ကြီးသော ပညာရှိခြင်း။
၃၀။ ထိုးထွင်းသော ပညာရှိခြင်း။
၃၁။ အထူးထူး အပြားပြားသိနိုင်သော ပညာရှိခြင်း။
၃၂။ မိမိ-သူတပါး အကျိုးစီးပွား၌ လိမ္မာစွာရှိခြင်း။

အထက်ဖော်ပြပါအပြစ်ဒဏ်များသည်အလွန်တရာကြောက်စရာ ကောင်းလှပါသည်။ ထို့ကြောင့် ထိုအပြစ်ဒဏ်များမှ လွတ်ကင်း၍ အထက်ဖော်ပြပါ အကျိုးကျေးဇူးများကို ခံစားစံစားနိုင်ရန် ယခုအချိန်မှစ၍ ငါးပါးသီလကို စောင့်ထိန်းကြပါဟု စေတနာကောင်းဖြင့် တိုက်တွန်းအပ်ပါကြောင်း။

ယခုအချိန်ကာလသည် ဘုရားပွင့်တော်မူရာ သာသနာတော်ရှိရာ အခွင့်အခါကောင်းပင် ဖြစ်ပေသည်။

ဤအခါကောင်းကို ရပ်ပြစ် ရှစ်ပါးမှ လွတ်မြောက်သောကြောင့် ''ဗုဒ္ဓုပ္ပါဒနဝမခဏ''ဟု ခေါ်ဆိုပါသည်။

လယ်ယာစိုက်ပျိုးရေး၌ ကျွမ်းကျင်သူသည် မျိုးစေ့စိုက်ပျိုးကြဲချချိန်ကို မလွန်စေသကဲ့သို့ ဉာဏ်ပညာရှိသူ အမျိုးကောင်းသား-သမီးတို့သည် ဤ''ဗုဒ္ဓုပ္ပါဒနဝမခဏ'' ကို မိမိအတွက် အကျိုးမရှိဘဲ မကုန်လွန်စေသင့်ဟု မှတ်အပ်ပေသည်။

သို့ဖြစ်ပါသောကြောင့် ယနေ့မှစ၍ ငါးပါးသီလထိန်းပြီး မဂ်-ဖိုလ် နိဗ္ဗာန်တရားကို ကြိုးစား အားထုတ်ကြပါဟု ထပ်လောင်း၍ စေတနာကောင်းဖြင့် တိုက်တွန်း နှိုးဆော်အပ်ပါကြောင်း သူတော်ကောင်း-မိတ်ဆွေအပေါင်းတို့ ခင်ဗျား။

## သုဘလုလင်၏ လျှောက်ထားချက်

မြတ်စွာဘုရား...၊ ဤလောက၌ နေထိုင်ကြသူ အပေါင်းတို့သည် လူအချင်းချင်းတူညီကြပါလျက် အရာရာ၌ ညီတူညီမျှမဟုတ်မူ၍ အယုတ်၊ အလတ်၊ အမြတ်ကွဲပြား ထူးခြားနေကြပါသည်။

ကွဲပြားခြားနားပုံ

၁ (က) အချို့သူတို့မှာ အသက်တို၍၊
အချို့သူတို့မှာ အသက်ရှည်ပါကုန်သည်။

၂ (က) အချို့သူတို့မှာ မကျန်းမမာ အနာရောဂါများ၍၊
(ခ) အချို့သူတို့မှာ ရောဂါကင်းရှင်း ကျန်းမာခြင်းရှိကြပါသည်။

၃ (က) အချို့သူတို့မှာ အရုပ်ဆိုး၍၊
(ခ) အချို့သူတို့မှာ အဆင်းလှကြပါသည်။

၄ (က) အချို့သူတို့မှာ ဘုန်းတန်ခိုးနည်းပါး၍၊
(ခ) အချို့သူတို့မှာ ဘုန်းတန်ခိုးကြီးကြပါသည်။

၅ (က) အချို့သူတို့မှာ ဆင်းရဲနွမ်းပါး၍၊
(ခ) အချို့သူတို့မှာ ပေါများကြွယ်ဝကြပါသည်။

၆ (က) အချို့သူတို့မှာ အမျိုးယုတ်နိမ့်၍၊
(ခ) အချို့သူတို့မှာ အမျိုးမြင့်မြတ်ကြပါသည်။

၇ (က) အချို့သူတို့မှာ ပညာဉာဏ်နည်းပါး၍၊
(ခ) အချို့သူတို့မှာ ပညာဉာဏ် များပြားလှပါသည်။

ဤသို့ ကွဲလွဲခြားနားကြခြင်းသည် "အဘယ်အကြောင်းကြောင့်ပါနည်း" ဟု လျှောက်ထားလေ၏။

# မြတ်စွာဘုရားဟောကြားတော်မူချက်

## ကံသာလျှင် အားကိုးရာ အစစ်ဖြစ်ပုံ

ထိုအခါ မြတ်စွာဘုရားက...

''သုဘလုလင် ... လောက၌ လူများသာမက အလုံးစုံသော သတ္တဝါဟူသမျှတို့သည်....၊

၁။ ကံ-သာလျှင် ဥစ္စာရှိကြကုန်၏။

၂။ ကံ-သာလျှင် အမွေအနှစ်ရှိကြကုန်၏။

၃။ ကံ-သာလျှင် အဆွေ အမျိုး ရှိကြကုန်၏။

၄။ ကံ-သာလျှင် အဆွေ-ခင်ပွန်း ရှိကြကုန်၏။

၅။ ကံ-သာလျှင် ကိုးကွယ်အားထားရာ ရှိကြကုန်၏။

ထိုကံ-တရားသည်ပင်လျှင် သတ္တဝါ ဟူသမျှတို့ကို အယုတ် အလတ်၊ အမြတ် စသည် ထူးခြားကွဲလွဲအောင် ဆောင်ရွက်ခဲ့ပေလေသည်'' ဟု မိန့်တော်မူလေသည်။

## အကြောင်း-အကျိုး ဆက်သွယ်ဟောကြားတော်မူချက်

၁ (က) **အသက်တိုခြင်း။** ။လောက၌ မိန်းမဖြစ်စေ၊ ယောကျ်ားဖြစ်စေ၊ သတ္တဝါတို့အား သနားကြင်နာမှုမရှိသူ ရက်စက်ကြမ်းကြုတ်စွာ သတ်ဖြတ်လေ့ရှိ၏။ ထိုသူသည် ထိုသတ်ဖြတ်မှု အကုသိုလ်ကံကြောင့် သေသည့် အခြားမဲ့၌ 'ငရဲ' သို့ ကျရောက်ရာ၏။ ငရဲ၌မကျရောက်မူ၍ လူဖြစ်လာပြန်လျှင် အသက်တို၏။ သူ့အသက်ကို သတ်မှု အကုသိုလ်သည်အသက်တိုကြောင်း အကျင့် ဖြစ်၏။

ဃ ) အသက်ရှည်ခြင်း။ ။အကြင်သူသည် သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်၏။ မကောင်းမှုကို ပြုလုပ်ရန် ရှက်ကြောက်၏။ သနားညှာတာမှုရှိ၏။ သတ္တဝါတို့၏ အကျိုးစီးပွား၌ အစဉ် စောင့်ရှောက်လေ့ရှိ၏။ ထိုသူသည် ထိုကောင်းမှု ကုသိုလ်ကံကြောင့် သေသည့် အခြားမဲ့၌ နတ်ပြည်သို့ရောက်ရ၏။ လူဖြစ်လာပြန်လျှင် အသက်ရှည်၏။ သူ့အသက်ကိုသတ်ခြင်းမှ ရှောင်ကြဉ်ခြင်းသည် အသက်ရှည်ကြောင်း အကျင့်ဖြစ်၏။

၂/က အနာရောဂါများခြင်း။ ။လောက၌ မိန်းမဖြစ်စေ၊ ယောကျ်ားဖြစ်စေ၊ (သတ္တဝါ၏အသက်ကိုမသတ်မူ၍) ဆင်းရဲဒုက္ခဖြစ်ရုံသာ ဒုတ်၊ ဒါး၊ လက်နက်စသည်ဖြင့် ညှင်းပန်းနှိပ်စက်လေ့ရှိ၏။ ထိုသူသည် ထိုညှင်းပန်းမှု အကုသိုလ် ကံကြောင့် သေသည့် အခြားမဲ့၌ ငရဲ၌ ကျရောက်ရ၏။ လူဖြစ်လာပြန်လျှင် အနာရောဂါများ၏။ သတ္တဝါတို့အား ညှင်းပန်းနှိပ်စက်ခြင်းသည် အနာရောဂါများကြောင်း အကျင့်ဖြစ်၏။

( ခ ) အနာရောဂါကင်းရှင်းခြင်း။ ။အကြင်သူသည်သနား ကြင်နာခြင်းရှိ၏။ ထိုသူသည် ထိုကုသိုလ်ကံကြောင့် သေသည့် အခြားမဲ့၌ နတ်ပြည်သို့ရောက်ရ၏။ လူဖြစ်လာပြန်လျှင် အနာရောဂါကင်း၏။ သတ္တဝါတို့အား ညှင်းပန်းနှိပ်စက်မှု မရှိခြင်းသည် အနာရောဂါကင်းရှင်းကြောင်း အကျင့်ဖြစ်၏။

၃ (က) အဆင်းမလှခြင်း။ ။လောက၌ မိန်းမ ဖြစ်စေ၊ ယောကျ်ားဖြစ်စေ၊ အမျက်ဒေါသထွက်လေ့ရှိ၏။ (သူတပါးအပေါ၌) ချုပ်ချယ်လိုမှုများ၏။ မဖြစ်လောက်သော အကြောင်းကိုအစွဲပြု၍ အမျက်ထွက်လေ့ရှိ၏။ (အမျက်ထွက်ရမည့်အကြောင်းမဟုတ်ဘဲလျက်လည်းအမျက်ထွက်လေ့ရှိ၏) ထိုသူသည် ထိုအကုသိုလ်ကြောင့် သေသည့် အခြားမဲ့၌ ငရဲ၌ကျရောက်၏။ လူဖြစ်သာပြန်လျှင် အဆင်း လှခြင်း မရှိ။ (သတ္တဝါတို့အပေါ၌) အမျက်ဒေါသ များခြင်းတို့စသည်အဆင်းမလှကြောင်း အကျင့်ဖြစ်၏။

(ခ) အဆင်း လှခြင်း။ ။အကြင် သူသည် အမျက်ဒေါသ ထွက်လေ့မရှိ။ ချုပ်ချယ်လိုမှုလည်း မရှိ။ (သာမန်အကြောင်းမျှကို အစွဲပြု၍အမျက်ထွက်လေ့မရှိ)။ အမျက်ဒေါသကို သိမ်းဆည်းလေ့ရှိ၏။ ထိုသူသည်ထိုကုသိုလ်ကံကြောင့်သေသည်၏အခြားမဲ့၌နတ်ပြည်သို့ရောက်ရာ၏၊ လူဖြစ်လာပြန်လျှင်အဆင်းလှ၏၊ အမျက်ဒေါသ မထွက်ခြင်း စသည်သည် အဆင်းလှကြောင်းအကျင့် ဖြစ်၏။

၄ (က) ဘုန်း ၊ တန်ခိုး နည်းခြင်း။ ။လောက၌ မိန်းမ ဖြစ်စေ၊ ယောကျ်ားဖြစ်စေ၊ သူတပါးတို့၌ လာဘ်ပေါများခြင်း၊ (သူတပါးတို့) အရိုအသေခံရခြင်း၊ အလေးအမြတ်ခံရခြင်း၊ အပူဇော် - အကန်တော့ခံရခြင်းတို့၌ငြူစူစောင်းမြောင်းမှု (ဣဿာ) သဘောထားလေ့ရှိ၏။ ထိုသူသည် ထိုအကုသိုလ် ကံကြောင့်

သေသည့် အခြားမဲ့၌ ငရဲကျရောက်ရာ၏။ လူဖြစ်လာပြန်လျှင် ဘုန်းတန်ခိုးနည်းပါး၏။ သူတပါးတို့၏ ပစ္စည်း-ဥစ္စာ လာဘ်ပေါများမှု စသည် ၌ ငြူစူစောင်းမြောင်းမှု သဘောထားရှိခြင်းသည် ဘုန်းတန်ခိုးနည်းပါးကြောင်း အကျင့်ဖြစ်၏။

( ခ ) ဘုန်းတန်ခိုး ကြီးမားခြင်း။ ။အကြင် သူသည် သူတပါးတို့၌ လာဘ်ပေါများခြင်း၊ ပစ္စည်း-ဥစ္စာ ပေါများခြင်း၊ အရိုအသေခံရခြင်း၊ အလေးအမြတ်ခံရခြင်း။ အပူဇော်-အကန်တော့ခံရခြင်းတို့၌ ငြူစူစောင်းမြောင်းမှု (ဣဿာ) သဘောမရှိ။ ထိုသူသည် ထိုကုသိုလ်ကြောင့် သေသည့်အခြားမဲ့၌ နတ်ပြည်သို့ ရောက်ရာ၏။ လူဖြစ်လာပြန်လျှင်ဘုန်းတန်ခိုးကြီးမား၏။ သူတပါးတို့၏ ပစ္စည်း-ဥစ္စာ လာဘ်ပေါများမှုစသည်၌ ငြူစူစောင်းမြောင်းမှု မရှိခြင်းသည် ဘုန်းတန်ခိုး ကြီးမားကြောင်းအကျင့်ဖြစ်၏။

၅ (က) ဆင်းရဲ နွမ်းပါးခြင်း။ ။လောက၌ မိန်းမ ဖြစ်စေ၊ ယောကျ်ားဖြစ်စေ၊ ရဟန်း-ပုဏ္ဏားတို့အား ထမင်း-အဖျော်၊ ကျောင်း၊ ဇရပ်၊ အဝတ်သင်္ကန်း ယာဉ် (ဘိနပ်)၊ ပန်း၊ နံ့သာ၊ နံ့သာပြောင်း၊ အိပ်ရာ၊ နေရာ၊ ဆီမီးဟူသော ဒါနဝတ္ထု (၁၀) ပါးတို့ကို ပေးလှူလေ့မရှိ။ ထိုသူသည်ထိုအကုသိုလ်ကံကြောင့် သေသည့်အခြားမဲ့၌ ငရဲ၌ ကျရောက်ရာ၏။ လူဖြစ်လာပြန်လျှင် ဆင်းရဲနွမ်းပါး၏။ ထမင်း

အဖျော်စသည့် ဒါနဝတ္ထုတို့ကိုမပေးလှူခြင်းသည် ဆင်းရဲနွမ်းပါးကြောင်း အကျင့်ဖြစ်၏။

(ခ) **ချမ်းသာကြွယ်ဝခြင်း။** ။အကြင်သူသည် ရဟန်းပုဏ္ဏားတို့အား ထမင်း၊ အဖျော် စသည့် ဒါနဝတ္ထု (၁၀)ပါးတို့ကို ပေးလှူ၏။ ထိုသူသည် ထိုကုသိုလ်ကြောင့် သေသည့် အခြားမဲ့၌ နတ်ပြည်သို့ ရောက်ရာ၏။ လူဖြစ်လာပြန်လျှင် ချမ်းသာကြွယ်ဝ၏။ ထမင်း၊ အဖျော်စသည့် ဒါနဝတ္ထုတို့ကို ပေးလှူခြင်းသည် ချမ်းသာကြွယ်ဝကြောင်း အကျင့်ဖြစ်၏။

၆ (က) **အမျိုးယုတ်နိမ့်ခြင်း။** ။လောက၌ မိန်းမဖြစ်စေ၊ ယောကျ်ားဖြစ်စေ အလွန်မာနကြီး၏။ ရှိခိုးထိုက်သည့်ပုဂ္ဂိုလ်ကိုလည်း ရှိမခိုး၊ ခရီးဦးကြိုထိုက်သည့် ပုဂ္ဂိုလ်ကိုလည်း ခရီးဦး မကြိုဆို၊ နေရာပေးထိုက်သည့် ပုဂ္ဂိုလ်ကိုလည်း နေရာမပေး၊ ခရီးလမ်းဖယ်ပေးထိုက်သည့် ပုဂ္ဂိုလ်ကိုလည်း ခရီးလမ်း ဖယ်မပေး၊ ရိုသေလေးမြတ်-ပူဇော်ထိုက်သည့် ပုဂ္ဂိုလ်ကိုလည်း ရိုသေလေးမြတ်-ပူဇော်ခြင်းမရှိ၊ ထိုသူသည် ထိုအကုသိုလ်ကံကြောင့် သေသည့်အခြားမဲ့၌ ငရဲ၌ ကျရောက်ရာ၏။ လူဖြစ်လာပြန်လျှင် အမျိုး(ဇာတ်) ယုတ်နိမ့်ခြင်းဖြစ်၏။ အလွန်မာနကြီးခြင်း ရှိခိုးထိုက်သည့် ပုဂ္ဂိုလ်ကို ရှိမခိုးခြင်း စသည်သည် အမျိုးယုတ်နိမ့်ကြောင်း အကျင့်ဖြစ်၏။

၆ (ခ) အမျိုး မြင့်မြတ်ခြင်း။ ။အကြင် သူသည် မာန်မာနမရှိ၊ ရှိခိုးထိုက်သည့် ပုဂ္ဂိုလ်ကိုလည်း ရှိခိုး၏။ ခရီးဦးကြိုထိုက်သည့်ပုဂ္ဂိုလ်ကိုလည်း ခရီးဦးကြို၏။ နေရာပေးထိုက်သည့် ပုဂ္ဂိုလ်ကိုလည်းနေရာပေး၏။ ခရီးလမ်းဖယ်ပေးထိုက်သည့် ပုဂ္ဂိုယ်ကိုလည်း ခရီးလမ်း ဖယ်ပေး၏။ ရိုသေလေးမြတ်ပူဇော်အပ်သည့် ပုဂ္ဂိုလ်ကိုလည်း ရိုသေလေးမြတ် ပူဇော်ခြင်းရှိ၏။ ထိုသူသည် ထိုကုသိုလ်ကံကြောင့် သေသည့်အခြားမဲ့၌ နတ်ပြည်သို့ ရောက်ရာ၏။ လူဖြစ်လာပြန်လျှင် အမျိုး (ဇာတ်) မြင့်မြတ်၏။ မာန်မာန မရှိခြင်း၊ ရှိခိုးထိုက်သည့် ပုဂ္ဂိုလ်ကို ရှိခိုးခြင်း စသည် သည် အမျိုးဇာတ် မြင့်မြတ်ကြောင်းအကျင့်ဖြစ်၏။

(က) ဉာဏ်ပညာနည်းပါးခြင်း။ ။လောက၌ မိန်းမဖြစ်စေ၊ ယောကျ်ားဖြစ်စေ၊ ရဟန်း-ပုဏ္ဏားတို့သို့ ချဉ်းကပ်၍-

[၁] ကုသိုလ်အကုသိုလ်တရားကိုလည်းကောင်း။
[၂] အပြစ်ရှိသောတရား၊အပြစ်မရှိသောတရားကိုလည်းကောင်း၊
[၃] မှီဝဲအပ်သောတရား၊ မမှီဝဲအပ်သောတရားကိုလည်းကောင်း၊
[၄] စီးပွားမဲ့ကြောင်း-ဆင်းရဲကြောင်း တရား၊ စီးပွားဖြစ်ကြောင်း၊ချမ်းသာကြီးကြောင်း တရားကိုလည်းကောင်း မေးမြန်းလေ့မရှိ၊

ထိုသူသည် (ထိုသို့ မေးမြန်းမှုမရှိသောကြောင့် ဖြစ်

သော) အကုသိုလ်ကံကြောင့် သေသည့်အခြားမဲ့၌ ငရဲ၌ ကျရောက်ရာ၏။ လူဖြစ်လာပြန်လျှင် ဉာဏ်ပညာနည်းပါး၏။ ရဟန်း-ပုဏ္ဏားတို့သို့ချဉ်းကပ်၍ မေးမြန်းမှု မရှိခြင်းစသည်သည် ဉာဏ်ပညာ နည်းပါးကြောင်း အကျင့်ဖြစ်၏။

(ခ) ဉာဏ်ပညာကြီးခြင်း။ ။အကြင်သူသည် ရဟန်း ပုဏ္ဏားတို့အား ချဉ်းကပ်၍—

[ ၁ ] ကုသိုလ်အကုသိုလ်တရားကိုလည်းကောင်း၊

[ ၂ ] အပြစ်ရှိသောတရား၊အပြစ်မရှိသောတရား ကိုလည်းကောင်း၊

[ ၃ ] မှီဝဲအပ်သောတရား၊ မမှီဝဲအပ်သောတရား ကိုလည်းကောင်း၊

[ ၄ ] စီးပွားမဲ့ကြောင်း-ဆင်းရဲကြောင်း တရား၊ စီးပွား ဖြစ်ကြောင်း၊ ချမ်းသာကြောင်း တရားကိုလည်းကောင်း မေးမြန်းလေ့ရှိ၏။

ထိုသူသည် ထိုသို့ မေးမြန်းမှုကြောင့် ရရှိအပ်သော ကုသိုလ်ကံကြောင့် သေသည့်အခြားမဲ့၌နတ်ပြည်သို့ ရောက်ရာ၏။လူဖြစ်လာပြန်လျှင် ဉာဏ်ပညာ ကြီးမား၏။ ရဟန်း-ပုဏ္ဏားတို့သို့ချဉ်းကပ်၍မေးမြန်းမှု စသည်သည် ဉာဏ်ပညာ ကြီးမားကြောင်း အကျင့် ဖြစ်၏။

# သေမင်းတမန်ငါးပါးတရားတော်

အခါတပါး၌မြတ်စွာဘုရားသည်၊ သာဝတ္ထိပြည်ဇေတဝန်ကျောင်းတော်တွင် သီတင်းသုံး နေထိုင်တော်မူလေသည်။ ထို အခါ မြတ်စွာဘုရားသည်၊ ရဟန်းတို့အား "သေမင်းတမန်" ခေါ် 'ဒေဝဒူတ' သုတ္တန် တရားတော်ကို ဟောတော်မူလေသည်။

တပည့်တို့၊ တံခါးခြင်းဆက်စပ်နေသော(မျက်နှာချင်းဆိုင်) အိမ် နှစ်ဆောင်တို့၏အလယ်၌ ရပ်တည်နေသောသူသည်အိမ်သို့ ထွက်ဝင်- သွားလာ၊ လမ်းလျှောက်-လှည့်လည် နေကြသော လူအများကို ( မျက်ဝါးထင်ထင် ) တွေ့မြင် နေရသကဲ့သို့ ငါဘုရားသည်...၊ ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် ဘဝတပါးသို့ ရွှေ့ လျော ပြောင်းရွှေ့သူ (သေသူ)၊ ဘဝသစ်တခု၌ဖြစ်လာသူ ( ပဋိသန္ဓေနေသူ ) သတ္တဝါ အမျိုးမျိုးကို မြင်တော်မူသည်။ ကံအားလျော်စွာ ထိုထိုဘဝသစ်၌ ဖြစ်ပေါ်လာကြကုန်သော ထိုထို သတ္တဝါတို့ကိုလည်းကောင်း၊ ( ထိုထို သတ္တဝါတို့၏ အခြေအနေ အကြောင်းကို လည်းကောင်း ) ကောင်းစွာခွဲခြား၍ သိတော်မူသည်။

တပည့်တို့...၊ ဤသတ္တဝါတို့သည် ကာယသုစရိုက်၊ ဝစီသု- စရိုက်၊ မနောသုစရိုက်တို့ကို ပြုကျင့်ကြကုန်၏။ အရိယာပုဂ္ဂိုလ် တို့အားမပြစ်မှား-မစွပ်စွဲတတ်ကြကုန်။ သမ္မာဒိဋ္ဌိ အယူကိုသာ ဆောက်တည် ယူကြကုန်၏။ ထိုသတ္တဝါတို့သည် သေသည့် အခြားမဲ့၌ လူ့ပြည်-နတ်ပြည်တို့တွင် ဖြစ်ကြကုန်၏။ တချို့ သတ္တဝါတို့သည် ကာယဒုစရိုက်၊ ဝစီဒုစရိုက်၊ မနောဒုစရိုက်တို့ကို

ပြုကျင့်ကြကုန်၏။ အရိယာပုဂ္ဂိုလ်တို့အား ပြစ်မှားစွပ်စွဲတတ်ကြကုန်၏။ မိစ္ဆာဒိဋ္ဌိအယူကိုသာ ဆောက်တည် ယူကြကုန်၏။ ထိုသတ္တဝါတို့သည် သေသည့် အခြားမဲ့၌ပြိတ္တာဘဝ၊တိရစ္ဆာန်ဘဝ၊ အသူရကာယ်ဘဝ၊ ငရဲဘဝတို့၌ ဖြစ်ကြရကုန်၏။

ပထမ–သေမင်းတမန်

တပည့်တို့....၊ထိုအပါယ်လေးဘုံသို့ ကျရောက်သောသတ္တဝါများတွင် ငရဲသို့ကျရောက်သူတို့ကို ငရဲထိန်းတို့သည်အသီးသီးလက်ကို ဆွဲကိုင်ကြကာ ယမ မင်းအား ပြသကြကုန်၏။ ယမ မင်းသည် ထိုသူအား သေမင်းတမန်ငါးပါးကို စိစစ်မေးမြန်းလေ၏။

ယမ မင်း ... အချင်းလူသား....၊ သင်သည် လူ့ပြည်၌ ပဌမ သေမင်းတမန် ထင်ထင်ရှားရှား ဖြစ်သည်ကို မမြင်ပါသလော....။

အစစ်ခံရသူ .... အရှင်ယမ မင်း ....၊ အကျွန်ုပ်မမြင်ပါ....။

ယမ မင်း .... အချင်းလူသား....၊ သင်သည် လူ့ပြည်၌ မိမိ၏ ကျင်ကြီး – ကျင်ငယ်၌ လူးလည်လျက် ပက်လက် အိပ်တတ်သော ကလေးသူငယ်ကိုမြင်ပါသလော....။

အစစ်ခံရသူ ... အရှင်ယမ မင်း....၊ ကျွန်ုပ်မြင်ပါသည်....။

ယမ မင်း ... အချင်း လူသား....၊ သိ၊ ကြား၊ လိမ္မာသည့် လူကြီးဖြစ်သော သင့်အား ငါသည်လည်း စင်စစ် ပဋိသန္ဓေနေရခြင်း သဘောရှိ၏။ ပဋိသန္ဓေနေရခြင်းကို မလွန်ဆန်နိုင်။ ယခု....၊ ငါ

သည် ကိုယ်၊ နှုတ်၊ စိတ်တို့ဖြင့် ကောင်းမှု ကုသိုလ်များကိုပြုတော့မည်’ ဟု အကြံအစည် မဖြစ်ပါသလော...။

အစစ်ခံရသူ.... အရှင်ယမမင်း....၊ ကျွန်ုပ် မတတ်နိုင်ပါ။ မေ့လျော့ခဲ့ပါသည်။

ဒုတိယ-သေမင်းတမန်

ယမမင်း .... အချင်းလူသား....၊ သင်သည်လူ့ပြည်၌ ဒုတိယ သေမင်းတမန် ထင်ထင်ရှားရှား ဖြစ်သည်ကို မမြင်ပါသလော။

အစစ်ခံရသူ.... အရှင်ယမမင်း....၊ ကျွန်ုပ်မမြင်ပါ....။

ယမမင်း .... အချင်းလူသား....၊ သင်သည် လူ့ပြည်၌ တောင်ဝှေးကိုသာ မှီခို အားထားရာ ရှိလျက် ဆံဖြူခြင်း၊ သွားကျိုးခြင်း၊ အရေတွန့်လိပ်ခြင်း စသည်ဖြင့် နောက်ဆုံးအရွယ်သို့ ရောက်ရှိနေကြသည့် အိုမင်း ရင့်ရော်ကုန်သော မိန်းမ၊ ယောကျ်ားတို့ကို မမြင်ပါသလော....။

အစစ်ခံရသူ .... အရှင်ယမမင်း....၊ ကျွန်ုပ်မြင်ပါသည်။

ယမမင်း .... အချင်းလူသား....၊ သိ၊ ကြား၊ လိမ္မာသည့် လူကြီးဖြစ်သော သင့်အား ‘ငါသည်လည်း စင်စစ် အိုရခြင်း သဘောရှိ၏။ အိုရခြင်းကို မလွန်ဆန်နိုင်။ ယခုငါသည် ကိုယ်၊ နှုတ်၊ စိတ်တို့ဖြင့် ကောင်းမှု ကုသိုလ်များကို ပြုတော့မည်’ ဟု အကြံအစည် မဖြစ်ပါသလော....။

အစစ်ခံရသူ .... အရှင်ယမမင်း....၊ ကျွန်ုပ် မတတ်နိုင်ပါ။ မေ့လျော့ခဲ့ပါသည်။

**တတိယ - သေမင်းတမန်**

ယမမင်း .... အချင်း လူသား....၊ သင်သည် လူ့ပြည်၌ တတိယသေမင်းတမန် ထင်ထင်ရှားရှား ဖြစ်သည်ကို မမြင်ပါသလော....။

အစစ်ခံရသူ .... အရှင်ယမမင်း....၊ ကျွန်ုပ် မမြင်ပါ။

ယမမင်း .... အချင်း လူသား....၊ သင်သည်လူ့ပြည်၌အနာရောဂါ နှိပ်စက်ခြင်းကြောင့် ပြင်းထန်သော ဆင်းရဲဝေဒနာကို ခံစားကြရလျက် မိမိတို့၏ ကျင်ကြီး-ကျင်ငယ်၌ လူးလည်း အိပ်စက်ကာ အခြားသူများကိုသာ မှီခို အားထားရာ ရှိနေသည့် ဖျားနာခြင်း ရှိကုန် သော မိန်းမ၊ ယောကျ်ားတို့ကို မမြင်ပါသလော....။

အစစ်ခံရသူ .... အရှင်ယမမင်း....၊ ကျွန်ုပ်မြင်ပါသည်။

ယမမင်း .... အချင်း လူသား....၊ သိ၊ ကြား လိမ္မာသည့် လူကြီးဖြစ်သော သင့်အား 'ငါသည်လည်း စင်စစ် နာခြင်းသဘော ရှိ၏။ နာရခြင်းကို မလွန်ဆန်နိုင်။ ယခုငါသည် ကိုယ်၊ နှုတ်၊ စိတ်တို့ဖြင့် ကောင်းမှု ကုသိုလ်များကို ပြုတော့မည်' ဟု အကြံအစည် မဖြစ်ပါ သလော....။

အစစ်ခံရသူ .... အရှင်ယမမင်း....၊ ကျွန်ုပ်မတတ်နိုင်ပါ။ မေ့လျော့ခဲ့ပါသည်။

**စတုတ္ထ - သေမင်းတမန်**

ယမ မင်း ... အချင်း လူသား...၊ သင်သည် လူ့ပြည်၌ စတုတ္ထ သေမင်းတမန် ထင်ထင်ရှားရှား ဖြစ်သည်ကို မမြင်ပါသလော...။

အစစ်ခံရသူ ... အရှင်ယမမင်း...၊ ကျွန်ုပ်မမြင်ပါ...။

ယမ မင်း ... အချင်းလူသား...၊ သင်သည် လူ့ပြည်၌ ပြည့်ရှင်မင်းတို့သည် မကောင်းမှု ပြုကျင့်ကုန်သော ခိုးသူတို့ကို ဖမ်းဆီးကာ ကြိုးဒဏ်၊ ကြိမ်ဒဏ်၊ ထောင်ဒဏ် စသည်ဖြင့် လောက၌ ညှင်းပန်းနှိပ်စက်မှု အမျိုးမျိုး ပြုခြင်းကို မမြင်ဘူးပါသလော...။

အစစ်ခံရသူ... အရှင်ယမမင်း...၊ ကျွန်ုပ် မြင်ဘူးပါသည်...။

ယမ မင်း ... အချင်းလူသား...၊ သိ၊ ကြား၊ လိမ္မာသည့် လူကြီးဖြစ်သော သင့်အား "အချင်းတို့...၊ မကောင်းမှု ပြုသူများသည် မျက်မှောက် ဘဝ၌ပင် ဤသို့သဘောရှိသော ကံကြမ္မာ အမျိုးမျိုးကို ပြုလုပ် ခံကြရ၏။ တမလွန် ဘဝ၌မူ အဘယ်ဆိုဘွယ်ရာရှိမည်နည်း" ဟု စဉ်းစားကာ ယခုငါသည် ကိုယ်၊ နှုတ်၊ စိတ်တို့ဖြင့် ကောင်းမှု ကုသိုလ်များကို ပြုတော့မည်ဟု အကြံအစည် မဖြစ်ပါသလော...။

အစစ်ခံရသူ ... အရှင် ယမ မင်း...၊ ကျွန်ုပ် မတတ်နိုင်ပါ။ မေ့လျော့ခဲ့ပါသည်...။

**ပဥ္စမ – သေမင်းတမန်**

ယမ မင်း .... အချင်းလူသား၊ သင်သည် လူ့ပြည်၌ ပဥ္စမ သေမင်းတမန် ထင်ထင်ရှားရှား ဖြစ်သည်ကို မမြင်ပါသလော .. ။

အစစ်ခံရသူ .... အရှင်ယမ မင်း .. ၊ ကျွန်ုပ် မမြင်ပါ... ။

ယမ မင်း .... အချင်းလူသား ...၊ သင်သည် လူ့ပြည်၌ သေပြီးနောက် တစ်ရက်၊ နှစ်ရက်၊ သုံးရက်ကြာလျှင် ဖူးဖူးယောင် ညိုမည်းလျက် သွေး၊ ပြည်၊ ယိုစီးနေသည့် မိန်းမ-ယောကျ်ား လူသေများကို မြင်ဘူးပါသလော....။

အစစ်ခံရသူ .... အရှင်ယမ မင်း ...၊ ကျွန်ုပ် မြင်ဘူးပါသည်....။

ယမ မင်း .... အချင်းလူသား....၊ သိ၊ ကြား၊ လိမ္မာသည့် လူကြီးဖြစ်သော သင့်အား 'ငါသည်လည်း သေခြင်းသဘောရှိ၏။ သေခြင်းကို မလွန်ဆန်နိုင်။ ယခု ငါသည် ကိုယ်၊ နှုတ်၊ စိတ်တို့ဖြင့် ကောင်းမှု ကုသိုလ်များကို ပြုတော့မည်' ဟု အကြံအစည် မဖြစ်ပါသလော။

အစစ်ခံရသူ .... အရှင်ယမ မင်း ...၊ ကျွန်ုပ် မတတ်နိုင်ပါ။ မေ့လျော့ခဲ့ပါသည်...။

ထိုကဲ့သို့ ယမ မင်းသည်သေမင်းတမန်ငါးပါးကိုစိစစ်မေးမြန်းပြီးနောက် ထိုသူအား ''အချင်းလူသား...၊ သင်သည် မေ့လျော့ခြင်းကြောင့် ကိုယ်၊ နှုတ်၊ စိတ်တို့ဖြင့် ကောင်းမှု ကုသိုလ်များကို မပြုလုပ်ခဲ့မိပေ။ စင်စစ် သင်သည် မေ့လျော့သဖြင့်

မကောင်းမှု အကုသိုလ်ကံကိုပြုမိခဲ့၏။ ထိုအကုသိုလ်ကံကိုသင်၏ မိဘ၊ ညီ၊ အကို၊ အမ၊ နှမ၊ မိတ်ဆွေ၊ သူငယ်ချင်း၊ ဆွေမျိုး၊ သားချင်းတို့က ပြုလုပ်ကြသည် မဟုတ်ပေ။ သင်သည်သာလျှင် ထို အကုသိုလ်ကို ပြုလုပ်ခဲ့သူဖြစ်ပေ၏။ သင်သည်သာလျှင် ထို မကောင်းမှု အကုသိုလ်၏ အကျိုးကို ခံစားရမည် ...''ဟု ဆိုပြီး နောက် ယမမင်းသည် ဆိတ်ဆိတ်နေသည်။ ထိုအခါထိုသူကို ငရဲထိန်းများသည်နှောင်ဖွဲ့ခြင်း ငါးရပ်ခေါ် သောလက်နှစ်ဖက် ၌လည်းကောင်း၊ ခြေနှစ်ဖက်၌လည်းကောင်း၊ ရင်လယ်၌လည်း ကောင်း၊ သံမယ်နပ္ပူဖြင့်စိုက်နှက်ခြင်းတည်းဟူသောကံကြမ္မာကို ပြုကြကုန်၏။

ထိုနောက် ထိုသူကို ငရဲထိန်းများသည် ရဲရဲငြိးသော သံမြေ ပြင်၌အိပ်ခိုင်းကာ ဒါးမများဖြင် ခုတ်ရွေကြ၏။ ခြေကိုမိုးမျှော် ဦးခေါင်းဇောက်ထိုး ဆွဲကိုင်ကာပဲကွတ်များဖြင့်ခုတ်ရွေကြ၏။ ရထားမှာတပ်၍ မီးတောက်လောင်နေသော မြေ၌ ရှေ့တိုး နောက်ဆုတ် သွားခိုင်းကြ၏။ မီးကျီးတောင်ကြီးသို့ တက်ခိုင်း ဆင်းခိုင်းကြ၏။ ခြေကိုမိုးမျှော်၊ ဦးခေါင်းဇောက်ထိုး ဆွဲကိုင် ကာ သံအိုးပူထဲ၌ပစ်ချကြ၏။ ထိုသူသည် ထိုသို့ပစ်ချရာ၌အမြုပ် တက်၍ (တစ်ကြိမ်စီ) ပေါ်ချည် - မြုပ်ချည် ဖိလာ ကုန်လန် သွားချည်ဖြင့် ကျက်စားရ၏။ ထိုသူသည် ထိုငရဲ၌ မကောင်းမှု အကုသိုလ်ကံ မကုန်သမျှမသေနိုင်ဘဲ ပူးရှုကြမ်းတမ်း၍ ခါးစပ် သည်းထန်သော ဆင်းရဲဝေဒနာကို ခံစားရ၏။

ထိုနောက် ထိုသူကို ငရဲထိန်းတို့သည် အဝီစိငရဲကြီး၌ပစ်ချ ကြကုန်၏။ ထိုသူသည် မိမိ မကောင်းမှုကံ အကုသိုလ် မကုန် မချင်းထိုအဝီစိငရဲ၌လည်းကောင်း၊ အဝီစိငရဲကြီးနှင့်တစပ်တည်း

ရှိသော ဘင်ဘုတ်ငရဲ၊ ပြာပူငရဲ၊ လက်ပံတောငရဲ၊ သံလျှက်ရွက်တောငရဲ၊ ကြေးနီမြစ်ငရဲတို့၌ ခါးစပ်သည်းထန်သော ဆင်းရဲဝေဒနာကို ခံစားရလေ၏။

တပည့်တို့...၊ စင်စစ် ငါဘုရားသည် ထိုငရဲဒုက္ခနှင့် စပ်လျဉ်းသော စကားကို အခြား ရဟန်း-ပုဏ္ဏားတို့ထံမှ တဆင့်ကြားရ၍ ဟောကြားတော်မူသည်မဟုတ်။ စင်စစ် ငါဘုရားကိုယ်တိုင် သိမြင်ထင်လင်းပြီးသော ငရဲဒုက္ခကိုသာလျှင် ငါဘုရား ဟောကြားတော်မူပေသည်။

— း✻း —

"ပါရမီဆယ်ပါး တရားတော်"

# သူဌေးသား 'သုမေဓာ'

ဤ ကမ္ဘာမှ ပြန်၍ ရေတွက်သည် ရှိသော် လေးသင်္ချေနှင့် ကမ္ဘာတသိန်းအထက်၌ 'အမရဝတီ' မည်သော မင်းနေပြည်တော်ဝယ် သူဌေးမျိုးရိုး အစဉ်အဆက်မှ ဆင်းသက်လာသော သတိုးသားကလေးတယောက်သည် 'သုမေဓာ'ဟူသောအမည်ဖြင့် ထင်ရှားခဲ့လေသည်။ ထိုသတိုးသားသည် ငယ်စဉ်ကပင်မိဘများ ကွယ်လွန်ခဲ့သဖြင့် ရွှေ၊ ငွေ၊ စိန်၊ ကျောက်စသော ရတနာတိုက်ပေါင်း များစွာကို ဘဏ္ဍာတော်ထိန်း အမတ်ကထိန်းသိမ်း စောင့်ရှောက်ထား ရလေသည်။

ထိုသတိုးသားကလေး သုမေဓာသည် အတတ်ပညာကိုသင်ကြားရာ၌ (၁၆) နှစ်အရွယ်မှာပင် ဆိုင်ရာအားလုံးကို ပြီးဆုံး

လုံလောက်တဘက်ကမ်းရောက်မျှ တတ်မြောက်ပြီးဖြစ်၍ဆိုင်ရာ ပစ္စည်းများကို စာရင်းနှင့်တကွ ပစ္စည်းထိန်းအမတ်က လွှဲအပ် သည်ကို လက်ခံပြီးနောက် ပစ္စည်းရှင်ဖြစ်သော မိဘ-ဘိုးဘွား တို့ အဆက်ဆက်ကွယ်လွန်ကာ ပစ္စည်းတွေသာ ကျန်ရစ်ခဲ့ပုံကို အကြောင်းပြုလျက် ဤသို့စဉ်းစားလေ၏။ "ငါ၏ မိဘ-ဘိုး ဘွား အဆက်ဆက်ဆွေမျိုးများသည်စီးပွားဉစ္စာတွေကို ရှာဖွေ စုဆောင်းပြီးလျှင်အနည်းငယ်မျှမယူနိုင်ကြဘဲ စွန့်ခဲ့ကြရကုန်ပြီ။ ငါ၏ ဆွေမျိုးများမှာ ပစ္စည်းကို ရှာသာရှာတတ်၍ မယူတတ် မသုံးစွဲတတ်ကြ၊ ငါကား-ဤပစ္စည်းတွေကို စွန့်ကြဲ-ပေးကမ်း သောအားဖြင့် ယူသွားတော့အံ့" ဤသို့စဉ်းစားပြီးလျှင် သတိုး သား သုခမိန်သည် မအို၊ မနာ၊ မသေရာကို ရှာလိုသောဇော ဆန္ဒက အားကြီးလှသဖြင့် မရေမတွက်နိုင်အောင် များမြောင် သော စည်းစိမ်တွေအပေါ်မှာ အနည်းငယ်မျှကွယ်တာတော် မမူဘဲ ရွှေ၊ ငွေ၊ ဘဏ္ဍာ၊ ရတနာ အပြည့်ဖြစ်သော တိုက်ကြီး များကို ဖွင့်လှစ်ကာ "အလိုရှိရာယူရစ်ကြလော့"ဟု အားရ-ပါးရ စွန့်ကြဲတော်မူခဲ့ပြီးနောက် ဟိမဝန္တာသို့ ကြွမြန်းပြီးလျှင် ကမ္ဘဋ္ဌာန်းတရားကိုအားထုတ်လေ၏။ များမကြာခင်ပင်'စျာန်' အဘိညာဉ်တို့ကို ရလေ၏။

ထိုကဲ့သို့ စျာန်အဘိညာဉ်ဖြင့် မွေ့လျော်ကာ တခါတရံ ကောင်းကင်ခရီးဖြင့် လှည့်လည်တော်မူလေ့ရှိရာ နှစ်ပေါင်း အ တော်ကြာလျှင် 'ဒီပင်္ကရာ' ဘုရားရှင်လည်းပွင့်တော်မူလာသော ကြောင့်'ရမ္မာ' မည်ခေါ် နေပြည်တော်သားတို့သည် ဘုရားရှင် ကို ပင့်ဖိတ်လျက် ကြွတော်မူရန် လမ်းပြင်နေကြသည်ကို မြင်ရ သဖြင့် ကောင်းကင်မှ ဆင်းသက်၍ မေးမြန်းသော အခါ

အကြောင်းအရာကို ကောင်းစွာသိရသည့်အတွက် နှစ်သက်ဝမ်းမြောက်ခြင်း ပြင်းထန်စွာဖြစ်လေရကား၊ မိမိလည်း လမ်းပြင်လိုကြောင်း ခွင့်တောင်းလေသော်ဤရသေ့သည် တန်ခိုးကြီးမားသော ရသေ့ဖြစ်၏၊ တန်ခိုးဖြင့်ပြင်ဆင်လိမ့်မည်။ ရွှံ့ညွှရှိသော နေရာကို ပေးကြစို့ရဲ့ဟု တိုင်ပင်လျက် အပြင်ခက်သော နေရာကို ပေးကြလေသည်။

အရှင်ရသေ့သည်လည်း တန်ခိုးဖြင့်ပြင်ဆင်လျှင်လွယ်ကူစွာ ပြီးနိုင်ပါလျက်ကိုယ်ဖြင့် ပင်ပန်းခံ၍ပြုမှသာသာလွန်၍အကျိုးများဖွယ်ရာ ရှိလေသောကြောင့် သူများနည်းတူ မြေကိုထမ်းယူလျက် ရွှံ့ညွှံဗွက်ကိုဖို့နေစဉ်ရဟန္တာလေးသိန်း အခြံအရံနှင့်တကွ ဘုရားရှင် ကြွတော်မူလာသောကြောင့် မပြီးပြတ် သေးသော ရွှံ့ညွှံနေရာမှာ ဘုရားနှင့်တကွ ရဟန္တာအပေါင်းကို မနင်းစေဘဲ မိမိအပေါ်မှ နင်းလျက် ကြွတော်မူဘို့ရာ တံတားအသွင်ခင်းလျက် ဝပ်စင်း၍နေလေ၏။

ထိုနောက် မိမိဦးခေါင်းရင်းသို့ဘုရားရှင်ရောက်တော်မူလာသည့်အခါ စဉ်းစားတော်မူသည်မှာ "ငါသည် တကိုယ်တည်းအတွက် နိဗ္ဗာန်ကိုအလိုရှိပါလျှင် ယခုပင် ကိလေသာ အာသဝေါကို ကုန်ခမ်းသွေ့ခြောက်စေလျက်ရဟန္တာအဖြစ်သို့ရောက်နိုင်လောက်ပြီ။ သို့သော်-အို၊ နာ၊သေရေး ဒုက္ခဘေး တို့ဖြင့် ကြီးလေးစွာဆင်းရဲရုံမက အပါယ်လေးပါး၌ နစ်မွန်းမြောပါးနေကြရသော သတ္တဝါတွေကို ကယ်ဆယ် နိုင်လောက်သော စွမ်းရည်သတ္တိရှိသူ တယောက်က မကယ်ယူလျစ်လျူပစ်ထား၍ ကိုယ်လွတ်ရုန်းသွားခြင်းကို တရားနည်းလမ်း ကျသည်ဟု မဆိုနိုင်ချေ"ဟု ကြံတော်မူပြီးလျှင်—

ဤဒီပင်္ကရာမြတ်စွာဘုရား၏ အထံတော်၌မထင်ရှားသော အသွင်ဖြင့် သစ္စာလေးပါးတရားကို မျက်မှောက် ပြုခြင်းဖြင့် ငါ့မှာအဘယ်အကျိုးထူးရှိတော့အံ့နည်း။ အလုံးစုံကို အကုန် သိနိုင်သောညာဏ်ကိုရ၍ လောက၌ ဗုဒ္ဓဖြစ်အောင် အားထုတ် တော့အံ့။ နတ် ဗြဟ္မာနှင့်တကွသော လောကကို သံသရာရေ အယာဉ်မှ ကယ်တင်တော်မူအံ့ဟု အဓိဋ္ဌာန်တော်မူလေသည်။

ဤသို့လျှင် အရှင်ရသေ့သည် ရှေးတုန်းက မိမိအတွက်သာ နိဗ္ဗာန်ကို ရှာခဲ့ပါသော်လည်း ဘုရားရှင်နှင့် တွေ့ရသည့်အခါ ဘုရားရှင်၏ အသရေတော်ကို ဖူးမြော်ရ၊ အပါယ်လေးပါး၌ အလွန်အမင်းဆင်းရဲနေကြရသော သတ္တဝါတွေကို အဘိညာဉ် အစွမ်းဖြင့် မျက်ဝါးထင်ဆင် လှမ်း၍ မြင်ရ၊ မိမိစွမ်းရည်သတ္တိ ကိုလည်း ယုံကြည်စိတ်ချသောကြောင့် သတ္တဝါတို့၌လွန်မင်းစွာ သနားတော်မူသော မဟာကရုဏာတော် အားကြီးလှသဖြင့် ဆန္ဒတော်တမျိုး တိုးတက်ကြီးမား၍ ဘုရားဆုကိုပန်ဆင်တော် မူလေသည့်။

ဒီပင်္ကရာ ဘုရားရှင်သည် အရှင်ရသေ့၏ ဦးခေါင်းရင်း၌ ရပ်တန့်တော်မူပြီးလျှင် သုမေဓာရသေ့၏နောင်ရေး - နောင် တာကို ဆင်ခြင်တော်မူသောအခါ ဘုရားဖြစ်မည့်အကြောင်း ကို မြင်တော်မူ၍ မိန့်မြွက်တော်မူသည်မှာ—

"မိမိကိုယ်ကိုတံတားခင်းလျက်ထက်မြက်လှသောအကျင့် ဖြင့် တင့်တယ်သော ထိုရသေ့ကို ကြည့်ရှုကြလော့ ။ ထိုရသေ့သည် လေးသင်္ချေနှင့် ကမ္ဘာတသိန်းလွန်လျှင် ငါဘုရားကဲ့သို့ 'ဂေါတမ'ဟူသော အမည်အားဖြင့် ထင်ရှားသော ဘုရားတဆူဖြစ်လိမ့်မည်" ဟု ဘုရား

တံဆိပ် ဗျာဒိတ်တော်မြတ် ခပ်နိုပ်တော်မူပြီးလျှင် ရသေ့၏ နံပါးမှ ရှောင်လွှဲ၍ ကြွတော်မူလေသည်။

အလောင်းတော်သည် ဗျာဒိတ်ရတော်မူပြီးနောက် ရှုံ့ညှိ ပြောင်းမှ ထတော်မူပြီးလျှင် 'များစွာသော သတ္တဝါတွေကို သံသရာ ရေအယဉ်မှ ကယ်တင်ဘို့ရာ လွန်စွာမြင့်မြတ်သော ဘုရားအဖြစ်ဟူသည် သာမန်ကောင်းမှုပါရမီဖြင့် ပြည့်နိုင်သော အဖြစ်မျိုးမဟုတ်။ ဘုရားဖြစ်နိုင်ဘို့အကြောင်းကောင်းမှုပါရမီ တော်ကား ဘယ်လောက် များပါလိမ့်မည်နည်း'' ဟု ဆင်ခြင် တော်မူရာ အောက်ပါ ပါရမီဆယ်ပါးကို အစဉ်အတိုင်းမြင် တော်မူလေသည်။

— း ❊ း —

# ပါရမီဆယ်ပါး

၁။ ဒါနပါရမီ။
၂။ သီလပါရမီ။
၃။ နေက္ခမ္မပါရမီ။
၄။ ပညာပါရမီ။
၅။ ဝီရိယပါရမီ။
၆။ ခန္တီပါရမီ။
၇။ သစ္စာပါရမီ။
၈။ အဓိဋ္ဌာန်ပါရမီ။
၉။ မေတ္တာပါရမီ။
၁၀။ ဥပေက္ခာပါရမီ။

၁။ ဒါနပါရမီ

"သုမေဓာပညာရှိ...၊ သင်ကား ဤနေ့မှစ၍ ရှေးဦးစွာ ဒါနပါရမီကိုဖြည့်လော့။ မှောက်ထားအပ်သော ရေအိုးသည် အကြွင်းမရှိ တစက်မကျန် အကုန် အန်သကဲ့သို့ ဥစ္စာ—စီးပွား

သားမယား အခြံအရံ တို့ကိုလည်းကောင်း၊ အင်္ဂါကြီးငယ် အသွယ်သွယ်တို့ကိုလည်းကောင်း၊ မငဲ့ကွက်မူ၍ အလုံးစုံသော အလှူခံ 'ယာစကာ' သူတောင်းစားတို့အားအလိုရှိတိုင်းအကြွင်း အကျန်မရှိ ပေးလှူသည် ရှိသော် ဗောဓိပင်ရင်း၌ နေလျက် ဘုရားဖြစ်လတ္တံ့။

## ၂။ သီလပါရမီ

သုမေဓာပညာရှိ…၊ သင်ကား ဤနေ့မှစ၍ နှစ်ခုမြောက်သော သီလပါရမီကို ဖြည့်လော့။ **'စာမရီ'** မည်သော အမြီးလေးချောင်းရှိ သားကောင်သည် အသက်ကို မငဲ့မူ၍ မိမိ၏ အမြီးကိုသာလျှင် စောင့်ရှောက်သကဲ့သို့ သင်သည် ယနေ့မှစ၍ အသက်ကိုသော်ပင် မငဲ့မူ၍ သီလကိုသာလျှင် စောင့်ရှောက်သည်ရှိသော် ဘုရား စင်စစ်ဖြစ်လတ္တံ့။

## ၃။ နေက္ခမ္မပါရမီ

"သုမေဓာပညာရှိ….၊သင်ကား ဤနေ့မှစ၍ သုံးခုမြောက်သော နေက္ခမ္မပါရမီကို ဖြည့်လော့။ ရှည်မြင့်စွာသော ကာလ တိုင်အောင် နှောင်အိမ်ထောင်တန်း၌ နေရသော ယောကျ်ားသည် ထိုနှောင်အိမ်၌ ချစ်ခြင်းကို မပြု စင်စစ် ငြီးငွေ့ကာ မနေလိုခြင်း ဖြစ်သကဲ့သို့ သင် သုမေဓာသည်လည်း အလုံးစုံသော ဘဝတည်းဟူသော နှောင်အိမ် သံချိုင့်အတွင်းမှ လွတ်ကင်းလိုသည်ဖြစ်၍ တောထွက်ခြင်းကို ရှေးရှု ပြုမူလေလော့။ ဤသို့ပြုသည်ရှိသော် ဘုရားစင်စစ် ဖြစ်လတ္တံ့"။

## ၄။ ပညာပါရမီ

''သုမေဓာ ပညာရှိ....၊သင်ကား ဤနေ့မှစ၍ ပညာပါရမီကိုဖြည့်လော့။ ပညာရှိသော ရဟန်းသည် အယုတ်၊ အလတ်၊ အမြတ်မရွေး တစ်စုံတစ်ခုသော အိမ်ကို မမှတ်မူ၍အိမ်စဉ်မပြတ် ဆွမ်းရပ် လှည့်လည်သည်ရှိသော် မျှလောက်ရုံမျှသော ဆွမ်းကိုရသကဲ့သို့ သင် သုမေဓာသည်လည်း အလုံးစုံသောပညာရှိတို့သို့ကပ်၍ ပြဿနာကိုမေးသည်ရှိသော် ဘုရားစင်စစ် ဖြစ်လတ့်''။

## ၅။ ဝီရိယပါရမီ

''သုမေဓာ ပညာရှိ....၊ သင်ကား ဤနေ့မှစ၍ဝီရိယပါရမီကိုဖြည့်လော့။ ကေသရာဇာ ခြင်္သေ့မင်းသည် အလုံးစုံသော ဣရိယာပုတ်တို့၌ မြဲမြံခြင်း လုံ့လဝီရိယဖြစ်သကဲ့သို့ သင်သုမေဓာသည်လည်း အလုံးစုံသောဘဝတို့၌ ဣရိယာပုတ်တို့၌ မြဲမြံသော လုံ့လကို ထားသည်ရှိသော် ဘုရားစင်စစ် ဖြစ်လတ့်''။

## ၆။ ခန္တီပါရမီ

''သုမေဓာ ပညာရှိ ...၊သင်ကား ဤနေ့မှစ၍ ခန္တီပါရမီကိုဖြည့်လော့။ မြေကြီးမည်သည် မိမိအပေါ်၌ ချထားအပ်သော စင်ကြယ်သော အရာဝတ္ထုကိုလည်းကောင်း၊ မစင်ကြယ်သော အရာဝတ္ထုကိုလည်းကောင်း၊ (ပစ်ချ ထည့်သွင်းခြင်းကြောင့် နှလုံးမသာမယာမရှိဘဲ သည်းခံခြင်း၊ ချစ်ခြင်း၊ မုန်းခြင်းကို မပြုခြင်းရှိသကဲ့သို့)သင် သုမေဓာသည်လည်း (အလုံးစုံသော သူတို့၌) သည်းခံသည်ရှိသော် ဘုရားစင်စစ် ဖြစ်လတ့်''။

၇။ သစ္စာပါရမီ

“ သုမေဓာ ပညာရှိ….၊သင်ကား ဤနေ့မှစ၍ သစ္စာပါရမီ ကိုဖြည့်လော့။ မိုးကြိုးလက်နက် ထိပ်ထက်သို့ ကျသော်လည်း ဥစ္စာ၊ စပါး၊ သား-မယားစသည်တို့ အကျိုးငှါ ဆန္ဒာဂတိ စသည်တို့၏ အစွမ်းဖြင့် သိလျက် ချွတ်ယွင်းသောစကားကို ဆို ခြင်းကိုမျှ မပြုလင့်။ သောက်ရှူးကြယ် မည်သည် အလုံးစုံသော ဥတုတို့၌ မိမိ၏သွားမြဲလမ်းကို စွန့်၍ တပါးသောလမ်းခရီးဖြင့် မသွား၊ မိမိ သွားမြဲခရီးဖြင့်သာ မှန်စွာ သွားသကဲ့သို့ သင် သုမေဓာ သည်လည်း သစ္စာကို စွန့်လွှတ်၍ ‘မုသား’ ကို မပြော မဆိုရှိသော် ဘုရားစင်စစ် ဖြစ်လတ့်”။

၈။ အဓိဋ္ဌာန်ပါရမီ

“သုမေဓာ ပညာရှိ…၊ သင်ကား ဤနေ့မှ စ၍ အဓိဋ္ဌာန် ပါရမီကိုဖြည့်လော့။ အဓိဋ္ဌာန်ပါရမီ၌ မတုန်-မလှုပ်ဆောက် တည်လော့။ တောင်တို့ မည်သည် အရပ် ထက်ဝန်းကျင်မှ လာသောလေတို့ကြောင့် တုန်လှုပ် ယိမ်းယိုင်ခြင်းမရှိ။ မိမိ၏ တည်ရာ ၌သာလျှင် ပကတိအတိုင်း အမြဲ တည်သကဲ့သို့ သင် သုမေဓာ သည်လည်း မိမိ၏ အဓိဋ္ဌာန်ခြင်း၌ မတုန်-မလှုပ် မြဲ သည်ရှိသော် ဘုရား စင်စစ် ဖြစ်လတ့်”။

၉။ မေတ္တာပါရမီ

‘ သုမေဓာ ပညာရှိ…၊ သင်ကား ဤနေ့မှစ၍ မေတ္တာ ပါရမီကိုဖြည့်လော့။ (ကျေးဇူးရှိသူတို့၌လည်းကောင်း၊ ကျေး ဇူးမရှိသူတို့၌လည်းကောင်း၊ တူမျှသောစိတ်ကို ဖြစ်စေလော့) ရေတို့မည်သည် ယုတ်မာသူအားလည်းကောင်း၊ ကောင်းမြတ်

သူ့အားလည်းကောင်း၊ ချမ်းအေးခြင်းတူမျှစွာဖြစ်စေသကဲ့သို့ သင် သုမေဓာသည်လည်းအလုံးစုံသောသတ္တဝါတို့၌တူမျှသော မေတ္တာစိတ်ကို ဖြစ်စေသည်ရှိသော် ဘုရားစင်စစ်ဖြစ်လတ့်။

## ၁၀။ ဥပေက္ခာပါရမီ

“သုမေဓာ ပညာရှိ...၊ သင်ကား ဤနေ့မှစ၍ ဥပေက္ခာ ပါရမီကိုဖြည့်လော့။ ( ချမ်းသာမှု၊ ဆင်းရဲမှုတို့၌လျစ်လျူရှုမှု ကိုသာ ဖြစ်စေလော့) မြေကြီးသည် မိမိအပေါ်၌ ကျရောက် သည့် စင်ကြယ်သော အရာဝတ္ထု၊ မစင်ကြယ်သော အရာဝတ္ထု တို့ကို လျစ်လျူရှုသကဲ့သို့ သင် သုမေဓာသည်လည်း ဆင်းရဲမှု၊ ချမ်းသာမှုတို့၌ လျစ်လျူ ရှုသည် ရှိသော် ဘုရား စင်စစ် ဖြစ်လတ့်”။

ထို သုမေဓာ ရှင်ရသေ့သည် အထက်ပါ-ပါရမီ ဆယ်ပါး ကို လေးသင်္ချေနှင့် ကမ္ဘာတသိန်းကာလအတွင်း ဖြည့်ကျင့်ပြီး နောက် ‘ဂေါတမမြတ်စွာဘုရား’ ဖြစ်လာခဲ့ပါသည်။

## လောက ၃-ပါး

၁။ သတ္တလောက .... လူနတ်ဗြဟ္မာ စသော သတ္တဝါ အပေါင်း။

၂။ သင်္ခါရလောက .... အထက်ဖော်ပြပါ သတ္တဝါ အပေါင်းတို့ ကာယ၊ ဝစီ၊ မနော တို့ဖြင့် ပြုပြင် ပြုလုပ်သော အမှု အားလုံးကို ဆိုလိုပါသည်။

၃။ ဩကာသလောက .... တော၊ တောင်၊ ရေ၊ မြေ၊ စသော တည်ရာ။

ဘုန်းတော် ၆ - ပါး

၁။ ဣဿရိယ.... အစိုးရတော်မူခြင်း။
၂။ ဓမ္မ .... တရားအပေါင်းတို့ကို သိတော်မူခြင်း။
၃။ ယသ .... အခြံအရံ၊အကျော်စောမျှားတော်မူခြင်း။
၄။ သိရိ .... ဂုဏ်အသရေနှင့် ပြည့်စုံခြင်း။
၅။ ကာမ .... အလိုတော်အတိုင်း ပြီးစေနိုင်ခြင်း။
၆။ ပယတ္တ .... အား၊ လုံ့လနှင့် ပြည့်စုံခြင်း။

ကိလေသာ ၁၀ - ပါး

၁။ လောဘ .... တပ်မက်ခြင်း။
၂။ ဒေါသ .... အမျက်ထွက်ခြင်း။
၃။ မောဟ .... တွေဝေမိုက်မဲခြင်း။
၄။ မာန .... ထောင်လွှားခြင်း။
၅။ မိစ္ဆာဒိဋ္ဌိ .... အယူမှားခြင်း။
၆။ ဝိစိကိစ္ဆာ .... ယုံမှားခြင်း။
၇။ ထိန .... စိတ်ထိုင်းမှိုင်းခြင်း။
၈။ ဥဒ္ဓစ္စ .... စိတ်၏ပျံ့လွင့်ခြင်း။
၉။ အဟိရိက .... မကောင်းမှုမှ မရှက်ခြင်း။
၁၀။ အနောတ္တပ္ပ .... မကောင်းမှုမှ မထိတ်လန့်ခြင်း။

ကိလေသာဆိုသည်မှာ စိတ်၏ အညစ်အကြေးကို ခေါ်ပါသည်။ စိတ်မှာအညစ်အကြေး ရှိသမျှကာလပတ်လုံး တရားအထူးကို မရနိုင်သောကြောင့်တရားအထူးကိုရရှိလိုသော သူတို့သည် ဘာဝနာ ပွားများခြင်းအားဖြင့် အညစ် အကြေးတို့ကို ခွာပစ်ကြပါဟု မြတ်စွာဘုရားသခင် ဟောကြား ဆုံးမတော်မူခဲ့ပါသည်။

မီး ၁၁-ပါး

၁။ လောဘမီး .... တပ်မက် နှစ်သက် ရသဖြင့် ပူလောင်ခြင်း

၂။ ဒေါသမီး .... စိတ်ဆိုးရသဖြင့် ပူလောင်ခြင်း။

၃။ မောဟမီး .... အဘုတ်အမှန်ကိုမသိရသဖြင့်ပူလောင်ခြင်း။

၄။ ဇာတိမီး .... ဘဝ၌ဖြစ်ရသဖြင့် ပူလောင်ခြင်း။

၅။ ဇရာမီး .... အိုမင်းရသဖြင့် ပူလောင်ခြင်း။

၆။ မရဏမီး .... သေ-ပျက်ရသဖြင့် ပူလောင်ခြင်း။

၇။ သောကမီး .... စိုးရိမ် ကြောင့်ကြ ရသဖြင့်ပူလောင်ခြင်း။

၈။ ပရိဒေဝမီး .... ငိုကြွေးရသဖြင့် ပူလောင်ခြင်း။

၉။ ဒုက္ခမီး .... ကိုယ်ကိုမှီ၍ မသာမယာဖြင့်ပူလောင်ခြင်း။

၁၀။ ဒေါမနဿသမီး.... စိတ်ကိုမှီ၍ မသာမယာဖြင့်ပူလောင်ခြင်း။
၁၁။ ဥပါယာသမီး — ပြင်းစွာ စိတ် ပူပန် ဆင်းရဲ သဖြင့် ပူလောင်ခြင်း။

လောကဓံတရား ၈-ပါး

၁။ လာဘော .... ဥစ္စာပေါများ၍တက်ကြွတုန်လှုပ်ခြင်း။
၂။ အလာဘော ဥစ္စာနည်းပါး၍ ညှိုးငယ်တုန်လှုပ်ခြင်း။
၃။ ယသော .... အခြံအရံများ၍ တက်ကြွတုန်လှုပ်ခြင်း။
၄။ အယသော .... အခြံအရံ နည်းပါး၍ ညှိုးငယ်တုန်လှုပ်ခြင်း။
၅။ နိန္ဒာ .... ကဲ့ရဲ့၍ ညှိုးငယ်တုန်လှုပ်ခြင်း။
၆။ ပသံသံ .... ချီးမွမ်းခံရ၍ တက်ကြွ တုန်လှုပ်ခြင်း။
၇။ သုခံ .... ချမ်းသာခြင်းကိုစွဲ၍ တက်ကြွ တုန်လှုပ်ခြင်း။
၈။ ဒုက္ခံ .... ဆင်းရဲခြင်းကိုစွဲ၍ညှိုးငယ်တုန်လှုပ်ခြင်း

စကား ၆-ခွန်း

၁။ ဟုတ်လည်းမဟုတ်၊ သူလည်းမနာလို၊ အကျိုးလည်းမရှိ။
၂။ ဟုတ်ကားဟုတ်၏၊ သူကား မနာလို၊ အကျိုးလည်းမရှိ။
၃။ ဟုတ်လည်းမဟုတ်၊ သူကား နာလို၏၊ အကျိုးကားမရှိ။
၄။ ဟုတ်လည်းဟုတ်၏၊သူလည်းနာလို၏၊ အကျိုးကားမရှိ။
၅။ ဟုတ်လည်းဟုတ်၏၊သူကားမနာလို၊ အကျိုးလည်းရှိ၏။
၆။ ဟုတ်လည်းဟုတ်၏၊သူလည်းနာလို၏ အကျိုးလည်းရှိ၏။

[ ဤ စကား‌ပြောဆိုရာ၌ (၅) နှင့် (၆) ကိုသာ ပြောဆိုရ၏။ အကျန်လေးခွန်းကို ပယ်ရ၏။ ]

**သည်းခံခြင်း၏ အကျိုး ၅-ပါး**

၁။ လူအများ ချစ်ခြင်း။
၂။ ရန်ငြိမ်းခြင်း။
၃။ အပြစ်နည်းခြင်း။
၄။ မတွေ မဝေ သေရခြင်း။
၅။ သုဂတိဘဝသို့ လားရခြင်း။

ပျက်စီးခြင်း တရား ၆-ပါး

၁။ နေမြင့်အောင် အိပ်ခြင်း။
၂။ ပျင်းရိခြင်း။
၃။ နှုတ်၊ လက် ကြမ်းကြုတ်ခြင်း။
၄။ သေရည်-သေရက် သောက်ကြူးခြင်း။
၅။ အန္တရာယ်ရှိသော ခရီးကို တယောက်တည်း သွားခြင်း။
၆။ သူ့မယားကို ယှဉ်ပါး ဖျက်ဆီးခြင်း။

**အောင်မြင်ခြင်း အခြေ မူလ ၄-ပါး**

၁။ သစ္စာ .... တည်ကြည်ဖြောင့်မတ်ခြင်း။
၂။ ပညာ .... ဉာဏ်ပညာ အမြော်အမြင်နှင့် ပြည့်စုံခြင်း။
၃။ ဝီရိယ .... မနေမနား ကြိုးစား အားထုတ်ခြင်း။
၄။ စာဂ .... ပေးကမ်းစွန့်ကြဲခြင်း။

— း ✻ း —

## အရှင်မဟာမောဂ္ဂလာန် မထေရ်အကြောင်း

အရှင်မဟာမောဂ္ဂလာန် မထေရ်သည် သာသနာတော်၌ အလွန် တန်ခိုးကြီးတော်မူလေသည်။ အရှင်မဟာမောဂ္ဂလာန်ကို အမှီပြု၍ ဘုရားသာသနာတော် ၌လည်း လာဘ် ပူဇော်သက္ကာ အလွန် ပေါများလေသည်။

အရှင်မဟာမောဂ္ဂလာန်သည် တန်ခိုး အဘိညာဉ်နှင့် ပြည့်စုံတော်မူသည့်အလျောက် ရံခါရံခါတွင် နတ်ပြည် ငရဲပြည်တို့သို့ ကြွရောက်တော်မူ၏။ နတ်ပြည်တွင်နတ်တို့၏ ရှေးကောင်းမှုကို မေးတော်မူကာ လူ့ပြည်သို့ ကြွလာပြီးနောက် "ဤမည်သော ကောင်းမှုကြောင့် ဤမျှ ကြီးကျယ်သော နတ် စည်းစိမ်ကို ရသည်"ဟု လူတို့အား ဟောကြားတော်မူ၏။ ငရဲပြည်တွင် ငရဲ သတ္တဝါတို့၏ ရှေး အကုသိုလ်ကို မေးတော်မူပြီးနောက် "ဤမည်သော မကောင်းမှုကြောင့် ဤမျှ ကြီးကျယ်သော ဆင်းရဲ၌ ခံရသည်"ဟု လူတို့အား ဟောကြားတော်မူသည်။

ဤသို့လျှင် ကောင်းမှု၏အကျိုး၊ မကောင်းမှု၏အပြစ်ဒုက္ခများ လက်တွေ့ဟောတော်မူသည်ကိုအစွဲပြု၍ သာသနာတော်၌ လာဘ် ပူဇော်သက္ကာအလွန်ပင် ပေါများလေသည်။

### တိတ္ထိတို့၏ အစည်းအဝေး

ထိုအချိန် အခါသည် ဗုဒ္ဓသာသနာတော်၌ လာဘ်ပူဇော် သက္ကာ များသလောက်၊ တိတ္ထိတို့၌ လာဘ် ပူဇော်သက္ကာများ နည်းပါးသော အခါပင် ဖြစ်လေသည်။ တိတ္ထိ တို့သည် ထို အကြောင်းအရာကို စဉ်းစားအရေးယူရန် အစည်းအဝေးပြုကြ

ပြီးနောက် ''ဗုဒ္ဓ၌ လာဘ် ပူဇော် သက္ကာ ပေါများခြင်းသည် အရှင်မောဂ္ဂလာန်ကြောင့်ပင်ဖြစ်သည်။ အရှင်မောဂ္ဂလာန် မရှိခဲ့လျှင် ဤ လာဘ်ပူဇော်သက္ကာတို့သည် ငါတို့ထံအားလုံးရောက်မည်။ သို့ဖြစ်၍ အရှင်မောဂ္ဂလာန်ကို တနည်းနည်းဖြင့် သတ်ရန်'' ဆုံးဖြတ်ကြကုန်သည်။

## လူသတ်ယောကျ်ားတို့ကို လာဘ်ပေး၍သတ်စေခြင်း

တိတ္ထိတို့သည် သူသတ်သူခိုးတို့ကို ရှာကြပြီးနောက် ထိုသူသတ်ယောကျ်ားတို့ကို အသပြာငွေ တစ်ထောင်ပေးကာ အရှင်မဟာမောဂ္ဂလာန်ကိုသတ်ခိုင်းကြကုန်သည်။ သူသတ်ယောကျ်ားတို့သည် အသပြာ တစ်ထောင်ကို ယူကြပြီးကာ အရှင်မဟာမောဂ္ဂလာန် သီတင်းသုံးတော်မူရာ 'ကာဠသိလာလိုဏ်ဂူ' သို့ သွားကြကုန်၏။ အရှင်မဟာမောဂ္ဂလာန်သည် ထိုအကြောင်းကို သိတော်မူ၍ တန်ခိုးဖြင့် တိမ်းရှောင်ကာ ကြွသွားတော်မူ၏။

ထိုနောက် သူသတ်ယောကျ်ားတို့သည်လည်း အရှင်မောဂ္ဂလာန်ကို သတ်ရန် ကြိမ်ဖန်များစွာ ကြိုးစားကြကုန်၏။ အရှင်မဟာမောဂ္ဂလာန်သည်လည်း ကြိမ်ဖန်များစွာရှောင်တိမ်းတော်မူခဲ့၏၊ ထိုသို့ပြုခြင်းဖြင့် နောက်သုံးလမြောက်ရောက်သောအခါ အရှင်မဟာမောဂ္ဂလာန်သည် ရှောင်တိမ်းခြင်း မပြုတော့ပြီ၊ ရှေးအကုသိုလ်ကံ၏အကျိုးပေးချိန်ရောက်သဖြင့် ရှောင်တိမ်းသော်လည်း လွတ်စရာအကြောင်းကိုမမြင်သဖြင့် မရှောင်တိမ်းမူ၍ ဂူထဲ၌ပင် သီတင်းသုံးနေတော်မူ၏။

သူသတ်ယောကျ်ားတို့သည် အရှင်မဟာမောဂ္ဂလာန်ကိုဖမ်းယူကြပြီးနောက် အရိုးတို့ကို ( ဆန်ကျိုး-ဆန်ကွဲတို့ကဲ့သို့ ) မှုန့်

မှုန့်-ညက်ညက် ကျေအောင် ထုထောင်း ရိုက်နှက်ကြကုန်၏။ သေလောက်ပြီ အထင်ဖြင့် အရှင်မောဂ္ဂလာန်ကို ချုံတခု ထဲ၌ ပစ်ထားခဲ့ကြကုန်၏။

## မြတ်စွာဘုရားအားနောက်ဆုံးကန်တော့ခြင်း

အရှင်မဟာမောဂ္ဂလာန်သည် စိစိညက်ညက် ကျေနေသော မိမိ၏ ကိုယ်ကို 'ဈာန်အဘိညာဉ်' ဖြင့် ရစ်ပတ်တော်မူ၍ ကောင်းကင် ခရီးဖြင့် မြတ်စွာ ဘုရားထံ ကြွသွားတော် မူ၍ မြတ်စွာဘုရားအား ရှိခိုးတော်မူပြီးနောက် ''မြတ်စွာဘုရား...၊ အကျွန်ုပ်သည် ပရိနိဗ္ဗာန် စံပါတော့အံ့'' ဟု လျှောက်ထားလေ၏။ ထိုအခါ မြတ်စွာဘုရားက '' မောဂ္ဂလာန်..၊ ပရိနိဗ္ဗာန် စံမှာဖြစ်လျှင် ငါဘုရားအား တရားဟောသွားပါ။ သင်ကဲ့သို့သော တပည့်ကို ယခုအခါ၌ မြင်ဖို့ရာအခွင့်မရှိတော့ပြီ'' ဟု မိန့်တော်မူ၏။

## ကောင်းကင်၌ တန်ခိုးပြတော်မူခြင်း

ထိုအခါ အရှင်မဟာမောဂ္ဂလာန်သည် ''မြတ်စွာဘုရား.... အကျွန်ုပ်သည် မြတ်စွာဘုရားမိန့်မှာတော်မူသည့်အတိုင်းပြုလုပ်ပါမည် '' ဟု လျှောက်ထားပြီးနောက် မြတ်စွာဘုရားအား ရှိသေစွာ ရှိခိုးပြီးလျှင် 'ဈာန်အဘိညာဉ်တန်ခိုး'ဖြင့် ကောင်းကင်သို့ တက်တော်မူကာ ( အရှင်သာရိပုတ္တရာသည် ပရိနိဗ္ဗာန် ဝင်စံတော်မူသည့်နေ့က ပြသော တန်ခိုးကဲ့သို့) အထူးထူး-အပြားပြားသော တန်ခိုးတို့ကိုပြတော်မူလေသည်။ (ရှုပ်-နာမ် တရားတို့၏ မတည်တန့်ပုံ-မခိုင်မြဲပုံ)တရားကိုလည်းဟောကြားတော်မူလေသည်။

## ပရိနိဗ္ဗာန် စံတော်မူခြင်း

အရှင်မဟာမောဂ္ဂလာန်သည် ထိုသို့အထူးထူး-အပြားပြား သောတန်ခိုးတို့ကိုပြတော်မူခြင်း၊ တရားဟောတော်မူခြင်းကိစ္စ ပြီးဆုံးသောအခါ၌ မြတ်စွာဘုရားအား ရှိခိုးပြီးလျှင် ကောင်းကင်ခရီးဖြင့် မိမိသီတင်းသုံးတော်မူရာ 'ကာဠသိလာ' ကျောအုပ်သို့ကြွတော်မူပြီးနောက်ပရိနိဗ္ဗာန်စံတော်မူလေသည်။

## သူခိုးငါးရာ နှင့် တိတ္ထိငါးရာတို့သေဒဏ်အပြစ်ရခြင်း

သူသတ် သူခိုးတို့ရိုက်သတ်သဖြင့် အရှင်မဟာမောဂ္ဂလာန် ပရိနိဗ္ဗာန်စံရသည်ဟူသောသတင်းမှာ ဇမ္ဗူဒိပ်ကျွန်း အလုံး ကိုပြန့်နှံ့သွားလေ၏။ ထိုသတင်းကို ကြားသိရသော အဇာတသတ်မင်းကြီးသည် သူခိုးငါးရာကို ဖမ်းစေပြီးနောက် တဖန် အသက်ခိုင်းသူတို့ကို (အဝတ်မခတ်သူ) ငါးရာတို့ကိုပါအဖမ်း ခိုင်းတော်မူ၏။ ၎င်းတို့အား စစ်ဆေးတော်မူပြီးနောက်၎င်းတို့ အားလုံးအား ပြစ်မှုထင်ရှားသဖြင့် သေဒဏ်အပြစ်ပေးတော်မူ လေသည်။

နန်းယင်ပြင်၌ ချက်မျှသောက်အထိ နက်သော တွင်းတို့ကို တူးစေပြီးနောက် သူသတ် သူခိုးငါးရာနှင့် တိတ္ထိငါးရာတို့ကို တွင်းများ၌တည့်ပြီးလျှင် အပေါ်မှာကောက်ရိုး အမှိုက်များ စုပုံကာ မီးရှို့ကြကုန်၏။ အသီးသီးမီးလောင်ခံကြရပြီးနောက် သံသွန်ထုံ -ထွန်သွားများဖြင့် အပိုင်းပိုင်း ပြတ်အောင် ထွန် ယက်သတ်ဖြတ်ကြကုန်၏။

## ရဟန်းတို့၏ အစည်းအဝေး

တနေ့သောအခါ ရဟန်းတို့၏ အစည်းအဝေး၌ "အရှင်မဟာမောဂ္ဂလာန်သည် မိမိနှင့်မလျော်သော သေခြင်းဖြင့်သေခြင်းသို့ရောက်ရသည်" ဟု ပြောဆိုကြကုန်၏။ မြတ်စွာဘုရားသည် ထိုအစည်းအဝေးသို့ ကြွတော်မူရာ "ရဟန်းတို့....၊ ရှင်မောဂ္ဂလာန်သည် လက်ရှိအတ္တဘောနှင့်မလျော်သော ပရိနိဗ္ဗာန်စံခြင်းဖြစ်သော်လည်း ၎င်း၏ရှေးမကောင်းမှုနှင့်ကား လျော်သော ပရိနိဗ္ဗာန်စံခြင်းပင် ဖြစ်သည်"ဟု ဟောကြားတော်မူလေ၏။

ထိုနောက် ရဟန်းတို့၏ လျှောက်ထားချက်အရ အရှင်မဟာမောဂ္ဂလာန်၏ ရှေး(အတိတ်) အကြောင်းတို့ကို ဟောကြားတော်မူလေသည်။

## အရှင်မဟာမောဂ္ဂလာန်၏ ရှေး ( အတိတ် ) အကြောင်း

ရှေးအခါကအရှင်မဟာမောဂ္ဂလာန်အလောင်းအမျိုးသားတစ်ယောက်သည် ဗာရာဏသီပြည်၌ပင် နေထိုင်ကာ (အခစားအလုပ်ကို လုပ်ကိုင်ပြီး မိအို-ဘအို တို့အား ကျွေးမွေးစောင့်ရှောက်နေထိုင်လေသည်။ မိအို-ဘအို တို့သည် အိမ်ကိစ္စ၊ အလုပ်ကိစ္စ၊ မိဘပြုစုရေးကိစ္စတို့ဖြင့်ပင်ပန်းလှသောသားအားအကြိမ်ကြိမ်-အခါခါ ဖြောင်းဖြ ပြောဆိုပြီးနောက် အမျိုးသမီးတစ်ယောက်နှင့် လက်ထပ် ထိမ်းမြား ပေးကြကုန်၏။ ၎င်း၏မိခင် - ဘခင်တို့ကား တစတစနှင့် မျက်စိမမြင်ခြင်း၊ အိုမင်းရင့်ရော်ခြင်းသို့ ရောက်ကုန်၏။

ထိုအမျိုးသမီးသည် ရက် အနည်းငယ်မျှလောက်သာ ထို မိအို-ဘအိုတို့အား လုပ်ကျွေးသမှု ပြုပြီးနောက် ၎င်းတို့အား တစတစနှင့် ရွံမုန်းလာလေ၏။ မိအို-ဘအိုတို့၏ အပေါ်၌ အပြစ်ရှာကာ ပြောဆိုစ ပြုလာ၏။

**မိန်းမ၏ ချောပစ်ကုံးတိုက်စကား**

မိမိ၏ယောကျာ်း အလုပ် သွားခိုက်တွင် အိမ်၌မိမိကိုယ်တိုင် အမျိုးမျိုး — အဖုံဖုံ၊ ဖရို-ဖရဲ ဖြန့်ကြဲ ပြု လုပ် ပြီး နောက် ယောကျာ်းအလုပ်မှ ပြန်လာရာတွင် "မိအို-ဘအိုများ ထင်သလို ပြုလုပ်နေကြောင်း၊ မိဘအိုများနှင့် အတူတူနေကြရန်မဖြစ်နိုင်ကြောင်း" စသည်ဖြင့် မိမိ၏ ယောကျာ်းအား နေ့စဉ်နှင့် အမျှ ချောပစ် ကုံးတိုက်စကား ပြောကြားလေ၏။

**မိန်းမ စကား နားဝင်ခြင်း**

အရှင်မဟာမောဂ္ဂလာန်အလောင်း အမျိုးသားသည်ပါရမီ ဓာတ်ခံ ရင့်ညောင်းပြီးသူပင် ဖြစ်သော်လည်း နေ့စဉ်နှင့်အမျှ ကုံးတိုက်သော မိမိဇနီး၏ စကား၌ ယုံကြည်နားဝင်သဖြင့် မျက်မမြင် မိအို-ဘအိုတို့၌ ချစ်ခင်ခြင်းကို မပြုတော်မူ၍ မိအို-ဘအိုတို့အား ဖျောက်ဖျက်သတ်ဖြတ်ရန် ကြံစည် ခဲ့လေသည်။

**မိဘတို့အားသတ်ရန် ကြံစည်ဆောင်ရွက်ခြင်း**

တနေ့သော အခါ၌ ထို အမျိုးသားသည် " ရပ်ဝေးနေဆွေမျိုးများက မိအို-ဘအိုများကို ခေါ်ဆောင်ကာ အလည် အပတ်လာကြရန် မှာကြားလိုက်ကြောင်း"ကို ၎င်း၏ မိအို-

ဘအိုတို့အား လှည့်ပတ် ပြောကြားပြီးနောက် မိအို—ဘအိုတို့အား လှည်းနှင့်တင်ဆောင်ပြီးလျှင်ထွက်ခွာသွားရာ တောအုပ်တစ်ခုသို့ ရောက်လေ၏။

ထိုအမျိုးသားသည် 'တောတွင်း၌ ကြောက်စရာကောင်းလှကြောင်း၊ သူခိုးတွေထကြွနေကြောင်း၊ လှည်းကိုဖြေးဖြေးမောင်းသွားဖို့ အကြောင်း၊ သူသည် ခဏ ဆင်းနေခဲ့မည့်အကြောင်း'' တို့ကို မိဘအိုတို့အား လှည့်ပတ် ပြောကြားပြီးနောက် လှည်းပေါ်မှ ဆင်းနေခဲ့လေ၏။

မိဘမေတ္တာ

မကြာမီပင် ထိုအမျိုးသားသည် သူခိုးယောင် ဆောင်၍ သူခိုးအသံကဲ့သို့ အသံပြုလေ၏။ ထိုအခါ မိအို-ဘအိုတို့သည် အမှန်စင်စစ်သူခိုးများ ထကြွလေပြီဟု မှတ်ထင်ကြသဖြင့် ''ငါ့သား....၊ ငါတို့ကား....၊ အိုမင်းကြကုန်ပြီ၊ ငါ့သားကား....ငယ်ရွယ်သူပင် ဖြစ်၏။ မိမိကိုယ်ကိုသာ ဤဘေးရန်မှ လွတ်မြောက်အောင် စောင့်ရှောက်ပါ။ ဘေးရန်ကင်းရာအရပ်သို့ လျင်မြန်စွာရှောင်တိမ်းပါ'' ဟုအလွန်ကြီးမားသော 'မိဘတို့၏မေတ္တာ' ဖြင့် ပြောဆိုကြကုန်၏။

မိဘတို့အား ရိုက်သတ်ခြင်း

မိဘအိုတို့သည် ငိုကြွေးကြကာ ကြီးမားသော မေတ္တာဖြင့် ထိုသို့ ပြောဆိုနေစဉ်ပင် သူခိုးတို့ ထကြွသောင်းကျန်းသံကို ပြုလျက် မိအို ဘအိုတို့အား လှည်းပေါ်မှဆွဲချပြီးလျှင် ရိုက်ပုတ်ထုထောင်း သတ်ဖြတ်ခြင်းကိုပြုလေ၏။ ထိုသို့ရိုက်ပုတ်သတ်ဖြတ်

ပြီးနောက် မိဘအိုတို့၏ အလောင်းများကို တောအတွင်း၌ပစ်ထားခဲ့ပြီးလျှင် မိမိ၏အိမ်သို့ ပြန်လာခဲ့လေ၏။


## မြတ်စွာဘုရား၏ နိဂုံးချုပ် စကားတော်

ရဟန်းတို့...၊ အရှင်မောဂ္ဂလာန်၏ ရှေးအကုသိုလ်ကား....၊ မိအို-ဘအိုတို့အား သတ်ဖြတ်မှု အကုသိုလ်ကံပင်ဖြစ်သည်။ ထိုအကုသိုလ်ကံကြောင့်သေသည်၏အခြားမဲ့၌ အနှစ်တစ်သိန်းတိုင်အောင် ငရဲသို့ ကျရောက်လေ၏။ ငရဲမှလွတ်မြောက်ပြီးနောက် ဘဝတရာတိုင်အောင် သူတပါး၏ ထုရိုက်သတ်ဖြတ်မှုဖြင့် သေကြရ၏။

ယခုအခါ၌ ငါ့သားတော် မောဂ္ဂလာန်၏သေကြေပျက်စီးရခြင်းသည် ရှေးအကုသိုလ်ကံနှင့် အလျော်သာလျှင် ဖြစ်ရ၏။ တိတ္ထိငါးရာနှင့် သူခိုးငါးရာတို့သည် မပြစ်မှားထိုက်သော ငါ၏သားတော် 'မောဂ္ဂလာန်' ကို ပြစ်မှားကြကုန်၏။

ထိုသို့ ပြစ်မှားသည့်အားလျော်သော အပြစ်တို့ကို ရရှိကြကုန်၏။ မပြစ်မှားထိုက် သူအား ပြစ်မှားသော သူသည် ဆယ်ပါးသော အပြစ်ဒဏ် တို့တွင် တပါးပါးသော အပြစ်ဒဏ်ဖြင့် အကျိုးမဲ့ပျက်စီးခြင်းသို့ ရောက်ရကြောင်းကို ဆက်စပ်တော်မူကာ ဟောကြားတော်မူလေသည်။

— း ✻ း —




(၃၁)ဘုံတခွင် ကျင်လည်ကြသူခပဲ
ဘယ်လမ်းတာ ဘယ်ကို ကြိုက် လိုက်ကြမလဲ ?

# ၃၁-ဘုံ ဇာယားရှင်းပြချက်များ

'လောဘ'ဖြင့် မကောင်းမှုကို ပြုကျင့်သော သူသည် သေပြီးနောက် ကာလ၌ ပြိတ္တာဘုံသို့ ရောက်၏။

'ဒေါသ'ဖြင့် (အကုသိုလ်) မကောင်းမှုကို ပြုသောသူသည် သေပြီးနောက်ကာလ၌ ငရဲသို့ကျရောက်၏။

'မောဟ'ဖြင့် မကောင်းမှုကို ပြုကျင့်သောသူသည် သေပြီးနောက်ကာလ၌ တိရစ္ဆာန်ဘုံသို့ ရောက်၏။

မကောင်းအလုပ်ဖြင့် ရသောငွေနှင့် ကုသိုလ်ပြုကျင့်သောသူသည် အသူရကာယ်ဘုံသို့ ရောက်၏။

'သီလ' ဆောက်တည်ခြင်း မြဲသောသူသည် သေပြီးနောက် နတ်ပြည်ရောက်၏။

'သမထ' ဘာဝနာကိုပွားများခြင်းဖြင့် 'ဈာန်'ရသူသည် သေပြီးနောက် ဗြဟ္မာ့ပြည်သို့ ရောက်၏။

'ဝိပဿနာ' ဘာဝနာကို ပွားများသော သူသည် ပါရမီရှိလျှင် ယခုဘဝ မသေခင် သောတာပန်၊ သကဒါဂါမ် အနာဂါမ်၊ ရဟန္တာအထိ အဆင့်ဆင့်ဖြစ်၍ နိဗ္ဗာန်ကို ရ၏။

၃၁-ဘုံ ဇယားကို နိဗ္ဗာန်မြို့ - ကြို့ကုန်း ကျောင်းတိုက်၊ အသျှင်အဂ္ဂဝံသ ဆရာတော် စီရင် ရေးသားသည့် ၃၈-ဖြာ မင်္ဂလာကျမ်းမှ ကူးယူပါသည်။

---

ဩဝါဒစာကို အသျှင်စာရိတ္တဗုဒ္ဓိ-ရေနံ့ဆရာတော် သမဏ သုခကျောင်း၊ အရှေ့ညောင်ဦးတိုက်၊ ရှမ်းလမ်း၊ စမ်းချောင်း မြို့နယ်ထံမှ ရပါသည်။

ဦးဘိုးစိုး - ပညာဝန်ထောက် ရေးသားသော
'လောကုတ္တရာ-အခြေပြု' ကျမ်း၊
မင်းစန္ဒ၏ 'ငါးပါးသီလ ဝတ္ထုနှင့် အခြေခံဝိပဿနာရှုနည်း'
'ဗုဒ္ဓဘာသာ-လက်စွဲ၊ သတ္တမတွဲ'
'ဗုဒ္ဓဘာသာ-လက်စွဲ၊ စတုတ္ထတွဲနှင့် ဆဋ္ဌမတွဲ'
စဏ္ဍာကျော်ထင်-ဦးဘိုးစိန် ရေးသားသော
'တရားထူးရရန် နှလုံးသွင်းဆင်ခြင်နည်း' စာအုပ်မှ
ကူးယူဒါန ပြုပါသည်။

# ဗုဒ္ဓဘာသာဝင်တိုင်း
## သိသင့်သောအချက်များ

( ဒုတိယတွဲ )

# ဩဝါဒ

မည်၍ မည်မျှပင် - စားရ၊ စားရ၊
တစ်ဝမ်း ဝရုံပဲ။

မည်၍ မည်မျှပင် - ဝတ်ရ၊ ဝတ်ရ၊
သားရေပြားဖုံးရုံပဲ။

မည်၍ မည်မျှပင် - အိပ်ရ၊ နေရ၊
တစ်ကိုယ်စာကလေးပဲ။

မည်၍ မည်မျှပင် - ပစ္စည်းဥစ္စာရှိရှိ၊
သေလျှင် ထားပစ်ခဲ့ရတာချည့်ပဲ။

ကုသိုလ်ပြုလျှင် - ကိုယ့်ဖို့၊
ကျန်ခဲ့လျှင် - သူများဖို့။ ။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ဝိပါက်တော် (၁၂) ပါး တရားတော်

# နိဒါန်း

'ဝိပါက်' ဟူသော စကားသည် ပါဠိဘာသာ 'ဝိပါက' မှ ဆင်းသက်လာသော မြန်မာစကားဖြစ်ပါသည်။ အဓိပ္ပါယ်မှာ 'ကုသိုလ်ကံ-အကုသိုလ်ကံတို့၏ အကျိုးတရား' ဟု ဆိုလိုပါသည်။ ဝိပါက် ၂-မျိုး ရှိပါသည်။

(၁) ကုသလဝိပါက - ရှေးက ပြုခဲ့ဘူးသော ကုသိုလ်ကောင်းမှု၏ 'အကျိုးဝိပါက်'။

(၂) အကုသလဝိပါက-ရှေးကပြုခဲ့ဘူးသော မကောင်းမှုအကုသိုလ်၏ 'အကျိုးဝိပါက်' များ ဖြစ်ပါသည်။

အောက်ပါဝိပါက် (၁၂) ပါးမှာ ဘုရားရှင် နှစ်စဉ်အခါက ပြုလုပ်ခဲ့ဘူးသော မကောင်းမှု အကုသိုလ်ကံများ၏ အကျိုးဝိပါက် (ဝါ) ဆိုး-ကျိုးများဖြစ်ပါသည်။

'ဂေါတမ-ဗုဒ္ဓ' ဘုရားရှင်ကြီးကို ဗုဒ္ဓဘာသာဝင်တိုင်း သိရှိ ကိုးကွယ်ကြပါသည်။ သို့ရာတွင် ဘုရားရှင်၏ ဂုဏ်တော်များကို လေးလေး-နက်နက် သိရှိသူ၊ ကြည်ညိုသူမှာ သိပ်မများလှပါ။ ဗုဒ္ဓဘာသာဝင်-တစ်ရာလျှင် ငါးယောက်ခန့်မျှသာ ရှိပါလိမ့်မည်။

ဗုဒ္ဓ-ဘုရားရှင်၏ အကြောင်းအရာကို နည်းနည်းသိသူသည် နည်းနည်းသာ ကြည်ညိုပါသည်။ များများသိမှ - များများ ကြည်ညိုနိုင်ပါသည်။ ဘုရားရှင်၏ 'ဂုဏ်တော်ကိုးပါး' မျှကိုသာ

သိရှိသော သူသည် ဂုဏ်တော်ကိုးပါးဟူသော အတိုင်း-အတာ နှင့်အမျှသာ ကြည်ညိုကြပါသည်။

'လက်ျာတော်ရံ-ရှင်သာရိပုတြာ' သည် ဘုရားရှင်၏ ဂုဏ်တော် ကျေးဇူးတော်များကို အများဆုံး သိရှိသူဖြစ်ရာ ဘုရားသာသနာ၌ ဘုရားရှင်ကို အကြည်ညိုဆုံး - ပုဂ္ဂိုလ်မြတ်ကြီး တစ်ပါး ဖြစ်တော်မူပါသည်။

ဤဝိပါက်တော် (၁၂-ပါးကို အပါဒါန် ပါဠိတော်၌ ဘုရားရှင်ကိုယ်တိုင် တွေ့ထိ-ခံစားတော်မူခဲ့ရသော အကြောင်းကို ဟောကြားတော်မူခြင်း၏ အကြောင်းရင်းမှာ 'တိကောင်' လောက်မှအရေမထူကြသေးတဲ့ ပုထုဇဉ်တို့အတွက်မကောင်းတဲ့ အကျိုး-ဝိပါက်ဆိုတဲ့ ပူရှက်ဆိတ် အကိုက်မခံရဘဲ၊ ကောင်းတဲ့ အကျိုး-ဝိပါက် ဆိုတဲ့ လူ၊ နတ်၊ နိဗ္ဗာန် သုံးတန်သော ချမ်းသာထူး-ချမ်းသာမြတ်ကို ခံစား-စံစား နိုင်ကြပါစေ ဟူသော မဟာကရုဏာတော်ပင် ဖြစ်ပါသည်။

ဤဝိပါက်တော် (၁၂)ပါးကို တဆင့် ကူးယူ၍ ရိုက်နှိပ်ပြီး ဝေငှရခြင်းမှာ ဗုဒ္ဓ-ဘုရားရှင်၏ ကျေးဇူးတော်-ဂုဏ်တော်အနန္တတို့ကို ပွားများကြည်ညိုလျက်ပုထုဇဉ်အနန္တတို့အား ကုသိုလ်စိတ်များ အထပ်ထပ်ပွားများပြီး လူ၊ နတ်၊ နိဗ္ဗာန်သုံးတန်သော ချမ်းသာထူး-ချမ်းသာမြတ်တို့ကို ခံစား-စံစားနိုင်ကြပါစေဟူသော မြင့်မြတ်သော စေတနာကောင်းဖြင့် ဝေငှရခြင်း ဖြစ်ပါသည်။

ဤစာတမ်းကို ကြည့်ရှုလေ့လာမှတ်သားပြီး သတိသံဝေဂ ရကြကာသိမ္မာယဉ်ကျေးသော လူတော်-လူကောင်းလေးများ နေ့စဉ်နှင့်အမျှ 'တိုးပွားလာပါစေ' ဟု ဆုတောင်းရပါသည်။

## ပထမ- ဝိပါက်တော်

မေး။ ။ အဘယ်ကြောင့် 'ဂေါတမ=ဘုရားရှင်' သည် အလွန် ပင်ပန်း- ဆင်းရဲစွာ 'ဒုက္ကရ စရိယာ' ကို (၆) နှစ်ကြာအောင် ကျင့်တော်မူရပါသနည်း။

ဖြေ။ ။ 'ကဿပ-ဘုရားရှင်' သည် ဒုက္ကရ စရိယာကို (၆) ရက်သာ ကျင့်ရုံဖြင့် ဘုရား ဖြစ်တော်မူပြီဟု ကြားသိရသောအခါဘုရားအလောင်းတော် 'ဇောတိပါလ' ပုဏ္ဏားက— '၆-ရက်မျှ ကျင့် ရုံ နှင့် ဘုရားဖြစ်သတဲ့၊ဒီလိုလွယ်လွယ်လေးနဲ့ ဘုရားဖြစ်နိုင်ဆိုယင် ငါဟာ (၆)နှစ်အထိ ကျင့်နိုင်ပါတယ်'ဟု ပြောဆိုခဲ့သည့် 'ဝစီကံ'အပြစ်ကြောင့်ဒုက္ကရစရိယာ ၆-နှစ်တိုင်တိုင် ကျင့်တော်မူရခြင်းဖြစ်ပါသည်။

## ဒုတိယ-ဝိပါက်တော်

မေး။ ။စိဉ္စာမာန မိန်းမယုတ်ကကိုယ်ဝန်ကိုပြပြီး ရှိသတ် အလယ်မှာ ဘုရားရှင်ကို လက်သည်ပါဘဲလို့ အစွပ်စွဲခံရခြင်းမှာ အဘယ်ကြောင့်ပါနည်း။

ဖြေ။ ။ 'ဂေါတမ ဘုရား' အလောင်းတော်သည် နှစ်ခု အခါက 'ဗာရာဏသီပြည်'တွင် ဆင်းရဲသားအရက်သမားတဦး ဖြစ်ခဲ့ဘူးသည်။ တနေ့သော အခါ ဆွမ်းခံရပ်နေသော ရဟန္တာမြတ် တပါးကို အရက်မူးပြီးအမျိုးမျိုးကဲ့ရဲ့ စွပ်စွဲ ဆဲရေးတိုင်းထွာခဲ့သည်၊ ထို့ကြောင့် စိဉ္စာမာန မိန်းမယုတ် အစွပ် စွဲကို ခံတော်မူ ရသည်။

## တဘိယ-ဝိပါက်တော်

မေး။ ။တနေ့သောအခါ 'ဘုရားရှင်ဟာ သူ့လင်ပါဘဲ'လို့ 'သုန္ဒရီမိန်းမယုတ်'က စွပ်စွဲခဲ့ဘူးတယ်။ ဒီလို စွပ်စွဲခံရတာဟာ ဘယ်တုန်းက ပြုခဲ့လို့ ခံရတဲ့ အကျိုးဝိပါက်လဲ၊ ရှင်းပြပါ။

ဖြေ။ ။ဘုရားအလောင်းတော်သည် 'မုနာဠိ' အမည်ရှိသော အရက်သမား ဖြစ်စဉ်အခါက ဆွမ်းခံရပ်နေသော 'သုရဘိ' အမည်ရှိသော ရှင်ပစ္စေကဗုဒ္ဓါကို 'အချောင်သမား ဒုဿီလ ရဟန်းဘဲ' ဟု စွပ်စွဲဆဲရေးခဲ့ဘူးလို့ ဖြစ်ပါတယ်။

## စတုတ္ထ-ဝိပါက်တော်

မေး။ ။သုန္ဒရီမကို သတ်ပြီး ဇေတဝန် ကျောင်းတော်၏ တံခါးမုခ်အနီး ပန်းပင်များအကြား၌ ပစ်ထားကြသည်။ အလောင်းတွေ့တော့ ဘုရားရှင်နှင့်ရဟန်းတော်များ သတ်တာ ဖြစ်ရမယ်ဟု တိတ္ထိများက စွပ်စွဲကြသည်။ ဘာကြောင့် အစွပ်စွဲခံရခြင်း ဖြစ်ပါသလဲ။

ဖြေ။ ။ရှေးတုန်းက ဘုရားအလောင်းတော်သည် ဈာန်မရသော ရသေ့တပါး ဖြစ်ခဲ့ဘူးသည်။သူ့အနားမှာ ဈာန်ရ-ရသေ့တပါး ကောင်းကင်မှ ဈာန်ပျံလာနေစဉ် ဈာန်မရသော ဘုရားအလောင်းရသေ့က ကိုယ့်ထက်သာ-မနာလိုဖြစ်ကာ 'အဘိဇ္ဈာဠုသာ

မစ္ဆရိယ’ပွား၍ ‘အဲဟို- ရသေ့....၊ အကြောင်း တော့ကောင်းကောင်းသိပါတယ်။ သူဟာအကျင့် သိပ်ယုတ်တာဘဲ၊ ဒီလိုအကျင့်ယုတ်ကို ကိုးကွယ်လို့ တော့ အကျိုးမရှိပါဘူး။ အပြစ်ဘဲရှိမှာဘဲ’ဟု ကဲ့ရဲ့ ရှုတ်ချတော့သည်။ ထို့ကြောင့် အစွပ်စွဲခံရခြင်းပင် ဖြစ်ပါသည်။

**ပဉ္စမ-ဝိပါက်တော်**

မေး။ ။မြတ်စွာဘုရား ‘ဂိဇ္ဈကုဋ်တောင်’ ခြေရင်းမှ ရာဇ- ဂြိုဟ်ပြည်သို့ဆွမ်းခံကြွလာတော်မူစဉ်‘ဒေဝဒတ်’က ဂိဇ္ဈကုဋ်တောင်ပေါ်မှ ကျောက်မောင်းဆင်က ထုံချလိုက်သဖြင့် ဘုရားရှင်၏ ခြေမတော်မှာ ကျောက်လွှာထိမှန်ခဲ့ရပါသည်။ အဲဒါဘယ်အတွက် ကြောင့်ပါလဲ။

ဖြေ။ ။ဘုရားအလောင်း နုစဉ်အခါက ညီငယ်ကိုတောထဲ ခေါ်သွား၍ ကျောက်ခဲနှင့်ထုသတ်ခဲ့ဘူးပါသည်။ ထို့ကြောင့် ဒေဝဒတ်က ကျောက်မောင်းဆင်၍ ထုမှုကို ခံယူတော်မူရခြင်း ဖြစ်ပါသည်။

**ဆဋ္ဌမ-ဝိပါက်တော်**

မေး။ ။ဒေဝဒတ်က ကျောက်မောင်း ဆင်၍ ထုလိုက်ရာ ဘုရားခြေမတော်မှာ ထိမှန်၍ သွေးစိမ်းတည်ခဲ့ပါ သည်။ နောက် မခံနိုင်အောင် နာကျင်-ကိုက်ခဲခဲ့ ပါသည်။ အဲဒါ အဘယ် မကောင်းမှုကြောင့်ဖြစ် ပါသလဲ။

ဖြေ။ ။ဘုရားအလောင်းနေစဉ်အခါက ကလေးသူငယ်ဖြစ်ခိုက် ရှင်ပစ္စေကဗုဒ္ဓါ ဆွမ်းခံကြွလာသည်ကိုမြင်၍ ခဲနှင့်ပေါက်ဘူးရာ ရှင်ပစ္စေကဗုဒ္ဓါ၏ခြေမတော်ကို ထိမှန်ပြီး သွေးထွက်သံယို ဖြစ်ခဲ့ဘူးပါသည်။ ထို့ကြောင့် သွေးစိမ်းတည်ပြီး ကိုက်ခဲ နေရခြင်း ဖြစ်ပါသည်။

သတ္တမ-ဝိပါက်တော်

မေး။ ။မြတ်စွာဘုရား ဝေဠုဝန်ကျောင်းတော်မှရာဇဂြိုဟ်ပြည်သို့ ဆွမ်းခံကြွတော်မူစဉ် ခရီးအကြား၌ ဒေဝဒတ်က 'နာဠာဂိရိ'ဆင်ဖြင့် တိုက်တော့သည်။ ထိုကဲ့သို့ ဆင်နှင့်တိုက်ခံရခြင်းမှာ ဘယ်အတွက်ကြောင့်ပါလဲ။

ဖြေ။ ။ဘုရားအလောင်း နေစဉ်အခါက ဆင်ထိန်း တစ်ဦး ဖြစ်ခဲ့ဘူးပါသည်။ ထိုစဉ်က ရှင်ပစ္စေက. ဗုဒ္ဓါကို ဆင်နဲ့တိုက်ဘူးလို့ ယခုကဲ့သို့ ဆင်နှင့် တိုက်ခံရခြင်း ဖြစ်ပါသည်။

အဋ္ဌမ-ဝိပါက်တော်

မေး။ ။ဒေဝဒတ်ကျောက်ခဲနှင့် လှိမ့်ချသဖြင့် ဘုရားရှင်၏ ခြေမတော်ဝယ် သွေးစိမ်း တည့်ခဲ့ရပြီးနောက် နာကျင် ကိုက်ခဲနေသဖြင့် သမားတော် 'ဇီဝက' က ဓားဖြင့် ခွဲစိပ် ကုသ ခဲ့ပါသည်။ ဘယ်ရှေးဝိပါက် ကြောင့်ပါလဲ။

ဖြေ။ ။ဘုရားအလောင်း နေ့စဉ်အခါက သေသောက်ကြူး သော ပဒေသရာဇ် မင်းတပါး ဖြစ်ခဲ့ဘူးပါသည်။ တနေ့မှာအရက်များမူးပြီး ကိုယ်တိုင်စားဆဲ့၊ နန်းတော်ထဲမှာဘဲ အပြစ်မဲ့သူမင်းမှုထမ်းတစ်ဦးကိုခုတ်သတ်ခဲ့ဘူးပါသည်။ သို့ဖြစ်ပါ၍ ဇီဝက၏ ခွဲစိပ်ကုသမှုကို ခံယူရခြင်းဖြစ်ပါသည်။

နဝမ-ဝိပါက်တော်

မေး။ ။ဘုရားရှင်သည် တခါတရံ ခေါင်းတော်ကိုက်ခဲခြင်း ဝေဒနာကို ခံစားတော်မူရရှာပါသည်။ အဲဒါဘယ်ရှေးဝိပါက်ကြောင့်ပါလဲ။

ဖြေ။ ။ဘုရားအလောင်း နေ့စဉ်ဘဝက တံငါမျိုးမှာ ဖြစ်ရရှာပါသည်။ သူ၏ မိဘ-ဆွေမျိုးများ ငါးကို ထုသတ်နေကြသည်ကို မြင်ရ၍ ဝမ်းမြောက်-ဝမ်းသာဖြစ်ခဲ့ဘူးသဖြင့် ခေါင်းတော် ကိုက်ခဲရခြင်း ဖြစ်ပါသည်။

ဒသမ-ဝိပါက်တော်

မေး။ ။မြတ်စွာဘုရား နောက်ပါ ရဟန်း ငါးရာနှင့် 'ဝေရဉ္စာ'ပြည်အနီးမှာ ဝါဆိုတော်မူစဉ် တစ်ဝါတွင်းလုံး မုယောဆွမ်းကြမ်းကို ဘုဉ်းပေးတော်မူရရှာပါသည်။ အဲဒါ ဘယ်ရှေးက ဝိပါက်တော်ကြောင့်ပါလဲ။

ဖြေ။ ။ဘုရားအလောင်း နစဉ် အခါက မထင်ရှားသော အမျိုးသားတစ်ဦးဖြစ်စဉ် ရဟန်းများဆွမ်းစားနေကြသည်ကိုမြင်လျှင် 'အဆင်မပြေ- အချိုးမကျတဲ့ ကတုံးတွေဟာ ကောင်းမွန်နူးညံ့တဲ့ ဆွမ်းနဲ့မတော်ပါဘူး။အလုပ်မရှိ၊ အကိုင်မရှိတဲ့ အချောင်သမားတွေဆိုတော့ မုယောဆွမ်းကြမ်းနဲ့ဘဲ ထိုက်တန်ပါတယ်' စသည်ဖြင့်စွပ်စွဲရှုတ်ချဘူးတဲ့အတွက် မုယောဆွမ်းကို ဘုန်းပေးတော်မူရခြင်း ဖြစ်ပါသည်။

**ကောဒသမ-ဝိပါက်တော်**

မေး။ ။သုံးလောကထွဋ်ထား ဘုရားသဗ္ဗညူသည်ရှုံဖန်ရှုံခါ ခါးတော်ကိုက်ခဲမူဝေဒနာကို ခံစားတော်မူရရှာပါသည်။ အဲဒါ ဘယ်ကံဟောင်းကြောင့်ပါလဲ။

ဖြေ။ ။ဘုရားအလောင်းနစဉ်အခါတုန်းကလက်ဝှေ့ကျော် တစ်ယောက် ဖြစ်ခဲ့ဘူးပါသည်။ ပြိုင်ပွဲတိုင်းလိုလို အနိုင်ကြဲနိုင်ခဲ့ပါသည်။ သူ့ကိုစိန်ခေါ်လို့ သူနှင့် ထိုးသတ်သူများကို အမြဲတန်းဆိုသလို ခါးရိုးကျိုး အောင် ထိုးသတ်ပြီး မြေပေါ်သို့ လဲကျစေခဲ့သည် သာ များပါသည်။ ထို့ကြောင့်ခါးတော်ကိုက်ခဲရခြင်း ဖြစ်ပါသည်။

**ဒွါဒသမ-ဝိပါက်တော်**

မေး။ ။ဆဒ္ဒါန် ၁၀-စီးအားကို ဆောင်နိုင်သော ရှင်တော်ဘုရား သည် မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်ထဲ၌

ဝမ်းတော်လားကာ ပရိနိဗ္ဗာန်စံတော် မူရခြင်းသည် အဘယ်ကြောင့်ပါသနည်း။

ဖြေ။ ။ဘုရားအလောင်းနုစဉ်အခါက တတ်ကျွမ်း လိမ္မာသော ဆေးဆရာတစ်ဦး ဖြစ်ခဲ့ဘူးပါသည်။ ဝမ်းသွားနေသော သူဌေးသားတစ်ယောက်ကိုကုသရာ ဝမ်းရောဂါ ပျောက်ကင်းသွားသော်လဲ ဆေးဘိုးဝါးခမရသဖြင့်ဝမ်းလျှောဆေးကိုတိုက်ခဲ့ပါတယ်။ သူဌေးသားလဲ ဝမ်းလျှောပြီး သေရရှာပါတယ်။ ၎င်းအတွက်ကြောင့် ဝမ်းတော်လားပြီး ပရိနိဗ္ဗာန်စံတော်မူရခြင်း ဖြစ်ပါသည်။

---

ပဲခူးမြို့-သာသနာ့မဏ္ဍိုင်ကျောင်းတိုက် ပထမကျော်၊ ပါဠိပါရဂူ၊ ဓမ္မာစရိယ၊ အရှင်ဓမ္မဿာမိဘိဝံသ - ရေးသားသော 'ပုံဘော်စုံ ဝိပါက်တော် ၁၂-ပါး' စာအုပ်မှ ကူးယူ၍ ဓမ္မဒါန ပြုပါသည်။

---

အောင်ခြင်း ရှစ်ပါး တရားတော်

၁။ မာရ်နတ်သားကိုအောင်တော်မူခြင်း

"သိဒ္ဓတ္ထမင်းသားကား မဟာဗောဓိပင်ရင်း 'အပရာဇိတ' ပလ္လင်တော်၌ သဗ္ဗညုတဉာဏ်ကို ရယူရန်နှင့် လောကသုံးပါး တည်းဟူသော ငါ၏နယ်ပယ်မှ လွတ်မြောက်ရန် ကြိုးပမ်းအားထုတ်နေသေပြီ။ ငါသည်မင်းသားအား လွတ်မြောက်ခွင့်မပေးနိုင်" ဟု မာရ်နတ်သားသည် အကြံဖြစ်၍ 'ဂိရိမေခလာ'အမည်

ရှိသော ဆင်ကိုစီးကာ ကြမ်းတမ်းခက်ထန်သော စစ်သည် ဗိုလ်ပါများက ကြောက်မက်ဘွယ်လက်နက်များကိုစွဲကိုင်လျက် အလောင်းတော်မင်းသားကို စစ်ထိုးလေ၏။

အလောင်းတော်သည် "ငါဆည်းပူးခဲ့သော ပါရမီဆယ်ပါးတရားသာလျှင် ရှည်ကြာလေးမြင့် မွေးမြူအပ်သော ငါ့-ပရိသတ် အခြံအရံနှင့် တူကုန်၏။ ဤ ပါရမီဆယ်ပါး ငါ၏လက်နက် ရဲမက်များကို အမှီပြုကာ မာရ်နတ်၏ရန်ကို ခုခံတားဆီးမှ သင့်လျော်ချေမည်" ဟု နှလုံးသွင်း၍ ပါရမီဆယ်ပါးကုသိုလ်တရားတို့ကို စဉ်းစားဆင်ခြင်၍ နေတော်မူ၏။

ထိုအခါ အလောင်းတော်၏ ဘုန်းတော်ကြောင့် မဟာပထဝီမြေကြီးသည် အိုးထိန်းစက်ကဲ့သို့ သွက်သွက် လည်ကာ သည်းထန်စွာ မြည်ဟီးလေ၏။ ကောင်းကင် တခုလုံးလည်း ကြောက်မက်ဘွယ် ထစ်ချုန်း၍ ရဲရဲတောက် မီးပေါက်-မီးပွားတို့နှင့် မိုးကြိုးတို့သည် တဖြုန်းဖြုန်းကျလေကုန်၏။

ဤတွင် မာရ်နတ် သည် အလွန်အမင်း ကြောက်လန့်ရကား စစ်အလံကိုလှဲကာ ဦးတည်ရာသို့ထွက်ပြေးလေသတည်း။

## ၂။ အာဠဝကဘီလူးကို အောင်တော်မူခြင်း

'အာဠဝီပြည့်ရှင်'ဘုရင်အာဠဝကမင်းသည် တောကစားထွက်ရာမှ အဖော်ကွဲ၍ မောပန်းသဖြင့် အရိပ်ကောင်းသော ပညောင်ပင်ရင်းသို့ ဝင်ရောက် ခိုနားရာ ပညောင်ပင်စောင့် အာဠဝကဘီလူးက ဖမ်းစားမည်ပြုလေ၏။

ထိုအခါ မင်းကြီးက "ငါ့ကိုလွှတ်လော့....၊ ငါသည် သင့်အား နေ့စဉ်လူတယောက်နှင့် ထမင်းတအိုးပို့ဆက်ပါမည်" ဟု

ကတိစကားပြောလေသော်ဘီလူးသည်မင်းကြီးကိုလွှတ်လေ၏။ ကတိအတိုင်း ဆောင်ရွက်ခဲ့ရာ ဆယ့်နှစ်နှစ်အကြာ၌မင်းကြီး၏ သားတော်ကိုဘီလူးအားဆက်ရမည့်နေ့တွင်မြတ်စွာဘုရားသည် အာဠဝကဘီလူး၏ ရှေးကောင်းမှုရှိပုံကို မြင်တော်မူ၍အဖော် မပါ တစ်ပါးတည်း ဘီလူး၏ ဗိမာန်အတွင်းသို့ ဝင်၍ထိုင်နေ တော်မူ၏။

ထိုအကြောင်းကို ဟိမဝန္တာတောင်ရှိ ဘီလူးတို့၏ အစည်း အဝေးသို့ ရောက်ရှိနေသော အာဠဝကဘီလူးထံဗိမာန်စောင့် 'ဂဒြဘ'ဘီလူးက တင်လျှောက်သော် ဘီလူးကြီးသည် ဒေါသ အမျက် ချောင်းချောင်း ထွက်လျက် ဗိမာန်သို့ ပြန်လာကာ လက်နက်ကိုးမျိုးဖြင့် ဘုရားရှင်အား တိုက်ခိုက်လေ၏။ ပစ်လွှတ် လိုက်သော လက်နက်မျိုးစုံတို့သည် ဘုရားသခင်အား လုံးဝ ထိခိုက်ခြင်း မရှိသည့်တွင် ဘီလူးကြီးလည်း မာန်လျှော့ကာ ဘုရားရှင်၏ ခြေတော်ရင်းတွင် ထိုင်နေလေ၏။

ဤတွင် ဘုရားရှင်က ဘီလူးကြီးအား တရားဟောပြ ဆုံးမ လေရာ တရားဒေသနာအဆုံး သောတာပန် အဖြစ်သို့ ရောက်ရှိ လေသတည်း။

## ၃။ နာဠာဂိရိဆင်ကို ဆုံးမ အောင်မြင်တော်မူခြင်း

တနေ့သ၌အဇာတသတ်မင်းသည် ဒေဝဒတ်၏စေခိုင်းချက် အရ ဆင်ထိန်းတို့ကိုခေါ်၍ ''နာဠာဂိရိဆင်ကြမ်းကို အရက် အမျိုးမျိုး တိုက်ပြီး 'ရှင်ဂေါတမ' ဆွမ်းခံ ကြွတော်မူသော လမ်း၌လွှတ်ရမည်''ဟု အမိန့်ချမှတ်လေသည်။

နောက်တနေ့-နံနက် စောစောတွင် မြတ်စွာ ဘုရားသခင်သည်နောက်ပါသံဃာ ငါးရာနှင့်အတူ ရာဇဂြိုဟ်မြို့တွင်းသို့ဆွမ်းခံကြွတော်မူစဉ် ဆင်ထိန်းတို့သည် အမိန့်အတိုင်း စီမံကြလေ၏။ နာဠာဂီရိဆင်ပြောင်ကြီးသည် ဘုရားရှင်ကိုမြင်လျှင် နှာမောင်းကို မြှောက်ချီကာနားရွက်နှစ်ဖက်ကိုထောင်ပြီး အဟုန်ပြင်းစွာ ပြေးလာလေ၏။ ထိုခဏ၌ သားသည်မိခင်တယောက်ကြောက်လန့် ထွက်ပြေးသည်ကိုမြင်၍ ထို မိန်းမထံသို့ လိုက်ပြန်လေ၏။

ထိုအခါ မြတ်စွာဘုရားက ဗြဟ္မာမင်း၏ အသံတော်ဖြင့် 'အို...၊နာဠာဂီရိ...၊သင့်ကိုအရက်အမျိုးမျိုးတိုက်၍ မူးအောင်ပြုလုပ်ကြသည်မှာ အခြားသူကိုသတ်ရန်မဟုတ်၊ ငါဘုရားကိုသတ်ရန်သာဖြစ်သည်။ ငါဘုရားရှိရာသို့သာ ဖြောင့်ဖြောင့်လာလော့....'ဟု ခေါ်လိုက်လေသည်။

နာဠာဂီရိဆင်ပြောင်ကြီးသည် ဘုရားရှင်၏ အသံတော်ကိုကြားရလျှင် ထိတ်လန့် သံဝေဂတရား ရရှိကာ တန်ခိုးတော်ကြောင့် အရက်မူးပြေပျောက်ပြီး ဘုရားရှင်၏ ခြေတော်ရင်း၌ ဝပ်ဆင်း ခစားလေသတည်း။

## ၄။ စိဉ္စမာန မိန်းမယုတ် ကို အောင်မြင်တော်မူခြင်း

အခါတပါး၌ တနေ့-တခြား တန်ခိုးအရှိန်အဝါ လာဘ်ပူဇော်သက္ကာယများ ခေါင်းပါးလာကြသော တိတ္ထိတို့သည် ပူဇော်သက္ကာယ လာဘ် လာဘတို့ ပေါများသော မြတ်စွာဘုရားနှင့် တပည့်သား သံဃာများကို မကောင်းသတင်းဖြစ်စေရန် နတ်သမီးတမျှ လှပသော 'စိဉ္စမာနဝိကာ'အမည်ရှိ ပုရိဗိုဇ်

မကို တာဝန်ပေးကြမည်ဟု ဆိတ်ကွယ်ရာ အရပ်၌ စည်းဝေး ဆိုးဖြတ်ကြလေ၏။

စိဉ္စမာနလည်းတာဝန်ပေးချက်အတိုင်း ကိုယ်ဝန်အရင့်အမာ ရှိဟန် ဘဲဥထက်ခြမ်းပုံ သစ်သားဝန်းကို ရင်၌ ဖွဲ့ချည်ပြီး လက်ဖမိုး-ခြေဖမိုးတို့ကို နွားမေးရိုးနှင့် ထုနှက်၍ ယောင်အန်းနေသည့်ပုံပြု၍ မျက်စိ၊ နားနှာတ္တန္ဒြေများပင်ပန်း နွမ်းနွယ်နေသည့် အသွင်ဖြင့် ညနေချမ်း အခါဝယ် သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်သို့ သွားလေ၏။ တရားဟောနေသော မြတ်စွာဘုရား၏ ရှေ့တော်သို့ရောက်လျှင် ''ရဟန်းကြီး ကျွန်တော်မမှာတော့၊ သင်ရဟန်းကိုစွဲ၍ယခုအခါကိုယ်ဝန်ရင့်ကျက်သူဖြစ်ရလေပြီ၊ သင်ရဟန်းကြီးသည် ကျွန်တော်မအတွက် သားဖွားရန် အိမ်ကိုလည်း မစဉ်းစား၊ ထိုကိစ္စကိုကိုယ်တိုင်မပြုလျှင်လည်း မိမိ၏ဒါယကာ-ဒါယိကာမ တစ်ဦးဦးကို တာဝန်ပေး အပ်နှင်း ပြောဆိုသင့်၏''ဟု ပြောဆိုလေသည်။

ထိုခဏ၌သိကြားမင်း၏စေခိုင်းချက်အရနတ်သားလေးပါးသည် ကြွက်ယောင်ဆောင်ပြီး ဖွဲ့ချည်ထားသော ပျဉ်ချပ်၏ကြိုးများကို ကိုက်ဖြတ်ကြရာ ကြိုးပြတ်၍သစ်သားဝန်းပြုတ်ကျလေ၏။

တရားနာနေကြသောသူတို့သည်လည်း ''သင်ကားမြတ်စွာဘုရားကို စွပ်စွဲဘိ၏''ဟု ပြောဆို၍ ဦးခေါင်းကို တံတွေးဖြင့်ထွေးကြပြီး ဇေတဝန်ကျောင်း အပြင်သို့ ဆွဲထုတ် ကြလေ၏။ စိဉ္စမာနသည် ကျောင်းအပြင်သို့ ရောက်သည်တွင်မြေမျိုခြင်းကို ခံရလေသတည်း။

## ၃။ အင်္ဂုလိမာလကို အောင်တော်မူခြင်း

'ကောသလ' တိုင်း သာဝတ္ထိပြည့်ရှင် မင်းကြီး၏ ပုရောဟိတ် 'အန္တက' ပုဏ္ဏားတွင် သားအဖြစ်ဖွားသော 'အဟိံသက' အမည်ရှိသားသည် တက္ကသိုလ်ပြည် ဒိသာပါမောက္ခဆရာကြီးထံ အတတ်ပညာများသင်ယူရာ ကြိုးစားသင်ယူသည့်အပြင် ဆရာ၏ ဝတ်ကြီး-ဝတ်ငယ်တို့ကိုလည်း ဆောင်ရွက်သဖြင့် ဆရာကြီး၏ ချစ်ခင်မှုကို ရလေ၏။ ထိုအခါ အခြားသော တပည့်တို့က မနာလိုဖြစ်ကြသဖြင့် 'အဟိံသကသည် ဆရာ၏မိန်းမနှင့် ချစ်ကျွမ်းဝင်၍ ဆရာကြီးကို ဖြစ်မှားရန် ကြံစည်နေပါသည်' ဟု ဆရာကြီးအား ကုန်းချောစကား တိုင်ကြားကြလေ၏။ ဆရာကြီးလည်း ပြောစကားကို ယုံကြည်ကာ အဟိံသကကိုသေစေလို၍ 'ငါ့အား လူ၏ လက်ညှိုးတစ်ထောင်ဖြင့် ပူဇော်မှသာ ပညာကုန် သင်ပေးမည်' ဟု ဆိုလေ၏။

အဟိံသကသည် ဆရာကိုရိုခိုးကန်တော့ပြီး လက်နက် ငါးပါးကိုစွဲလျက် တစ်ခုသော တောအုပ်အတွင်း၌ နေကာ ခရီးသည် မိန်းမ-ယောကျ်ားတို့ကိုသတ်၍ လက်ညှိုးများကိုဖြတ်ယူလေ၏။ ဖြတ်၍ရသောလက်ညှိုးများကိုပန်းကုံးသဖွယ် ကြိုးဖြင့် သီလျက် လည်တွင်ဆွဲသဖြင့် 'အင်္ဂုလိမာလ' အမည်ရ၏။

ထိုသတင်းကြောင့် ပြည့်ရှင်မင်းကြီးသည်စစ်သည်ငါးရာကို လွှတ်၍ အင်္ဂုလိမာလကို ဖမ်းဆီးစေလျှင် အင်္ဂုလိမာလ၏ မိခင်လည်း သားကိုခေါ်ရန် တောသို့သွားလေ၏။ အင်္ဂုလိမာလ၏ အကျွတ်တရားရမည့် အဖြစ်ကို မြင်သဖြင့် မြတ်စွာဘုရားသည် ထိုနေ့-နံနက်တွင် အင်္ဂုလိမာလရှိရာ တောအုပ်သို့ ကြွသွား၏။

အင်္ဂုလိမာလသည် ဘုရားကိုမြင်လျှင် သတ်၍ လက်ညှိုးကို ဖြတ်ရန် လိုက်လေသော် တန်ခိုးတော်ကြောင့် မမှီနိုင်သဖြင့်ရပ် ခိုင်းလေ၏။ ဘုရားက 'ငါကား-ရပ်၏။ သင်ကား-မရပ်'ဟု ဖြေလျှင် 'သင်ရဟန်းသည်မရပ်မနားသွားနေပါလျက်ရပ်၏ဟု မဟုတ်မမှန် ပြောဆိုသည်'ဟု ဆိုပြန်၏။ ထိုအခါ မြတ်စွာ ဘုရားက 'ငါကား မကောင်းမှုဟူသမျှကို ရှောင် ကြဉ်သည်ဖြစ်၍ နိဗ္ဗာန်လမ်း၀၌သာ တည်ရကား ရပ်သောသူ မည်၏။ သင်ကား မကောင်းမှုတို့ကို ပြုလေ့ရှိ၏။ သေသော အခါတွင် အပါယ်သို့ သွားရမည့်သူဖြစ်သောကြောင့် ရပ်နား သည်-မမည်။ သွားသည်-မည်၏' ဟု ပြောလေ၏။

ထိုအခါ အင်္ဂုလိမာလသည် အသက်ထက်ဆုံး မှတ်သား ထိုက်သော အနှစ်သာရရှိသည့်စကားကို ဆိုသူသည် ဘုရားဆို သော ပုဂ္ဂိုလ်ဖြစ်မည်ဟု ကြံဆမိ၍ 'အရှင်ဘုရား...၊ တပည့် တော်ကို ကယ်မတော်မူပါ။ ယုတ်မာသော'အကျင့်'ဟူသမျှကို စွန့်ပါတော့မည်'ဟုဆို၍ မြတ်စွာဘုရားသခင်ကို ၀တ်ချ ကန် တော့လေတော့သတည်း။

## ၆။ သစ္စကပုရိဗိုဇ်ကို အောင်တော်မူခြင်း

ရှေးအခါ၀ယ် အယူ၀ါဒ တထောင်ကို တတ်ကျွမ်းလိမ္မာ သော'သစ္စက'အမည်ရှိ ပုရိဗိုဇ်သည် 'ဝေသာလီ' ပြည်၌ နေ ထိုင်လေ၏။ သစ္စကသည် မိမိကိုယ် မိမိအထင်ကြီးရကား....၊ ရဟန်းဂေါတမ၏ အယူ၀ါဒကို အပြစ်တင်ရန် ကြံစည်လျက် ဆွမ်းခံကြွလာသောအရှင်အဿဇိထံစုံစမ်းလေ၏။ ဘုရားရှင်၏ 'အနတ္တတရား'ကို သိရလေသော် အချက်ရပြီဟု ထင်လျက်

'လိစ္ဆဝီမင်း' ငါးရာကို ခေါ်ကာ ဘုရားရှိရာ 'ကူဋာဂါရ' ကျောင်းသို့သွားလေ၏။

ကျောင်းတော်သို့ရောက်လျှင် 'အရှင်ဂေါတမ…၊ တပည့်သာဝကများကို အဘယ်သို့ ဆုံးမပါသနည်း' ဟုမေးလေ၏။ မြတ်စွာဘုရားက 'သစ္စက…၊ ငါသည် တပည့်သာဝကတို့အား၊ ရုပ်သည် အမြဲမရှိ။ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့သည်လည်း - အမြဲမရှိ။ အတ္တ - မဟုတ်။ အလိုသို့-မလိုက်။ အစိုးမရ။ အနတ္တတည်း' ဟု ဆို၏-ဟု ဖြေလေသည်။ ထိုအခါ သစ္စကသည် 'ရှင်ဂေါတမ….၊မျိုးစေ့သစ်ပင် အပေါင်းတို့သည် မြေကြီးကိုမှီ၍ စည်ပင်ပြန့်ပြောရသကဲ့သို့ သတ္တဝါတို့သည်ခန္ဓာငါးပါး၌ တည်၍ ကုသိုလ် အကုသိုလ် တို့ကို ပြုကြကုန်၏။ ဤသို့ လောကမျက်မြင် ထင်ရှားရှိပါလျက် အဘယ့်ကြောင့် အ... ... ... အနတ္တကို ဟောပါသနည်း' ဟု မိမိ၏အတ္တဝါဒကို တင်ပြလေ၏။ မြတ်စွာဘုရားက 'အချင်း-သစ္စက…၊ ...ဇာတသက်မင်းသည်မိမိတိုင်းနိုင်ငံ၌သတ်ထိုက်သူကိုသတ်ရန်၊ နှင်ထုတ်သင့်သူကိုနှင်ထုတ်ရန် အာဏာရှိသကဲ့သို့၊ အကြင်-ရုပ်ကို၊ ရုပ်သည် ငါ၏-အတ္တတည်း။ ငါ၏-ရုပ်သည် ဤသို့ဖြစ်စေလော့၊ဤသို့မဖြစ်စေသင့်ဟုအာဏာထားနိုင်ပါသလော' ဟု မေး၏။ ဤတွင်သစ္စကသည် ဘုရားရှင်၏ အမေးကို မဖြေနိုင်ဘဲ 'ရှင်ဂေါတမ' အကျွန်ုပ်၏အယူအဆ မှားသည်ဟု လျှောက်ကြားလေလျှင် ဘုရားရှင်က တရား ရေအေး တိုက်ကျွေးပြီး သစ္စကအား အောင်မြင်တော်မူလေသတည်း။

## ၇။ နန္ဒောပနန္ဒနဂါးမင်းကို အောင်တော်မူခြင်း

တနေ့သ၌ 'နန္ဒောပနန္ဒ' နဂါးမင်းသည် နတ်၌ ဖြစ်သော ရတနာပလ္လင်ထက်၌ နတ်ထီးဖြူ ဆောင်းမိုးလျက် နတ်နဂါး ကခြေသည် အပေါင်းတို့ခြံရံ၍ 'သေရေ ပွဲသဘင်' စီရင် ကျင်းပကာ စည်းစိမ်ခံစားနေ၏။

ထို အချိန်တွင် မြတ်စွာဘုရားနှင့် ရဟန်း ငါးရာတို့သည် 'တာဝတိံသာ' နတ်ပြည်သို့ ဒေသစာရီ ကြွချီ တော်မူရာ နဂါးမင်းမြင်လျှင် 'ဤရဟန်းယုတ်တို့သည် ငါတို့၏အထက်မှ သွားလာ ကြကုန်၏။ ငါတို့ အပေါ်၌ ခြေမှုန့်တို့ ကြဲဖြန်း ကြသူတို့ကို ယခုပင် သွားခွင့် မပေးတော့အံ့....'ဟုကြံလျက် 'မြင့်မိုရ်'တောင်ကို ခုနစ်ပတ်-ရစ်ပတ်ပြီး မှောက်ခုံ ဖြစ်သော မိမိ၏ ပါးပျဉ်းဖြင့်'တာဝတိံသာနတ်ပြည်ကို ငုံယူကာ ကွယ် ပျောက်စေလေ၏။ ထိုအခါမြတ်စွာဘုရားက နည်းညွှန်သဖြင့် 'ရှင်မောဂ္ဂလာန်'သည် ကြီးစွာသောနဂါးအသွင် ဖန်ဆင်းပြီး လျှင် နန္ဒောပနန္ဒ နဂါးမင်းကို မိမိအခွေများဖြင့် ရစ်ပတ်၍ နဂါးမင်း၏ ပါးပျဉ်း အထက်မှ အုပ်မိုးကာ သာလွန်သော အခိုးအငွေ့ကို လွှတ်သည်တွင် နဂါးမင်းလည်း မာန်လျှော့ ကာ လုလင်ငယ်အသွင် ဖန်ဆင်း၍ 'အရှင်ဘုရားတို့ကို ကိုးကွယ် ရာဟူ၍ ဆည်းကပ်ပါ၏'ဟု ခြေတော်စုံကိုရိုသေစွာရှိခိုးလေ၏။ မထေရ်မြတ်က မြတ်စွာဘုရားထံ ခေါ်ဆောင်လာသော အခါ ဘုရားရှင်ကို ရိုသေစွာရှိခိုး၍ ကိုးကွယ် ဆည်းကပ်လေသည်။

## ၇။ ဗကဗြဟ္မာကို အောင်တော်မူခြင်း

အခါတပါး၌ ဗကဗြဟ္မာ၏ စိတ်သန္တာန်တွင် 'ဗြဟ္မာလောကသည်-မြဲ၏။ ခိုင်ခန့်၏။ တည်တန့်၏။ အိုခြင်း၊ နာခြင်း၊ သေခြင်းမှ ကင်းလွတ်၏' ဟု ထင်မြင်လေ၏၊ ထိုစိတ်ကူးကို ဥက္ကဋ္ဌမြို့ သုဘဂဝတောအုပ်အတွင်း အင်ကြင်းပင်ရင်း၌ စံနေတော်မူသော မြတ်စွာဘုရား သိလေသော်၊ အင်ကြင်းပင်ရင်းမှ ကွယ်ခဲ့၍ ဗြဟ္မာပြည်၌ ထင်ရှားဖြစ်စေ၏။

ဘုရားရှင်ကိုမြင်၍ စုဝေးရောက်ရှိလာသော ဗကဗြဟ္မာနှင့် တကွ ဗြဟ္မာများစွာ၏ရှေ့တွင် 'အချင်းတို့....၊ ဗကဗြဟ္မာသည် မမြဲသောတရားကို မြဲ၏။ မခိုင်ခန့်သောတရားကို ခိုင်ခန့်၏-ဟု ဆိုဘိ၏' ဟုပြောဆို၍ ဗြဟ္မာကြီး၏ ပြောသော စကားတိုင်းကို အပြစ်ပြကာ စွန့်ပယ်စေလေ၏။ ဤတွင်ဗကဗြဟ္မာသည် မိမိ၏ အရှုံးကို ဖုံးလွှမ်းခြင်းငှာ 'သင်-ငါ့ကို မမြင်နိုင်အောင် သင့်-မျက်မှောက်၌ ယခုပင် ကွယ်လိုက်မည်-ရှုလော့' ဟု ဆိုလေရာ ဘုရားရှင်က 'ဤဗြဟ္မာသည် ရုန့်ရင်းကြမ်းတမ်းသော အတ္တဘောဖြင့်သာတည်စေသတည်း' ဟု အဓိဋ္ဌာန်ပြု၍ ကိုယ်ဖျောက်ရန် ခွင့်ပြုလေ၏။

ဗကဗြဟ္မာကြီးသည် ကြိုးစား သော်လည်း ကိုယ်ကာယ မပျောက်ကွယ်သည့်တွင် ဘုရားသခင်က ဗြဟ္မာကြီး၏ရှေ့၌ မိမိ ကိုယ်ကိုကွယ်ပျောက်ပြကာ တရားဟောသဖြင့်ဗြဟ္မာအပေါင်း တို့ ကျွတ်တန်းဝင်ကြလေသတည်း။

အနာဂတ်ကာလ၌ ပွင့်တော်မူလတံ့သော

# အရိမေတ္တေယျ မြတ်စွာဘုရား၏ အကြောင်းအရာများ

အဇာတသတ်မင်းအားစွဲ၍ထိုမင်း၏ မိဖုရား—ကဥ္စနဒေဝီ၏ ဝမ်း၌ ပဋိသန္ဓေနေ၍ ဆယ်လစေ့လျှင် ဖွား၏။ ထိုမင်းသား အား 'အဇိတ' ဟူသော အမည်ကိုမှည့်ကုန်၏။ ထို အဇိတမင်း သားသည် တဆယ့်ခြောက်နှစ်မြောက်လတ်သော်မြတ်စွာဘုရား ၏အထံတော်၌ ရဟန်းပြု၍ 'အဇိတမထေရ်' ဟုထင်ရှားလေ၏။

မြတ်စွာဘုရားသည် အဇိတမထေရ်ကိုခေါ်၍ ရာဇဂြိုဟ်ပြည် မှကပိလဝတ်ပြည်သို့ကြွ၍နိဂြောဓာရုံကျောင်း၌ နေတော်မူ၏။ ထို အခါ ပဇာပတိဂေါတမီသည် ဘုရားရှင်အား ရွှေသင်္ကန်း တစုံကို ကပ်လှူ၏၊ဘုရားရှင်သည်သင်္ကန်းတထည်ကိုခံတော်မူ၏။ တထည်ကို သံဃာအားလှူဟု မိန့်တော်မူ၏။ မိထွေးတော်သည် လည်း မြတ်စွာဘုရားစကားတော်ကိုဝန်ခံ၍ ရွှေသင်္ကန်းတထည် ကို သံဃာအားကပ်လေသော် မည်သည့်ရဟန်းမျှ မခံဝံ့ကုန်။

ထိုအခါ မေတ္တေယျ ဘုရားအလောင်းဖြစ်သော အဇိတ မထေရ်ကား ခံယူလေ၏။ ထိုအခါ ရဟန်း ပရိတ်တို့သည် အုတ်အုတ်ကျက်ကျက်သော အသံသည်ဖြစ်လတ်၍ တပါးသော ရဟန်းတို့မခံဝံ့သော ရွှေသင်္ကန်းကို တယောက်သော အညတြ ရဟန်းက ခံလေ၏ဟု ကဲ့ရဲ့သော စကားကို သောသောညံ ဆိုကုန်၏။

ထိုစကားကို ဘုရားရှင်ကြားတော်မူ၍ 'ချစ်သားရဟန်းတို့ ဤရဟန်းကို အညတြစကားဖြင့် မဆိုကြလင့်။ ဤရဟန်းသည် သာမညမဟုတ်။ ဘုရားအလောင်းပေတည်း။ ပါရမီဆယ်ပါးကို ဖြည့်သော သူမြတ်ပေတည်း။ နောင်သောအခါ မေတ္တေယျ ဘုရားဖြစ်လတံ့'ဟု မိန့်တော်မူ၏။

ထိုအခါ အရှင်သာရိပုတ္တရာမထေရ်သည် လက်အုပ်ချီကာ ရှိခိုးလျက် နားတော်လျှောက်၏။ 'အဇိတရဟန်းကား၊ အဘယ် အခါ၌ အဘယ်သို့သော အချင်းအရာဖြင့်မေတ္တေယျဘုရားဖြစ် လတံ့နည်း။ တပည့်တော်အား သနားခြင်းကိုစွဲ၍ ဟောတော် မူပါ'ဟု ဘောင်းပန်လျှောက်ထား၏။

မြတ်စွာဘုရားသည် သာရိပုတ္တရာအား ဤ 'အနာဂတဝင်' ကျမ်းကိုဟောတော်မူ၏။ မေတ္တေယျဘုရားသခင်သည်- အဘယ် သို့သောအခါ၌ ဖြစ်လတံ့နည်း ဟူမူကား 'ချစ်သား-သာရိ ပုတ္တရာ၊ ငါဘုရား ပရိနိဗ္ဗာန်လွန်၍ ကာလကြာသော် ငါးပါး သောကွယ်ခြင်းဖြင့် ကွယ်လတံ့။ ငါးပါးသောကွယ်ခြင်း မှာ သည်ကား- (၁) ပဋိသမ္ဘိဒါခေတ် ကွယ်ခြင်း၊ (၂) မဂ်ဖိုလ် ကွယ်ခြင်း၊ (၃) အကျင့်ကွယ်ခြင်း၊ (၄) ပရိယတ္တိ ပိဋကတ် သုံးပုံကွယ်ခြင်း၊ (၅) သံဃာကွယ်ခြင်းတို့ဖြစ်လတံ့'။

ပရိယတ္တိ ကွယ်ခြင်းဟူသည်ကား၊ တရွေ့ရွေ့ ကြာသော် အမျိုးယုတ်မင်းတို့ တရားမစောင့်လတံ့။ မစောင့်လတ်သော် အမတ်စစ်သူကြီး မစောင့်အံ့။ အမတ်စစ်သူကြီး မစောင့်လတ် သော် ပြည်သူ-ပြည်သားတို့မစောင့်အံ့။ ထိုအခါ မိုးကောင်း စွာမရွာ။ မရွာလတ်သော် ကောက်ပဲတို့ မကောင်းဖြစ်အံ့။ ကောက်ပဲမကောင်းသော်ဒါယကာတို့သည် ပစ္စည်းလှူအံ့သော

ငှာ-မတတ်နိုင်ကြကုန်။ မတတ်နိုင်ကြသော် ရဟန်းတို့သည် ပစ္စည်းမရ။ မရလတ်သော် တပည့်သားတို့အား သင်္ဂြိုဟ်ချီးမြှောက်ခြင်းကို မပြုနိုင်ကြသဖြင့် ပရိယတ္တိဆုတ်ယုတ်ကာ ရှေးဦးစွာ ပဌာန်းကျမ်းကြီးကွယ်၍ ထို့နောက် ယမိုက်ကွယ်အံ့။ ထို့နောက်ပိဋကတ်သုံးပုံကွယ်အံ့။ နောင်ကာလ၌သဒ္ဓါကြည်ညိုသောမင်းတစ်ပါးသည် အသပြာတစ်ထောင်ကို ဆင်ဦးခေါင်းထက်တင်၍ ဘုရားမြတ်စွာဟောတော်မူသော တရားလေးပုဒ်၊ လေးဂါထာကို ဟောပြနိုင်သော သူတို့ကို တွေ့လျှင် ဤအသပြာထောင်ထုပ်ကို ယူစေဟူ၍ တိုင်းပြည်လေးမျက်နှာကိုလှည့်လည်ကြေးကြော်စေ၏။ ထိုသို့လှည့်လည်ကြေးကြော်စေသော်လည်း ဟောပြောပြနိုင်သောသူ တယောက်မျှမရှိသဖြင့် အသပြာများကို ဘဏ္ဍာတိုက်သို့ပြန်သွင်းရအံ့သတည်း။ ထိုအခါသည် ပရိယတ္တိကွယ်သည် မည်၏။

သံဃာကွယ်ခြင်းဟူသည်ကား၊ နောင်ကာလ၌ဖန်ရည်စွန်းသော သင်္ကန်းဖြင့် အဘယ်အကျိုးရှိအံ့နည်းဟု တထွာတမိုက်ဆုတ်၍ ဆံပင်၌လည်းကောင်း၊ လည်၌လည်းကောင်း၊ လက်၌လည်းကောင်း၊ ကပ်စေ၍ မယား သားမွေးကုန်အံ့သတည်း။ နောင်ကာလ၌ မယားသားမွေးခြင်း၊လယ်လုပ်ခြင်း၊ကုန်သွယ်ခြင်းများကိုပြုလုပ်၍ လက်၌ နား၌ သင်္ကန်းဆင်မြန်းထားသူကို မြတ်စွာဘုရား၏ သင်္ကန်းတော်အမှတ်ဖြင့် ရည်စူး၍ လှူဒါန်းမှုပြုကြကုန်ရာ၏။ လှူရသောအကျိုးကိုမရေမတွက်နိုင်ဟု ငါဘုရားဟောကြားတော်မူ၏။ နောင်ကာလ၌သင်္ကန်းဖြင့်အဘယ်ပြုအံ့နည်းဟု တောချုံပေါ်စွန့်လေအံ့။ ချစ်သား–သာရိပုတ္တရာ....၊ဤသည်သာလျှင် ရဟန်း–သံဃာကွယ်သည်မည်၏’’။

ရောင်တော်ပြန်ဘုရား-တရားဟောခန်း

ထိုသို့အနှစ်ငါးထောင်စေ့လေသော် ငါဘုရား၏ သာသနာတော်သည် ပူဇော်သက္ကာရ မရသည်ဖြစ်၍ ပူဇော်သက္ကာရ ရရာသို့ သွားလတံ့။ ငါဘုရား၏ ဓာတ်တော်- မွေတော်တို့သည် လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်၊ နဂါးပြည်၌ရှိ၏။ ထိုရှိသော ဓာတ်တော်တို့သည် ပြောင်းကြွ၍ မဟာဗောဓိမဏ္ဍိုင်၌သာ စည်းဝေး-စုပုံ၍ ငါဘုရား၏ နိမ္မိတ သဏ္ဌာန်တော်ကို ဖန်ဆင်း၍ ယမိုက်ပြာဋိဟာကို ပြလတ္တံ့သတည်း။ ထိုအခါ ထိုအရပ်သို့ လူများမရောက်နိုင်။ စကြာဝဠာတသောင်း၌ နေသော နတ်ဗြဟ္မာတို့ရောက်လတ်၍ ယနေ့ကား၊ အားဆယ်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ဝင်စံအံ့သတည်း။ ယနေ့မှစ၍ အမိုက်အတိသာဖြစ်လတံ့သည်ဟူ၍ ငိုကြွေးကြကုန်အံ့။ ထိုအခါ ရောင်တော်ပြလတ်၍ 'ဂန္ဓမာဒန' တောင်မှ တရားဟောလတံ့။ နတ် ဗြဟ္မာ အပေါင်းတို့ကား ကုဋေတစ်သိန်းမျှ ကျွတ်လတံ့။ ထိုနောက်မှ တေဇောဓာတ်လောင်၍ အကြွင်းမရှိ အနုပါဒိသေသနိဗ္ဗာန်သို့ ဝင်စံတော်မူအံ့'။

'ချစ်သား- သာရိပုတ္တရာ—၊ ငါဘုရား သာသနာ အနှစ်ငါးထောင်ကုန်ဆုံးသောအခါ လူတို့သည် မကောင်းမှုဟူသမျှတို့ကို ပြုကြကုန်လတံ့။ ထို့ကြောင့်လူတို့၏အသက်သည်အနှစ်တစ်ရာမှ ဘစ်နှစ်ယုတ်လတံ့။ တစ်ရာကသည် ကိုးဆယ်၊ ရှစ်ဆယ်၊ ခုနစ်ဆယ် အစဉ်အတိုင်း ယုတ်၍သွားလတံ့။ လူတို့၏ အသက်သည် ဆယ်နှစ်သို့ ရောက်သောအခါ ငါးနှစ် ရှိသော

မိန်းမ -ယောကျ်ားတို့သည် အိမ်ထောင်ပြု လတံ့။ ထိုအခါ ကပ်သုံးပါးဖြစ်လတံ့။ ဝေတ်မွတ်သိပ်ခြင်းကပ်၊ အနာရောဂါ ကပ်၊ လက်နက်ကိုင်၍ သတ်ဖြတ်သောကပ်ဟူ၍ သုံးပါးဖြစ် လတံ့’။

‘ထိုအခါ ဝိသျကြုံနတ်သား ဆုံးမလတံ့။ ‘အို—လူအများ တို့ ယနေ့မှစ၍ ခုနစ်ရက်တိုင်လတ်သော်လူတို့သည် အချင်းချင်း ထိုး၊ ခုတ်၊ သတ်ဖြတ်ကြလတံ့။ ထိုဘေးမှ လွတ်လိုသောသူ တို့သည် ခုနစ်ရက်စာ ယူ၍ တစ်ယောက်ချင်း တောင်မြောက် ချောက်ကြား၌ လူချင်း မတွေ့ရလေအောင် ပုန်းကြလေကုန်။ ခုနစ်ရက်လည်မှ လာလှည့်ကုန်ဟု ဆုံးမလတံ့’။

အချို့ပညာရှိသောသူတို့သည် နတ်သား၏ ဆုံးမစကားကို ယုံကြည်သဖြင့်ခုနစ်ရက်စာအစားအစာများကိုယူ၍တစ်ယောက် ချင်းသာ တောင် မြောက် ချောက်ကြား၌ လူချင်းမတွေ့ရလေ အောင် ပုန်းကုန်လတံ့။ ကျန် သူတို့သည် အချင်းချင်း သတ်၍ သေကုန်လတံ့။ ထိုအခါ အချင်းချင်းသတ်၍ အရိုး-အသား တို့ပြည့်လတံ့။ ထိုနောက် မိုးကြီး ရွာလတ်၍ အရိုး-အသား တို့သည် မျောလတံ့။ ထိုနောက် ‘ပုဆိုးမိုးရွာ’ဖြစ်လတံ့။ ထို ပုန်းအောင်းသောသူတို့သည် ပုန်းရာမှလာလတ်သော် လူများ ကို မမြင်၍ ငိုကြွေးကြကုန်လတံ့။ နောင်တကြီးစွာရ၍ သီလ၊ သီတင်းဆောက်တည်ခြင်းကို ကောင်းစွာပြုလတံ့’။

‘ချစ်သား-သာရိပုတ္တရာ....၊ ထိုအခါ ဆယ်နှစ် နေရသော သူတို့၏ သား - သမီးတို့သည် အနှစ်-နှစ်ဆယ် နေရလတံ့။ အနှစ်-နှစ်ဆယ် နေရသောသူတို့၏ - သား၊ သမီး တို့သည် အနှစ်လေးဆယ် နေရလတံ့။ လေးဆယ် နေရသော သူတို့၏

သား၊ သမီးတို့သည် ရှစ်ဆယ်နေရ၏။ ထိုသူတို့၏အသက်သည် အစဉ်အတိုင်းတက်လေ၍ အသက်အသင်္ချေမရေတွက်နိုင်အောင် ရှိကုန်လတံ့'။

ထိုသူတို့၏ သက်တမ်းသည် ရှည်လျား လတ်ရကား၊ အိုခြင်း၊ နာခြင်း၊ သေခြင်းစသော လက္ခဏာတို့သည်မထင်မြင် ကြကုန်။ ထိုသို့ မထင်သည်ဖြစ်၍ တရားပျက်ပြီးလျှင် အသက် သင်္ချေဘမ်းမှ တဖြည်းဖြည်း-ဆုတ်ယုတ်၍တစ်သိန်းတိုင်အောင် ရေတွက်နိုင်လတံ့။ ထိုအခါ အရိမေတ္တေယျ ဘုရားအလောင်း ကား၊ တစ်ဆယ့်ခြောက်သင်္ချေနှင့်ကမ္ဘာတစ်သိန်း ပါရမီဆယ် ပါးကိုဖြည့်စေ၍ စွန့်ခြင်းကြီး ငါးပါးကို စွန့်၍ 'တုသိတာ' နတ်ပြည်၌ ဖြစ်လတံ့'။

'စကြာဝဠာ တိုက်တစ်သောင်း၌ နေကုန်သောနတ်တို့သည် ဘုရားဖြစ်စိမ့်သောငှာတောင်းပန်လာကြ၍တုသိတာနတ်ပြည်မှ 'စုတေ၍' ကေတုမတီ မင်းနေပြည်တော်၌ 'သင်္ခစကြာဝ တေးမင်း၏ ကိုးကွယ်ရာဖြစ်သော 'သုဗြဟ္မ' အမည်ရှိသည့် ပုဏ္ဏားကြီး၏ ခင်ပွန်းမဖြစ်သော 'ဗြဟ္မဏဝတီ'ပုဏ္ဏေးမဝမ်း၌ ပဋိသန္ဓေ နေလတံ့။ ဆယ်လ လွန်လျှင် 'ဋ္ဌဿိပတန' သမင် တောမှာ ဖွားမြင်၍ 'အဇိတ'ဟူသောအမည်ကို မှည့်လေ၏။ အဇိတမင်းသား၏ မိဖုရားမြတ်ကား 'စန္ဒမုက္ခီ'အမည်ရှိလတံ့။ စန္ဒမုက္ခီဖုံ့ရားကား၊ အပြစ်ခြောက်ပါးကင်း၏။ အလွန်အဆင်း လှ၏။ လူမတူ-နတ်တမျှ အလွန်လှသဖြင့် ရှုမငြီးဖြစ်၍ ကိုယ် အရောင်ဖြင့်တစ်ဆယ့်နှစ်တောင်သောအရပ်များသို့ ထွန်းလင်း နိုင်လတံ့။ ၎င်း၏သားကား— 'ဗြဟ္မဝံသ' အမည်ရှိလတံ့။ ဘုရားအလောင်းတော်အဇိတမင်းသားကားလေးဆောင်သော

ပြဿဒ်၌ လောကီစည်းစိမ်ကိုသာခံစားလျက် အနှစ်တစ်သောင်း နေမှ စန္ဒမုကို မိဖုရားသည် ပြဟ္မစံသ သားကို ဖွားလတ်သော အခါ ဘုရားအလောင်းတို့၏ ဓမ္မတာ အလျောက် ဥယျာဉ် ကစားထွက်လျှင် သူအို၊ သူနာ၊ သူသေ၊ ရဟန်းဟူသော နိမိတ် ကြီးလေးပါးကို မြင်၍ တောထွက်ကာ ခြောက်ရက်ကျင့်ပြီး လျှင် ဘုရားဖြစ်လတံ့’။

‘ချစ်သား - သာရိပုတ္တရာ....၊ ထိုအခါ တောင် ကမ်း ချောက်မရှိ။ မြေအပြင်သည် ညီညွတ်စွာ ဖြစ်လတံ့။ အရိ- မေတ္တေယျဘုရား သက်တော်ကား အနှစ် ရှစ်သောင်းဖြစ်၏။ အရပ်တော်ကား အတောင် ရှစ်ဆယ်ရှိ၏။ မျက်ကွင်းတော် ငါးတောင်ရှိ၏။ နားရွက်တော် အစောက် ငါးတောင်ရှိ၏။ ဘဝါးတော်အလျား ဆယ်တောင်ရှိ၏။ ထိုအခါ လူတို့ကား အရပ် အတောင်လေးဆယ်ရှိ၏။ ထိုကာလ၌ ယနေ့ ဖွားသော သားကား အရပ်ငါးတောင်ရှိလိမ့်မည်။ ထိုအခါ လူတို့သည် လှသောမျက်နှာသာရှိ၍ အကုန်း၊ အကွ၊ အကန်း၊ အနူ၊ အဝဲ မရှိ ဖြစ်လိမ့်မည်။

‘အရိမေတ္တေယျဘုရားကား သက်တော်ရှစ်သောင်း စေ့လေ သော် တရားဟူသော ဆိမ်းကိုသာ ထွန်းခဲ့၏။ တရားဟူသော မဂ္ဂင်လှေကို လူနှင့် ရဟန်းသို့အား ကူးစိမ့်သောငှာ ထားခဲ့၍ သာသနာတော်ကား အနှစ်သုံးသိန်းရှစ်သောင်းထားလတံ့။ ဘုရားကား ကျွတ်ထိုက်သော လူနတ်တို့၌ ကိလေသာ ဟူသော အမှောင်ကိုဖျောက်၍ သဗ္ဗညုတဉာဏ်ဟူသော အလင်းကိုထွန်း ခဲ့၍ ဝိပါက်ကမ္မဇရုပ် အကြွင်းမရှိ-နိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန် ဝင်စံလေအံ့သတည်း’။

အရိမေတ္တေယျဘုရားကို ဖူးမြင်လိုသောသူတို့သည် သာသနာတော်၌ ကောင်းစွာ ရဟန်းပြု၍ ငါ၏-အဆုံးအမတော်ကို ခံပေသောသူ၊ သားကို ကောင်းစွာ ရဟန်း ပြုပေးသော သူ၊ သား၊ မြေး မြစ်တို့ကိုလည်းကောင်း၊ သူတပါးကိုလည်းကောင်း ရဟန်းပြုပေးသောသူ၊ မိခင်-ဖခင်တို့ကို ရိုသေစွာ လုပ်ကျွေးသောသူ၊ ပဉ္စသီလဆောက်တည်သောသူ၊ သရဏဂုံမပြတ်တည်ဆောက်သူ၊ ကမ္မဋ္ဌာန်း ဘာဝနာကို ·မပြတ် တည်ဆောက်သူ၊ ငါ၏-သာသနာတော်တည်စိမ့်သောငှာ ပုထိုး၊ စေတီ၊ ဥမင်၊ လိုဏ်ခေါင်း၊ ဇရပ်ပြုပြင်သောသူ၊ ဗောဓိညောင်ပင်ကိုစိုက်ပျိုးသောသူ၊ စတုဒိသာ၊ ဇရပ်၊ ကျောင်းဆောက်သူ၊ ရေတွင်း၊ ရေကန်၊တံတားပြုပြင်သူ၊ ဆွမ်းလောင်းသောသူ၊ ထီး တံခွန်၊ ဆီမီး၊ ကြာပန်းလှူသောသူ၊ ရဟန်းတို့အားပစ္စည်းလေးပါးလှူသောသူ၊ညောင်ရေသွန်းလောင်းသောသူ၊ထိုသို့ပူဇော်လှူဒါန်းသောသူတို့သည် အရိမေတ္တေယျမြတ်စွာဘုရားကို ဖူးတွေ့ကြရကုန်လတံ့”။

---

‘ဒိပဲရင်းဆရာတော် ရေးသားထားသော ‘အနာဂတဝင်’ ကျမ်းမှ ကူးယူဓမ္မဒါနပြုပါသည်။

---

## ကမ္ဘာပျက်ပြီး၍ တဖန် တည်ထောင်လာပုံကို ဟောပြခြင်း

တပည့်တို့....၊ဤဓတ်ကြီးလေးပါး-သင်္ခါရတရား တို့သည် အဘယ်ကဲ့သို့ဖြစ်ပြီး၍ ပျက်သနည်းဆိုသော်၊ တပည့်တို့ ...၊ဤကမ္ဘာမှ ရှေးအနန္တရ ဒုတိယ ကမ္ဘာကြီးကို မီးတွေလောင်၍ အကုန်လုံးပျက်စီးကြကုန်သည်။စကြာဝဠာကုဋေတစ်သိန်းလုံး

အကုန်ဘာမျှမကျန်ဘဲ၊မီးတွေလောင်၍ ပျက်စီး ချုပ်ပျောက်၍ကုန်သည်။ စကြာဝဠာကုဋေတစ်သိန်းကိုခံ၍နေသော ယူဇနာလေးသိန်းရှစ်သောင်း အထုရှိသော စကြာဝဠာခံ ရေပြင်ကြီးလည်း နှင်းပေါက်လောက်မျှ မကျန်၊ အကုန်လုံး ခမ်းခြောက်ပျောက်၍ကုန်သည်။ လူ့ဘုံ နတ်ပြည်ခြောက်ထပ် ပထမဈာန်ဗြဟ္မာ့ဘုံ သုံးဘုံအထိရှိရှိသမျှ အစိုင်အခဲ အထည်ဝတ္ထု၊ သင်္ခါရတရားတွေသည် အကုန်လုံး မီးတွေလောင်၍ ကုန်သည်။ မီးသွေးမျှလည်း မကျန်ပြီ။ ပြာမျှလည်း မကျန်ပြီ။ အကုန်လုံးချုပ်ပျောက်၍ ကုန်လေ၏။

အထက်ကောင်းကင်နှင့် အောက်ကောင်းကင် တစပ်တည်းစပ်လျက် ဟာလာဟင်း အမိုက်တိုက်ကြီးအတိ ဖြစ်နေလေ၏။ အပါယ်လေးဘုံ သတ္တဝါ၊ လူသတ္တဝါ၊ နတ်သတ္တဝါ၊ ပထမဈာန်ဘုံ၊ဗြဟ္မာသတ္တဝါတွေလည်း အကုန်လုံးသေကြေပျောက်ပျက်ကြလျက်၊ အထက် ဒုတိယ ဈာန်ဗြဟ္မာဘုံ စသည်တို့သို့ရောက်ရှိ၍ ဗြဟ္မာတွေချည့် ဖြစ်ကြလေကုန်၏။ များသောအားဖြင့်ကား အာဘဿရဗြဟ္မာ့ဘုံသို့ ရောက်ကြလေကုန်၏။

တပည့်တို့...၊ဤမီးသောင်ပြင် ဟာလာဟင်းလင်းကြီးထဲ၌မှောင်ရှုပ် မီးကလာပ်တွေသာ ကျန်ရှိ၍ နေလေတော့၏။ ဤမှောင်ရှုပ် မီးကလာပ်တွေကို ကောင်းကင်အာကာသဓာတ် ဟူ၍ခေါ်ဆိုရေတွက်ကြ၏။ တပည့်တို့...၊ဤကဲ့သို့ မီးတွေလောင်၍ပျက်စီးသည်နောက် ရှည်စွာသော အဒ္ဓန့်ကာလကို လွန်သောအခါ အထက်ပိုင်းမှောင်ရှုပ် မီးကလာပ်တို့သည် အအေးဓာတ်လွန်ကဲ၍ အောက်ပိုင်းမှောင်ရှုပ် မီးကလာပ်တို့က အပူဓာတ်လွန်ကဲလျက် အထက်သို့ တက်၍ သီတမီးဓာတ်နှင့် အထိတွင်

ချွေးပြန်လျှက် အရည်ဖြစ်၍ ကမ္ဘာပြု မိုးကြိုးကြီး ရွာသဖြင့် အောက်ကိုလည်းယူဇနာကိုးသိန်းခြောက်သောင်းအထုရှိသော လေပြင်ကြီးအထိ၊ အထက်ကိုလည်း ပထမဈာန်ဗြဟ္မာ့ဘုံသုံးဘုံ အထိ၊ နံဘေးထက်ဝန်းကျင်ကိုလည်းစကြာဝဠာကုဋေတစ်သိန်း မီးလောင်ရာဌာန အကုန်လုံးကို ရေတွေပြည့်၍ နေလေ၏။

နတ်ပြဟ္မာဘုံတို့၏ တဖန် ဖြစ်ပေါ်လာပုံကိုပြခြင်း

တပည့်တို့....၊ ထိုရေတွေသည် လှိုင်းထလျက်အနယ်ကျပြီး ဖြစ်ခဲ့ကာ တဖြည်းဖြည်း ခမ်း၍-ခမ်း၍ လျော့ကျ လာသဖြင့် ရှည်စွာသော အဒ္ဓန့်ကာလကို လွန်သော အခါ ပထမဈာန် ဗြဟ္မာ့ဘုံနေရာအောက်သို့ ရောက်၏။ ထိုအခါ ထို ပထမဈာန် ဘုံနေရာ၌ သတ္တဝါမှ ဆိတ်သော ဗြဟ္မာ့ဘုံဗိမာန်တို့သည် ဘွား ကနဲ-ဘွားကနဲ ဖြစ်ပေါ်လာကြလေကုန်၏။ ထိုအခါ အထက် ဗြဟ္မာဘုံတို့မှ ဗြဟ္မာ သတ္တဝါတို့သည် စုတေ- သေဆုံး၍ သတ္တဝါမှ ဆိတ်သော ဤ ဗြဟ္မာ ဘုံဗိမာန်သို့ ရောက်၍ဗြဟ္မာ ဖြစ်ကြလေကုန်၏။

ဤနည်းတူ ထိုရေတို့သည် တဖြည်းဖြည်း ခမ်း၍ - ခမ်း၍ လျော့ကျ၍ လာသဖြင့် ‘ဝသဝတ္တီနတ်ဘုံ’ နေရာအောက်သို့ ရောက်လျှင် သတ္တဝါမှဆိတ်သော နတ်ဘုံဗိမာန်တို့သည် ဘွား ကနဲ-ဘွားကနဲ ဖြစ်ပေါ်ကြကုန်၏။ ထိုအခါ အထက်ဗြဟ္မာ ဘုံတို့မှ ဗြဟ္မာ သတ္တဝါတို့သည် စုတေ-သေဆုံး၍ သတ္တဝါမှ ဆိတ်သော ဤနတ်ဘုံဗိမာန်သို့ရောက်၍ ဝသဝတ္တီနတ်ဖြစ်ကြ လေကုန်၏။ ဤနည်းတူ ‘နိမ္မာနရတိ’ နတ်ဘုံ၊ ‘တုသိတာ’

နတ်ဘုံ၊ 'ယာမာ' နတ်ဘုံ၊ 'တာဝတိံသာ' နတ်ဘုံ၊ 'စတုမဟာရာဇ်' နတ်ဘုံ တို့သည် ဖြစ်ပါလာကြကုန်၏။

ဤနည်းတူ တပည့်တို့-ထိုရေတို့သည် တဖြည်းဖြည်းခမ်း၍ ခမ်း၍လျော့ကျလာသဖြင့် ဟိမဝန္တာတောင် ရွှံ့ခဲနှင့်အခြားတောင်ငယ်တို့သည်လည်း အစဉ်အတိုင်း ဖြစ်ပေါ်၍ လာကြကုန်၏။ မြင့်မိုရ်တောင်မှ လေးပါးသောမျက်နှာတို့၌ကျွန်းငယ် ငါးရာစီအခြံအရံနှင့်တကွ ကျွန်းကြီးလေးကျွန်းတို့ ဖြစ်ပေါ်ကြကုန်၏။ အရှေ့ကျွန်း— အနောက်ကျွန်းတို့ကား၊ ယူဇနာ ခုနစ်ထောင်စီကျယ်၏။ မြောက်ကျွန်းကား ရှစ်ထောင်ကျယ်၏။ တောင်ကျွန်း တစ်သောင်းကျယ်၏။

တပည့်တို့.... အောက်ရေထဲသို့ ယူဇနာ ရှစ်သောင်း လေးထောင်စူးဝင်သော မြင့်မိုရ်တောင်ခြေအဆုံးတွင် ရေမခဲခင်ကရေ၏ အတွင်း၌ လေပြင်း မုန်တိုင်းကြီး ထ,လျှက် ရေတို့ကိုတိုက်လွင့်ဖယ်ရှား၍ ထက်ဝန်းကျင် ယူဇနာ တစ်သောင်းတိုင်တိုင်ကျယ်အောင် လေခဲ—လေပြင်ကြီးဝပ်၍နေလေ၏။ နောင်အသက်အောက်နိမ့်ဘေးတို့မှ ရေတွေ ခဲ၍ သွားသောအခါ ဤလေပြင်ခဲကြီးသည် ချုပ်ပျောက် ငြိမ်သက်၍ သွားသဖြင့် ဥမင်လိုဏ်ခေါင်းကြီးဖြစ်၍ အသူရာတို့ နေရာဘုံဖြစ်လေ၏။

ဤငါတို့ - ဇမ္ဗူဒီပါ ကျွန်းမြေမှ အောက်သို့ ယူဇနာ တသောင်းငါးထောင်မျှလောက် နက်သော နေရာ၌ လေပြင်းမုန်တိုင်းထပြီးလျှင် ဝပ်၍နေရာ သိဥ္စိုစ်းငရဲဘုံကြီးဖြစ်လေ၏။ ဤနည်းတူ-ကာလသုတ် သံဃာတ၊ ရောရုဝ၊ မဟာရောရုဝ၊ တာပန၊ မဟာတာပန၊ အဝီစိ-ဟု ငရဲဘုံကြီး ခုနစ်ထပ် ဖြစ်

ပေါ်လာ၏။ ထို့ပြင် နဂါးတွေ နေစရာ ဥမင်လိုဏ်ငယ်တွေလည်း မဟာပထဝီမြေကြီးထဲ၌ များစွာရှိကုန်သေး၏။

## ကမ္ဘာကို ဖန်ဆင်းသော လက်သည်ကိုထုတ်ပြခြင်း

တပည့်တို့...၊ ဤစကြာဝဠာ - ကမ္ဘာ လောကကြီးကို ပြုပြင်ဖန်ဆင်းသောသူကား၊ အခြားသူ မဟုတ်-စိတ်တည်း....၊ အဘယ်သူ၏ စိတ်နည်း ဆိုသော် - ဤ စကြာဝဠာ ကမ္ဘာလောကထဲသို့ပြန်၍ ဖြစ်လာလတံ့သော အလုံးစုံသော ပုထုဇဉ် သတ္တဝါ၏ စိတ်အစုပေတည်း။ ထိုစိတ်သည် မိမိကိုယ်တိုင် ပြုလုပ်-ဖန်ဆင်းသည် မဟုတ်။ မိမိ အလိုရှိသမျှ အလုံးစုံကို 'ကံ'အား ပြုလုပ် ဖန်ဆင်းစေ၏၊ ထိုကံသည် စိတ်ခိုင်းတိုင်း မီးဓာတ်ဟူသော 'ဥတု'အား ပြုလုပ်ခိုင်း၏။ စိတ်သည် အရှင်သခင်နှင့်တူ၏။ ကံသည် လက်သမားကြီးနှင့်တူ၏။ ဥတုသည် လက်သမားဆရာကြီး၏ လက်ထောက် တပည့်ကြီးနှင့်တူ၏။

## ငရဲကို အလိုရှိသောသူကို ပြခြင်း

တစ်ဦးသောသူသည်-တစ်ဦးသောသူကို နှိပ်စက် ညှင်းဆဲ၏။ ထိုအနှိပ်စက်ခံရသူသည် မိမိကိုနှိပ်စက်ညှင်းဆဲတတ်သော ထိုရန်သူကို ကြီးစွာသော ဘေးဖြင့် နှိပ်စက်ခြင်းငှာ ကြီးစွာသော ဘေးကို အလိုရှိသဖြင့် ဘေးတကာတို့တွင် အကြီးဆုံးဖြစ်သော ငရဲကို အလိုရှိသည်ပင်ဖြစ်၏။ ထို့ကြောင့်လောက၌ 'ငါမနိုင်- နိုင်သူ ပေါ်ပါစေ' ဟု ကြိမ်းကြ၏။ မိမိ ရန်သူကို နှိပ်စက်ညှင်းဆဲနိုင်သောသူကိုတောင့်တကြလေ၏။ ထို့ကြောင့်

ဤအနှိပ်စက် အညှင်းဆဲခံရသော်သူတို့သည် ငရဲကို အလိုရှိကြကုန်၏။

## ကမ္ဘာဦးအခါ လူ့ပြည်၌လူတို့ ဖြစ်ပုံကို ပြခြင်း

တပည့်တို့…၊ ဤသို့ စိတ်သည် ပြုပြင်ဖန်ဆင်း၍ ဖြစ်ပေါ်လာသော ဤလူ့ဘုံ၌၊ နေ၊ လ၊ နက္ခတ်၊ တာရာ မဖြစ်ပေါ်လာမီ အတန်ကြာက အထက်ဗြဟ္မာ့ဘုံတို့မှ ဗြဟ္မာသတ္တဝါတို့သည် အသက်တမ်းကုန်သဖြင့် စုတေ–သေဆုံး၍ ဤလူ့ပြည်ကျွန်းမြေပေါ် ဥပပတ်–ပဋိသန္ဓေ အားဖြင့် လူသတ္တဝါဖြစ်၍–ဖြစ်၍လာကြကုန်၏။ ထိုကမ္ဘာဦး သူတွေကား၊ ယောကျ်ားအင်္ဂါလည်း မပါ - မိန်းမအင်္ဂါလည်း မပါ။ ဗြဟ္မာကြီးတွေအသွင်သဏ္ဌာန်ကဲ့သို့ လုံးချောကြီးတွေတည်း။ အဝတ်–ပုဆိုးကိုလည်းမဝတ်ကြချေ။ အစာအာဟာရကိုလည်း မှီဝဲခြင်းမရှိကြဘဲ၊ ဗြဟ္မာတို့ကဲ့သို့ ပီတိဘက္ခဖြင့်သာလျှင် အတန်ကြာကာလကို လွန်စေကုန်၏။ ကောင်းကင်၌လည်း သွားနိုင်၏။ နေ၊ လ၊ အရောင်အလင်းလည်းမရှိဘဲလျက် မိမိတို့၏ ကိုယ်ရောင်အလင်းတို့ဖြင့်သာလျှင် အမိုက်မှောင်ကို ပယ်ပျောက်လျက် သွားလာနေထိုင်ကြကုန်၏။

ထို့နောက် အတန်ကြာကာလကို လွန်သောအခါ အလွန်ကောင်းသော အဆင်း၊ အနံ့၊ အရသာနှင့် ပြည့်စုံသော မြေဆီမြေလွှာတို့ကို တွေ့မြင်ဖန် များလျှင် ထိုမြေဆီ–မြေခဲတို့ကို လက်ဖြင့် ကိုင်ယူ၍ နမ်းပြီးလျှင် ခံတွင်းသို့ ခွံ့လေသော်…၊ ကောင်းမှန်းသိလျက် ဝမ်းသို့မျိုသွင်းစားသောက်ကြလေကုန်၏။ ထိုမြေကြီး-ဆီခဲကို မှီဝဲ စားသောက် လေလျှင် ရှန့်ရင်း

သော ရုပ်တို့သည် ဖြစ်ပေါ်လာသဖြင့် ကိုယ်အရောင်တို့သည် ကွယ်ပျောက်၍ အမိုက်မှောင်ကြီး အတိ ဖြစ်သဖြင့် အလွန် ကြောက်ရွံ့သဖြင့် အလင်းရောင်ကို တောင့်တကြ၏။

ထို အခါ ယူဇနာငါးဆယ် အလျား-အနံကျယ်သော နေဝန်းကြီးဖြစ်ပေါ်လာ၏။ ထိုကမ္ဘာဦးသူတို့သည် ဤဗိမာန် ကြီးသည် ငါတို့၏ရဲရင့်ခြင်းကိုဖြစ်စေသောကြောင့် 'သူရိယ'ဟု အမည်မှည့်ကြလေကုန်၏။

ထိုဗိမာန်သည် တစ်နေ့လုံး ထွန်းလင်းလျက် အနောက်သို့ ဝင်၍ကွယ်လေလျှင် မှောင်အတိဖြစ်ပြန်သဖြင့် ကြောက်ရွံ့ခြင်း ဖြစ်ကြကုန်လျက် 'ငါတို့အား-တပါးသော အရောင်အလင်း ကိုရပါမူကား-ကောင်းလေစွ'ဟု အေးသော အရောင်အလင်း ကို တောင့်တဆဲအခါ ထိုသူတို့၏ ဆန္ဒကို သိဘိသကဲ့သို့ နက္ခတ် တာရာကြယ် အပေါင်းနှင့်တကွ လေးဆယ့်ကိုးယူဇနာ ကျယ် သော လဝန်းဗိမာန်ကြီးသည် ဖြစ်ပေါ်လာ၏။ ထိုအခါ-ထို ကမ္ဘာဦးသူတို့သည် ဤဗိမာန်ကြီးသည် ငါတို့၏ အလိုဆန္ဒကို သိဘိသကဲ့သို့ ဖြစ်ပေါ်၍ လာပေ၏။ ထို့ကြောင့် 'စန္ဒ' ဟု အမည်မှည့်ကြလေကုန်၏။

## မိန်းမ—ယောကျ်ား စတင် ဖြစ်ပေါ်လာပုံကို ပြခြင်း

ထို ကမ္ဘာဦးသူတို့သည်အာဟာရကိုမှီဝဲခြင်းကြောင့် အချို့ သောသူတို့သည် အဆင်းလှကုန်၏၊ အချို့သော သူတို့သည် အဆင်းမလှကုန်။ ထိုအခါအဆင်းလှသောသူတို့သည် အဆင်း မလှသော သူတို့ကို မထီလေးစားအောက်မေ့ကြကုန်၏။ ထိုသို့

မထိလေးစား အောက်မေ့ခြင်း–အတိမာနကြောင့် ရသပထဝီ မြေဆီတို့သည် ကွယ်လေကုန်၏။ ထိုအခါ အခွံ–အဖုံးလည်း မကပ်သော သလေးဆံသားသီးသောစပါးပင်တို့သည်ပေါက် လာကုန်၏။ ထိုအခါလူတို့သည် သလေးဆန်ထမင်းတို့ကို စား ကြရကုန်၏။ ဤသို့ ရှန့်ရင်းကြမ်းတမ်းသော သလေး ထမင်း အာဟာရကို စားသောက်သော အခါ ကျင်ကြီး–ကျင်ငယ် တို့သည် ဖြစ်ကုန်၍ ထွက်စရာ အမာဝ ပြွန်ပေါက်–ပြွန်တံတို့ သည် ပေါက်ကွဲ ပေါ်ထွက်လာကုန်၏။ မိန်းမ ဖြစ်ထိုက်သော သူအား မိန်းမ။ ယောကျ်ားဖြစ်ထိုက်သောသူအား ယောကျ်ား အသွင်သဏ္ဌာန် အင်္ဂါကြီး–ငယ်တို့သည် ဖြစ်ပေါ်လာကြကုန် ၏။ သူတို့၏သက်တမ်းသည် တပိုးတိုးလျက် အသင်္ချေယျ တိုင် အောင်တက်သွား၏။ တက်ကပ်၌ အလျှင်အမြန် တက်သည်။ ဆုတ်ကပ်၌ မူကား တဖြည်းဖြည်း ဆုတ်၏။ ရှေးနည်းတူ အသင်္ချေယျမှ သည် ဆယ်နှစ်တမ်း၊ ဆယ်နှစ်တမ်းမှ သည် အသင်္ချေယျဟု ဆုတ်ချည်–တက်ချည်သွားသည်ကိုအန္တရကပ်ဟု ခေါ်သည်။ ထိုကဲ့သို့ အန္တရ ကပ်ပေါင်း ခြောက်ဆယ့်လေး ကပ်ပြည့်၍ တစ်ထောင်တမ်းသို့အကျတွင် ကမ္ဘာပျက်၏။

## ကမ္ဘာပျက်ပုံအကြောင်းအရာ

တပည့်တို့....၊ ကမ္ဘာပျက်ရာ၌ အချို့သော ကမ္ဘာသည် မီးဖျက်၍–ပျက်၏။ အချို့သော ကမ္ဘာသည် ရေဖျက်၍–ပျက် ၏။ အချို့သောကမ္ဘာသည် လေဖျက်၍–ပျက်၏။မီးလောင်၍ ခုနစ်ကမ္ဘာ ပျက်ပြီးမှ– ရှစ်ခုမြောက် ကမ္ဘာသည် ရေဖျက်၍– ပျက်၏။ ထို့နောက် မီးဖျက်ကာ ခုနစ်ကြိမ် ပျက်ပြန်၏။

ခြောက်ဆယ့်လေးခုမြောက် ကမ္ဘာသည်ရေမဖျက်ဘဲ လေဖျက်၍-ပျက်လေ၏။

## ကမ္ဘာပျက်ပုံ အခြင်းအရာ

အကြင်အခါ၌ **အန္တရကပ်** ခြောက်ဆယ့်လေးကပ် စေ့၍ တစ်ထောင်တန်းသို့အကျတွင် ကမ္ဘာပျက်၏။ ထိုကမ္ဘာမပျက်မီ အနှစ်တစ်သိန်းလောကက ဗြဟ္မာကြီးပြောကြားသဖြင့် ကမ္ဘာပျက်မည့်အကြောင်းကိုသိကြကုန်သောနတ်တို့သည် လူ့ပြည်သို့ လာ၍ နီသောအဝတ်၊ နီသော ပန်းကို ဆင်မြန်းလျှက် ဆံပင်ဖားလျားချ ငိုကြွေးပြီး ထိတ်လန့်ဘွယ် အသွင်ကိုဆောင်ကာ 'အို...၊ လူအပေါင်းတို့၊ ဤနေ့မှစ၍ နောင် အနှစ်တစ်သိန်း လွန်လျှင် ကမ္ဘာပျက်လတံ့။ ယခုငါတို့နေသော ကမ္ဘာသည် မီးဖျက်၍-ပျက်လတံ့။ အို-လူအပေါင်းတို့၊ ဤကမ္ဘာပျက် ဘေးကြီးမှ လွတ်မြောက်၍ အထက်ဗြဟ္မာပြည်သို့ ရောက်ရလေအောင် ကုသိုလ်ကောင်းမှုများကို မမေ့မလျော့အားထုတ်ကြကုန်လော့။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတရားများကို ပွားများကြကုန်လော့' ဟု ပြောကြား၍ မိမိနေရာပြည်သို့ ပြန်သွားကြကုန်၏။

ထိုအခါ လူအပေါင်းတို့သည်အလွန်ထိတ်လန့်ကြောက်ရွံ့ခြင်းဖြစ်ကြသဖြင့် ကုသိုလ်ကောင်းမှုများ လွန်စွာ အားထုတ်ခြင်း၊ ဗြဟ္မာ့ဝိဟာရတရားများ၊ ကသိုဏ်းတရားများ၊ လွန်စွာအားထုတ်ခြင်းများကြောင့် စျာန်တရားများရ၍သေလွန်သော အခါအထက်ဗြဟ္မာ့ပြည်သို့ ရောက်ကြလေ၏။

## ကမ္ဘာပျက်ပုံ အခြင်းအရာကို ပြခြင်း

အကယ်၍ မီးဖျက်မည့်ကမ္ဘာဖြစ်အံ့- နေခုနစ်စင်း ထွက်၍ မီးတွေလောင်သဖြင့် လူ့ပြည်၊ နတ်ပြည်၊ ပထမဈာန်ဗြဟ္မာ့ဘုံ တို့ကိုပါလောင်၍ လောင်စာကုန်သောအခါ မီးလျှံ စဲလေ၏။ အထက်ကောင်းကင်နှင့် အောက်ကောင်းကင် တစပ်တည်းစပ် လျက် ဟင်းလင်းပြင်ကောင်းကင်အမိုက်မှောင်ကြီးအတိဖြစ်၍ တည်လေ၏။

---

သေက္ချတောင် ဆရာတော် အရှင်တိလောက မထေရ်၏ 'ပဏ္ဍိတဝေဒနိယဒီပနီ' ကျမ်းမှ ကူးယူ ဓမ္မဒါနပြုပါသည်။

### ဓမ္မပဒမှ ကောက်နုတ်ချက်များ

### (က) ယမကဝဂ္ဂ အစုံအစုံ တရားစု

၁။ ဓမ္မတရားတို့မှာ စိတ်သာ ရှေ့သွားခေါင်းဆောင်ဖြစ် ကုန်၏။ စိတ်သာ အကြီး-အမှူး ဦးစီးဖြစ်ကုန်၏။ စိတ်အတိုင်း ဖြစ်ကုန်၏။ မကောင်းစိတ်ဖြင့် ပြောဆို-ပြုလုပ်ကြံစည်သူ၏။ နောက်သို့ (လှည်းဘီးသည် ဝန်ဆောင်နွား၏ ခြေရာသို့ အစဉ် လိုက်သကဲ့သို့) ဆင်းရဲ-ဒုက္ခလိုက်လေသည်။

၂။ ဓမ္မတရားတို့မှာ စိတ်သာရှေ့သွား ခေါင်းဆောင်ဖြစ် ကုန်၏။ စိတ်သာအကြီး—အမှူး ဦးစီး ဖြစ်ကုန်၏။ စိတ်အတိုင်း ဖြစ်ကုန်၏။ ကောင်းသော စိတ်ဖြင့် ပြောဆို-ပြုလုပ် ကြံစည်

သူ၏နောက်သို့ (အရိပ်သည် အစဉ်လိုက်သကဲ့သို့) ချမ်းသာ သုခအစဉ်လိုက်လေသည်။

၃။ ဤသူသည် ငါ့ကို ဆဲရေး၏။ ငါ့ကို ညှင်းဆဲ၏။ အနိုင်ကျင့်၏။ ငါ့ဥစ္စာကို ယူ၏–ဟုစိတ်၌ အမျက် ထားလျက် ရန်ငြိုးဖွဲ့သော သူတို့မှာ ရန်မငြိမ်းချေ။

ဤသူသည် ငါ့ကို ဆဲရေး၏။ ငါ့ကို ညှင်းဆဲ၏။ အနိုင်ကျင့်၏။ ငါ့ဥစ္စာကို ယူ၏–ဟု စိတ်၌ အမျက်မထား–ရန်ငြိုး မဖွဲ့သောသူတို့မှာ ရန်ငြိမ်းလေ၏။

၄။ လောက၌ ရန်တုံ့မူသဖြင့် ရန်တို့သည် တရံတဆစ်မျှ မပျောက်ကုန်။ ရန်တုံ့မမူသဖြင့်သာလျှင် ရန်တို့သည် ပျောက်ငြိမ်းကုန်၏။ ဤသို့ ရန်မလိုမှ–ရန်ပြိမ်းခြင်းသည် ရှေးရှေး၌ ဖြစ်သော သဘောတထွာ–မမှတ်ပင်တည်း။

၅။ လူမိုက်တို့သည် ဤလောက၌ မိမိတို့အမြဲမနေ–သေရဦးမည်ကို မအောက်မေ့–မဆင်ခြင်ဘဲခိုက်ရန်ဖြစ်မွားကြကုန်၏။ ပညာရှိတို့ကား၊ ဤလောက၌ မိမိတို့ အမြဲမနေ–သေရဦးမည်ကိုအောက်မေ့–ဆင်ခြင်လျက် ခိုက်ရန် ငြိမ်းအောင် ပြုကြကုန်၏။

၆။ တင့်တယ်သော အာရုံကို အဖန်တလဲလဲရှုလေ့ရှိသော၊ ဣန္ဒြေကိုမစောင့်စည်းသော၊ အစာအာဟာရ၌ အတိုင်းအရှည်ကိုမသိသော၊ ပျင်းရိ၍ လုံ့လမရှိသော သူကို (လေမုန်တိုင်းသည် အားနည်းသော သစ်ပင်ကို လှဲသကဲ့သို့) ကိလေသာ မာရ် ကိုယ်တွင်းရန်သည် နှိပ်စက် ဖျက်ဆီးလေ၏။

မတင့်တယ်မှုကို အဖန်တလဲလဲ ရှုလေ့ရှိသော ဣန္ဒြေတို့ကို စောင့်စည်းသော၊ အစာအာဟာရ၌အတိုင်းအရှည်ကိုသိသော၊ ယုံကြည်မှုနှင့် လုံ့လရှိသော သူကို (လေပြေ–လေညှင်း၊သည် ကျောက်တောင်ကို မလှုပ်နိုင်သကဲ့သို့) ကိလေသာမာရ် ကိုယ် တွင်းရန်သည် မနှိပ်စက်-မဖျက်ဆီးနိုင်ချေ။

၇။ ကိလေသာဆိုးရည်လည်းမကင်း၊ဣန္ဒြေကိုဆုံးမစောင့် ရှောက်ခြင်းလည်းမရှိ။ မှန်ကန်သောစကားကိုလည်း ပြောလေ့ မရှိသောသူသည် ဖန်ရည်ဆိုးသော အဝတ်ကိုဝတ်ရုံရန်မထိုက် ချေ။

ကိလေသာ ဆိုးရည်လည်းကင်း၊ သီလကိုလည်းကောင်းစွာ စောင့်ရှောက်၊ ဣန္ဒြေကိုလည်း ဆုံးမ စောင့်ရှောက်၍ မှန်ကန် သော စကားကို ပြောလေ့ရှိသူသာ ဖန်ရည်ဆိုးသောအဝတ်ကို ဝတ်ရုံရန် ထိုက်တန်၏။

၈။ အနှစ် မရှိသော တရားကို အနှစ်ရှိ။ အနှစ်ရှိသော တရားကို အနှစ်မရှိ ဟု မှတ်ထင်ကာ အယူမှား ရှိသူတို့သည် အနှစ်သာရကို မရနိုင်ကြချေ။

အနှစ်ရှိသော တရားကို အနှစ်ရှိ။ အနှစ်မရှိသော တရားကို အနှစ်မရှိ–ဟုသိ၍ အယူမှန်သူတို့သာ အနှစ်သာရကို ရနိုင်ကြ လေသည်။

၉။ အမိုးမလုံသောအိမ်အတွင်းသို့မိုးယိုသကဲ့သို့ ကမ္မဋ္ဌာန်း စီးဖြန်းခြင်း မရှိသော သူ၏ စိတ်တွင်းသို့ ကိလေသာရာဂ ယို ကျ၏။

ကောင်းစွာမိုးသော အိမ်တွင်းသို့ မိုးမယိုသကဲ့သို့ ကမ္မဋ္ဌာန်း စီးဖြန်းသောသူ၏ စိတ်တွင်းသို့ ကိလေသာရာဂ ယိုမကျနိုင်ချေ။

၁၀။ မကောင်းမှုပြုသောသူသည်၊ ဤဘဝမှာလည်းစိုးရိမ် သောက ဖြစ်ရ၏။ နောင်ဘဝမှာလည်း စိုးရိမ်သောကဖြစ် ရ၏။

ပစ္စုပ္ပန်-တမလွန်၊ နှစ်တန်သော ဘဝတို့မှာ စိုးရိမ်သောက ဖြစ်ရ၏။ သူသည် မိမိပြုသော မကောင်းမှုကိုမြင်၍ စိုးရိမ်ပင် ပမ်းရ၏။

၁၁။ ကောင်းမှုပြုသူသည်ဤ ဘဝမှာလည်း ရွှင်လန်းဝမ်း မြောက်ရ၏။ နောင်ဘဝမှာလည်း ရွှင်လန်းဝမ်းမြောက်ရ၏။ ပစ္စုပ္ပန်-တမလွန်၊ နှစ်တန်သော ဘဝတို့မှာ ရွှင်လန်း-ဝမ်း မြောက်ရ၏။ သူသည်မိမိပြုသောကောင်းမှုကို မြင်၍ လွန်စွာ ရွှင်လန်း-ဝမ်းမြောက်ရ၏။

၁၂။ မကောင်းမှု ပြုသောသူသည် ယခုလည်း ပူပန်ရ၏။ နောင်လည်းပူပန်ရ၏။ ခုရော-နောင်ပါ ပူပန်ရ၏။ မကောင်း မှုကို ငါပြုမိပြီ-ဟု ပူပန်ရ၏။ အပါယ်သို့ ရောက်သောအခါ သာ၍ ပူပန်ရလေ၏။

ကောင်းမှုပြုသူသည် ယခုလည်း နှစ်သက်ရ၏။ နောင်လည်း နှစ်သက်ရ၏။ ခုရော-နောင်ပါ နှစ်သက်ရ၏။ ကောင်းမှုကို ငါပြုခဲ့ရပြီ-ဟု နှစ်သက်ရ၏။ သုဂတိဘဝသို့ ရောက်သော အခါ သာ၍ နှစ်သက်ရ၏။

၁၃။ စာပေ-ပရိယတ္တိကိုများစွာသင်ကြားပို့ချငြားလည်း မေ့လျော့စွာ နေသော သူသည် ( သူတပါး၏ နွားများကို

ထိန်းကျောင်း၍ ရေတွက်ကာ ပြန်အပ်ရသော နွားကျောင်းသား.သည် နွားနို့အရသာကို မခံစားရသကဲ့သို့) မဂ်-ဖိုလ် အရသာကို မခံစားရချေ။

စာပေ=ပရိယတ္တိကို အနည်းငယ်မျှသာ သင်ကြားပို့ချသော်လည်း တရားနှင့်အညီ အားထုတ်သူသည် ရာဂ၊ ဒေါသ၊ မောဟကိုခွာ၍ အမှန်ကို သိ၏။ စိတ်သည် ကိလေသာမှ လွတ်၍ ဤဘဝ-နောင်ဘဝ၌ အစွဲအလန်း မရှိဘဲ မဂ်-ဖိုလ်အရသာ ခံစားရ၏။

## ( ခ ) အပ္ပမာဒဝဂ္ဂ–မမေ့မလျော့ခြင်း တရားစု

၁။ မမေ့လျော့ခြင်းသည်-သေခြင်း မရှိသော နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်၏။ မေ့လျော့ခြင်းသည်— သေခြင်း၏ အကြောင်းဖြစ်၏။ မမေ့လျော့သောသူတို့သည် သေသည်-မမည်ကုန်။ မေ့လျော့သောသူတို့သည် သေသောသူကဲ့သို့တည်း။

မမေ့လျော့သော ပညာရှိတို့သည်—ဤသို့ အထူးကို သိ၍ မမေ့လျော့ခြင်း၌ ဝမ်းမြောက်ကြ၍ သူတော်သည် အရိယာတို့၏ ကျက်စားရာ—မေ့လျော့ကြလေသည်။

ထိုပညာရှိတို့သည် စျာန်ရကုန်သည် ဖြစ်၍ အမြဲမပြတ် အားထုတ်ကြသဖြင့် အနှောင်အဖွဲ့ကင်းရာ အမြတ်ဆုံး နိဗ္ဗာန်သို့ ရောက်ကုန်၏။

၂။ ထကြွ - လုံ့လ ဝီရိယလည်းရှိ၊ သတိလည်းရှိ၊ စင်ကြယ်သောအလုပ်ကိုလည်းလုပ်၊ စူးစမ်းဆင်ခြင်၍လည်းပြုလေ့

ရှိ၊ ဣန္ဒြေကိုလည်း စောင့်စည်း၊ တရားသဖြင့်လည်း အသက်မွေး၍ မမေ့လျော့သော သူအား ကျော်စောခြင်းတိုးပွား၏။

၃။ ထကြွလုံ့လရှိခြင်း၊ မမေ့လျော့ခြင်း၊ သီလစောင့်စည်းခြင်း၊ ဣန္ဒြေကို ဆုံးမခြင်းရှိသော ပညာရှိသည် သံသရာသမုဒ္ဒရာ၌ ကိလေသာရေအယဉ် မဖျက်ဆီးနိုင်သောအရဟတ္တဖိုလ်တည်းဟူသော မိမိမှီရာကျွန်းကို ပြုလုပ်ရာ၏။

၄။ ပညာမရှိသော သူမိုက်တို့သည် မေ့လျော့ခြင်းဖြင့် အချိန်ဖြုန်းကြ၏။ ပညာရှိသည်ကား၊ မမေ့လျော့ခြင်းကိုသာ မြတ်သော ဥစ္စာကဲ့သို့ စောင့်ရှောက်၏။

မေ့လျော့ခြင်း မဖြစ်စေကုန်လင့်။ ကိလေသာအာရုံကာမဂုဏ်၌ မွေ့လျော်ပျော်ပါးတတ်သောတဏှာနှင့်မပေါင်းလင့်။ မမေ့လျော့သည်ဖြစ်၍ ရှုဆင်ခြင်သူသည် ကြီးကျယ်သောသုခသို့ရောက်၏။

၅။ ပညာရှိသည် မမေ့လျော့သော သတိဖြင့် မေ့လျော့ခြင်းကို ပယ်ဖျောက်၍ စိုးရိမ်ကြောင့်ကျကင်းစွာ ပညာတည်းဟူသော ပြာသာဒ်ပေါ်သို့ တက်ပြီးစိုးရိမ်ကြောင့်ကျ ရှိသော သတ္တဝါအပေါင်းကို ကြည့်၏။ တောင်ထိပ်ပေါ်က လူသည် မြေပြင်ကလူတို့ကို မြင်ရသကဲ့သို့ ပညာရှိသည်လူမိုက်တို့ကိုမြင်ရလေသည်။

၆။ မေ့လျော့ကုန်သော သူတို့အား မမေ့လျော့သောအိပ်မပျော်သော၊ များစွာ နိုးကြားတတ်သော သူတော်ကောင်း ပညာရှိသည် ( ခွန်အားကြီး၍ လျင်မြန်သော မြင်းကောင်းသည် မြင်းပိန်ကို နောက်ချန်ကာ ရှေ့သို့ တက်သွား

သကဲ့သို့ ) မေ့လျော့သော သူကို သံသရာ၌ချန်ထားခဲ့၍နိဗ္ဗာန်သို့ သွားလေ၏။

၇။ မမေ့လျော့ခြင်းကြောင့် သိကြားမင်း-ဦးမာဃသည် နတ်တစ်ရာတို့ထက် မြတ်သောအကြီးအမှူးအဖြစ်သို့ရောက်၏။

မမေ့လျော့သော သတိတရားကို ပညာရှိတို့ ချီးမွမ်းကုန်၏။
မေ့လျော့ခြင်းကို ပညာရှိတို့ အမြဲကဲ့ရဲ့ကုန်၏။

၈။ မီးသည် ကြီး-ငယ် မရှောင် လောင်စာ ဟူသမျှကို လောင်၍ သွားသကဲ့သို့ မမေ့လျော့ခြင်း၌ မွေ့လျော်၍၊ မေ့လျော့ခြင်း၏ အပြစ်ကို မြင်သော ရဟန်းသည် နည်းများမဟူ သံယောဇဉ်-အနှောင်အဖွဲ့ ဟူသမျှကို အရိယာမဂ်မီးဖြင့် ရှို့လျက် နိဗ္ဗာန်သို့ ရောက်သွားလေ၏။

၉။ မမေ့လျော့ခြင်း၌ မွေ့လျော်၍ မေ့လျော့ခြင်း၌ ဘေး-ဟု ရှုလေ့ရှိသော ရဟန်းသည် ဆုတ်ယုတ်ခြင်းငှာ မထိုက်၊ နိဗ္ဗာန်နှင့်သာလျှင် နီးကပ်၏။

## ( ၈ ) စိတ္တဝဂ္ဂ-စိတ်တရားစု

၁။ လေးသမားသည်မြှားကောက်ကိုတဖြည်းဖြည်းဖြောင့်သကဲ့သို့ ပညာရှိသည် လှုပ်ရှားသော၊ လျှပ်ပေါ်သော စောင့်စည်းနိုင်ခဲသော၊ တားဆီးနိုင်ခဲသော စိတ်ကို တဖြည်းဖြည်း ဖြောင့်ပေးနိုင်၏။

ရေမှ ဆယ်၍ ကုန်းပေါ်သို့ ပစ်တင်လိုက်သော ငါးသည် ဆွေ့ဆွေ့ခုန် သကဲ့သို့ စိတ်သည် ကာမဂုဏ် - အာရုံမှထုတ်၍

ကမ္မဋ္ဌာန်း ဘာဝနာကို တင်လိုက်သောအခါ တုန်လှုပ်နေလေသည်။

၂။ နှိမ်နင်းရန် ခဲယဉ်းသော လျင်မြန်သော၊ တွေ့ရာကာမဂုဏ်၌ ကျရောက်တတ်သော စိတ်ကိုဆုံးမလျှင် ကောင်း၏။ ယဉ်ကျေးသောစိတ်သည် ချမ်းသာကိုဆောင်၏။

၃။ မြင်တွေ့ရန် လွန်စွာ ခဲယဉ်းသော၊ အလွန် သိမ်မွေ့သော တွေ့ရာကာမဂုဏ်၌ ကျရောက်တတ်သောစိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ လုံခြုံစွာ စောင့်ရှောက်အပ်သော စိတ်သည် ချမ်းသာကို ဆောင်တတ်၏။

၄။ စိတ်သည် အဝေးကိုလည်းသွားတတ်၏။ တစ်ခုပြီး-တစ်ခု ဖြစ်တတ်၏။ အကောင်အထည်လည်းမရှိ။ ပဒယန္တလုံးကိုမှီပြီးဖြစ်၏။ ဤစိတ်ကို လုံခြုံစွာ စောင့်ရှောက်သူတို့သည် မာရ်မင်း၏ အနှောင်အဖွဲ့ – ဆင်းရဲ ဒုက္ခမှ လွတ်မြောက်ကုန်၏။

၅။ တည်ကြည်သော စိတ်လည်းမရှိ။ သူတော်ကောင်းတရားကိုလည်းမသိ။ သဒ္ဓါတရားလည်း မခိုင်မာသောသူအား ပညာရှိ—ဟု မမည်ချေ။

ရာဂဖြင့်မစွတ်စိုသော စိတ်လည်းရှိ၏။ ဒေါသဖြင့်မထိပါးသောစိတ်လည်း ရှိ၏။ ကောင်းမှု - မကောင်းမှုကို ပယ်ပြီး၍ နိုးကြားနေသူမှာ ကြောက်ရော ဘေးမရှိချေ။

၆။ ဤကိုယ်ကာယသည် အိုးနှင့်တူစွာ မကြာမတည်ပျက်တတ်သည်ကို သိ၍ ခိုင်ခန့်သော မြို့နှင့်တူသည့် ဤ ဝိပဿနာ

စိတ်ကိုဖြစ်စေ၍ ပညာလက်နက်ဖြင့် ရန်သူကို စောင့်ရာ၏။ ရပြီးသော ဈာန်ချမ်းသာကို သာယာငြိကပ်၍ မနေရာ။

၇။ ဤကိုယ်ကာယသည် မကြာမီ ဝိညာဉ်ကင်း၍ စွန့်ပစ်ရမည့် အခြေသို့ ရောက်ပြီးလျှင် အသုံးမဝင်သောထင်းတုံးကဲ့သို့ မြေ၌တုံးလုံး-ပက်လက် အိပ်စက်ရလိမ့်မည်။

၈။ ခိုးသူသည် ခိုးသူတစ်ယောက်ကို၊ သို့မဟုတ် ရန်သူသည် ရန်သူတစ်ယောက်ကို မြင်လျှင် ဤဘဝမှာသာ အကျိုးမဲ့ ဖျက်ဆီးနိုင်၏။ ယုတ်မာစွာ ရန်ငြိုးထားသောစိတ်သည်မိမိကိုယ်ကို ဘဝများစွာယုတ်မာအောင်ပြုပြီး အကျိုးမဲ့ဖျက်ဆီးလေသည်။

၉။ ချမ်းသာကို အမေလည်းမပေးနိုင်။ အဖေလည်းမပေးနိုင်။ ဆွေမျိုးတို့လည်းမပေးနိုင်ကြ။ ကောင်းစွာစောင့်ရှောက်သော စိတ်သာလျှင် မိဘ-ဆွေမျိုးတို့ထက်ပိုလွန်၍ ပေးနိုင်၏။

## သိင်္ဂါလသုတ် မြန်မာပြန် ကောက်နုတ်ချက်

အခါတပါး မြတ်စွာဘုရားသည်ရာဇဂြိုဟ်ပြည်ရှဉ့်နက်တို့ကို အစာပေးရာ ဖြစ်သော ဝေဠုဝန်ကျောင်းတော်၌သီတင်းသုံး နေထိုင်တော်မူ၏။ ထိုအခါ၌ 'သိင်္ဂါလ'အမည်ရှိသော သူကြွယ်သားသည်နံနက်စောစောအိပ်ယာမှထ၍ရာဇဂြိုဟ်ပြည်မှ ထွက်ပြီးလျှင် စိုသော အဝတ်၊ စိုသော ဆံပင် ရှိသည်ဖြစ်၍ ၁။ အရှေ့အရပ်။ ၂။ တောင်အရပ်။ ၃။ အနောက်အရပ်။ ၄။ မြောက်အရပ်။ ၅။ အထက်အရပ်။ ၆။ အောက်အရပ် ဟူသော အရပ်မျက်နှာကို လက်အုပ်ချီကာ ရှိခိုးနေသည်ကို မြတ်စွာဘုရားလည်း ဝေဠုဝန်ကျောင်းတော်မှထွက်၍ ရာဇ-

ဂြိုဟ်ပြည့်တွင်းသို့ ဆွမ်းခံဝင်အံ့သောငှာကြွတော်မူလာခိုက်နှင့် တိုက်ဆိုင်တွေ့ကြုံ၍ ရှိခိုးခြင်း၏ အကြောင်းရင်းကို မေးမြန်းတော်မူသောအခါ သေခါနီးကာလ၌ အဖဖြစ်သူ မှာကြားခဲ့သော သြဝါဒစကားကို လိုက်နာသောအားဖြင့် ဤကဲ့သို့ နေ့စဉ် အထူးထူးသော အရပ်မျက်နှာတို့ကို ရှိခိုးကြောင်းနှင့် ပြန်လျှောက်၏။

ထိုအခါ မြတ်စွာဘုရားက 'ငါဘုရား၏သာသနာအတွင်း၌မူကား၊ ဤကဲ့သို့သော အရပ်မျက်နှာမျိုးကို ရှိခိုးခြင်းမပြုအပ်ချေ။ ရှိခိုးအပ်သော အရပ်မျက်နှာ ဆိုသည်လည်း ဤအရပ်မျက်နှာမျိုးကို ဆိုသည်မဟုတ်' ဟု မိန့်တော်မူ၏။ ထိုအခါ 'သိင်္ဂါလ' သတို့သားက ရှိခိုးအပ်သော အရပ်မျက်နှာ ဆိုသည်ကို တင်ရှားသိသာအောင် တပည့်တော်အားဟောကြားတော်မူပါ—ဟုလျှောက်၏။ မြတ်စွာဘုရားလည်း 'သင်=ကြားနာမှတ်သားလိုက ငါဟောကြားမည် ရိုသေစွာ နားစိုက်၍ နာလော့'ဟု မိန့်တော်မူပြီးလျှင် အောက်ပါအတိုင်း ဟောကြားတော်မူလေသည်။

## အရပ် ( ၆ ) မျက်နှာ

၁။ အမိ=အဘကို အရှေ့မျက်နှာ ဟူ၍ မှတ်လေ၊

၂။ ဆရာသမားကို တောင်မျက်နှာဟူ၍ မှတ်လေ၊

၃။ သား,မယားကို အနောက်မျက်နှာဟူ၍ မှတ်လေ၊

၄။ အဆွေ-ခင်ပွန်းကို မြောက်မျက်နှာဟူ၍ မှတ်လေ၊

၅။ ကျေးကျွန်-အမှုလုပ်သူတို့ကို အောက် အရပ်မျက်နှာဟူ၍ မှတ်လေ။

၆။ ရဟန်း - သူမြတ်တို့ကိုအထက်အရပ်မျက်နှာဟူ၍မှတ်လေ။ ထိုခြောက်ပါးသော အရပ်မျက်နှာတို့တွင်—

အရပ် ( ၆ ) မျက်နှာ လုံခြုံအောင် ကျင့်နည်း

( ၁ ) အရှေ့မျက်နှာဟူသော အမိ-အဘတို့၌—

သား-သမီးတို့က ပြုကျင့်ရန် ဝတ် ( ၅ ) ပါး

၁။ မိဘများသည် မိမိအား ငယ်စဉ်က ကျွေးမွေး စောင့်ရှောက် လာခဲ့သည့် အတူ၊ မိမိကလည်း မိဘတို့အား ပြန်လည်ကျွေးမွေး စောင့်ရှောက်ခြင်း။

၂။ မိဘတို့၏ ပြုလုပ် ဆောင်ရွက်ဘွယ်ကိစ္စကို မိမိက စီမံ ဆောင်ရွက် ပြုလုပ်ခြင်း။

၃။ အမျိုးအနွယ် မတိမ်ကော မပျက်စီးအောင် စောင့် စည်း ထိန်းသိမ်းခြင်း။

၄။ မိဘတို့၏ အမွေအနှစ်ကို ခံယူထိုက်အောင် ကောင်း စွာ ကျင့်ဆောင်ခြင်း။

၅။ မိဘတို့ ကွယ်လွန်ပြီးသောအခါ မိဘတို့အတွက် ရည် မှန်း၍ အလှူ-အတန်း ပေးကမ်း- လှူဒါန်း ပြီးလျှင် အမျှပေးဝေခြင်း။

**မိဘတို့က သား-သမီးတို့ကို ချီးမြှောက်ရန် ဝတ် ( ၅ ) ပါး**

၁။ မကောင်းမှုမှ ဆုံးမ - တားမြစ်ရခြင်း။
၂။ ကောင်းမှုဘက်၌ တိုက်တွန်းနှိုးဆော်ရခြင်း။
၃။ အတတ်ပညာကို သင်ကြားပေးရခြင်း။
၄။ သင့်လျော်သော အမျိုးသမီး – သားနှင့် ထိမ်းမြားပေးစားရခြင်း။
၅။ သင့်လျော်သော အခါတွင် အင်အား အလျောက် အချင်း-အနှီး ထုတ်ပေးရခြင်း။

ဤကဲ့သို့ သား - သမီးများက အမိ - အဘတို့၏ ဝတ္တရားတို့ကို ညီညွတ်အောင်ကျင့်ဆောင်ကြ၍ အမိ-အဘ တို့ကလည်း သား - သမီးတို့အား တုံ့ပြန်သော အားဖြင့် စောင့်ရှောက်ချီးမြှောက်ကြပါမူ အရှေ့အရပ်ဟူသော မျက်နှာကို ဘေးရန်အန္တရာယ်မှ ကာကွယ်၍ လုံခြုံအောင် ဖုံးလွှမ်းထားသည် မည်သောကြောင့် သား-သမီးနှင့် မိဘ နှစ်ဦးလုံးပင် ဘေးရန်ကင်းကွာ ချမ်းသာ-သုခနှင့် ပြည့်စုံနိုင်ကြသည်။

**( ၂ ) တောင်မျက်နှာဟူသော ဆရာသမားတို့၌ တပည့်တို့ကပြုကျင့်ရန်ဝတ်(၅)ပါး**

၁။ ဆရာ လာသည်ကို အဝေးမှ မြင်လျှင် နေရာမှထ၍ ခရီးဦးကြို ပြုလုပ်ရခြင်း။
၂။ တနေ့လျှင် သုံးကြိမ်ကျ ဆရာထံ ဆည်းကပ် ဝတ်ပြုရခြင်း။

၃။ ဆရာ၏ ဆုံးမစကားကို ယုံကြည် လေးစား လိုက်နာ နားထောင်ရခြင်း။
၄။ ဆရာကို အရှိ-အသေ လုပ်ကျွေးပြုစုရခြင်း။
၅။ ဆရာ သင်ကြားပေးသော အတတ်ပညာကို ရိုသေ သန့်ရှင်းစွာ သင်ယူရခြင်း။

## ဆရာ သမားတို့က တပည့်တို့ကို ချီးမြှောက်ရန် ဝတ် ( ၅ ) ပါး

၁။ တရားနှင့်အညီ ကျင့်ကြံ နေထိုင်တတ်အောင် ကောင်းစွာ အဆုံးအမ ပေးခြင်း။
၂။ အတတ်ပညာကို ရှင်းလင်းစွာ တတ်သိနားလည်အောင် ကောင်းစွာ သင်ကြားပေးစေခြင်း။
၃။ မိမိတတ်သိသော ပညာအလုံးစုံကို မထိန်မချန် ရှင်းလင်းစွာ တတ်သိနားလည်အောင်သင်ကြားပေးခြင်း။
၄။ တပည့်သားတို့၏ဉာဏ်ရည်အလျောက် အဆွေ-ခင်ပွန်းတို့ ရှေ့တွင် ချီးမြှောက် ပြောဆိုကာ အသိအမှတ်ပြုစေခြင်း။
၅။ နီး - ဝေး မခြား တပည့်သားတို့အား တရားနှင့်အညီ စောင့်ရှောက် ကာကွယ်လျက် တပည့်သားတို့၏ ကိုးကွယ်ရာ ဖြစ်ရခြင်း။

ဤကဲ့သို့ တပည့်များက ဆရာတို့၏ဝတ္တရားများကိုညီညွတ်အောင် ကျင့်ဆောင်၍ ဆရာများကလည်း ၎င်းတို့အား တုံ့ပြန်သောအားဖြင့်စောင့်ရှောက်ချီးမြှောက်ကြပါမူတောင်မှုက်နှာ

ဟူသော အရပ်ကို ဘေးအန္တရာယ်မှလုံခြုံအောင် ကာကွယ်ပိတ်ဖုံး၍ ထားသည်မည်သောကြောင့်ဆရာနှင့်တပည့်နှစ်ဦးလုံးပင် ဘေးရန်ကင်းကွာ ချမ်းသာသုခနှင့် ပြည့်စုံနိုင်ကြသည်။

### (၃) အနောက်မျက်နှာဟူသော သားမယား၌ လင်ဖြစ်သူက ပြုကျင့်ရန် ဝတ် ( ၅ ) ပါး

၁။ မြတ်နိုးကျင်နာရှိခြင်း။
၂။ မထီမဲ့မြင် မပြုလုပ်-မပြောဆိုခြင်း။
၃။ အခြားတပါးသော မိန်းမ၌ လွန်ကျူးဖောက်ပြန်၍ မကျင့်ခြင်း။
၄။ ရရှိလာသော ဥစ္စာပစ္စည်းကို သင်၏ အလိုအတိုင်း သင့်လျော်အောင် စီရင်လော့ဟုမချွင်း-မချန် အပ်နှံပေးကမ်းခြင်း။
၅။ အဝတ်တန်ဆာကို အခါအလျောက် ဆင်ယင်၍ ပေးခြင်း။

### မယားဖြစ်သူက လင်အပေါ်၌ ပြုကျင့်ရန် ဝတ် ( ၅ ) ပါး

၁။ အိမ်တွင်းမှု ကိစ္စကို စီမံပြုပြင်လုပ်ကိုင်ခြင်း။
၂။ ပရိသတ်အား ထိုက်သည့်အလျောက် ချီးမြှောက်ပေးကမ်းတတ်ခြင်း။
၃။ အခြားတပါးသောယောကျ်ားနှင့် ကျူးလွန်ဖောက်ပြန်၍ မကျင့်ခြင်း။

၄။ လင်သား ရှာဖွေ ရရှိလာသော ပစ္စည်း–ဥစ္စာတို့ကို ကောင်းစွာသိမ်း စောင့်ရှောက်တတ်ခြင်း။

၅။ အမှု–ကိစ္စဟူသမျှ၌ ပျင်းရိခြင်းမရှိမှု၍ လိမ္မာရခြင်း။

ဤကဲ့သို့ လင်ယောကျ်ားက ဝတ္တရားများကို ညီညွတ်စွာ ကျင့်ဆောင်၍၊ မယားကလည်း လင်ယောကျ်ားအား တုံ့ပြန်သောအားဖြင့် ဝတ္တရားအတိုင်း ပြန်လည်စောင့်ရှောက်ပါမူ အနောက်အရပ်ဟူသော မျက်နှာကို ဘေးရန်မှ လုံခြုံအောင် ကာကွယ်ပိတ်ဖုံး၍ ထားသည်နှင့်တူသောကြောင့် လင်မယားနှစ်ဦးလုံးပင် ဘေးရန် ကင်းကွာ ချမ်းသာ သုခနှင့် ပြည့်စုံနိုင်ကြသည်။

( ၄ ) မြောက်အရပ်မျက်နှာ ဟူသော အဆွေခင်ပွန်းတို့၌ ပြုကျင့်ရန် ဝတ် ( ၅ ) ပါး

၁။ ပေးကမ်းဘွယ်ကို လှူဘွယ်ကူ လျှင်မြန်စွာပေးကမ်းငတ်ခြင်း။

၂။ ချစ်ဖွယ်သောစကားကို ပြောဆိုတတ်ခြင်း။

၃။ မိတ်ဆွေ၏ အကျိုး–စီးပွား ရှိအောင် ကျင့်ဆောင်ခြင်း။

၄။ မိတ်ဆွေကို မိမိကိုယ်နှင့် ထပ်တူ တန်းတူအနေထား၍ တူမျှစေခြင်း။

၅။ မချွတ်–မယွင်း တည့်မတ်မှန်ကန်ခြင်း။

## အဆွေ-ခင်ပွန်း တို့က ပြန်၍ ပြုကျင့်ရန် ဝတ် ( ၅ ) ပါး

၁။ အမှု ကိစ္စ၌ မေ့လျော့နေလျှင် မမေ့-မလျော့အောင် စောင့်ရှောက်ခြင်း။

၂။ ပစ္စည်း-ဉစ္စာကို ကူညီစောင့်ရှောက်ပေးခြင်း၊

၃။ ကြောက်ရွံ့ထိတ်လန့်ဘွယ်ရှိလျှင် အားကိုးမှီခိုရာဖြစ်ခြင်း။

၄။ ဘေးတွေ့လာလျှင် ပစ်မထားခြင်း။

၅။ သား၊ မြေး၊ မြစ်အထိ စောင့်ရှောက်ရှုံညွှန်ကြားခြင်း။

ဤကဲ့သို့ မိတ်ဆွေ-အချင်းချင်း (တစ်ဦးနှင့် တစ်ဦး) မိမိတို့ ဆိုင်ရာ ဝတ္တရားများနှင့် အညီ ကျင့်ဆောင် ကြပါလျှင် မြောက်မျက်နှာဟူသော အရပ်ကို လုံခြုံအောင် ပိတ်ဖုံးကာကွယ်ထားသည်နှင့် တူသောကြောင့် နှစ်ဦးစလုံးပင် ဘေးရန် ကင်းကွာ ချမ်းသာသုခနှင့် ပြည့်စုံနိုင်ကြသည်။

## ( ၅ ) အောက်အရပ်မျက်နှာဟူသော ကျေးကျွန် အမှုအလုပ်တို့၌ အရှင်သခင်က ပြုကျင့်ရန် ဝတ် ( ၅ ) ပါး

၁။ အစွမ်းသတ္တိ-အင်အားရှိသည့် အလျောက်သာ အမှုကိစ္စကို ပြုလုပ်ဆောင်ရွက်စေခြင်း။

၂။ ရိက္ခာ၊ အခ၊ စားနားကို မှန်ကန်စွာဖေးကမ်းထောက်မခြင်း၊

၃။ မကျန်းမမာ-ဝေဒနာကပ်ရောက်သောအခါကောင်းစွာ ပြုစုရခြင်း။

၄။ ကောင်းမွန်- ထူးမြတ်သော စားဖွယ် - သောက်ဖွယ် ရရှိလာသော် ဝေဖန်မျှတစွာ ပေးကမ်းခြင်း။

၅။ လွတ်ချိန်တန်သောအခါအလုပ်ခွင်မှအခွင့်လွတ်ခြင်း။

**ကျေးကျွန် အမှုလုပ်သူတို့က အရှင်သခင်အား ပြုကျင့်ရန် ဝတ် ( ၅ ) ပါး**

၁။ အရှင် - သခင် မထမီ အိပ်ယာမှ စောစောထခြင်း။

၂။ အရှင် - သခင်အိပ်ပြီးနောက်မှ အိပ်စက်ခြင်း။

၃။ တစ်စုံတစ်ခုသော ပစ္စည်း ဥစ္စာကို အရှင်သခင်ပေးမှသာ ယူငင်ရခြင်း။

၄။ အမှု-ကိစ္စကို ကောင်းစွာ လုပ်ကိုင်ဆောင်ရွက်ခြင်း။

၅။ အရှင်သခင်၏ကျော်ဇောခြင်းကျေးဇူးကိုကောင်းစွာ ဆောင်ခြင်း။

ဤကဲ့သို့ အရှင်သခင်နှင့် ကျေးကျွန်အမှုလုပ်တို့သည် မိမိတို့ဆိုင်ရာ ဝတ္တရားများနှင့်အညီ ကျင့်ဆောင်ကြလျှင် အောက်မျက်နှာဟူသောအရပ်ကို လုံခြုံအောင် ပိတ်ဖုံး၍ ထားသည်နှင့်တူသောကြောင့် ကျွန်-အရှင် နှစ်ဦးလုံးပင် ဘေးကင်းနေကြ၍ ချမ်းသာ-သုခနှင့် ပြည့်စုံနိုင်ပါသည်။

## ( ၆ ) အထက်အရပ်မျက်နှာဟူသော ရဟန်းသူမြတ်တို့၌ ဒါယကာတို့က ပြုကျင့်ရန်ဝတ် ( ၅ ) ပါး

၁။ ချစ်ခင်ဖွယ်သော-ကာယကံမှုရှိခြင်း
၂။ ချစ်ခင်ဖွယ်သော-ဝစီကံမှုရှိခြင်း။
၃။ ချစ်ခင်ဖွယ်သော-မနောကံမှုရှိခြင်း။
၄။ ပစ္စည်းလေးပါးနှင့် စပ်၍ တံခါးကို ဖွင့်၍ထားသည့် အလား အပိတ်-အပင်မရှိ လှူဒါန်းမှုရှိခြင်း။
၅။ ယာဂုဆွမ်း စသော အာမိသဒါနကို ထောက်ပံ့ လှူဒါန်းခြင်း။

## ရဟန်းသူမြတ်တို့က ဒါယကာတို့အား ပြုကျင့်ရန် ဝတ် ( ၆ ) ပါး

၁။ မကောင်းမှုမှ တားမြစ်ခြင်း-ပိတ်ပင်ခြင်း။
၂။ ကောင်းမှုဘက်၌ တိုက်တွန်း နှိုးဆော်ခြင်း။
၃။ ကောင်းသောစိတ်ဖြင့် အစဉ်စောင့်ရှောက်ကာ မေတ္တာပွားခြင်း။
၄။ မကြားဘူးသော တရားစကားကို ဟောကြားပြသခြင်း။
၅။ ကြားဘူးသောတရားစကားကို ရှင်းလင်းအောင် ထပ်မံဟောပြခြင်း။
၆။ နတ်ရွာ-နိဗ္ဗာန်ရောက်ကြောင်း လမ်းကို ညွှန်ကြားခြင်း။

ဤကဲ့သို့ ရဟန်းတော်တို့နှင့် ဒါယကာတို့သည် ဆိုင်ရာဝတ္တရားများနှင့်အညီ ကျင့်ဆောင်ကြပါလျှင် အထက်အရင်ကို

လုံခြုံအောင် ဖုံးလွှမ်း ပိတ်ဆို့ထားသည်နှင့် တူသောကြောင့် ဆရာ ဒကာ နှစ်ဦးစလုံးပင်ဘေးကင်းရန်ကွာ ချမ်းသာ သုခနှင့် ပြည့်စုံနိုင်သည်။

ထို့ကြောင့် သူကြွယ်သား 'သိင်္ဂါလ' အထက်ပါ အရပ်ခြောက်ပါးကိုသာ ကျင့်ဝတ်များနှင့်အညီ ကျင့်ဆောင်ခြင်းအားဖြင့် ရှိခိုးထိုက်သည်ဟူ၍ ဟောကြားတော်မူလေသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ အစိုးရပုံနှိပ်တိုက်မှထုတ်ဝေသည့် 'ဗုဒ္ဓဘာသာလက်စွဲ' သတ္တမတွဲ စာအုပ်မှ ကူးယူပါသည်။

— း ✻ း —

# ကိုယ်ချင်းစာ - တရားတော်

## ( မဟာဝဂ္ဂ- သံယုတ်ပါဠိတော် )

## ဝေဠုဒွါရေယျသုတ် — မြန်မာပြန်

အခါတပါး၌ မြတ်စွာဘုရား သည်များစွာသော ရဟန်း သံဃာများနှင့်အတူ 'ကောသလ' တိုင်း၌ ဒေသစာရီ ကြွတော်မူသည်ရှိသော် ကောသလ တိုင်းတို့၌ 'ဝေဠုဒွါရ' မည်သော ပုဏ္ဏားရွာသို့ရောက်တော်မူ၏။ ထို ဝေဠုဒွါရရွာသား ပုဏ္ဏား နှင့် အမျိုးသားတို့သည် (ဤသို့) ကြားသိလေကုန်၏—

'အချင်းတို့....၊ သာကီဝင်မင်းမျိုးမှ ရဟန်းပြုသည့် သာကီဝင်မင်းသား 'ရဟန်း-ဂေါတမ'သည် များစွာသော ရဟန်းသံဃာနှင့်အတူ ကောသလတိုင်းတို့၌ဒေသစာရီလှည့်လည်တော်မူရာ ဝေဠုဒွါရရွာ သို့ ရောက်လာ၏' ဟု ကြားကုန်၏။ ထို

အသျှင်ဂေါတမ၏ ကျော်စောသတင်းသည် ဤသို့ပျံ့နှံ့၍ထွက်၏။ ထို 'မြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း 'အရဟံ' မည်တော်မူပါပေ၏၊ အလုံးစုံသော တရားတို့ကိုကိုယ်တိုင်မှန်စွာသိတော်မူသော အကြောင်းကြောင့်လည်း 'သမ္မာသမ္ဗုဒ္ဓ' မည်တော်မူပါပေ၏။ အသိဉာဏ် 'ဝိဇ္ဇာ' အကျင့် 'စရဏ' နှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း 'ဝိဇ္ဇာစရဏသမ္ပန္န' မည်တော်မူပါပေ၏။ ကောင်းသောစကားကိုဆိုတော်မူတတ်သောအကြောင်းကြောင့်လည်း 'သုဂတ' မည်တော်မူပါပေ၏။ လောကကို သိတော်မူသော အကြောင်းကြောင့်လည်း 'လောကဝိဒူ' မည်တော်မူပါပေ၏။ ဆုံးမထိုက်သူကိုဆုံးမတတ်သည့်အတုမဲ့ပုဂ္ဂိုလ်ဖြစ်တော်မူသော အကြောင်းကြောင့်လည်း 'အနုတ္တရောပုရိသဓမ္မသာရထိ' မည်တော်မူပါပေ၏။နတ်လူတို့၏ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း 'သတ္ထာဒေဝမနုဿာနံ' မည်တော်မူပါပေ၏။ သစ္စာလေးပါးတရားတို့ကို သိတော်မူသော အကြောင်းကြောင့်လည်း 'ဗုဒ္ဓ' မည်တော်မူပါပေ၏။ ဘုန်းတန်ခိုး ကြီးတော်မူသောအကြောင်းကြောင့်လည်း 'ဘဂဝါ' မည်တော်မူပါပေ၏' ဟု ပျံ့နှံ့ထွက်၏။ ထိုမြတ်စွာဘုရားသည် မာရ်နတ်၊ နတ်ဗြဟ္မာနှင့်တကွသော နတ်လောကနှင့် သမဏဗြာဟ္မဏမင်းများ၊ လူများနှင့်တကွသော လူ့လောကကို ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုလျက် ဟောကြားတော်မူ၏။ ထို မြတ်စွာဘုရားသည် အစ၏ ကောင်းခြင်း၊ အလယ်၏ကောင်းခြင်း၊ အဆုံး၏ကောင်းခြင်း ရှိသော အနက်

နှင့်ပြည့်စုံသော သဒ္ဒါနှင့်ပြည့်စုံသောတရားကို ဟောတော်မူ၏၊ အလုံးစုံ ပြည့်စုံသော၊ စင်ကြယ်သော၊ မြတ်သော အကျင့်ကို ပြတော်မူ၏။ ထိုသို့သဘောရှိသော ရဟန္တာပုဂ္ဂိုလ်တို့ကိုဖူးမြင်ရခြင်းသည် ကောင်းသည်သာတည်း’ဟု ကြားသိလေကုန်၏။

ထို နောက် ထို ဝေဠုဒွါရရွာသား ပုဏ္ဏားနှင့်အမျိုးသားတို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကုန်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် သင့်တင့်လျောက်ပတ်သောနေရာ၌ထိုင်နေကုန်၏၊ ထိုနောက် မြတ်စွာဘုရားအား ဤစကားကို လျှောက်ကုန်၏။

‘အသျှင် ဂေါတမ၊ အကျွန်ုပ်တို့သည် သားမယားတို့ဖြင့် ကျဉ်းမြောင်းသော အိမ်ရာ၌ နေလိုကြပါကုန်၏။ ကာသိတိုင်းထွက် စန္ဒကူးကို သုံးဆောင်ခံစားလိုကြပါကုန်၏၊ ပန်းပန်ခြင်း နံ့သာခြယ်ခြင်း၊ နံ့သာပြောင်းလိမ်းခြင်းကိုပြုလိုကြပါကုန်၏၊ ရွှေငွေကို လက်ခံသာယာလိုကြပါကုန်၏၊ ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောသူတို့၏ လားရောက်ရာ နတ်ပြည်သို့ ရောက်လိုကြပါကုန်၏။ အသျှင်ဂေါတမသည် ဤသို့ အလိုဆန္ဒ- အဓိပ္ပါယ်ရှိကုန်သော ထိုအကျွန်ုပ် တို့အား အလိုအကိုင်းဖြစ်နိုင်-ရောက်နိုင်လောက်သော အခြင်းအရာ အားဖြင့် တရားများကို ဟောတော်မူပါ’ဟု လျှောက်၏။

အမျိုးသားတို့…၊ သင်တို့အား မိမိကိုယ်၌ ဆောင်ထားထိုက်သော တရားဒေသနာကို ဟောကြားပေအံ့။ ထိုတရားကို နာကြကုန်လော့၊ ကောင်းစွာ နှလုံးသွင်း ကြကုန်လော့။ ဟောပေအံ့-ဟု မိန့်တော်မူ၏၊ ‘အသျှင်ဘုရား…၊ ကောင်းပါပြီ…’ဟု ထိုဝေဠုဒွါရ ရွာသား ပုဏ္ဏားနှင့် အမျိုးသားတို့

သည် မြတ်စွာဘုရားအား ပြန်လျှောက်ကုန်၏။ မြတ်စွာ ဘုရား သည် ဤစကားကို မိန့်တော်မူ၏။

အမျိုးသားတို့....၊ မိမိကိုယ်၌ဆောင်ထားထိုက်သော တရား ဒေသနာဟူသည်-အဘယ်နည်း။ အမျိုးသားတို့....၊ ငါသည် အသက်ရှင်လို-မသေလို၊ ချမ်းသာလို၏။ ဆင်းရဲကို စက်ဆုပ်၏။ အကြင်သူသည် အသက်ရှင်လို - မသေလို၊ ချမ်းသာလိုသော် ဆင်းရဲကိုစက်ဆုပ်သော ငါ့အား သတ်ငြားအံ့။ ငါသည် ထို သူ၏ ထိုသတ်မှုကို မချစ်မနှစ်သက်။ ငါကလည်း အသက်ရှင် လို-မသေလို၊ ချမ်းသာလိုသော ဆင်းရဲကို စက်ဆုပ်သောသူ တပါးကိုသတ်ငြားအံ့။ သူတပါးကလည်း ထိုသတ်မှုကို မချစ် မနှစ်သက်။ ငါသည် မချစ်မနှစ်သက်သောတရားကို သူတပါး သည်လည်း မချစ် မနှစ်သက်။ ငါမချစ် မနှစ်သက်သော ထို တရားနှင့် သူတပါးကို အဘယ်ကြောင့် ယှဉ်စေရာအံ့နည်း-ဟု အရိယာတပည့်သည် ဤသို့ဆင်ခြင်၍ မိမိကိုယ်တိုင်လည်း သူ့ အသက်-သတ်ခြင်းမှ ရှောင်ကြဉ်၏။ သူတပါးကိုလည်း သူ့ အသက်-သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၌ ဆောက်တည်စေ၏။ သူ့အသက်-သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၏ ဂုဏ်ကျေးဇူးကို လည်း ပြောဆို၏။ ဤသို့ ထိုသူ၏ ကိုယ်ကျင့်—ကောင်းခြင်း သည် အစွန်းသုံးပါးမှ စင်ကြယ်၏။

အမျိုးသားတို့....၊ နောက်တမျိုးကား၊ အကြင်သူသည် ငါ မပေးသော ဥစ္စာကို ခိုးလိုသောစိတ်ဖြင့်ခိုးယူငြားအံ့။ ငါသည် ထိုသူ၏ ခိုးယူမှုကို မချစ်မနှစ်သက်။ ငါကလည်း သူတပါး

မပေးသောဥစ္စာကို ခိုးယူလိုသော စိတ်ဖြင့် ခိုးယူ၍သွားအံ့။ သူတပါးကလည်း ထို ခိုးယူမှုကို မချစ်မနှစ်သက်။ ငါသည် မချစ်မနှစ်သက်သော တရားကို သူတပါးသည်လည်း မချစ် မနှစ်သက်။ ငါ မချစ်သော-မနှစ်သက်သော ထိုတရားနှင့် သူတပါးကို အဘယ်ကြောင့် ယှဉ်စေရအံ့နည်း-ဟု အရိယာတပည့်သည် ဤသို့ ဆင်ခြင်၍ မိမိကိုယ်တိုင်လည်း မပေးသောဥစ္စာကိုခိုးယူခြင်းမှ ရှောင်ကြဉ်၏။ သူတပါးကိုလည်း မပေးသောဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း၌ ဆောက်တည်စေ၏။ မပေးသောဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း၏ ဂုဏ်ကျေးဇူးကိုလည်း ပြောဆို၏။ ဤသို့ ထိုသူ၏ ကိုယ်ကျင့်ကောင်းခြင်းသည်အစွန်းသုံးပါးမှ စင်ကြယ်၏။

အမျိုးသားတို့...၊ နောက်တမျိုးကား၊ အကြင်သူသည်ငါ၏ သား မယားတို့၌ လွန်ကျူးခြင်းသို့ ရောက်ငြားအံ့။ ငါသည် ထိုသူ၏ ထိုလွန်ကျူးမှုကို မချစ် မနှစ်သက်။ ငါကလည်း သူတပါး၏ သားမယားတို့၌ လွန်ကျူးခြင်းသို့ ရောက်ငြားအံ့။ သူတပါးကလည်း ထိုလွန်ကျူးမှုကို မချစ် မနှစ်သက်။ ငါ မချစ် မနှစ်သက်သော ထိုတရားနှင့် သူတပါးကိုအဘယ်ကြောင့် ယှဉ်စေရအံ့နည်း—ဟု အရိယာတပည့်သည် ဤသို့ ဆင်ခြင်၍ မိမိကိုယ်တိုင်လည်း ကာမတို့၌ မှားသောအားဖြင့် ကျင့်ခြင်းမှ ရှောင်ကြဉ်၏။ သူတပါးကိုလည်း ကာမတို့၌မှားသောအားဖြင့် ကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်း၌ ဆောက်တည်စေ၏။ ကာမတို့၌ မှားသောအားဖြင့် ကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်း၏ဂုဏ်ကျေးဇူး

ကိုလည်း ပြောဆို၏။ ဤသို့ ထိုသူ၏ ကိုယ်ကျင့်ကောင်းခြင်းသည် အစွန်းသုံးပါးမှ စင်ကြယ်၏။

အမျိုးသားတို့ ....၊ နောက်တမျိုးကား၊ အကြင်သူသည် မမှန် ပြောခြင်းဖြင့် ငါ၏ အကျိုးကို ချိုးဖျက်ငြားအံ့။ ငါသည် ထိုသူ၏ မမှန်ပြောဆိုမှုမျိုးကို မချစ်မနှစ်သက်။ ငါကလည်း မမှန်ပြောဆိုခြင်းဖြင့် သူတပါး၏-အကျိုးကို ချိုးဖျက်ငြားအံ့။ သူတပါးကလည်း ထို မမှန် ပြောဆိုမှုမျိုးကိုမချစ်မနှစ်သက်။ ငါ မချစ် မနှစ်သက်သော တရားကို သူတပါးသည်လည်း မချစ်မနှစ်သက်။ ငါ မချစ် မနှစ်သက်သော ထိုတရားနှင့် သူတပါးကို အဘယ်ကြောင့် ယှဉ်ရေအံ့နည်း-ဟု အရိယာတပည့်သည် ဤသို့ဆင်ခြင်၍ မိမိကိုယ်တိုင်လည်း မမှန်ပြောဆိုခြင်းမှ ရှောင်ကြဉ်၏။ သူတပါးကိုလည်း မမှန်ပြောခြင်းမှ ရှောင်ကြဉ်ခြင်း၌ဆောက်တည်စေ၏။ မမှန်ပြောခြင်းမှ ရှောင်ကြဉ်ခြင်း၏ ဂုဏ် ကျေးဇူးကိုလည်း ပြောဆို၏။ ဤသို့ ထိုသူ၏ နှုတ်ကျင့်ကောင်းခြင်းသည် အစွန်းသုံးပါးမှစင်ကြယ်၏။

အမျိုးသားတို့ ...၊ နောက်တစ်မျိုးကား အကြင်သူသည် ကုန်းစကားဖြင့် ငါ့ကို မိတ်ဆွေတို့နှင့် ခွဲခြားအံ့၊ ငါသည် ထိုသူ၏ကုန်းချောမှုကို မနှစ်သက်။ ငါကလည်းကုန်းစကားဖြင့် သူတပါးကို မိတ်ဆွေတို့နှင့် ခွဲခြားအံ့။ သူတပါးသည်လည်း ထိုကုန်းချောမှုမျိုးကို မချစ်မနှစ်သက်။ ဤသို့ ထိုသူ၏နှုတ်ကျင့်ကောင်းခြင်းသည် အစွန်းသုံးပါးမှ စင်ကြယ်၏။

အမျိုးသားတို့ ...၊ နောက် တမျိုးကား၊ အကြင်သူသည် ငါ့ကို ကြမ်းတမ်းသောစကားဖြင့် ပြောဆိုငြားအံ့။ ငါသည် ထိုသူ၏ ကြမ်းတမ်းစွာ ပြောဆိုမှုကို မချစ်မနှစ်သက်။ ငါကလည်း သူတပါးကို ကြမ်းတမ်းသော စကားဖြင့် ပြောဆိုငြားအံ့။ သူတပါးသည်လည်း ထိုကြမ်းတမ်းစွာ ပြောဆိုမှုကို မချစ်မနှစ်သက်၊ ဤသို့ ထိုသူ၏ နှုတ်ကျင့် ကောင်းခြင်းသည် အစွန်း သုံးပါးမှ စင်ကြယ်၏။

အမျိုးသားတို့ ....၊ နောက် တစ်မျိုးကား၊ အကြင် သူသည် ငါ့ကို ပြိန်ဖျင်းသော စကားဖြင့် ပြောဆိုငြားအံ့၊ ငါသည် ထိုသူ၏ အပြိန်အဖျင်း ပြောဆိုမှုကို မချစ်မနှစ်သက်၊ ငါကလည်း သူတပါးကို ပြိန်ဖျင်းသော စကားဖြင့် ပြောဆိုငြားအံ့၊ သူတပါးသည်လည်း ထိုအပြိန်အဖျင်း ပြောဆိုမှုကို မချစ်မနှစ်သက်။

ငါ မချစ်မနှစ် သက်သော တရားကို သူတပါးသည်လည်း မချစ် မနှစ်သက်၊ ငါမချစ်မနှစ်သက်သော ထိုတရားနှင့် သူတပါးကို အဘယ့်ကြောင့် ယှဉ်စေရာအံ့နည်း ဟု အရိယာ တပည့်သည် ဤသို့ ဆင်ခြင်၍ မိမိကိုယ်တိုင်လည်း ပြိန်ဖျင်းသော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်၏၊ သူတပါးကိုလည်း ပြိန်ဖျင်းသော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၌ ဆောက်တည်စေ၏၊ ပြိန်ဖျင်းသော စကား ကို ပြောဆိုခြင်းမှ – ရှောင်ကြဉ် ခြင်း၏ "ဂုဏ်ကျေးဇူး" ကိုလည်း ပြောဆို၏၊ ဤသို့ ထိုသူ၏နှုတ်ကျင့် ကောင်းခြင်းသည် အစွန်းသုံးပါးမှ စင်ကြယ်၏။

ထို အရိယာ တပည့်သည် ဘုရား၊ တရား၊ သံဃာ တော်၌ မတုန် - မလှုပ် ကြည်ညိုခြင်း နှင့် ပြည့်စုံ၏၊ မကျိုး ကုန်သော တည်ကြည်မှု သမာဓိကို ဖြစ်စေတတ်ကုန်သော 'သီလ' တို့နှင့် ပြည့်စုံ၏၊ အမျိုးသား တို့ ....၊ ထိုအရိယာ တပည့်သည် ဤသူ တော်ကောင်းတရား ခုနစ်ပါးတို့နှင့် ပြည့်စုံခြင်းကြောင့် အပါယ် လေးပါး တို့မှ လွတ်ကင်း၍ မသေမီ ချမ်းသာစွာ နေရ၏၊ သေ ပြီးနောက်ကာလ၌ 'နတ်ပြည်' သို့ ရောက်၏။

ဤသို့ မိန့်တော်မူလတ်သော် ဝေဠုဒွါရရွာသား ပုဏ္ဏားနှင့် အမျိုးသားတို့သည် မြတ်စွာဘုရားအား ဤစကားကို လျှောက် ကုန်၏။

" အသျှင် ဂေါတမ....၊ တရားတော်သည် အလွန်နှစ်သက် ဖွယ်ရှိပါပေစွ၊ အကျွန်ုပ်တို့သည် အရှင် ဂေါတမ ကို ကိုးကွယ် ရာဟူ၍ ဆည်းကပ်ပါကုန်၏။ တရားတော်ကို လည်းကောင်း။ ရဟန်း + သံဃာတော် ကို လည်းကောင်း။ ကိုးကွယ်ရာ ဟူ၍ ဆည်းကပ် ပါကုန်၏။ အသျှင် ဂေါတမ သည် အကျွန်ုပ်တို့ကို ယနေ့မှ စ၍ အသက်ထက်ဆုံး ကိုးကွယ်သော ဥပါသကာ ဟု မှတ်တော်မူပါ ဘုရား " ဟု လျှောက် ကုန်၏။

— း ✻ း —

သုတ္တန် ပိဋကတ် မဟာဝဂ္ဂသံယုတ် ပါဠိတော် မြန်မာ ပြန် စာအုပ်မှ ကူးယူ၍ ဓမ္မဒါန ပြုပါသည်။

# အဘိဓမ္မာသုပ်

၁။ ငါသည် အိုခြင်းသဘောရှိသည် ဖြစ်၏။ အိုခြင်းသဘောတရားကို မလွန်နိုင်ချေ။

၂။ ငါသည် နာခြင်းသဘောရှိသည် ဖြစ်၏။ နာခြင်းသဘောတရားကို မလွန်နိုင်ချေ။

၃။ ငါသည် သေခြင်းသဘောရှိသည် ဖြစ်၏။ သေခြင်းသဘောတရားကို မလွန်နိုင်ချေ။

၄။ ငါသည် ချစ်ခင်နှစ်သက်သော ဆွေမျိုး၊ ချစ်ကျွမ်းဝင်သူတို့နှင့် အရပ်တစ်ပါးသို့ ပြောင်းသွားသဖြင့် 'ရှင်ကွဲ' ကွဲရခြင်းသည် လည်းကောင်း၊ ဘဝတစ်ပါးသို့ ပြောင်းသွားသဖြင့် 'သေကွဲ' ကွဲရခြင်းသည် လည်းကောင်း ဖြစ်တတ်ချေ၏။

၅။ ငါသည် ကံသာလျှင် မိမိဥစ္စာရှိသည်။ ကံသာလျှင် အဆွေအမျိုးရှိသည်။ ကံသာလျှင် ကိုးကွယ်လဲလျောင်းရာရှိသည် ဖြစ်၏။ ငါသည် ထိုကံ၏ ကောင်းမှု ဆိုးမှုကို ခံရမည် ဖြစ်၏။

ဤ ငါးပါးသော အကြောင်းတရားတို့ကို မိန်းမသည် လည်းကောင်း၊ ယောက်ျားသည်လည်းကောင်း နေ့-ည မပြတ် ဆင်ခြင်အပ်ကုန်၏။

# ဗုဒ္ဓဘာသာဝင်တိုင်း

## သိသင့်သောအချက်များ

( တတိယတွဲ )

# ဩဝါဒ

မည်၍ မည်မျှပင် — သွားရ၊ စားရ၊
တစ်ဝမ်း ဝ ရုံပဲ။

မည်၍-မည်မျှပင် — ဝတ်ရ၊ ဝတ်ရ၊
သားရေပြား ဖုံ့ရုံပဲ။

မည်၍ မည်မျှပင် - အိပ်ရ၊ နေရ၊
တစ်ကိုယ်စာကလေးပဲ။

မည်၍ မည်မျှပင် - ပစ္စည်း—ဥစ္စာရှိရှိ၊
သေလျှင် သားပစ်ခဲ့ရတာချည်းပဲ။

ကုသိုလ်ပြုလျှင် - ကိုယ့်ဖို့၊
ကျန်ခဲ့လျှင် - သူများဖို့။ ။

# နိဒါန်း

ယခုခေတ်ကာလ၌ ဗုဒ္ဓမြတ်စွာဘုရား ဟောကြားတော်မူခဲ့သော တရားစာအုပ် များစွာ ရောင်းချလျက် ရှိပါသည်။ ထို စာအုပ်များကို ဈေးကြီးလွန်းသောကြောင့် လူတိုင်း ဝယ်မဖတ်နိုင်ပါ။ ၎င်းပြင် ထို စာအုပ်များသည် စာမျက်နှာများပြားပြီးအလွန်ထူကြသဖြင့် သေသေချာချာ စာတစ်လုံးခြင်းတစ်လုံးခြင်း သဘောပေါက်အောင် ဖတ် ရလျှင် အနည်းဆုံးခုနစ်ရက်မျှကြာမှ စာအုပ်တစ်အုပ် ကုန်မည်ဟု ခန့်မှန်းရပါသည်။

ယခုခေတ်၌ ရှစ်ဆယ် ရာခိုင်နှုန်းခန့် ရှိသော လုပ်သားပြည်သူ အပေါင်းတို့သည် စားဝတ်နေရေးအတွက် နေ့မအားညမအား လုံးပန်းနေရပါသည်။ ထိုသူတို့သည် ဈေးကြီးကြီးပေး၍ တရား စာအုပ်များ မဝယ်နိုင်ပါ။ ၎င်းပြင် စာအုပ်ဖတ်ရန် အချိန်များများသည်း မပေးနိုင်ပါ။

ထို့ပြင် ယခုခေတ် တရားစာအုပ်များသည် အများအားဖြင့် ပါဠိစာနှင့် မြန်မာစာရောရေး၍ နေသောကြောင့် စာဖတ်သူတို့ နားလည်သဘောပေါက်ရန် မလွယ်လှပါ။

အထက် ဖော်ပြပါ အကြောင်းများကြောင့် ဗုဒ္ဓမြတ်စွာဘုရား၏ တရားတော်များကို ပါဠိမပါ မြန်မာစာသက်သက်ဖြင့် အပိုစကားမပါဘဲ တိုတိုတုတ်တုတ်နှင့် လိုရင်းကိုသာ ဖော်ပြ၍ စာအုပ်ငယ်များဖြင့် ပိုက်ဆံမယူဘဲ အခမဲ့ လုပ်သားပြည်သူ အပေါင်းတို့လက်သို့ ရောက်အောင် ပို့ပေးနိုင်လျှင် ကောင်းမည်ဟု အကြံရသဖြင့် ယခုလို စာအုပ်ငယ်များဖြင့် ဓမ္မဒါန ပြုရပါသည် ခင်ဗျား။

အားလုံး ကျန်းမာ၍ ချမ်းသာကြပါစေသော်၊

ဦးထံညွန့်။

## ဓာရဏသုတ်ပရိတ်တော်

၁။ ဘုန်းတော် အနန္တနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား...၊ မြတ်စွာဘုရား၏ 'အသက်အန္တရာယ်'ကို မည်သူမျှ မပြုနိုင်၊ ထို့အတူ တပည့်တော်အားလည်း ဖြစ်ပါစေသတည်း။ ဤဂုဏ်ကျေးဇူးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို တပည့်တော်သည် လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏ အရှင်ဘုရား။

၂။ ကံတော်အနန္တနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၊ မြတ်စွာဘုရား၌ လွန်လေပြီးသော အတိတ်ကာလ အဖို့၌ အပိတ်အပင်–အတားအဆီး မရှိသော ဉာဏ်တော်သည်ဖြစ်၏။ ဤဂုဏ်ကျေးဇူးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို တပည့်တော်သည် လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏ အရှင်ဘုရား....။

၃။ ဉာဏ်တော် အနန္တနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား....၊ မြတ်စွာဘုရား၌ နောင်လာလတ္တံ့သော အနာဂတ် ကာလအဖို့၌ အပိတ်အပင်–အတားအဆီး မရှိသော ဉာဏ်တော်သည် ဖြစ်၏။ ဤဂုဏ်ကျေးဇူးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို တပည့်တော်သည် လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမြော်–မာန်လျှော့ ကန်တော့ပါ၏ အရှင်ဘုရား....။

၄။ တန်ခိုးတော် အနန္တနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား....၊ မြတ်စွာဘုရား၌ ယခု–ပစ္စုပ္ပန် ကာလအဖို့၌ အပိတ်အပင်–အတားအဆီး မရှိသော ဉာဏ်တော်သည် ဖြစ်၏။ ဤဂုဏ်ကျေးဇူးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို တပည့်

တော်သည် လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမြော် မာန်လျှော့-ကန်တော့ပါ၏ အရှင်ဘုရား....။

၅။ အားတော်-အနန္တနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား....၊ မြတ်စွာဘုရား၌ ကိုယ်ဖြင့် ပြုသော အမှုတို့သည် ဉာဏ်တော်၏နောက်သို့ လိုက်သည်သာတည်း။ ဉာဏ်တော်သည် ရှေ့သွား ဖြစ်သည်သာတည်း။ ဤဂုဏ်ကျေးဇူးနှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရားကို တပည့်တော်သည် လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့-ကန်တော့ပါ၏ အရှင်ဘုရား....။

၆။ လူ၊နတ်၊ ဗြဟ္မာ အပေါင်းတို့၏ ရှိခိုး ပူဇော်ခြင်းကို ခံတော်မူထိုက်သော မြတ်စွာဘုရား၊ မြတ်စွာဘုရား၌ နှုတ်ဖြင့် ပြုသော အမှုတို့သည် ဉာဏ်တော်၏နောက်သို့ လိုက်သည်သာတည်း။ ဉာဏ်တော်သည် ရှေ့သွားဖြစ်သည်သာတည်း။ ဤဂုဏ်ကျေးဇူးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို တပည့်တော်သည် လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့-ကန်တော့ပါ၏ အရှင်ဘုရား...။

၇။ အလုံးစုံသော တရားအပေါင်းကို သိမြင်တော်မူသော မြတ်စွာဘုရား၊ မြတ်စွာဘုရား၌ စိတ်ဖြင့် ပြုသော အမှုတို့သည် ဉာဏ်တော်၏ နောက်သို့ လိုက်သည်သာတည်း။ ဉာဏ်တော်သည် ရှေ့သွား ဖြစ်သည်သာတည်း။ ဤ ဂုဏ်ကျေးဇူးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို တပည့်တော်သည် ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့-ကန်တော့ပါ၏ အရှင်ဘုရား...။

၈။ ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး၊ စရဏ တစ်ဆယ့်ငါးပါးတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား-၊ မြတ်စွာဘုရား၌ သတ္တဝါတို့၏ အကျိုး စီးပွားကို ပြုလိုသော ဆန္ဒတော်၏

ဆုတ်ယုတ်ခြင်းသည် မရှိပါတကား၊ ဤဂုဏ်ကျေးဇူးနှင့် ပြည့်စုံ
တော်မူသော မြတ်စွာဘုရားကို တပည့်တော်သည် လက်စုံမိုး၍
ရှိခိုးပူဇော် ဖူးမြော်မခန့်လျှော့ ကန်တော့ပါ၏ အရှင်ဘုရား။

၉။ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာ
ဘုရား...၊ မြတ်စွာဘုရား၌ တရားဟောပြောခြင်း၏ ဆုတ်ယုတ်
ခြင်းသည် မရှိပါတကား။ ဤဂုဏ်ကျေးဇူးနှင့် ပြည့်စုံတော်
မူသော မြတ်စွာဘုရားကို တပည့်တော်သည် လက်စုံမိုး၍ ရှိခိုး
ပူဇော် ဖူးမြော်မခန့်လျှော့--ကန်တော့ပါ၏ အရှင်ဘုရား။

၁၀။ လောကသုံးပါးအကြောင်းကို သိမြင်တော်မူသော
မြတ်စွာဘုရား၊ မြတ်စွာဘုရား၌ သတ္တဝါတို့၏ အကျိုးစီးပွား
အတွက် ဆောင်ရွက်ရာ၌ လုံ့လ ဝီရိယ၏ ဆုတ်ယုတ်ခြင်း
သည် မရှိပါတကား။ ဤဂုဏ်ကျေးဇူးနှင့် ပြည့်စုံတော်မူသော
မြတ်စွာဘုရားကို တပည့်တော်သည် လက်စုံမိုး၍ ရှိခိုးပူဇော်
ဖူးမြော်မခန့်လျှော့-ကန်တော့ပါ၏ အရှင်ဘုရား။

၁၁။ မယဉ်ကျေးသော လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါအပေါင်း
တို့ကို ယဉ်ကျေးအောင်ဆုံးမတော်မူတတ်သော မြတ်စွာဘုရား၊
မြတ်စွာဘုရား၌ ရယ်မြူးလို၍ ပြုမူပြောဆိုခြင်းသည် မရှိပါတ
ကား။ ဤဂုဏ်ကျေးဇူးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား
ကို တပည့်တော်သည် လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမြော်မခန့်
လျှော့ ကန်တော့ပါ၏ အရှင်ဘုရား။

၁၂။ လူ၊ နတ်၊ ဗြဟ္မာအပေါင်းတို့၏ ဆရာဖြစ်တော်မူသော
မြတ်စွာဘုရား၊ မြတ်စွာဘုရား၌ သတိလွတ်၍ မှားယွင်းသော
ပြုမူပြောဆိုခြင်းသည် မရှိပါတကား။ ဤဂုဏ်ကျေးဇူးနှင့်
ပြည့်စုံတော်မူသော မြတ်စွာဘုရားကို တပည့်တော်သည် လက်စုံ

မိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့-ကန်တော့ပါ၏ အရှင်ဘုရား။

၁၃။ သစ္စာလေးပါးတရားကို ဆရာမရှိဘဲ ကိုယ်တော်တိုင် သိမြင်တော်မူသော မြတ်စွာဘုရား၊ မြတ်စွာဘုရား၌ ဉာဏ်တော်ဖြင့် မဆင်မခြင်- အားအားသာလျှင်ပြုသော အမှုသည် မရှိပါတကား။ ဤဂုဏ်ကျေးဇူးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို တပည့်တော်သည် လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏ အရှင်ဘုရား။

၁၄။ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၊ မြတ်စွာဘုရား၌ ဉာဏ်တော်နှင့်မတွေ့၊ မသိ၊ မသိအပ်သော တရားသည် မရှိပါတကား။ ဤဂုဏ်ကျေးဇူးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို တပည့်တော်သည် လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏ အရှင်ဘုရား။

၁၅။ ဘုန်းတော်အနန္တနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၊ မြတ်စွာဘုရား၌ သူတစ်ပါးတို့အတွက် ကြောင့်ကြမဲ့ဖြစ်သော စိတ်သည် မရှိပါတကား။ ဤ ဂုဏ်ကျေးဇူးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို တပည့်တော်သည် လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏ အရှင်ဘုရား။

၁၆။ ကံတော်အနန္တနှင့်ပြည့်စုံတော်မူသောမြတ်စွာဘုရား၊ မြတ်စွာဘုရား၌ဉာဏ်တော်ဖြင့် မဆင်မခြင်- လျစ်လျူရှုသော အမှုသည် မရှိပါတကား။ ဤ ဂုဏ်ကျေးဇူးနှင့် ပြည့်စုံတော်

မူသော မြတ်စွာဘုရားကို တပည့်တော်သည် လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏ အရှင်ဘုရား။

၁၇။ ဉာဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၊ မြတ်စွာဘုရား၌ သင်္ခါရတရားတို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တတို့ဖြင့်ရှုမှု ဝိပဿနာဉာဏ်တော်၏ ဆုတ်ယုတ်ခြင်းသည် မရှိပါတကား။ ဤဂုဏ်ကျေးဇူးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို တပည့်တော်သည် လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏ အရှင်ဘုရား။

၁၈။ တန်ခိုးတော်အနန္တနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၊ မြတ်စွာဘုရား၌ စိတ်၏တည်ကြည်မှု သမာဓိ၏ ဆုတ်ယုတ်ခြင်းသည် မရှိပါတကား။ ဤဂုဏ်ကျေးဇူးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို တပည့်တော်သည် လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏ အရှင်ဘုရား။

၁၉။ အားတော်အနန္တနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၊ မြတ်စွာဘုရား၌ အရဟတ္တဖိုလ်ကို ဝင်စားတော်မူခြင်း၏ ဆုတ်ယုတ်ခြင်းသည် မရှိပါတကား။ ဤဂုဏ်ကျေးဇူးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို တပည့်တော်သည် လက်စုံမိုး၍ ရှိခိုး ပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏ အရှင်ဘုရား။

၂၀။ လူ၊ နတ်၊ ဗြဟ္မာ အပေါင်းတို့၏ ရှိခိုး ပူဇော်ခြင်းကို ခံတော်မူထိုက်သော မြတ်စွာဘုရား၊ မြတ်စွာဘုရား၌ ကိုယ်ဖြင့်ပြုသော မကောင်းမှုသည် မရှိပါတကား။ ဤဂုဏ်ကျေးဇူးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို တပည့်တော်သည်လက်စုံ

မိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့- ကန်တော့ပါ၏ အရှင်ဘုရား။

၂၁။ အလုံးစုံသောတရားအပေါင်းကို သိမြင်တော်မူသော မြတ်စွာဘုရား၊ မြတ်စွာဘုရား၌ နှုတ်ဖြင့်ပြုသော မကောင်းမှုသည် မရှိပါတကား၊ ဤဂုဏ်ကျေးဇူးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို တပည့်တော်သည် လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့- ကန်တော့ပါ၏ အရှင်ဘုရား။

၂၂။ ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး၊ အကျင့်စရဏ တစ်ဆယ့်ငါးပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား....၊ မြတ်စွာဘုရား၌ စိတ်ဖြင့် ပြုသော မကောင်းမှုသည် မရှိပါတကား။ ဤဂုဏ်ကျေးဇူးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို တပည့်တော်သည် လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏ အရှင်ဘုရား။

၂၃။ ခုနစ်ဆူသော ဘုရားရှင်တို့ ဖြစ်ကြသော ဝိပဿီ၊ သိခီ၊ ဝေဿဘူ၊ ကကုသန္ဓ၊ ကောဏာဂမန၊ ကဿပ၊ ဂေါတမ တည်းဟူသော မြတ်စွာဘုရားရှင်တို့အား တပည့်တော်သည် ဦးညွှတ်ပြီးလျှင် လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏ အရှင်မြတ်တို့ဘုရား။

အထက်ပါ 'ဓာရဏ ပရိတ်တော်' ကို နေ့စဉ်မှန်မှန် ရွတ်ဖတ်ပါမူ အောက်ပါ အကျိုးကျေးဇူးများကို ခံစားရမည်သာ ဖြစ်ပါသည်။

၁။ သူတစ်ပါးလက်နက်ဖြင့် မသေနိုင်။
၂။ သူတစ်ပါး ပယောဂဖြင့် မသေနိုင်။
၃။ ကျားကိုက်၍ မသေနိုင်။
၄။ ချောက် ကမ်းပါးကျ၍ မသေနိုင်။
၅။ ကားမှောက်၍ မသေနိုင်။
၆။ မြွေ နဂါး စသည်တို့လည်း မကိုက်နိုင်။
၇။ ရေ၌ မနစ်မွန်းရာ။
၈။ အထူးထူး အပြားပြား များစွာသော ဘေးရန်တို့သည် မထိရောက်နိုင်ရာ။
၉။ မကောင်းကြံသောသူလည်း မကြံနိုင်ရာ။
၁၀။ ရူးသွပ်ပျံ့လွင့်သော အနာလည်း မဖြစ်နိုင်။
၁၁။ လူတို့သည်လည်းကောင်း၊ ဘီလူးတို့သည် လည်းကောင်း မညှဉ်းဆဲ၊ မဖျက်ဆီး၊ မနှိပ်စက်နိုင်ရာ။
၁၂။ ရန်သူမျိုး ငါးပါးကို တားမြစ်နိုင်၏။
၁၃။ ကပ်သုံးပါးမှ ကင်းလွတ်စေနိုင်၏။
၁၄။ အမိဝမ်းတွင်း၌-ပဋိသန္ဓေ နေသော်သည်း အ,ခြင်း၊ ဆွံ့ခြင်း နားပင်းခြင်း၊ ရူးသွပ်ပျံ့လွင့်ခြင်း၊ အနာမျိုးတို့မှ လွတ်စေနိုင်၏။
၁၅။ မရသေးသော စည်းစိမ်ချမ်းသာ ရတနာဥစ္စာအပေါင်းတို့ကိုလည်း ရစေနိုင်၏။
၁၆။ ရပြီးသော စည်းစိမ်ချမ်းသာ ရတနာ ဥစ္စာအပေါင်းတို့ကိုလည်း ကြီးကျယ် ပြန့်ပွားများစေ၏။
၁၇။ စကြဝဠာ ကမ္ဘာတစ်သောင်းကို လောင်ကျွမ်းစေတတ်သော နေ ခုနစ်စင်း၏ အရှိန်-အဟုန်ကဲ့သို့ ဘေးရန်

အန္တရာယ် အပေါင်းတို့ကို လောင်ကျွမ်း ဖွယ်ဖျောက်နိုင်သည့် တန်ခိုးရှိန်စော် အာနုဘော်ရှိ၏။

မေတ္တာကြောတရားတော်

လူတို့၏ ကိုးကွယ်ရာ ဖြစ်တော်မူသော မြတ်စွာဘုရားအား 'သဟမ္ပတိ' အမည်ရှိသော ဗြဟ္မာမင်းသည် တရားဟောစိမ့်သောငှာ တောင်းပန်အပ်သည် ဖြစ်၍ 'ဥာသိပတန' အမည်ရှိသော သား-သမင်တို့ကို ဘေးမဲ့ပေးရာ 'မိဂဒါဝုန်' တောသို့ ငါးယောက်အစုရှိခြင်းကြောင့် 'ပဉ္စဝဂ္ဂီ' အမည်ရှိကုန်သော ကောဏ္ဍည၊ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ်၊ အဿဇိ-ရဟန်းတို့အား နိဗ္ဗာန်သို့ ဆောက်စေတတ်သော၊ မြတ်သောတရား ဖြစ်သော အကြင် 'ဓမ္မစကြာ ဒေသနာ'ကို အောက်ပါအတိုင်း ဟောကြားတော် မူခဲ့ပါသည်။

အယုတ်တရား နှစ်ပါး

လောက၌ အယုတ်တရား-နှစ်ပါးတို့ကို ရဟန်း ဖြစ်သောသူသည် မမှီဝဲအပ်ကုန်။ အယုတ်တရား နှစ်ပါး ဟူသည်ကား-

ပထမ-အယုတ်တရား

(၁) စိတ်အလိုကိုလိုက်ကာ အလွန်အပေါ်လျော့ ချောင်ချိစွာဖြင့် 'ကာမဂုဏ်ချမ်းသာ'ကို ခံစားနေခြင်းသည် အယုတ်တရား တစ်ပါးဖြစ်သည်၊ ထို အယုတ်တရားသည် ယုတ်ညံ့သော သဘောရှိသည်ဖြစ်၍ တရားအားမထုတ်သူ ရွာသူ- ရွာသားတို့၏ အလုပ်ဖြစ်သည်။ ပုထုဇဉ်တို့၏ ဓလေ့-အကျင့် ဖြစ်သည်။

အရိယာဖြစ်သော အနာဂါမ်ရဟန္တာပုဂ္ဂိုလ်တို့သည် ထိုအယုတ်တရားကို ပယ်ရှားပြီး ဖြစ်ကုန်၏။ ၎င်း အယုတ်တရားကို ပါဠိလို 'ကာမသုခလ္လိကာနုယောဂ'ဟု ခေါ်ပါသည်။

(က) အလွန်တရာ လှပတင့်တယ်သော သတ္တဝါ၊ သို့မဟုတ် အရာဝတ္ထုတို့ကို ကြည့်ရှု၍ သာယာခြင်းသည် 'မျက်စိ-ကာမဂုဏ်' ခံစားသည်ဟု ခေါ်ပါသည်။

(ခ) အလွန်တရာ သာယာသော အသံကို နားထောင်၍ သာယာခြင်းကို 'နား ကာမဂုဏ်' ခံစားသည်ဖြစ်၍ အယုတ်တရား ဖြစ်ပါသည်။

(ဂ) အလွန်တရာ အနံ့မွှေးကြိုင်နှင့် ပြည့်စုံသော အရာဝတ္ထု တစ်ခုခုကို ရှူရှိုက်၍ သာယာခြင်းသည် 'နှာခေါင်း ကာမဂုဏ်' ခံစားသည်ဖြစ်၍ အယုတ်တရား ဖြစ်ပါသည်။

(ဃ) အလွန်တရာ အရသာရှိသော အစာကို စားသောက်၍ သာယာခြင်းသည် 'လျှာ ကာမဂုဏ်' ခံစားသည် ဖြစ်၍ အယုတ်တရား ဖြစ်ပါသည်။

(င) အလွန်တရာ နူးညံ့သော သတ္တဝါ၊ သို့မဟုတ် အရာဝတ္ထု တစ်ခုခုကို-ကိုင်တွယ်၍ သာယာခြင်း (ဝါ) ထိတွေ့၍ သာယာခြင်းသည် 'ကိုယ် ကာမဂုဏ်' ခံစားသည်ဖြစ်၍ အယုတ်တရားဖြစ်ပါသည်။

(စ) အထက်ဖော်ပြပါ အာရုံငါးပါးတို့ဖြင့် ကာမဂုဏ်ခံစားဖူးသည်ကို စဉ်းစား၍ သာယာခြင်းသည် 'စိတ် ကာမဂုဏ်' ခံစားသည်ဖြစ်၍ အယုတ်တရား ဖြစ်ပါသည်။

(ဆ) မေထုန်မှီဝဲခြင်းသည် အယုတ်တရား ဖြစ်ပါသည်။

အထက်ဖော်ပြပါ ကာမဂုဏ်ချမ်းသာကို ခံစား၍ သာယာခြင်းသည် အယုတ်တရားဖြစ်၍ တရားအားထုတ်သော သူတို့သည် ရှောင်ရှားရမည်-ဟု မြတ်စွာဘုရား ယခင်မြယ်ကြီးသည် ဟောကြားဆုံးမတော်မူခဲ့ပါသည်။

**ဒုတိယ-အယုတ်တရား**

(၂) မိမိကိုယ်ကို ပင်ပမ်းစေ၍ အားထုတ်ခြင်းသည်လည်း အယုတ်တရား တစ်ပါးဖြစ်ပါသည်။ ၎င်းတို့မှာ အောက်ပါ အတိုင်း ဖြစ်ပါသည်။

(က) ခွေးနှင့် တူသော အကျင့်ကို ကျင့်ခြင်း။
(ခ) နွားနှင့် တူသော အကျင့်ကို ကျင့်ခြင်း။
(ဂ) ရေမချိုးဘဲ ကျင့်ခြင်း။
(ဃ) အဝတ်မဝတ်ဘဲ ကျင့်ခြင်း။
(င) ဆံပင်မညှပ်ဘဲ ကျင့်ခြင်း။
(စ) ခြေထောက်တစ်ချောင်းထောက်၍ ကျင့်ခြင်း။
(ဆ) မျက်စိမမှိတ်ဘဲ ကျင့်ခြင်း။
(ဇ) လက်မြှောက်၍ ကျင့်ခြင်း။
(ဈ) ခေါင်း အောက်စိုက်၍ ကျင့်ခြင်း။
(ည) မီးပုံလေးပုံတို့၏ အလယ်၌ ထိုင်၍ ကျင့်ခြင်း။
(ဋ) ဆူးပုံပေါ်မှာ ထိုင်၍ ကျင့်ခြင်း။
(ဌ) ရေထဲမှာ ထိုင်၍ ကျင့်ခြင်း။
(ဍ) တုံးခုန်၍ ကျင့်ခြင်း။
(ဎ) အစားမစားဘဲ ကျင့်ခြင်း။
(ဏ) လေကို စားသည်ဟု ဆို၍ ကျင့်ခြင်း။

အထက်ဖော်ပြထားသော အကျင့်မျိုးတို့သည် လွန်စွာ ခဲခဲယဉ်းယဉ်း အကျဉ်းအကြပ်ခံရသော အရာများ ဖြစ်သည့်အပြင် တစ်စုံတစ်ရာမျှ အကျိုးထူးကို မဖြစ်စေနိုင်သောကြောင့်ကိုယ်ကို ပင်ပန်းစေရုံမျှသာ ဖြစ်၏။ ဤ အယူတက်တရားသည် ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်းသို့ကိုသာ ဖြစ်စေတတ်၏။ ဤ ဒုတိယ အယူတက်တရားကို ပါဠိလို 'အတ္တကိလမထာနုယောဂ' ဟု ခေါ်ပါသည်။

## မဇ္ဈိမပဋိပဒါ အလယ်အလတ်အကျင့်

အထက်ဖော်ပြသော အယူတက်တရားတို့ကို မကပ်မရောက်စေဘဲ၊ စိတ်ကို အလွန်ပေါ့လျော့ ချောက်ချားစေသော အရာလည်း မဟုတ်။ လွန်စွာ ခဲယဉ်း ကျဉ်းကြပ်စေသော အရာလည်းမဟုတ်။ မချောင်မကြပ် အသင့်အလယ်အလတ်ဖြစ်သော အကျင့်ကို မြတ်စွာဘုရားသခင်သည် ထိုးထွင်း၍ သိတော်မူ၏။ ဤအကျင့်သည် သစ္စာလေးပါးတရားကို မြင်ဖို့ရာ ဉာဏ်မျက်စိကို ဖြစ်စေတတ်၏။ သစ္စာလေးပါးတရားကို သိသော ဉာဏ်အမြင်ကို ဖြစ်စေတတ်၏။ ကိလေသာများငြိမ်းအေးသွားဖို့ရာ အကျင့်ဖြစ်၏။ သစ္စာလေးပါး တရားကို အထူးသိဖို့ရာ အကျင့်ဖြစ်၏။

ဤ အလယ်အလတ် အကျင့်တရား ဟူသည် အင်္ဂါရှစ်ပါး ရှိသော တရား (ဝါ) မဂ္ဂင်ရှစ်ပါး တရားပင် ဖြစ်၏။

မဂ္ဂင်ရှစ်ပါး ဆိုသည်ကား—

၁။ သမ္မာဒိဋ္ဌိ = မှန်ကန်စွာ သိမြင်မှု။
၂။ သမ္မာသင်္ကပ္ပ = မှန်ကန်စွာ ကြံစည်မှု။
၃။ သမ္မာဝါစာ = မှန်ကန်စွာ ပြောဆိုမှု။

၄။ သမ္မာကမ္မန္တ = မှန်ကန်စွာပြုလုပ်မှု။
၅။ သမ္မာအာဇီဝ = မှန်ကန်စွာ အသက်မွေးမှု။
၆။ သမ္မာဝါယာမ = မှန်ကန်စွာ လုံ့လစိုက်မှု။
၇။ သမ္မာသတိ = မှန်ကန်စွာ သတိရှိမှု။
၈။ သမ္မာသမာဓိ = မှန်ကန်စွာ တည်ကြည်မှု။

ဤတရား ရှစ်ပါးတို့ပင် ဖြစ်ပါသည်။

ဤ မဂ္ဂင်ရှစ်ပါး တရားကို အားထုတ်—ဆည်းပူး ဖြည့်ကျင့်ရခြင်းသည် ကာမဂုဏ်ချမ်းသာကိုခံစားနေရသကဲ့သို့ စိတ်ချောင်ချိသည်လည်း မဟုတ်။ ဆူးကို ခင်း၍ အိပ်ခြင်း၊ မီးပုံလေးပုံအလယ်၌ ထိုင်၍ ကျင့်ခြင်း စသည်တို့ကဲ့သို့ ဆင်းဆင်း ရဲရဲ—ခဲယဉ်း ကြပ်တည်းသည်လည်းမဟုတ်၍ မချောင် မကြပ် အလယ်အလတ်စားဖြစ်သော မြတ်သော အကျင့် ဖြစ်ပါသည်။

သစ္စာလေးပါး-တရားတော်

၁။ ဒုက္ခသစ္စာ ၂။ သမုဒယသစ္စာ
၃။ နိရောဓသစ္စာ ၄။ မဂ္ဂသစ္စာ

၁။ ဒုက္ခသစ္စာ

က။ ပဋိသန္ဓေ နေရခြင်းသည်လည်း ဒုက္ခပဲ၊
ခ။ မအိုချင်ဘဲ အိုရခြင်းသည်လည်း ဒုက္ခပဲ၊
ဂ။ မနာချင်ဘဲ နာရခြင်းသည်လည်း ဒုက္ခပဲ၊
ဃ။ မသေချင်ဘဲ သေရခြင်းသည်လည်း ဒုက္ခပဲ၊
င။ မုန်းသောသူ မုန်းသော အရာဝတ္ထုတို့နှင့် အတူနေရခြင်းသည်လည်း ဒုက္ခပဲ၊

စ။ ချစ်ခင်သောသူ ချစ်ခင်သော အရာဝတ္ထုတို့နှင့်ကွဲကွာ ၍ နေရခြင်းသည်လည်း ဒုက္ခပဲ၊

ဆ။ မိမိ အလိုရှိအပ်သော အရာဝတ္ထု တို့ကို မရခြင်း သည်လည်း ဒုက္ခပဲ၊

ဇ။ အကျဉ်းချုပ် အားဖြင့် ပြောရလျှင် ခန္ဓာကိုယ်ကို ရခြင်းသည်လည်း ဒုက္ခပဲ၊

ဤခန္ဓာ၏ သဘောငါးခု ခွဲလိုက်သောအခါ ခန္ဓာငါးပါး ဟူ၍ ဖြစ်လာပါသည်။

ခန္ဓာငါးပါး ဟူသည်ကား

၁။ ရုပ်သည် ရူပက္ခန္ဓာ ဖြစ်ပါသည်။
၂။ ခံစားမှုသည် ဝေဒနာက္ခန္ဓာ ဖြစ်ပါသည်။
၃။ မှတ်သားမှုသည် သညာက္ခန္ဓာ ဖြစ်ပါသည်။
၄။ ပြုလုပ်မှုသည် သင်္ခါရက္ခန္ဓာ ဖြစ်ပါသည်။
၅။ သိမှုသည် ဝိညာဏက္ခန္ဓာ ဖြစ်ပါသည်။

၂။ သမုဒယသစ္စာ

သမုဒယကို မြန်မာလို ခင်တွယ်ခြင်း၊ တွယ်တာခြင်း၊ မက်မောခြင်း— ဟု ခေါ်ပါသည်။ ၎င်းတို့သည် ဒုက္ခ၏ အကြောင်းများ ဖြစ်ပါသည်။

က။ ဇနီးမယား သို့မဟုတ် လင်ယောကျ်ားကို အလွန်တရာ ခင်တွယ်ခြင်းသည်၊ ဒုက္ခ၏ အကြောင်းများ ဖြစ်ပါ သည်။

ခ။ သား- သမီးတို့ကို အလွန်တရာ ခင်တွယ်ခြင်းသည်လည်း ဒုက္ခ၏ အကြောင်း ဖြစ်ပါသည်။

ဂ။ ဥစ္စာ-ပစ္စည်းတို့ကို ခင်တွယ်ခြင်းသည်လည်း ဒုက္ခ၏ အကြောင်း ဖြစ်ပါသည်။

ဃ။ စိန်၊ ရွှေ၊ ငွေ၊ ရတနာတို့ကို ခင်တွယ်ခြင်းသည်လည်း ဒုက္ခ၏ အကြောင်း ဖြစ်ပါသည်။

င။ အိမ်ရာ- တိုက်တာ တို့ကို ခင်တွယ်ခြင်း သည်လည်း ဒုက္ခ၏ အကြောင်း ဖြစ်ပါသည်။

စ။ လယ်ယာ-ကိုင်းကျွန်းတို့ကို ခင်တွယ်ခြင်းသည်လည်း ဒုက္ခ၏အကြောင်း ဖြစ်ပါသည်။

ဆ။ ဘဝကို ခင်တွယ်ခြင်းသည်လည်း ဒုက္ခ၏အကြောင်း ဖြစ်ပါသည်။

ဇ။ တိရစ္ဆာန်တို့ကို ခင်တွယ်ခြင်းသည်လည်း ဒုက္ခ၏ အကြောင်း ဖြစ်ပါသည်။

၃။ နိရောဓသစ္စာ

လောဘ၊ ဒေါသ၊ မောဟတို့၏ အကြွင်း-အကျန် မရှိခြင်း (ဝ၁) လောဘ၊ ဒေါသ၊ မောဟတို့၏ အမြစ်ပြတ် ချုပ်ငြိမ်းရာ နိဗ္ဗာန်သည် နိရောဓသစ္စာ မည်၏။

က။ ပဋိသန္ဓေနေရခြင်း ကင်းရာသည် နိရောဓဖြစ်ပါသည်။

ခ။ အိုရခြင်း ကင်းရာသည် နိရောဓ ဖြစ်ပါသည်။

ဂ။ နာရခြင်း ကင်းရာသည် နိရောဓ ဖြစ်ပါသည်။

ဃ။ သေရခြင်း ကင်းရာသည် နိရောဓ ဖြစ်ပါသည်။

အတိုချုပ်အားဖြင့် ဆင်းရဲ- ဒုက္ခ ချုပ်ငြိမ်းရာ နိဗ္ဗာန်သည် နိရောဓ ဖြစ်ပါသည်။

## ၄။ မဂ္ဂသစ္စာ

မဂ္ဂင်ရှစ်ပါးသည် မဂ္ဂသစ္စာ မည်၏။ မဂ္ဂင်ရှစ်ပါးသည် ဆင်းရဲမှု ဒုက္ခချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ သွားရန် လမ်းကြောင်း အစစ်အမှန် ဖြစ်ပါသည်။

ထိုမဂ္ဂင်ရှစ်ပါးသည် အောက်ပါအတိုင်း ဖြစ်ပါသည်။

သီလမဂ္ဂင်သုံးပါး

၁။ သမ္မာဝါစာ = မှန်ကန်စွာ ပြောဆိုမှု။
၂။ သမ္မာကမ္မန္တ = မှန်ကန်စွာ ပြုလုပ်မှု။
၃။ သမ္မာအာဇီဝ = မှန်ကန်စွာ အသက်မွေးမှု။

သမာဓိမဂ္ဂင် သုံးပါး

၁။ သမ္မာဝါယာမ = မှန်ကန်စွာ အားထုတ်မှု။
၂။ သမ္မာသတိ = မှန်ကန်စွာ အောက်မေ့မှု။
၃။ သမ္မာသမာဓိ = မှန်ကန်စွာ တည်ကြည်မှု။

ပညာမဂ္ဂင်နှစ်ပါး

၁။ သမ္မာဒိဋ္ဌိ = မှန်ကန်စွာ သိမြင်မှု။
၂။ သမ္မာသင်္ကပ္ပ = မှန်ကန်စွာ ကြံစည်မှု။

အနတ္တလက္ခဏသုတ် တရားတော်

ဘုန်းတော် (၆) ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် 'ဥာသိပတန' အမည်ရှိသော မိဂဒါဝုန် တော၌ 'ပဉ္စဝဂ္ဂီ' အမည်ရှိသော သောဘတပန် ရဟန်း ငါးပါးတို့အား

အသက်ဖြစ်သော မဂ်-ဖိုလ်ကိုရစေရန် အလို့ငှာ၊ ဝါဆိုလပြည့်ကျော် (၅) ရက်နေ့တွင် အောက်ပါ အနတ္တလက္ခဏသုတ္တန် တရားတော်ကို ထုတ်ဆောင် ဟောကြားတော် မူလေသတည်း။

အနတ္တ၏ အဓိပ္ပာယ်မှာ ငါမဟုတ်၊ ငါ့ကိုယ်မဟုတ် အလိုသို့ မလိုက်၊ အကြိုက်သို့မပါ၊ စိုးပိုင်ခွင့်မရ၊ အနှစ်မရှိပါ။

ဤ ခန္ဓာ၏ သဘောငါးခု ဟူသည်ကား....

(၁) ရူပ = ရုပ်၊
(၂) ဝေဒနာ = ခံစားမှု၊
(၃) သညာ = မှတ်သားမှု၊
(၄) သင်္ခါရ = ပြုလုပ်မှု၊
(၅) ဝိညာဏ် = သိမှု။

မြတ်စွာဘုရားသခင်သည် ပဉ္စဝဂ္ဂီ-ရဟန်းတို့ကို 'ရဟန်းတို့' ဟု-မိန့်တော်မူ၏။ ထို ရဟန်းတို့သည် မြတ်စွာဘုရားသခင်အား 'အရှင်ဘုရား' ဟု-ပြန်ကြား လျှောက်ထားကြကုန်၏။

ထိုအခါ မြတ်စွာဘုရားက၊ ရဟန်းတို့...၊ ရုပ်သည် အတ္တ-မဟုတ်။ ရဟန်းတို့၊ ရုပ်သည် အတ္တ-ဖြစ်ခဲ့ငြားအံ့။ ငါ၏ ရုပ်သည် ငါ၏ အလိုသို့ လိုက်၍ မအိုဘဲ၊ မနာဘဲ၊ မသေဘဲနေပါစေ။ ငါ၏ ရုပ်သည် ငါ၏ အလိုသို့ လိုက်၍ အိုခြင်း၊ နာခြင်း၊ သေခြင်း မဖြစ်ပါစေလင့် -ဟု ရုပ်၌ တောင့်တမှုကို ရကောင်းရာ၏၊ ရဟန်းတို့၊ ရုပ်သည် အတ္တ- မဟုတ်သောကြောင့် မိမိ အလိုသို့ မလိုက်ဘဲ အိုလည်း အိုရ၏။ နာလည်း နာရ၏။ သေလည်း သေရ၏။

ရဟန်းတို့၊ ဝေဒနာသည် အတ္တ-မဟုတ်။ ရဟန်းတို့...၊ ဝေဒနာသည် အတ္တ-ဖြစ်ခဲ့ငြားအံ့၊ ငါ၏ ဝေဒနာသည် ငါ၏ အလိုသို့ လိုက်၍ မအိုဘဲ၊ မနာဘဲ၊ မသေဘဲ နေပါစေ။ ငါ၏ ဝေဒနာသည် ငါ၏ အလိုသို့ လိုက်၍ အိုခြင်း၊ နာခြင်း၊ သေခြင်း မဖြစ်ပါစေလင့်-ဟု ဝေဒနာ၌ တောင့်တမှု ရကောင်းရာ၏၊ ရဟန်းတို့၊ ဝေဒနာသည် အတ္တ- မဟုတ်သောကြောင့် မိမိအလိုသို့ မလိုက်ဘဲ အိုလည်း အိုရ၏။ နာလည်းနာရ၏။ သေလည်း သေရ၏။

ရဟန်းတို့... သညာသည် အတ္တ-မဟုတ်။ ရဟန်းတို့... သညာသည် အတ္တ-ဖြစ်ခဲ့ငြားအံ့။ ငါ၏ သညာသည် ငါ၏ အလိုသို့ လိုက်၍ မအိုဘဲ၊ မနာဘဲ၊ မသေဘဲ နေပါစေ။ ငါ၏ သညာသည် အိုခြင်း၊ နာခြင်း၊ သေခြင်း မဖြစ်ပါစေလင့်-ဟု သညာ၌ တောင့်တမှုကို ရကောင်းရာ၏။ ရဟန်းတို့.... သညာသည် အတ္တ-မဟုတ်သောကြောင့် မိမိအလိုသို့ မလိုက်ဘဲ အို-လည်း အိုရ၏။ နာလည်း နာရ၏။ သေလည်း သေရ၏။

ရဟန်းတို့... သင်္ခါရတို့သည် အတ္တ-မဟုတ်ကုန်။ ရဟန်းတို့....သင်္ခါရတို့သည် အတ္တ-ဖြစ်ကုန်ငြားအံ့။ မိမိ အလိုသို့ လိုက်၍ ငါ၏ သင်္ခါရတို့သည် မအိုဘဲ၊ မနာဘဲ၊ မသေဘဲနေပါစေ။ ငါ၏ သင်္ခါရတို့သည် အိုခြင်း၊ နာခြင်း၊ သေခြင်း မဖြစ်ပါစေလင့်-ဟု သင်္ခါရတို့၌ တောင့်တမှုကို ရကောင်း ရာ၏။ ရဟန်းတို့... သင်္ခါရတို့သည် အတ္တ- မဟုတ်သောကြောင့် မိမိအလိုသို့ မလိုက်ဘဲ အိုလည်း အိုရ၏၊ နာလည်း နာရ၏။ သေလည်း သေရ၏။

ရဟန်းတို့....ဝိညာဏ်သည် အတ္တ-မဟုတ်။ ရဟန်းတို့.... ဝိညာဏ်သည် အတ္တ ဖြစ်ငြားအံ့။ မိမိအလိုသို့ လိုက်၍ ငါ၏ ဝိညာဏ်သည် မအိုဘဲ၊ မနာဘဲ၊ မသေဘဲ နေပါစေ။ ငါ၏ ဝိညာဏ်သည် အိုခြင်း၊ နာခြင်း၊ သေခြင်းမဖြစ်ပါစေလင့်-ဟု ဝိညာဏ်၌ တောင်းတမှုကို ရကောင်းရာ၏။ ရဟန်းတို့.. ဝိညာဏ်သည် အတ္တ—မဟုတ်သောကြောင့် မိမိအလိုသို့ မလိုက်ဘဲ အို—လည်း အိုရ၏။ နာလည်း နာရ၏။ သေလည်း သေရ၏။

ရဟန်းတို့.... ထိုအရာကို အဘယ်သို့ မှတ်ထင်ကုန်သနည်း။ ရုပ်သည် မြဲသလော၊ မမြဲသလော....။ (မမြဲပါ အရှင်ဘုရား) မမြဲသော ရုပ်သည် ဆင်းရဲသလော၊ ချမ်းသာသလော.... ( ဆင်းရဲပါသည်—အရှင် ဘုရား ) မမြဲသော- ဆင်းရဲသော၊ ဖောက်ပြန်ခြင်း သဘောရှိသော ရုပ်ကို ဤရုပ်သည် ငါ့ ဥစ္စာ ဖြစ်၏။ ဤရုပ်သည် ငါ ဖြစ်၏။ ဤ ရုပ်သည် ငါ၏ ကိုယ်၊ အတ္တ- တည်းဟု ရှုခြင်းငှာ သင့်လျော်ပါမည်လော ...၊ (မသင့်လျော်ပါ အရှင်ဘုရား)။

ထိုနည်းအတူ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့သည် မြဲသလော၊ မမြဲသလော....၊ (မမြဲပါ အရှင်ဘုရား) မမြဲသော ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့သည် ဆင်းရဲသလော.... ချမ်းသာသလော၊ (ဆင်းရဲပါသည် အရှင်ဘုရား) မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်း သဘောရှိသော ဤ ဝေဒနာ၊ ဤသညာ၊ ဤ သင်္ခါရ၊ ဤ ဝိညာဏ်တို့ကို ငါ့ ဥစ္စာဖြစ်၏။ ဤဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့သည် ငါ ဖြစ်၏၊ ငါ ၏ကိုယ်၊ အတ္တ-တည်းဟု ရှုခြင်းငှာ သင့်လျော်ပါမည်လော....၊ (မသင့်လျော်ပါ အရှင်ဘုရား)။

ရဟန်းတို့... ထိုသို့ဖြစ်ခြင်းကြောင့် အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်လည်း ဖြစ်သော၊ အတွင်း-အပြင်လည်း ဖြစ်သော၊ အကြမ်း-အနုလည်း ဖြစ်သော၊ အယုတ်-အမြတ်လည်းဖြစ်သော၊ အနီး- အဝေးလည်းဖြစ်သော၊ အလုံးစုံသော ရုပ်ကို၊ ဤရုပ်သည် ငါ့ဥစ္စာ မဟုတ်။ ဤ ရုပ်သည် ငါ မဟုတ်။ ဤ ရုပ်သည် ငါ၏ကိုယ်၊ အတ္တ-မဟုတ်ဟု ဤသို့ ဟုတ်တိုင်းမှန်စွာ မှန်ကန်သော ပညာဖြင့် ရှုရမည်။

အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်လည်း ဖြစ်သော၊ အတွင်း-အပြင်လည်းဖြစ်သော၊ အကြမ်း-အနုလည်း ဖြစ်သော၊ အယုတ် အမြတ်လည်း ဖြစ်သော၊ အဝေး-အနီးလည်းဖြစ်သော၊ အလုံးစုံသော ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့ကို ဤတရားတို့သည် ငါ့ဥစ္စာမဟုတ်။ ဤ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့သည် ငါမဟုတ်။ ဤဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့သည် ငါ၏ကိုယ်၊ အတ္တ-မဟုတ်ဟု ဤသို့ ဟုတ်တိုင်းမှန်စွာ မှန်ကန်သော ပညာဖြင့် ရှုရမည်။

ရဟန်းတို့...၊ ဤသို့ရှုသော အကြားအမြင် ရှိသော အရိယာ တပည့်သည် ရုပ်၌လည်း ငြီးငွေ့၏၊ ဝေဒနာ၌လည်း ငြီးငွေ့၏။ သညာ၌လည်း ငြီးငွေ့၏။ သင်္ခါရတို့၌လည်း ငြီးငွေ့၏။ ဝိညာဏ်၌လည်း ငြီးငွေ့၏။ ငြီးငွေ့သော စွဲမက်မှုကင်း၏။ စွဲမက်မှု ကင်းခြင်းကြောင့် ကိလေသာမှ လွတ်မြောက်၏။ ကိလေသာမှ လွတ်မြောက်သော် ကိလေသာမှ လွတ်မြောက်ပြီဟု အသိဉာဏ် ဖြစ်ပေါ်၏။ ပဋိသန္ဓေနေရခြင်း ဆင်းရဲမှု ကုန်ပြီ။ မြတ်သော အကျင့်ကို ကျင့်သုံးအပ်ပြီ။ မဂ်ကိစ္စကို ပြုအပ်ပြီ။ မဂ်ကိစ္စ

အကျိုးငှာ တစ်ပါးသော ပြုဖွယ်ရာကို မရှိပြီဟု သိ၏-ဟုဟော ကြားတော်မူ၏။

မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏။ ပဉ္စဝဂ္ဂီ ရဟန်းတို့သည် မြတ်စွာဘုရား မိန့်တော်မူသော စကားကို နှစ် သက်ကြည်ညိုကုန်သည်ဖြစ်၍ ဝမ်းမြောက်- ဝမ်းသာခံယူကြ လေကုန်၏။

ဤသို့လျှင် ဂါထာမဖက်သော အနတ္တ-ဒေသနာ တရား တော်မြတ်ကို ဟောတော်မူသည်ရှိသော် ပဉ္စဝဂ္ဂီ ရဟန်းတို့၏ စိတ်တို့သည် တစ်စုံတစ်ခုကိုမျှ မစွဲလမ်းမူ၍ အာသဝေါတရား (၄) ပါးတို့မှ ကျွတ်လွတ်ကြလေ ကုန်သတည်း။ (ဝါ) ရဟန္တာများအဖြစ်သို့ ရောက်ကြလေကုန်သတည်း။

ထိုအခါတွင် လောကကြီး၌ ရဟန္တာ ခြောက်ပါး ရှိခဲ့လေ သတည်း။

၁။ မအိုချင်တဲ့ အိုရခြင်းသည်လည်း အနတ္တပဲ။
၂။ မနာချင်တဲ့ နာရခြင်းသည်လည်း အနတ္တပဲ။
၃။ မသေချင်တဲ့ သေရခြင်းသည်လည်း အနတ္တပဲ။
၄။ အရုပ်မဆိုးချင်တဲ့ ဆိုးရခြင်းသည်လည်း အနတ္တပဲ။
၅။ မဝချင်တဲ့ အလှန်တရာ ဝရခြင်းသည်လည်း အနတ္တပဲ။
၆။ မပိန်ချင်တဲ့အလွန်တရာပိန်ရခြင်းသည်လည်းအနတ္တပဲ။
၇။ အရုပ်မရှည်ချင်တဲ့ အလွန်တရာ အရုပ်ရှည်ရခြင်းသည် လည်း အနတ္တပဲ။
၈။ အရုပ်မပုချင်တဲ့ အလွန်တရာ အရုပ်ပုရခြင်းသည်လည်း အနတ္တပဲ။

၉။ အသားအရောင် မမဲချင်ဘဲ မဲရခြင်း သည်လည်း အနတ္တပဲ။

၁၀။ အသားအရောင် ရောဂါကြောင့် မဖြူချင်ဘဲ အလွန်တရာ ဖြူရခြင်းသည်လည်း အနတ္တပဲ။

၁၁။ ကိုယ်လက် အင်္ဂါ မချို့တဲ့ချင်ဘဲ ချို့တဲ့ရခြင်းသည်လည်း အနတ္တပဲ။

၁၂။ ညာဏ် မထိုင်းချင်ဘဲ ညာဏ်ထိုင်းရ ခြင်းသည်လည်း အနတ္တပဲ။

၁၃။ မျက်စိ မမှုန်ချင်ဘဲ မျက်စိ မှုန်ရခြင်းသည်လည်း အနတ္တပဲ။

၁၄။ နား မထိုင်းချင်ဘဲ နား ထိုင်းရခြင်း သည်လည်း အနတ္တပဲ။

၁၅။ သွား မကျိုးချင်ဘဲ သွား ကျိုးရခြင်း သည်လည်း အနတ္တပဲ။

၁၆။ သွားရေ မတွန့်ချင်ဘဲ သွားရေတွန့်ရခြင်း သည်လည်း အနတ္တပဲ။

၁၇။ ခါးမကုန်းချင်ဘဲ ခါး ကုန်း ရ ခြင်း သည်လည်း အနတ္တပဲ။

၁၈။ ဆံပင်မဖြူချင်ဘဲဆံပင်ဖြူရခြင်းသည်လည်းအနတ္တဘဲ။

၁၉။ အားအင် မလျော့ချင်ဘဲ အားအင်လျော့ရခြင်းသည် လည်း အနတ္တပဲ။

၂၀။ ခံစားခြင်း မချို့တဲ့ချင်ဘဲ ခံစားခြင်း ချို့တဲ့ရခြင်း သည်လည်း အနတ္တပဲ။

၂၁။ သတိမမေ့တတ်ချင်ဘဲ သတိမမေ့တတ်ရခြင်း သည်လည်း အနတ္တပဲ။

၂၂။ ပြုလုပ်ခြင်း မချို့တဲ့ချင်ဘဲ ပြုလုပ်ခြင်း ချို့တဲ့ရခြင်း သည်လည်း အနတ္တပဲ။

၂၃။ သိမှု မလျော့ချင်ဘဲ သိမှု လျော့ရခြင်းသည်လည်း အနတ္တပဲ။

မြတ်စွာဘုရားသခင်က သစ္စက ပရဗိုဇ်ကို ဆုံးမတော်မူတဲ့ အခါမှာ 'သစ္စက...မင်းကို ငါ မေးခွန်းတစ်ခု မေးမယ်။ မင်း ဖြေချင်သလို ဖြေနိုင်တယ်။ 'ပသေနဒီကောသလ' မင်းနဲ့ 'အဇာတသတ် မင်းတို့လို သက်ဦးဆံပိုင်တဲ့ မင်းတွေဟာ မိမိ အစိုးရတဲ့ နိုင်ငံအတွင်းမှာ တိုင်းသူ–ပြည်သားတွေထဲက သတ် ထိုက်တဲ့သူကို သတ်နိုင်သလား။ တိုင်းပြည်မှ နှင်ထုတ်ထိုက်သူကို နှင်ထုတ်နိုင်သလား။ တရားစီရင်ရာ၌ အရှုံးပေးထိုက်သူကို အရှုံး ပေးနိုင်သလား' လို့ မေးတော်မူတယ်။

အဲဒီအခါမှာ သစ္စကပရဗိုဇ်က 'အရှင်ဂေါတမ.... သက်ဦး ဆံပိုင်မင်းတွေဟာ ထိုကဲ့သို့လုပ်နိုင်ပါတယ်'လို့ ဖြေကြားတယ်။

အဲဒီအခါမှာ ဘုရားသခင်က 'အတ္တဝါဒဟာ မှန်ခဲ့လို့ ရှိရင် လူ သတ္တဝါတွေဟာ ဘယ်သူမှ အိုမှ လဲ မဟုတ်ဘူး။ ဘယ်သူမှ နာမှာလဲမဟုတ်ဘူး။ ဘယ်သူမှ သေမှ လဲမဟုတ်ဘူး။ ဘာဖြစ် လို့လဲဆိုယင် သတ္တဝါတွေ မှန်သမျှ ဘယ်သူမှ မအိုချင်ကြဘူး။ မနာချင်ကြဘူး။ မသေချင်ကြဘူး။ အဲဒီလို မအိုချင်၊ မနာချင်၊ မသေချင်ပေမယ့်လဲ သတ္တဝါတွေဟာ အိုနေရတယ်၊ နာနေရ တယ်၊ သေနေရတယ်၊ အတ္တဝါဒ မှန်ယင် သက်ဦးဆံပိုင် ရှင်ဘုရင်တွေက သူတို့ပိုင်တဲ့ နိုင်ငံတွင်းမှာ သူတို့ အလိုရှိသလို

အုပ်ချုပ်နိုင်ခဲ့လို လူသတ္တဝါတွေဟာလဲ သူတို့ရဲ့ ရုပ်တွေဟာ ဒီလိုဖြင့်စေ၊ ဒီလိုမဖြစ်စေနဲ့၊ ဒီလိုနုပျိုစေ၊ ဒီလိုမအိုစေနဲ့၊ မနာစေနဲ့၊ မသေစေနဲ့လို့ သူတို့ရဲ့ ဆန္ဒရှိတဲ့အတိုင်း လုပ်နိုင်ရလိမ့်မယ်၊ ဒီလိုလုပ်လို့ ရရဲ့လား။ မရဘူး၊ အဲဒီလို မရယင် အတ္တဝါဒဟာ မှန်နိုင်ပါဦးမလား' လို့ မေးတော်မူတယ်။

အဲဒီမေးခွန်းများကို ဘုရားသခင်က မေးနေတဲ့ အခါမှာ သစ္စကပရိဗိုဇ်က ဘာမှ ပြန်မဖြေနိုင်ဘဲ တစ်ကိုယ်လုံး ချွေးဒီးဒီး ကျနေပြီး နောက်ဆုံး၌ အနတ္တဝါဒ မှန်ကန်ကြောင်း ဝန်ခံပါတယ်။

ပဋိစ္စသမုပါဒ်တရားတော်

၁။ မသိမှုတည်း ဟူသော အကြောင်းကြောင့် ပြုပြင်မှုတရားဖြစ်ပေါ်၏။

၂။ ပြုပြင်မှုတည်းဟူသော အကြောင်းကြောင့်သိမှုတရားဖြစ်ပေါ်၏။

၃။ သိမှုတည်း ဟူသော အကြောင်းကြောင့် နာမ်-ရုပ်တည်းဟူသော တရားဖြစ်ပေါ်၏။

၄။ နာမ် ရုပ်တည်းဟူသော အကြောင်းကြောင့် အာရုံဖြောက်ပါးသည့်ရာ ဖြစ်ပေါ်လာ၏။

၅။ အာရုံဖြောက်ပါးသည့်ရာ တည်းဟူသော အကြောင်းကြောင့် တွေ့-ထိမှု ဖြစ်ပေါ်လာ၏။

၆။ တွေ့-ထိမှုတည်းဟူသော အကြောင်းကြောင့် ခံစားမှုဖြစ်ပေါ်လာ၏။

၇။ ခံစားမှုတည်းဟူသော အကြောင်းကြောင့် လိုချင်-တပ်မက်မှု ဖြစ်ပေါ်လာ၏။

၈။ လိုချင် တပ်မက်မှုတည်းဟူသော အကြောင်းကြောင့် စွဲလမ်းမှု ဖြစ်ပေါ်လာ၏။

၉။ စွဲလမ်းမှုတည်းဟူသော အကြောင်းကြောင့် ဘဝဖြစ်ပေါ်လာ၏။

၁၀။ ဘဝတည်းဟူသော အကြောင်းကြောင့် ဇာတိတည်းဟူသော ပဋိသန္ဓေနေမှု ဖြစ်ပေါ်လာ၏။

၁၁။ ဇာတိ(ဝါ) ပဋိသန္ဓေနေမှု အကြောင်းကြောင့် အိုမှု သေမှု၊ စိုးရိမ်မှု၊ ငိုကြွေးမှု၊ ဆင်းရဲမှု နှလုံးမသာယာမှု ပြင်းစွာ ပင်ပန်းမှုတို့ ဖြစ်ပေါ်လာ၏။

ပဋိစ္စသမုပ္ပါဒ်နည်း

၁။ မသိမှု ချုပ်ငြိမ်းခြင်းကြောင့် ပြုပြင်မှု ချုပ်ငြိမ်း၏။
၂။ ပြုပြင်မှု ချုပ်ငြိမ်းခြင်းကြောင့် (ဝိညာဏ်)သိမှုတရား ချုပ်ငြိမ်း၏။
၃။ သိမှုတရား ချုပ်ငြိမ်းခြင်းကြောင့်နာမ်ရုပ်ချုပ်ငြိမ်း၏။
၄။ နာမ်-ရုပ် ချုပ်ငြိမ်းခြင်းကြောင့် အာရုံ ခြောက်ပါးတည်ရာ ချုပ်ငြိမ်း၏။
၅။ အာရုံခြောက်ပါးတည်ရာ ချုပ်ငြိမ်းခြင်းကြောင့် တွေ့ထိမှု ချုပ်ငြိမ်း၏။
၆။ တွေ့-ထိမှု ချုပ်ငြိမ်းခြင်းကြောင့် ခံစားမှု ချုပ်ငြိမ်း၏။

၇။ ခံစားမှု ချုပ်ငြိမ်းခြင်းကြောင့် လိုချင်တပ်မက်မှု ချုပ်ငြိမ်း၏။

၈။ လိုချင်တပ်မက်မှု ချုပ်ငြိမ်းခြင်းကြောင့် စွဲလမ်းမှု ချုပ်ငြိမ်း၏။

၉။ စွဲလမ်းမှု ချုပ်ငြိမ်းခြင်းကြောင့် ဘဝချုပ်ငြိမ်း၏။

၁၀။ ဘဝချုပ်ငြိမ်းခြင်းကြောင့် ဇာတိ တည်းဟူသော ပဋိသန္ဓေနေမှု ချုပ်ငြိမ်း၏။

၁၁။ ဇာတိဟူသော ပဋိသန္ဓေနေမှု ချုပ်ငြိမ်းခြင်းကြောင့် အိုမှု၊ သေမှု၊ စိုးရိမ်မှု၊ ငိုကြွေးမှု၊ ဆင်းရဲမှု၊ နှလုံးမသာယာမှု၊ ပြင်းစွာ ပင်ပန်းမှုတို့အားလုံးချုပ်ငြိမ်းကုန်၏။

**နောက်တနည်း**

၁။ လူများ ဘာဖြစ်လို့ သေရသလဲ၊
နာလို့ သေရတယ်။

၂။ ဘာဖြစ်လို့ နာရသလဲ။
အိုလို့ နာရတယ်။

၃။ ဘာဖြစ်လို့ အိုရသလဲ။
ဇာတိ(ဝါ)ပဋိသန္ဓေနေလို့ အိုရတယ်။

၄။ ဘာဖြစ်လို့ ပဋိသန္ဓေနေရသလဲ။
ဘဝရလို့ ပဋိသန္ဓေနေရတယ်။

၅။ ဘာဖြစ်လို့ ဘဝရသလဲ။
စွဲလမ်းမှုကြောင့် ဘဝရတယ်၊

၆။ ဘာဖြစ်လို့ စွဲလမ်းမှု ဖြစ်ရသလဲ။
လိုချင်တပ်မက်မှုကြောင့် စွဲလမ်းမှု ဖြစ်ရတယ်။

၇။ ဘာဖြစ်လို့ လိုချင်တပ်မက်မှု ဖြစ်ရသလဲ။
ခံစားမှုကြောင့် လိုချင်တပ်မက်မှု ဖြစ်ရတယ်။
၈။ ဘာဖြစ်လို့ ခံစားမှုဖြစ်သလဲ၊
တွေ့-ထိမှုကြောင့် ခံစားမှု ဖြစ်ပါတယ်၊
၉။ ဘာဖြစ်လို့ တွေ့-ထိမှု ဖြစ်သလဲ။
အာရုံခြောက်ပါး တည်ရာကြောင့် တွေ့-ထိမှု ဖြစ်ပါတယ်။
၁၀။ ဘာဖြစ်လို့ အာရုံခြောက်ပါး တည်ရာဖြစ်သလဲ။
ရုပ်-နာမ်ရလို့ အာရုံခြောက်ပါးတည်ရာ ရပါတယ်၊
၁၁။ ဘာဖြစ်လို့ ရုပ်-နာမ် ရသလဲ။
သိမှု (ဝိညာဏ်) ရလို့ ရုပ်-နာမ် ရပါတယ်။
၁၂။ ဘာဖြစ်လို့ ဝိညာဏ်ရသလဲ။
ပြုပြင်လို့ ဝိညာဏ် ရပါတယ်။
၁၃။ ဘာဖြစ်လို့ ပြုပြင်မှု ဖြစ်သလဲ။
မသိမှု (အဝိဇ္ဇာ) ကြောင့် ပြုပြင်မှု ဖြစ်ပါတယ်။

နောက်တစ်မျိုး

၁။ မသေအောင် ဘာလုပ်ရမှာလဲ။
မနာအောင် လုပ်ရမယ်။
၂။ မနာအောင် ဘာလုပ်ရမှာလဲ။
မအိုအောင် လုပ်ရမယ်။
၃။ မအိုအောင် ဘာလုပ်ရမှာလဲ။
ဇာတိ (ပဋိသန္ဓေ) မနေအောင် လုပ်ရမယ်။

၄။ ဇာတိ(ပဋိသန္ဓေ) မနေရအောင် ဘာလုပ်ရမှာလဲ။
ဘဝမရအောင် လုပ်ရမယ်။
၅။ ဘဝမရအောင် ဘာလုပ်ရမှာလဲ။
စွဲလမ်းမှု မရှိအောင် လုပ်ရမယ်။
၆။ စွဲလမ်းမှု မရှိအောင် ဘာလုပ်ရမှာလဲ။
လိုချင်တပ်မက်မှု မရှိအောင် လုပ်ရမယ်။
၇။ လိုချင်တပ်မက်မှု မရှိအောင် ဘာလုပ်ရမှာလဲ။
ခံစားမှု မရှိအောင် လုပ်ရမယ်။
၈။ ခံစားမှုမရှိအောင် ဘာလုပ်ရမှာလဲ။
ထိ-တွေ့မှု မရှိအောင် လုပ်ရမယ်။
၉။ ထိ-တွေ့မှု မရှိအောင် ဘာလုပ်ရမှာလဲ။
အာရုံခြောက်ပါးတည်ရာ မရအောင် လုပ်ရမယ်။
၁၀။ အာရုံခြောက်ပါးတည်ရာမရအောင် ဘာလုပ်ရမှာလဲ။
ရုပ်-နာမ်မရအောင် လုပ်ရမယ်။
၁၁။ ရုပ်-နာမ်မရအောင် ဘာလုပ်ရမှာလဲ။
ဝိညာဏ်မရအောင် လုပ်ရမယ်။
၁၂။ ဝိညာဏ် မရအောင် ဘာလုပ်ရမှာလဲ။
ပြုပြင်မှု မရှိအောင် လုပ်ရမယ်။
၁၃။ ပြုပြင်မှု မရှိအောင် ဘာလုပ်ရမှာလဲ။
မသိမှု(ဝါ) အဝိဇ္ဇာ မရှိအောင် လုပ်ရမယ်။
၁၄။ မသိမှု (အဝိဇ္ဇာ) မရှိအောင် ဘာလုပ်ရမှာလဲ။
သစ္စာလေးပါး တရားတော်ကို ဟုတ်တိုင်း မှန်စွာ
သိအောင် လုပ်ရပါမယ်။

ပဋိစ္စသမုပ္ပါဒ်ဖြစ်ကြောင်းအစ (၀ါ) သံသရာ အစသည် အဝိဇ္ဇာက ဟူ၍ မြတ်စွာဘုရား ဟောတော်မူ၏။

သတ္တဝါအစကတော့ ငါဘုရားရှာ၍မတွေ့ဘူး။ သတ္တဝါ တစ်ဦးတစ်ယောက်၏ အစကို နောက်ဆုတ်–နောက်ဆုတ် ပြန်၍ တွေးခဲ့သော် ဘုရားဖြစ်တော်မူသည့်နေ့ကစ၍ ပရိနိဗ္ဗာန်ပြုတော်မူသည့် အချိန်တိုင်အောင် တွေးသော်လည်း သတ္တဝါ တစ်ဦး၏ အစ ကုန်နိုင်ဖွယ်မရှိဟု ဟောတော်မူ၏။

သတ္တဝါ တစ်ဦး–တစ်ယောက်၏ သံသရာ အစက ယခု တိုင်အောင် မရေမတွက်နိုင်သော သောပေါင်း များစွာတို့တွင် ရသော အရိုးများ ကို ပုံလိုက်မည် ဆိုလျှင် လေးလက်တက် သေးရက်ဆင်းမျှ ရှိသော ခတာင်ကြီးတစ်တောင် ဖြစ်လာ၏။ ဘယ်မျှသေခဲ့သည်ဆိုတာ မတွေးတောဝံ့အောင် ဖြစ်၏။ ဤမျှ သံသရာရှည်၏။ သံသရာရှည်သည်ဆိုသည်မှာ ဒုက္ခရှည်ခြင်းဖြစ်၏၊ သံသရာ၏ အစသည် အဝိဇ္ဇာကဟု ဟောတော်မူ၏။ ထို အဝိဇ္ဇာသည် အဘယ်နည်း အဝိဇ္ဇာဆိုသည်မှာ သစ္စာလေးပါး ကို မသိမှုပင်တည်း။

၁။ ဒုက္ခသစ္စာကို ဒုက္ခ ဟူ၍ ဟုတ်တိုင်းမှန်စွာ မသိခြင်း။

၂။ သမုဒယသစ္စာ ကို ဒုက္ခ၏ အကြောင်း ဖြစ်ကြောင်း ဟုတ်တိုင်းမှန်စွာ မသိခြင်း။

၃။ နိရောဓသစ္စာ ကို ဒုက္ခ၏ ချုပ်ငြိမ်းရာ ဖြစ်ကြောင်း ဟုတ်တိုင်းမှန်စွာ မသိခြင်း။

၄။ မဂ္ဂသစ္စာကို ဒုက္ခ ချုပ်ငြိမ်းရာ ဖြစ်သော နိရောဓသို့ ပို့ပေးသော ကျင့်စဉ် လမ်းကြောင်း ဖြစ်ကြောင်း ဟုတ်တိုင်းမှန်စွာ မသိခြင်း။

ကျွန်ုပ်တို့သည် လွန်ခဲ့သော ဘဝက သစ္စာလေးပါး တရားကို မသိသဖြင့် ဘဝရရန်အတွက် ကြိုးစားအားထုတ်မှု၊ ပြုပြင်မှုနှင့် စွဲလမ်းမှု ရှိခဲ့သောကြောင့် ဒီဘဝ ပဋိသန္ဓေဝိညာဏ် ရခဲ့ပါတယ်။ ဝိညာဏ်ရလို့ နာမ်-ရုပ် အာရုံခြောက်ပါးထိတွေ့မှု ခံစားမှု ရခဲ့ပါတယ်။ အကယ်၍ ခံစားမှုမှာ သာယာနေလျှင် တဏှာဖြစ်၏။ တဏှာ အားကြီးလျှင် စွဲလမ်းမှု ဖြစ်လိမ့်မယ်။ စွဲလမ်းမှုဖြင့် သေလျှင် နောင်ဘဝ ရမည်။ နောင်ဘဝ ရလျှင် ဒုက္ခရောက်မည်။

## ရတနသုတ် ပရိတ်တရားတော်

### ရတနသုတ် ဖြစ်လာရခြင်း အကြောင်း

မဟာကရုဏာတော်ရှင် 'ဂေါတမဗုဒ္ဓ' မြတ်စွာဘုရားသခင် သက်တော်ထင်ရှား ရှိစဉ်အခါက 'ဝေသာလီ'ပြည်သူပြည်သား အပေါင်းတို့သည် သီလမဆောက်တည်ကြတော့ဘဲ အကုသိုလ် အလုပ်တို့ကို ပြုလုပ်လျက် နေကြကုန်၏။ ထိုအခါ ပြည်သူပြည်သား အပေါင်းတို့ကို စောင့်ရှောက်ကြကုန်သော သူတော်ကောင်း နတ်တို့သည် မစောင့်ရှောက်ကြတော့ဘဲ ဖယ်ခွာကြပါသည်။ သူတော်ကောင်းနတ်တို့မရှိသဖြင့် နတ်ဆိုးနတ်ဘီလူးတို့သည် ဝင်လာကြကုန်၏။ သူတော်ကောင်းနတ်တို့ မစောင့်ရှောက်ခြင်းကြောင့် မိုးမရွာဘဲ နေ၏။ မိုးမရွာသောကြောင့် ကောက်ပဲသီးနှံမစိုက်နိုင်သဖြင့် ကောက်ပဲသီးနှံ မရသည့်အတွက် အစာအစားရှား၍ ငတ်မွတ်ခေါင်းပါးခြင်းဘေးကြောင့် လူအများ သေကြေပျက်စီးကြရကုန်၏။ ငုပ်ပြင် အစာမစားရ၍ အား

နည်းသောကြောင့် ကပ်ရောဂါအမျိုးမျိုးဖြစ်ကြ၍ လူအများ အထိ ဒုက္ခ ရောက်ကြရကုန်၏။ ထို့အပြင် နဝဲဘီလူးတို့သည် လည်း လူတို့ကို ခြောက်လှန့်-ဖမ်းစားခြင်းကို ပြုကြကုန်၏။

ထိုဘေးကြီး သုံးခုတို့မှ လွတ်မြောက်ရန် လူတို့သည် စည်း ဝေးကြ၍ မြတ်စွာဘုရားကို ပင့်ဖိတ်ရန် ဆုံးဖြတ်ကြကုန်၏။ ထို စည်းဝေးဆုံးဖြတ်သည့်အတိုင်း မြတ်စွာဘုရားထံ သွား၍ ဖြစ် သမျှ အကြောင်းတို့ကို လျှောက်ထားပြီးလျှင် မြတ်စွာဘုရားကို ပင့်ဖိတ်ကြလေ၏။ မြတ်စွာဘုရားသည် ပင့်ဖိတ်ခြင်းကို လက်ခံ တော်မူ၍ ဝေသာလီပြည်သို့ ကြွသွားပြီးလျှင် 'အရှင်အာနန္ဒာ' ကို ရတနသုတ် ပရိတ်တော်ကို သင်ပေးပြီး မြို့တံတိုင်း သုံးထပ် ကြား၌ ရွတ်ဖတ်နေစဉ် ပရိတ်ရေကို ပက်ဖျန်းခိုင်းတော်မူ၏။ အရှင်အာနန္ဒာသည် မြတ်စွာဘုရား ခိုင်းတော်မူသည့် အတိုင်း ပြုလုပ်သဖြင့် ဝေသာလီပြည်၌ကျရောက်နေသော ဘေးအပေါင်း တို့သည် ပျောက်ကွယ်သွားကြကုန်၏။

ရတနသုတ်ပရိတ်-တရားတော်

အို-သူတော်ကောင်း အပေါင်းတို့...၊ ကျွန်ုပ်တို့ ကိုးကွယ် ဆည်းကပ်ကြသော ဘုန်းတော် (၆) ပါး သခင် ဂေါတမ မြတ်စွာဘုရားရှင်၏-

(၁) ဒီပင်္ကရာ-မြတ်စွာဘုရားထံမှ ဗျာဒိတ် ရတော်မူ သည့် နေ့မှ အစပြု၍ ပါရမီ (၁၀)ပါး၊ ဥပ-ပါရမီ (၁၀) ပါး၊ ပရမတ္ထ-ပါရမီ (၁၀) ပါး၊ စုစုပေါင်း-ပါရမီ အပါး (၃၀) ကို ဖြည့်ကျင့်တော်မူခြင်းကို လည်းကောင်း-

( ၂ ) စွန့်ခြင်းကြီး ငါးပါးကို စွန့်ကြဲတော်မူခြင်းကို လည်းကောင်း—

( ၃ ) လောက သုံးပါး အကျိုး-စီးပွား အလို့ငှာ ကျင့်ခြင်းကို လည်းကောင်း—

( ၄ ) ဆွေတော်-မျိုးတော်တို့၏ အကျိုး စီးပွားအလို့ငှာ ကျင့်ခြင်းကို လည်းကောင်း—

( ၅ ) ဘုရား ဖြစ်ရန် အကျိုးငှာ ကျင့်ခြင်း ကို လည်းကောင်း-

( ၆ ) ဤသို့ အားဖြင့် သုံးပါးသင့်လျော် စရိယ အကျင့်တော်တို့ကို လည်းကောင်း—

( ၇ ) အဆုံးစွန်သော ဘဝ၌ အမိဝမ်း၌ ပဋိသန္ဓေ နေခြင်းကိုလည်းကောင်း—

( ၈ ) ဖွားမြင်တော်မူခြင်းကိုလည်းကောင်း-

( ၉ ) မြတ်သော တောထွက်ခြင်းကို လည်းကောင်း—

(၁၀) ပြင်းစွာသော လုံ့လဖြင့် ကျင့်ခြင်း ကို လည်းကောင်း—

(၁၁) မဟာ ဗောဓိ-ပလ္လင် ထက်၌ 'မာရ် ငါးပါး' ကို အောင်တော်မူခြင်းကို လည်းကောင်း—

(၁၂) သဗ္ဗညုတ ဉာဏ်တော်ကို ရတော်မူခြင်းကို လည်းကောင်း-

(၁၃) ဓမ္မစကြာတရား ဟောကြားတော်မူခြင်းကို လည်းကောင်း—

(၁၄) ကိုးပါးသော လောကုတ္တရာတရားနှင့် ပြည့်စုံတော်မူခြင်းကို လည်းကောင်း—

ဤသို့ စသည်အားဖြင့် ဘုရားသခင်၏ ဂုဏ်တော်၊ ကျေးဇူးတော် အားလုံးကို ကြည်ညိုလေးစားအားရုံပြု၍ ဝေသာလီပြည်မြို့တံခါးတိုင်း သုံးထပ်ကြား၌ တစ်ညလုံး ပရိတ်တော်ကို ရွတ်ဆော်မှုသော အရှင်အာနန္ဒာကဲ့သို့ နှလုံးထားကြပြီး သဘ္ဘဝါများကို သနားကြင်နာသောစိတ်ဖြင့် ဝေသာလီအမည်ရှိသော ပြည်၌ (၁) အနာရောဂါ နှိပ်စက်ခြင်းဘေး၊ (၂) ဘီလူး ခြောက်လှန့်-ဖမ်းစားခြင်းဘေး၊ (၃) အစာ ငတ်မွတ်သိပ်ခြင်း ဘေး စသည်ဖြင့် သုံးပါးသော ဘေးတို့ကို အကြင်-ရတနသုတ်ပရိတ်တော်သည် လျင်မြန်စွာ ပျောက်စေ၏။ ထိုရတနသုတ် ပရိတ်တော်ကို အရှင်သူတော်ကောင်းတို့နှင့် ငါတို့သည် ပေါင်းစုညီညာ ရွတ်ဆိုကြကုန်စို့ ....။

ဤပရိတ်ရွတ်ရာ အရပ်သို့ မြေ၌ တည်ရှိနေထိုင်ကြကုန်သော ဘုမ္မစိုးနတ်တို့သည်လည်းကောင်း၊ သစ်ပင်၌ တည်ရှိနေထိုင်ကြကုန်သော ရုက္ခစိုးနတ်တို့သည် လည်းကောင်း၊ ကောင်းကင်၌ တည်ရှိနေထိုင်ကြကုန်သော အာကာသစိုး နတ်တို့သည် လည်းကောင်း၊ ဗြဟ္မာတို့သည်လည်းကောင်း ညီညီ-ညာညာ ရောက်ရှိနေကြပါပြီ။

အို-နတ် ဗြဟ္မာ အပေါင်းတို့....၊ ဘုရားဟော ရတနသုတ် ပရိတ်တော်ကို ရိုသေစွာ နာယူမှတ်သားကြကုန်လော့။

လူတို့သည် အသင်နတ်တို့ကို နေ့၌ လည်းကောင်း၊ ညဉ့်၌ လည်းကောင်း ဗလိ ပူဇော် ပသခြင်းကို ပြုကြကုန်၏။ ထိုသို့ ပူဇော် ပသကုန်သော အကြောင်းကြောင့် သာလျှင် လူတို့ကို မေတ္တာဖြင့် မမေ့ မလျော့ဘဲ စောင့်ရှောက်ကြပါကုန်လော့။

လူ့ပြည်၊ နဂါးပြည်၊ ဂဠုန်ပြည်၊ နတ်ပြည်၊ ဗြဟ္မာပြည် တို့၌ ရှိရှိသမျှ ရတနာ အပေါင်းတို့တွင် ဘုရား ရတနာသည် အမြတ်ဆုံး ဖြစ်ပါသည်။ ဤစကားသည် မှန်ကန်ပါသည်။ ဤ မှန်ကန်သော သစ္စာစကား၏တန်ခိုးကြောင့် အားလုံးသော သတ္တဝါ အပေါင်းတို့သည် ချမ်းသာကြပါစေကုန် သတည်း။

လောကီ ရတနာ၊ လောကုတ္တရာ ရတနာ အားလုံးတို့တွင် မြတ်စွာဘုရား သိမြင်တော်မူသော ကိလေသာကင်းရာ၊ ရာဂ ငြိမ်းရာ၊ မအိုရာ၊ မနာရာ၊ မသေရာ ဖြစ်သော နိဗ္ဗာန်သည် အမြတ်ဆုံးဖြစ်ပါသည်။ ဤစကားသည် မှန်ကန်ပါသည်။ ဤ မှန်ကန်သော သစ္စာစကား၏ တန်ခိုးကြောင့် အားလုံးသော သတ္တဝါအပေါင်းတို့သည် ချမ်းသာကြပါစေကုန်သတည်း။

သမာဓိ – စေတသိက်ဘို့တွင် အရဟတ္တမဂ်နှင့် ယှဉ်သော သမာဓိသည် အမြတ်ဆုံးဖြစ်ပါသည်။ လောကီရတနာအားလုံး တို့ထက် မြင့်မြတ်လှပေ၏။ ဤစကားသည် မှန်ကန်ပါသည်။ ဤမှန်ကန်သော သစ္စာစကား၏ တန်ခိုးကြောင့် အားလုံးသော သတ္တဝါအပေါင်းတို့သည် ချမ်းသာကြပါစေကုန်သတည်း။

မြတ်သော အလှူကို ခံယူတော်မူထိုက်သော ရှစ်ယောက် သောသံဃာတော်မြတ်တို့သည် လောကီရတနာအားလုံးတို့ထက် အမြတ်ဆုံးဖြစ်ပါသည်။ ဤစကားသည် မှန်ကန်ပါသည်။ ဤ မှန်ကန်သော သစ္စာစကား၏ တန်ခိုးကြောင့် အားလုံးသော သတ္တဝါအပေါင်းတို့သည် ချမ်းသာကြပါစေကုန်သတည်း။

နိဗ္ဗာန်ကို အာရုံပြုကာ ဖလသမာပတ် ချမ်းသာဖြင့် နေထိုင် တော်မူကြကုန်သောရဟန္တာအရှင်မြတ်တို့သည် လောကီရတနာ အားလုံးတို့ထက် အမြတ်ဆုံး ဖြစ်တော်မူကြပါသည်၊ ဤစကား

သည် မှန်ကန်ပါသည်။ ဤမှန်ကန်သော သစ္စာစကား၏တန်ခိုး ကြောင့် အားလုံးသော သတ္တဝါအပေါင်းတို့သည် ချမ်းသာကြ ပါစေကုန်သတည်း။

လေဒဏ်-မိုးဒဏ်ကို ကြံ့ကြံ့ခိုင် ခံနိုင်သော သံတံခါးတိုင် ကြီးတို့ကဲ့သို့ သောတာပန် ပုဂ္ဂိုလ်သည် လောကဓံရှစ်ပါးနှင့် တွေ့ဆုံ-ကြုံကြိုက်လာသောအခါ မတုန်မလှုပ် ကြံ့ကြံ့ခိုင်ခံနိုင် စွမ်း ရှိပါ၏။ ဤစကားသည် မှန်ကန်ပါသည်။ ဤမှန်ကန် သော သစ္စာစကား၏ တန်ခိုးကြောင့် အားလုံးသော သတ္တဝါ အပေါင်းတို့သည် ချမ်းသာကြပါစေကုန်သတည်း။

သောတာပန် ပုဂ္ဂိုလ်များသည် ရှစ်ကြိမ်မြောက် ပဋိသန္ဓေ မနေကြတော့ပါ။ အများဆုံး ခုနစ်ကြိမ်သော ပဋိသန္ဓေနေကြ ပါသည်။ သောတာပန် ပုဂ္ဂိုလ်တို့သည် လောကီရတနာတို့တွင် အမြတ်ဆုံးဖြစ်ပါသည်။ ဤစကားသည် မှန်ကန်ပါသည်။ ဤ မှန်ကန်သော သစ္စာစကား၏ တန်ခိုးကြောင့် အားလုံးသော သတ္တဝါအပေါင်းတို့သည် ချမ်းသာကြပါစေကုန်သတည်း။

သောတာပန် ပုဂ္ဂိုလ်တို့သည် မှားသောအယူ (မိစ္ဆာဒိဋ္ဌိ) ဘုရား၊ တရား၊ သံဃာတို့၌ ယုံမှားခြင်း (ဝိစိကိစ္ဆာ) ရွေး၊ နွားနှင့် တူသောအကျင့်တို့ဖြင့် သံသရာမှ လွတ်မြောက်နိုင်သည် ဟူသော အယူ (သီလဗ္ဗတပရာမာသ) ဤ တရား သုံးပါးကို ပယ်ပြီး ဖြစ်ပါသည်။ အပါယ်တံခါးလည်း ပိတ်ပြီးဖြစ်ပါသည်။ အနန္တရိယ-ဟု ခေါ်သော 'ကံကြီး' ငါးပါးတို့ကို မကျူး လွန်ကြတော့ပါ။ တိတ္ထိများကို ဆရာမတင်ကြ တော့ပါ။ သောတာပန် ပုဂ္ဂိုလ်များသည် လောကီရတနာ အားလုံ ထက်

မြင့်မြတ်ကြပါသည်။ ဤစကားသည် မှန်ကန်ပါသည်။ ဤမှန်ကန်သော သစ္စာစကား၏ တန်ခိုးကြောင့် အားလုံးသော သတ္တဝါအပေါင်းတို့သည် ချမ်းသာကြပါစေကုန်သတည်း။

ယောတာပန် ပုဂ္ဂိုလ်များသည် မကောင်းသော ကာယကံမှု မကောင်းသော ဝစီကံမှု၊ မကောင်းသော မနောကံမှုများကို မဆောင်တော့ ပြုမိခဲ့ပါက ဖုံးကွယ်မထားကြဘဲ ပညာရှိသူတော်ကောင်းများထံတွင် ဝန်ခံကြပါသည်။ သောတာပန်ပုဂ္ဂိုလ်များသည် လောကီရတနာ အားလုံးတို့ထက် မြင့်မြတ်ကြပါသည်။ ဤစကားသည် မှန်ကန်ပါသည်။ ဤမှန်ကန်သော သစ္စာစကား၏ တန်ခိုးကြောင့် အားလုံးသော သတ္တဝါအပေါင်းတို့သည် ချမ်းသာကြပါစေကုန်သတည်း။

နွေလေးလတို့တွင် ပထမဆုံးလ ဖြစ်သော တန်ခူးလအခါ၌ ပင်လုံးကျွတ်- ဖူးပွင့်နေကြသော ပန်းမာလာတို့ဖြင့် ရှန်းရှန်းအိအိ အသရေရှိလှသော တောအုပ်ကြီးနှင့် တူသော ပရိယတ္တိတရားတော်မြတ်ကို မြတ်စွာဘုရားသည် (၄၅)ဝါ ကာလကြာအောင် ဟောကြားတော်မူခဲ့ပါသည်။ တရားပိုင်ရှင်ဖြစ်တော်မူသော မြတ်စွာဘုရားသခင်သည် လောကီရတနာအားလုံးတို့ထက် သာလွန်မြင့်မြတ်တော် မူပါသည်။ ဤစကားသည် မှန်ကန်ပါသည်။ ဤမှန်ကန်သော သစ္စာစကား၏ တန်ခိုးကြောင့် အားလုံးသော သတ္တဝါအပေါင်းတို့သည် ချမ်းသာကြပါစေကုန်သတည်း။

မြတ်စွာဘုရားသည် မြတ်သောနိဗ္ဗာန်ကို သိမြင်တော်မူ၏။ မြတ်သော နိဗ္ဗာန်ကို ညွှန်ပြတော်မူ၏။ မြတ်သော အကျိုးကို ဆောင်တော်မူ၏။ မြတ်သော တရားကို ဟောတော်မူ၏။

မြတ်စွာဘုရားသည် လောကီရတနာအားလုံးတို့ထက်သာလွန်၍ မြင့်မြတ်တော်မူ၏။ ဤသစ္စာစကားသည် မှန်ကန်ပါသည်။ ဤမှန်ကန်သော သစ္စာစကား၏ တန်ခိုးကြောင့် အားလုံးသော သတ္တဝါအပေါင်းတို့သည် ချမ်းသာကြပါစေကုန်သတည်း။

ရဟန္တာပုဂ္ဂိုလ်များမှာ ကုသိုလ်ကံ အကုသိုလ်ကံ ကုန်ဆုံးလေပြီးဖြစ်ပါသည်။ ပဋိသန္ဓေနေလိုသော စိတ်ဆန္ဒမရှိကြပါ။ ပဋိသန္ဓေမျိုးစေ့ကုန်ဆုံးခြင်းသို့ ရောက်ပြီး ဖြစ်ပါသည်။ ပရိနိဗ္ဗာန်စံသောအခါ ဆီမီးတောက် ငြိမ်းသကဲ့သို့ နိဗ္ဗာန်သို့ရောက်ပြီး၊ အေးငြိမ်းတော်မူကြ၏။ ရဟန္တာပုဂ္ဂိုလ်များသည် လောကီရတနာအားလုံးတို့ထက် သာလွန်၍ မြင့်မြတ်တော်မူကြ၏။ ဤစကားသည် မှန်ကန်ပါသည်။ ဤမှန်ကန်သော သစ္စာစကား၏ တန်ခိုးကြောင့် အားလုံးသော သတ္တဝါ အပေါင်းတို့သည် ချမ်းသာကြပါစေကုန်သတည်း။

ဤပရိတ်ရွတ်ရာအရပ်သို့ စည်းဝေး ရောက်ရှိလာကြသော နတ်၊ ဗြဟ္မာများ ဖြစ်ကြသော တပည့်တော်တို့သည် မြတ်စွာဘုရားကို ရှိခိုးကြပါကုန်၏။ တရားတော်မြတ်ကို ရှိခိုးကြပါကုန်၏။ သံဃာတော်မြတ်များကို ရှိခိုးကြပါကုန်၏။ ဤကောင်းမှုကံ စေတနာတို့ကြောင့် အားလုံးသော သတ္တဝါအပေါင်းတို့သည် ချမ်းသာကြပါစေကုန်သတည်း။

## ရတနသုတ်ပရိတ် ရွတ်ခြင်း၏ အကျိုးများ

၁။ ရောဂါဘေးကို ပပျောက်စေနိုင်ခြင်း။

၂။ ဘီလူးဘေးကို ကွယ်ပျောက်စေနိုင်ခြင်း။

၃။ ဝေါမွတ်ခေါင်းပါးခြင်းဘေးကို ပယ်ရှားပစ်နိုင်ခြင်း။

**မေတ္တာသုတ်ပရိတ်တရားတော်**

ယခုခေတ်ကာလ၌ အိမ်တိုင်းတွင် နေထိုင်ကြ ကုန်သော လူအချင်းချင်းတို့သည် အများအားဖြင့် မတဲ့ကြပါ။ ရပ်ကွက် အတွင်းတွင် နေထိုင်ကြကုန်သော ရပ်ကွက်သူ-ရပ်ကွက်သား အချင်းချင်းတို့သည် အများအားဖြင့် မသင့်မြတ်ကြပါ။ မြို့နယ် အတွင်း၌ နေထိုင်ကြကုန်သော လူအချင်းချင်းတို့သည် အများ အားဖြင့် ရန်လိုမှုတွေ ရှိကြပါသည်။ ထို့အတူ တိုင်းအတွင်း၌ နေထိုင်ကြကုန်သော တိုင်းသူ-တိုင်းသား အချင်းချင်းတို့သည် အများအားဖြင့် မကြေနပ်မှုတွေ ရှိကြပါသည်။ တိုတိုပြောရ လျှင် တကမ္ဘာလုံး၌ နေထိုင်ကြကုန်သော လူအချင်းချင်း၊ တိုင်းပြည်အချင်းချင်း မာန်မာနတွေ ထောင်လွှားပြီး မနာလို စိတ်၊ အညံ့မခံလိုစိတ်၊ ဒေါသစိတ်၊ ဆရာလုပ်လိုသော စိတ်၊ ဖျက်ဆီးလိုသော စိတ် ရှိကြပါသည်။ ထိုကဲ့သို့ ဖြစ်ရခြင်းမှာ အဘယ်အကြောင်းကြောင့်နည်း-ဟု ဆိုရသော် မေတ္တာတရား ခေါင်းပါးမှုကြောင့် ဖြစ်ပါသည်။ မေတ္တာတရား ခေါင်းပါး ရခြင်းမှာ လောဘ၊ ဒေါသ၊ မောဟကြောင့် အထူးသဖြင့် ဒေါသကြောင့် ဖြစ်ပါသည်။ လောဘ၊ ဒေါသ၊ မောဟ ကြောင့် ညစ်နွမ်းနေသော ကမ္ဘာကြီးကို ဖြူစင်သန့်ရှင်း၍ သာယာစိုပြေပြီးလျှင် ငြိမ်းချမ်းသောကမ္ဘာဖြစ်လာရေးအတွက် ဗုဒ္ဓမြတ်စွာဘုရား၏ မေတ္တာ တရားတော်ပင်လျှင် ကျင့်သုံးရန် ဖြစ်ပါသည်။

## မေတ္တသုတ္တန်ဖြစ်လာရခြင်းအကြောင်း

မြတ်စွာဘုရားသခင်သည် 'သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်'၌ သီတင်းသုံး နေတော်မူသောအခါ ငါးရာသော ရဟန်းတို့သည် မြတ်စွာဘုရား၏ အထံတော်၌ ကမ္မဋ္ဌာန်းတို့ကို ယူပြီးလျှင် တောရဆောက်တည်အံ့သောငှာ ဟိမဝန္တာတောသို့ သွား၍ သစ်ပင်တစ်ပင်စီအောက်၌ ကမ္မဋ္ဌာန်းစီးဖြန်းကြကုန်၏။ သီလရှိသောရဟန်း သစ်ပင်အောက်၌နေသောအခါ သစ်ပင်ထက်၌နေသော ရုက္ခစိုးနတ်တို့သည် သစ်ပင်ထက်၌ မနေဝံ့ဘဲ အောက်သို့ဆင်း၍ ဗိမာန်မရှိဘဲ ဆင်းရဲစွာနေကြရကုန်၏။ ထိုရုက္ခစိုးနတ်တို့သည် ဤရဟန်းတို့ကို ဤတောအရပ်၌မနေဝံ့အောင် ကြောက်မက်ဖွယ်သော ရုပ်အဆင်း၊ အသံ၊ အနံ့ တို့ကို ပြုကြကုန်၏။

ငါးရာသော ရဟန်းတို့သည် နှလုံးထိတ်လန့်ကုန်၍ မအိပ်နိုင်—မစားနိုင်သည့်အပြင် ဝိပဿနာ ကမ္မဋ္ဌာန်းကို အားမထုတ်နိုင်အောင် ဖြစ်လေသောကြောင့် မြတ်စွာဘုရား အထံတော်သို့ ပြန်လာ၍ အကြောင်းစုံကို လျှောက်ထားကြကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ထိုရဟန်းတို့ကို မေတ္တသုတ္တန် ပရိတ်တရားတော်ကို သင်ပေးပြီးလျှင် နေရာဟောင်းသို့ပင် ပြန်သွားစေတော်မူ၏။

ထိုရဟန်းတို့သည် မြတ်စွာဘုရား မိန့်တော်မူသည့် အတိုင်း နေရာဟောင်းသို့ပြန်သွား၍ မေတ္တသုတ္တန် ပရိတ်တရားတော်ကို နေ့–ညဥ့်မပြတ် ရွတ်ကြကုန်၏။

ရှုက္ခစိုးနတ်တို့သည် မေတ္တာသုတ္တန် ပရိတ်တန်ခိုးကြောင့် မေတ္တာသက်ဝင်ကုန်ကြ၍ ချစ်မြတ်နိုးသောစိတ် ဖြစ်ကြကုန်သောကြောင့် ကြောက်မက်ဖွယ် ကောင်းသော ရုပ်အဆင်း၊ အသံ၊ အနံ့တို့ကို မပြုကြကုန်သဖြင့် ရဟန်းငါးရာတို့သည်ချမ်းသာစွာ ဝိပဿနာ ကမ္မဋ္ဌာန်းကို စီးဖြန်းနိုင်ကြ၍ ထိုဝါတွင်း၌ပင်လျှင် အရဟတ္တဖိုလ်သို့ ရောက်ကုန်ကြ၍ ရဟန္တာချည်း ဖြစ်ကြလေကုန်၏။

မေတ္တာကမ္မဋ္ဌာန်း စီးဖြန်းလိုသော ပုဂ္ဂိုလ်တို့သည် အောက်ပါ ကျင့်ဝတ်များနှင့် ပြည့်စုံရမည်။

၁။ ယုံကြည်ချက် ရှိရမည်။
၂။ ကျန်းမာရေးနှင့်လည်း ပြည့်စုံရမည်။
၃။ ရိုးသားဖြောင့်မတ်မှု ရှိရမည်။
၄။ ဉာဏ်ပညာလည်း ရှိရမည်။
၅။ ဝီရိယနှင့်လည်း ပြည့်စုံရမည်။
၆။ ကိုယ် စိတ် နှလုံး နူးညံ့ သိမ်မွေ့ ရမည်။
၇။ မာန်ထောင်လွှားခြင်း မရှိသူဖြစ်ရမည်။
၈။ ရောင့်ရဲလွယ်သူ ဖြစ်ရမည်။
၉။ အသက်မွေးဝမ်းကျောင်းမှု လွယ်ရမည်။
၁၀။ အလုပ်ကိစ္စ နည်းပါးအောင် လုပ်ရမည်။
၁၁။ အအိပ်နည်းသူ ဖြစ်ရမည်။
၁၂။ ပေါ့ပေါ့-ပါးပါး ဖြစ်အောင် နေတတ်ရမည်။
၁၃။ ကိုယ်၊ နှုတ်၊ စိတ်၊ အမူအယာ ယဉ်ကျေးရမည်။

၁၄။ အပေါင်းအသင်းတို့၏ အပေါ်၌ တွယ်တာ ငြိကပ်ခြင်း ကင်းသူဖြစ်ရမည်။

၁၅။ နိဗ္ဗာန်ကို လိုလားသူ ဖြစ်ရမည်။

မေတ္တာဆိုသည်မှာ (၃၁)ဘုံ၌ ကျင်လည်နေကြ ကုန်သော ဝေနေယျသတ္တဝါ အပေါင်းတို့ကို မိမိရင်ဝယ်သားကဲ့သို့ ချစ်မြတ်နိုးခြင်းကို ဆိုလိုပါသည်။

မေတ္တာ ၄ သွယ်ပို့နည်း

၁။ ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ။

၂။ ကြောင့်ကျခပ်သိမ်း ကင်းငြိမ်းကြပါစေ။

၃။ ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ။

၄။ ချမ်းသာစွာ မိမိကိုယ်ကို အသက်ရှည်အောင် စောင့်ရှောက်နိုင်ကြပါစေ။

မရည်ညွှန်းအပ်သူ ၅ ယောက်ဆိုသည်မှာ -

၁။ အားလုံးသော သတ္တဝါတို့သည်။

၂။ အားလုံးသော အသက်ရှိသူတို့သည်။

၃။ အားလုံးသော ကိုယ်ထင်ရှားရှိသူတို့သည်။

၄။ အားလုံးသော ပုဂ္ဂိုလ်တို့သည်။

၅။ အားလုံးသော ကိုယ်ခန္ဓာရှိသူတို့သည်။

ရည်ညွှန်းအပ်သူ ၇ ယောက်ဆိုသည်မှာ

၁။ အားလုံးသော မိန်းမတို့သည်။

၂။ အားလုံးသော ယောကျ်ားတို့သည်။

၃။ အားလုံးသော အရိယာတို့သည်။
၄။ အားလုံးသော ပုထုဇဉ်တို့သည်။
၅။ အားလုံးသော နတ်၊ ဗြဟ္မာတို့သည်။
၆။ အားလုံးသော လူသားတို့သည်။
၇။ အားလုံးသော အပါယ်ဘုံသူ– အပါယ်ဘုံသား တို့သည်။

အရပ်ဆယ်မျက်နှာ

၁။ အရှေ့အရပ်မျက်နှာ။
၂။ အနောက်အရပ်မျက်နှာ။
၃။ မြောက်အရပ်မျက်နှာ။
၄။ တောင်အရပ်မျက်နှာ။
၅။ အရှေ့တောင်ထောင့် အရပ်မျက်နှာ။
၆။ အနောက်မြောက်ထောင့် အရပ်မျက်နှာ။
၇။ အရှေ့မြောက်ထောင့်အရပ်မျက်နှာ။
၈။ အနောက်တောင်ထောင့် အရပ်မျက်နှာ။
၉။ အောက်အရပ်မျက်နှာ။
၁၀။ အထက်အရပ်မျက်နှာ။

၅၂၈–သွယ် မေတ္တာတွက်နည်း

မေတ္တာပို့ရာတွင် မရည်ညွှန်းအပ် ပုဂ္ဂိုလ် (၅)ဦးနှင့် ရည်ညွှန်းအပ် ပုဂ္ဂိုလ် (၇) ဦးတို့ကို ပေါင်းသော် (၁၂)ဦး ရပါသည်။ ထို ပုဂ္ဂိုလ် (၁၂) ဦးကို တစ်ဦးလျှင် ဆိုခဲ့ပြီး မေတ္တာ (၄) သွယ်စီ ပို့သော် [၁၂×၄ = ၄၈] သွယ်

ရပါသည်။ ထို (၃၀) သွယ်ကို အရပ် (၁၀) မျက်နှာနှင့် မြှောက်သော် (၄၀၀) ရပါသည်။ ထို (၄၈၀) ကို ဆိုခဲ့ပြီး မေတ္တာ (၄၀) နှင့် ပေါင်းသော် (၅၂၀) မေတ္တာ အရေ အတွက် ရပါသည်။

အောက်ပါအတိုင်း မေတ္တာပို့သလျှင်လည်းဖြစ်ပါသည်။

ငါ-ဟု ခေါ်ရာ ငါ့ခန္ဓာ—
ဘေးရန်ခပ်သိမ်း ကင်းငြိမ်းပါစေ။
ကြောင့်ကျခပ်သိမ်း ကင်းငြိမ်းပါစေ။
ဆင်းရဲခပ်သိမ်း ကင်းငြိမ်းပါစေ။
ချမ်းသာစွာ မိမိကိုယ်ကို အသက်ရှည်အောင် စောင့်ရှောက် နိုင်ပါစေ။

(၁) အရှေ့အရပ်မျက်နှာ၌ တည်ရှိ နေထိုင်ကြကုန်သော အနန္တသတ္တဝါ အပေါင်းတို့သည် ဘေးရန်ခပ်သိမ်း ကင်းငြိမ်း ကြပါစေ၊ ကြောင့်ကျခပ်သိမ်း ကင်းငြိမ်းကြပါစေ။ ဆင်းရဲ ခပ်သိမ်း ကင်းငြိမ်းကြပါစေ။ ချမ်းသာစွာ မိမိကိုယ်ကို အသက် ရှည်အောင် စောင့်ရှောက်နိုင်ကြပါစေ။

(၂) အနောက်အရပ် မျက်နှာ၌ တည်ရှိ နေထိုင်ကြကုန် သော အနန္တ သတ္တဝါ အပေါင်းတို့သည် ဘေးရန် ခပ်သိမ်း ကင်းငြိမ်းကြပါစေ။ ကြောင့်ကျခပ်သိမ်း ကင်းငြိမ်းကြပါစေ။ ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ။ ချမ်းသာစွာ မိမိကိုယ်ကို အသက်ရှည်အောင် စောင့်ရှောက်နိုင်ကြပါစေ။

(၃) မြောက်အရပ်မျက်နှာ၌ တည်ရှိနေထိုင်ကြကုန်သော အနန္တ သတ္တဝါအပေါင်းတို့သည် ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ။ ကြောင့်ကြခပ်သိမ်း ကင်းငြိမ်းကြပါစေ။ ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ။ ချမ်းသာစွာ မိမိကိုယ်ကို အသက်ရှည်အောင် စောင့်ရှောက်နိုင်ကြပါစေ။

(၄) တောင်အရပ်မျက်နှာ၌ တည်ရှိနေထိုင်ကြကုန်သော အနန္တ သတ္တဝါအပေါင်းတို့သည် ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ။ ကြောင့်ကြခပ်သိမ်း ကင်းငြိမ်းကြပါစေ။ ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ။ ချမ်းသာစွာ မိမိကိုယ်ကို အသက်ရှည်အောင် စောင့်ရှောက်နိုင်ကြပါစေ။

(၅) အရှေ့တောင်ထောင့်အရပ်မျက်နှာ၌ တည်ရှိနေထိုင်ကြကုန်သော အနန္တ သတ္တဝါ အပေါင်းတို့သည် ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ။ ကြောင့်ကြခပ်သိမ်း ကင်းငြိမ်းကြပါစေ။ ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ။ ချမ်းသာစွာ မိမိကိုယ်ကို အသက်ရှည်အောင် စောင့်ရှောက်နိုင်ကြပါစေ။

(၆) အနောက်မြောက်ထောင့် အရပ်မျက်နှာ၌ တည်ရှိနေထိုင်ကြကုန်သော အနန္တသတ္တဝါအပေါင်းတို့သည် ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ။ ကြောင့်ကြခပ်သိမ်း ကင်းငြိမ်းကြပါစေ။ ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ။ ချမ်းသာစွာ မိမိကိုယ်ကို အသက်ရှည်အောင် စောင့်ရှောက်နိုင်ကြပါစေ။

(၇) အရှေ့မြောက်ထောင့် အရပ်မျက်နှာ၌ တည်ရှိနေထိုင်ကြကုန်သော အနန္တသတ္တဝါအပေါင်းတို့သည် ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ။ ကြောင့်ကြခပ်သိမ်း ကင်းငြိမ်း

ကြပါစေ။ ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ။ ချမ်းသာစွာ မိမိကိုယ်ကို အသက်ရှည်အောင် စောင့်ရှောက်နိုင်ကြပါစေ။

(၈) အနောက်တောင်ထောင့် အရပ်မျက်နှာ၌ တည်ရှိနေထိုင်ကြကုန်သော အနန္တသတ္တဝါအပေါင်းတို့သည် ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ။ ကြောင့်ကြခပ်သိမ်း ကင်းငြိမ်းကြပါစေ။ ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ။ ချမ်းသာစွာ မိမိ ကိုယ်ကို အသက် ရှည်အောင် စောင့်ရှောက်နိုင်ကြပါစေ။

(၉) အောက်အရပ်မျက်နှာ၌ တည်ရှိနေထိုင်ကြကုန်သော အနန္တသတ္တဝါအပေါင်းတို့သည် ဘေးရန် ခပ်သိမ်း ကင်းငြိမ်းကြပါစေ။ ကြောင့်ကြခပ်သိမ်း ကင်းငြိမ်းကြပါစေ။ ဆင်းရဲခပ် သိမ်း ကင်းငြိမ်းကြပါစေ။ ချမ်းသာစွာ မိ မိ ကိုယ် ကို အသက်ရှည်အောင် စောင့်ရှောက်နိုင်ကြပါစေ။

(၁၀) အထက်အရပ်မျက်နှာ၌ တည်ရှိနေထိုင်ကြကုန်သော အနန္တသတ္တဝါအပေါင်းတို့သည် ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ။ ကြောင့်ကြခပ်သိမ်း ကင်းငြိမ်းကြပါစေ။ ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ။ ချမ်းသာစွာ မိမိကိုယ်ကို အသက်ရှည်အောင် စောင့်ရှောက်နိုင်ကြပါစေ။

**မေတ္တာပို့သခြင်း၏ အကျိုး ၁၁-ပါး**

၁။ ချမ်းသာစွာ အိပ်ရခြင်း။
၂။ ချမ်းသာစွာ အိပ်ရာမှ နိုးရခြင်း။
၃။ အိပ်မက်ဆိုး မမက်ခြင်း။
၄။ နတ်၊ လူ ချစ်ခင်ခြင်း။
၅။ နတ်တို့ စောင့်ရှောက်ခြင်း။

၆။ မီးဘေးမှ ကင်းဝေးခြင်း။

၇။ အဆိပ်မသင့်ခြင်း။

၈။ ဓား၊ လှံ၊ လက်နက် မထိခြင်း။

၉။ စိတ်တည်ကြည်ခြင်း။

၁၀။ သေသောအခါ မတွေဝေဘဲ သေရခြင်း။

၁၁။ ဗြဟ္မာ့ပြည်သို့ ရောက်ရခြင်း။

---

## အာဋာနာဋိယသုတ် ပရိတ်တရားတော်

**အို–သူတော်ကောင်း အပေါင်းတို့....**

မြတ်စွာဘုရား သာသနာတော်ကြီးကို မကြည်ညို–မလေးစားကြသည့်အပြင် အမြဲတမ်း ကြမ်းကြုတ်၍ ရက်စက်တတ်ကြသော နတ်ဘီလူး၊ နတ်မိစ္ဆာများက ပရိသတ်လေးပါး သူတော်ကောင်းများကို မညှင်းပန်း–မနှိပ်စက်နိုင်ရန်နှင့် ကြည့်ရှုစောင့်ရှောက်ကြစေရန် မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော 'အာဋာနာဋိယသုတ်' ပရိတ်တော်ကို စုပေါင်း ညီညာ ရွတ်ဆိုကြပါကုန်စို့။

စကျောင်းပါးသခင်–ဘုန်းကျက်သရေအရှင် ဖြစ်တော်မူသော ဝိပဿီ–မြတ်စွာဘုရား အား တပည့်တော်၏ ရှိခိုးခြင်းသည် ဖြစ်ပါစေသတည်း။

သတ္တဝါများကို မဟာကရုဏာတော်ဖြင့် သနားတော်မူ၍ ဘေးမရောက်ရအောင်စောင့်ရှောက်တော်မူသော သိခီ–မြတ်စွာဘုရားအား တပည့်တော်၏ ရှိခိုးခြင်းသည် ဖြစ်ပါစေသတည်း။

အလုံးစုံသော ကိလေသာ အပေါင်းတို့ကို ဆေးကြော သုတ်သင်ပြီးလျှင် မြတ်သောအကျင့်နှင့် ပြည့်စုံတော်မူသော ဝေဿဘူ-မြတ်စွာဘုရားအား တပည့်တော်၏ ရှိခိုးပူဇော်ခြင်းသည် ဖြစ်ပါစေသတည်း။

မာရ်မင်း၏ မရေမတွက်နိုင်အောင် များပြားလှသော စစ်သည်များကို ပါရမီတော်တို့၏ တန်ခိုးတော်ဖြင့် အောင်မြင်တော်မူသော ကကုသန်-မြတ်စွာဘုရားအား တပည့်တော်၏ လက်စုံမိုး၍ ရှိခိုးပူဇော်ခြင်းသည် ဖြစ်ပါစေသတည်း။

အကုသိုလ်အလုပ်များ ဖြစ်ကြသော ကာယကံမကောင်းမှု၊ ဝစီကံမကောင်းမှု၊ မနောကံမကောင်းမှု အလုံးစုံတို့ကို ပယ်ခွာပြီးလျှင် ဝသီဘော်ငါးဖြာနှင့် ပြည့်စုံတော်မူသော ကောဏာဂုံ မြတ်စွာဘုရားအား တပည့်တော်၏ ဦးညွတ်ပြီးလျှင် လက်စုံမိုး၍ ရှိခိုးပူဇော်ခြင်းသည် ဖြစ်ပါစေသတည်း။

အလုံးစုံသော ကိလေသာအပေါင်းတို့ကို ချုပ်ဆုံးမှုပြီးသော ကဿပ-မြတ်စွာဘုရားအား တပည့်တော်၏ ပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ရခြင်းသည် ဖြစ်ပ သတည်း။

ရောင်ခြည်တော် ခြောက်သွယ်တို့ဖြင့် တင့်တယ်၍ သပ္ပါယ်တော်မူသော ဆင်းရဲဒုက္ခအပေါင်းတို့ကို မုချချုပ်ငြိမ်းစေနိုင်သော ဤအာဋာနာဋိယသုတ် ပရိတ်တော်ကို ဟောပြတော်မူသော ဂေါတမ- မြတ်စွာဘုရားအား တပည့်တော်၏ ဦးညွတ်ပြီးလျှင် ရှိခိုးခြင်းသည် ဖြစ်ပါစေသတည်း။

ကိလေသာမီး ငြိမ်းအေးပြီးဖြစ်သော ရဟန္တာ အရှင်မြတ်များသည် သစ္စာလေးပါးတရားကို သိမြင်၍ နေကြပါကုန်၏။ ဂုန်းချောစကား ပြောကြားခြင်း မရှိကြကုန်၊ ကြောက်ရွံ့ခြင်းလည်း မရှိကြကုန်၊ ထိုရဟန္တာ အရှင်သူမြတ်များကို တပည့်တော်၏ ရှိခိုးခြင်းသည် ဖြစ်ပါစေသတည်း။

'ဝိပဿီ' အစ 'ဂေါတမ' အဆုံး ခုနစ်ဆူသော ဘုရားရှင်တို့နှင့် အခြား ကဋ္ဌေပေါင်းများစွာသော ဘုရားရှင်တို့သည်—

၁။ ဂုဏ်ရည်တူ ဖြစ်တော်မူကြပါကုန်၏။

၂။ အလွန်တန်ခိုးကြီးတော်မူကြပါကုန်၏။

၃။ ကာယအား ၁၀-ပါး၊ ဉာဏအား ၁၀-ပါးတို့နှင့် ပြည့်စုံတော်မူကြပါကုန်၏။

၄။ စတုဝေသာရဇ္ဇဉာဏ်နှင့် ပြည့်စုံတော်မူကြပါကုန်၏။

၅။ သဗ္ဗညုတဉာဏ်ကို ရတော်မူကြပါကုန်၏။

၆။ ပရိတ်သတ်လေးပါးအလယ်၌ ကေသရာဇာခြင်္သေ့မင်းကဲ့သို့ ကြောက်ရွံ့ခြင်းကင်း၍ ရဲရင့်တော်မူကြပါကုန်၏။

၇။ ဓမ္မစကြာတရားတော်ကို ဟောတော်မူကြပါကုန်၏။

၈။ တစ်ဆယ့်ရှစ်ပါးသော ဘုရားဂုဏ်တော်တို့နှင့် ပြည့်စုံကြပါကုန်၏။

၉။ လက္ခဏာတော်ကြီး (၃၂) ပါး၊ လက္ခဏာတော်ငယ် (၈၀) တို့နှင့် ပြည့်စုံတော်မူကြပါကုန်၏။

၁၀။ ရောင်ခြည်တော်ခြောက်သွယ် ရှိတော်မူကြပါကုန်၏။

၁၁။ တရားအားလုံးစုံကို သိတော်မူကြပါကုန်၏။

၁၂။ မနိုင်ပါးပါးတို့ယက် မြတ်တော်မူကြပါကုန်၏။

၁၃။ ကိလေသာ အာသဝေါ်တို့ကင်းတော်မူကြပါကုန်၏၊
၁၄။ ရောင်ခြည်တော် အနန္တ၊ တန်ခိုးတော် အနန္တ၊ ဉာဏ်တော်အနန္တ၊ အားတော်အနန္တ၊ ကရုဏာတော် အနန္တတို့နှင့် ပြည့်စုံတော်မူကြပါကုန်၏။
၁၅။ သတ္တဝါတို့၏ အကျိုးစီးပွားကို ဆောင်တော်မူကြပါကုန်၏။
၁၆။ သတ္တဝါတို့၏ မှီခိုရာ ကျွန်းကြီးနှင့် တူတော်မူကြပါကုန်၏။
၁၇။ သတ္တဝါတို့၏ ကိုးကွယ်ရာ ဖြစ်တော်မူကြပါကုန်၏။
၁၈။ သတ္တဝါတို့ကို စောင့်ရှောက်တော် မူကြပါကုန်၏။
၁၉။ သတ္တဝါတို့၏ပုန်းအောင်းရာဖြစ်တော်မူကြပါကုန်၏။
၂၀။ ပိဿနိုး၊ သိကြား၊ ဗြဟ္မာတို့ကဲ့သို့ သတ္တဝါတို့၏ အကျိုးစီးပွားကို တိုးပွားစေတော် မူကြပါကုန်၏။
၂၁။ သတ္တဝါတို့၏ တည်ရာဖြစ်တော်မူကြပါကုန်၏။
၂၂။ သတ္တဝါတို့၏ အားကိုးရာ ဖြစ်တော်မူကြပါကုန်၏။
၂၃။ သတ္တါတို့၏ အကျိုးကို လိုလားတောင့်တတော် မူကြပါကုန်၏။

လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါအပေါင်းတို့၏ ကိုးကွယ်ရာ ဖြစ်တော်မူသော ထိုမြတ်စွာဘုရားတို့၏ ခြေတော်အစုံတို့ကို တပည့်တော်၏ ဦးခေါင်းဖြင့် ထိ၍ ရှိခိုးပူဇော်ခြင်းသည် ဖြစ်ပါစေသတည်း။

ထိုမြတ်စွာဘုရားရှင်တို့ကို အိပ်နေစဉ်၊ ထိုင်နေစဉ်၊ ရပ်နေစဉ်၊ သွားနေစဉ်၊ အမြဲတမ်း ကာယကံ၊ ဝစီကံ၊ မနောကံ၊ တို့ဖြင့် တပည့်တော်သည် ရှိခိုးပါ၏ အရှင်မြတ်တို့ဘုရား....။

တပည့်တော်ကို မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးများက စောင့်ရှောက်တော် မူကြပါစေကုန်သတည်း။

ထိုဘုရားသခင်တို့၏ အစောင့်အရှောက်ကို ရရှိသော တပည့်တော်တို့သည်....

၁။ ဘေးရန်ခပ်သိမ်း ကင်းငြိမ်းပါစေ၊
၂။ ကြောင့်ကြခပ်သိမ်း ကင်းငြိမ်းပါစေ၊
၃။ ဆင်းရဲခပ်သိမ်း ကင်းငြိမ်းပါစေ၊
၄။ ရောဂါခပ်သိမ်း ကင်းငြိမ်းပါစေ၊
၅။ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာပါစေသော်။

မြင့်မိုရ်တောင်၏ အရှေ့ဘက်မျက်နှာ အရပ်၌ နေထိုင်ကြကုန်သော ဂန္ဓဗ္ဗနတ်များအား အကျွန်ုပ်၏ ကုသိုလ်ကို အမျှပေးဝေပါ၏။ အားလုံးသော ဂန္ဓဗ္ဗနတ်များသည် အမျှရ၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ–ချမ်းသာကြပါစေ ကုန်သတည်း။ အကျွန်ုပ်ကိုလည်း ကျန်းမာ–ချမ်းသာအောင် စောင့်ရှောက်ကြပါစေ ကုန်သတည်း။

မြင့်မိုရ်တောင်၏ တောင်ဘက်မျက်နှာ အရပ်၌ နေထိုင်ကြကုန်သော ကုမ္ဘဏ္ဍနတ်များအား ကျွန်ုပ်၏ကုသိုလ်ကို အမျှပေးဝေပါ၏။ အားလုံးသော ကုမ္ဘဏ္ဍနတ်များသည် အမျှရ၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ–ချမ်းသာကြပါစေ ကုန်သတည်း။ အကျွန်ုပ်ကိုလည်း ကျန်းမာ–ချမ်းသာအောင် စောင့်ရှောက်ကြပါစေကုန်သတည်း။

မြင့်မိုရ်တောင်၏ အနောက်ဘက်မျက်နှာအရပ်၌ နေထိုင်ကြကုန်သော နဂါးနတ်များအား ကျွန်ုပ်၏ ကုသိုလ်ကို အမျှ

ပေးဝေပါ၏။ အားလုံးသော နတ်နဂါးများသည် အမျှရ၍ ကိုယ်စိတ် နှစ်ဖြာ ကျန်းမာ–ချမ်းသာကြပါစေကုန် သတည်း။ အကျွန်ုပ်ကိုလည်း ကျန်းမာ – ချမ်းသာအောင် စောင့်ရှောက်ကြပါစေကုန်သတည်း။

မြင့်မိုရ်တောင်၏ မြောက်ဘက် မျက်နှာအရပ်၌ နေထိုင်ကြကုန်သော ယက္ခဘီလူး နတ်များအား အကျွန်ုပ်၏ ကုသိုလ်ကို အမျှပေးဝေပါ၏။ အားလုံးသော ယက္ခဘီလူး နတ်များသည် အမျှရ၍ ကိုယ် စိတ် နှစ်ဖြာ ကျန်းမာ–ချမ်းသာကြပါစေကုန် သတည်း။ အကျွန်ုပ်ကိုလည်း ကျန်းမာ–ချမ်းသာအောင် စောင့်ရှောက်ကြပါစေကုန်သတည်း။

တန်ခိုးကြီး၍ အခြံအရံများသော လောကပါလ နတ်မင်းကြီး လေးပါးဖြစ်တော်မူကြကုန်သော အရှေ့အရပ်၌ ဓတရဋ္ဌ နတ်မင်းကြီးသည်ရှိ၏။ တောင်အရပ်၌ ဝိရူဠှကနတ်မင်းကြီးသည် ရှိ၏။ အနောက်အရပ် ဝိရူပက္ခနတ်မင်းကြီးသည် ရှိ၏။ မြောက်အရပ်၌ ကုဝေရ နတ်မင်းကြီးသည် ရှိ၏။ ထိုလောကပါလ နတ်မင်းကြီး လေးပါးတို့အား အကျွန်ုပ်၏ ကုသိုလ်ကို အမျှ ပေးဝေပါ၏။ အားလုံးသောလောကပါလနတ်မင်းကြီးတို့သည် အမျှရကြ၍ ကိုယ် စိတ် နှစ် ဖြာ ကျန်းမာ–ချမ်းသာကြပါစေ ကုန်သတည်း။ အကျွန်ုပ်ကိုလည်း ကျန်းမာ–ချမ်းသာအောင် စောင့်ရှောက်ကြပါစေကုန်သတည်း။

တန်ခိုးကြီးသောဘုမ္မစိုးနတ်များ၊ အာကာသစိုးနတ်များနှင့် တန်ခိုးကြီးသော သာသနာစောင့် နတ်များတို့အားလည်း အကျွန်ုပ်၏ ကုသိုလ်ကို အမျှ ပေးဝေပါ၏။ အားလုံးသော

နတ်များ အမျှရ၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ-ချမ်းသာကြ ပါစေကုန်သတည်း။ အကျွန်ုပ်ကိုလည်း ကျန်းမာ-ချမ်းသာ အောင် စောင့်ရှောက်ကြပါစေကုန်သတည်း။

အားလုံးသော သတ္တဝါအပေါင်းတို့သည်—
ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ၊
ကြောင့်ကြခပ်သိမ်း ကင်းငြိမ်းကြပါစေ၊
သောကခပ်သိမ်း ကင်းငြိမ်းကြပါစေ၊
ရောဂါခပ်သိမ်း ကင်းငြိမ်းကြပါစေ၊
အန္တရာယ်ခပ်သိမ်း ကင်းငြိမ်းကြပါစေ။
ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ-ချမ်းသာကြပါစေသော်။

ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို အမြဲရှိခိုးသော သူများနှင့် အသက်ကြီးသူ-ဂုဏ်ကြီးသူများကို အမြဲ ရိုသေ လေးစားသူများမှာ—

အသက်ရှည်ခြင်း၊
အဆင်းလှခြင်း၊
ချမ်းသာကြီးခြင်း၊

ခွန်အားကြီးခြင်း-ဟု ဆိုအပ်သော အကျိုး တရား လေးပါးတို့ကို တစ်နေ့တခြား တိုးပွားရရှိကြမည် ဖြစ်ပါသည်။

## မဟာသတိပဋ္ဌာန်သုတ် တရားတော်

သတိပဋ္ဌာန် တရားတော်သည် လူတိုင်း-လူတိုင်း အတွက် အလွန့်အလွန်အရေးကြီးသော တရားတော်မြတ် ဖြစ်ပါသည်။ မည်မျှအရေးကြီးကြောင်းကို ကျမ်းဂန်များ၌ပါရှိသော ဥပမာ တို့ဖြင့် အောက်ပါအတိုင်း ရှင်းပြပေအံ့၊

အသွားနှစ်ဘက် မြမြထက်သော လှံမကြီး ရင်ဝ စူး၀င်နေသော လူအဘို့က် ထိုလှံမကြီးကို အမြန်ဆုံး နုတ်ပစ်ရန် အလွန်အရေးကြီးသကဲ့သို့လည်းကောင်း၊ ဦးခေါင်းဟစ်လုံး၌မီးတောက်လောင်၍ နေသော သူ အတွက် ထိုမီးငြိမ်းရန် အလွန် အရေးကြီးသကဲ့သို့လည်းကောင်း၊ လူတိုင်း-လူတိုင်း အတွက် သတိပဋ္ဌာန် တရားတော်သည် အလွန့်အလွန် အရေးကြီးလှပေသည်။

ဂင်္ဂါမြစ်ထဲမှာရှိသော သဲလုံးမကမျှားပြားလှ၍ ပွင့်တော်မူခဲ့ကြကုန်သော သမ္မာသမ္ဗုဒ္ဓ-မြတ်စွာဘုရားရှင်တို့သည် လည်းကောင်း၊ မရေမတွက်နိုင်အောင် များပြားလှသော အရှင်ပစ္စေကဗုဒ္ဓါတို့သည်လည်းကောင်း၊ ကုဋေပေါင်း အသင်္ချေမကများပြားလှသော ရဟန္တာ ပုဂ္ဂိုလ်တို့သည် လည်းကောင်း၊ ဤသတိပဋ္ဌာန် တရားတော်ကို အားတုတ်ခြင်းဖြင့် နိဗ္ဗာန်သို့ စံဝင်တော်မူကြလေကုန်ပြီ။ ကျွန်ုပ်တို့သည် အဘယ်ကြောင့် သတိပဋ္ဌာန် တရား အားမထုတ်ဘဲနေရအံ့နည်း၊ အားထုတ်ရမည်သာဖြစ်တော့၏။

လူတို့သည် တစ်ဘဝကောင်းစားရေးအတွက် လောကီပညာကို (၁၀) နှစ် မက အနှစ် (၂၀) ကြာအောင် ကြိုးစား၍ အစီယူကြပါသည်။ တစ်သံသရာလုံး ကောင်းစားရေး အတွက် အဘယ့်ကြောင့် သတိပဋ္ဌာန် တရားတော်ကို အားမထုတ်ဘဲ နေရအံ့နည်း။ လူတိုင်း အားထုတ်သင့်သည်သာတည်း။

## တရားအားမထုတ်မီ လိုက်နာရမည့်

### အခြေခံအချက်များ

၁။ ဘုရားကို နေ့စဉ် ရှိခိုးသည့်အတိုင်း ရှိခိုးရန်။
၂။ အနည်းဆုံး ငါးပါးသီလ ခံယူရန်။
၃။ သံသရာအစကယခုတိုင်အောင် အကျွန်ုပ်သည် ရတနာသုံးပါး မိဘ-ဆရာသမားနှင့် အားလုံးသော ဝေနေယျ သတ္တဝါ အပေါင်းတို့အား ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့်ပြစ်မှားမိပါက ထိုအပြစ်တို့ကိုပျောက်ပါစေခြင်းအကျိုးငှာ ကန်တော့ပါ၏။ တောင်းပန်ပါ၏။ သည်းခံတော်မူကြပါ။ ခွင့်လွှတ်တော်မူကြပါ။ ကျေနပ်တော်မူကြပါကုန်လော့။ အကျွန်ုပ်၏အပေါ်၌ ခပ်သိမ်းသော သတ္တဝါအပေါင်းတို့က ပြစ်မှားမိသောအပြစ်တို့ကို အကျွန်ုပ်ကခွင့်လွှတ်ပါ၏။ သည်းခံပါ၏။ ကျေနပ်ပါ၏။
၄။ မြတ်စွာဘုရား ...၊ တပည့်တော်သည် မြတ်စွာဘုရားအား နိဗ္ဗာန်ကို ရည်မှန်း၍ ခန္ဓာငါးပါး၊ ရုပ်နာမ် ၂-ပါးကို လှူဒါန်းပါ၏။ကပ်လှူပါ၏။ပူဇော်ပါ၏ အရှင်ဘုရား။ ခန္ဓာငါးပါး၊ရုပ်နာမ် ၂-ပါး လှူဒါန်းရသော အကြောင်း ကြောင့် မဂ်ဉာဏ်-ဖိုလ်ဉာဏ် နိဗ္ဗာန် တရားတော်မြတ်ကို ရပါလို၏ အရှင်ဘုရား။
၅။ သုံးဆယ့်တစ်ဘုံ၌ ကျင်လည်ကြကုန်သော တစ်ဦးမကျန် အားလုံးသော ဝေနေယျသတ္တဝါအပေါင်းတို့အား ကျွန်ုပ်၏ ဒါနကုသိုလ်၊ သီလကုသိုလ်၊ဘာဝနာ

ကုသိုလ်တို့ကို အမျှပေးဝေပါ၏။ ကျွန်ုပ်နှင့်အတူ ထပ်တူ–ထပ်မျှ ရကြ၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာကြပါစေ ကုန်သတည်း။

**ဣရိယာပုတ် အနေအထား**

တရားထိုင်သောပုဂ္ဂိုလ်သည် ကြာရှည်စွာ ထိုင်နိုင်သော ဣရိယာပုတ်ဖြင့် ထိုင်ရမည်။ တင်ပလ္လင်ခွေထိုင်၍ လက်နှစ်ဘက် ထပ်နိုင်သည်။ ခြေမထပ်ဘဲနေလျှင်ကောင်း၏။ မျက်စိမှိတ်ထား ရပါမည်။ ခါးမတ်မတ်ထားလျှင် သင့်လျော်ပါ၏။

အာနာပါန တရားထိုင်သောအခါ မိမိစိတ်ကို နှာဖျား– နှာဝမှာ ထားရပါမည်။ လေဝင်တော့ နှာဝကို ထိပြီးဝင်တယ်။ လေထွက်တော့လည်းပဲ နှာဝကိုထိပြီးထွက်တယ်။ ထိုလေဝင် လေထွက် နှာဝကိုထိထိနေတာ သိသိနေရမယ်။ မထိခင်လည်း သိလို့မဖြစ်ဘူး။ ထိပြီးပြန်တော့လည်း သိလို့မဖြစ်ဘူး။ ထိတုန်း ကိုသာ သိလို့ဖြစ်တယ်။ အဲဒါကို ပစ္စုပ္ပန် တည့်တည့်လို့ ခေါ်တယ်။ နှာဖျား–နှာဝကလည်း ရုပ်ပဲ။ လေကလဲ ရုပ်ပဲ။ ထိုနှစ်ခု (နှာဝနှင့်လေ) ထိထိနေတာကို သိသိနေတာက နာမ်ပဲ။ နာမ်က အရှင်သခင်နှင့်တူတယ်။ ရုပ်က အလုပ်သမား နှင့်တူတယ်။ နာမ်ကခိုင်းသမျှ ရုပ်ကအကုန်လုပ်ရတယ်။ အဲဒါ ရုပ်နှင့်နာမ် ကွဲတာပဲ။

**ကာ ယ နု ပ ဿ နာ**

ခန္ဓာကိုယ်၏ လှုပ်ရှားမှုဟူသမျှကို မှတ်ခြင်း၊ ဥပမာ–လဲ လျောင်းနေလျှင် 'လဲလျောင်းတယ် – လဲလျောင်းတယ်' ဟု

မှတ်ရပါမည်။ ထိုင်နေလျှင်လည်း 'ထိုင်တယ်–ထိုင်တယ်' ဟု မှတ်ရပါမည်။ မတ်တတ်ရပ်လျှင် 'ရပ်တယ်-ရပ်တယ်'ဟု မှတ်ရပါမည်။ လမ်းလျှောက်လျှင် 'လျှောက်တယ်–လျှောက်တယ်' ဟု မှတ်ရပါမည်။ ထမင်းစားလျှင် 'စားတယ်–စားတယ်'ဟု မှတ်ရပါမည်။ ရေသောက်လျှင် 'သောက်တယ်–သောက်တယ်' ဟု မှတ်ရပါမည်။ ရေချိုးလျှင် 'ချိုးတယ် – ချိုးတယ်' ဟု မှတ်ရပါမည်။

## ဝေဒနာ နုပဿနာ

ခံစားမှုဟူသမျှကို မှတ်ခြင်း၊ ဥပမာ— မျက်စိဖြင့် မြင်မြင်သမျှ လှသည်ဖြစ်စေ၊ ရုပ်ဆိုးသည်ဖြစ်စေ မြင်နေရလျှင် 'မြင်တယ်–မြင်တယ်' ဟု မှတ်ရပါမည်။ နားက အသံကြားလျှင် သာယာသည်ဖြစ်စေ၊ မသာယာသည်ဖြစ်စေ၊ 'ကြားတယ်–ကြားတယ်' ဟု မှတ်ရပါမည်။ နှာခေါင်းက အနံ့ရလျှင် ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ 'အနံ့ရတယ်–အနံ့ရတယ်' ဟု မှတ်ရပါမည်။ လျှာက အစာစားလျှင် အရသာ ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ 'စားတယ်-စားတယ်' ဟု မှတ်ရပါမည်။ အရာဝတ္ထုတခုခုကို ထိမိလျှင် ကြမ်းသည်ဖြစ်စေ၊ နူးညံ့သည်ဖြစ်စေ 'ထိတယ်–ထိတယ်' ဟု မှတ်ရပါမည်။ ရင်းအပြင် ခန္ဓာကိုယ်တစ်ခုလုံး၌ ခံစားမှုဟူသမျှတို့ကို မှတ်ရပါမည်။

## စိတ္တာ နု ပ ဿ နာ

စိတ်ကူးသမျှ၊ ကြံစည်သမျှကို မှတ်ခြင်း၊ ဥပမာ- လောဘစိတ်ဖြစ်လျှင် 'လောဘစိတ်ဖြစ်တယ်' ဟု မှတ်ရပါမည်။ ဒေါသစိတ်ဖြစ်လျှင် 'ဒေါသစိတ်ဖြစ်တယ်' ဟု မှတ်ရပါမည်။ မောဟစိတ်ဖြစ်လျှင် မောဟစိတ်ဖြစ်တယ်' ဟု မှတ်ရပါမည်။ စားချင်လျှင် စားချင်တယ်' ဟု မှတ်ရပါမည်။ သောက်ချင်လျှင် 'သောက်ချင်တယ်'ဟု မှတ်ရပါမည်။ ရေချိုးချင်လျှင် 'ချိုးချင်တယ်' ဟု မှတ်ရပါမည်။ အိပ်ချင်လျှင် 'အိပ်ချင်တယ် ဟု မှတ်ရပါမည်။ ထချင်လျှင် 'ထချင်တယ်' ဟု မှတ်ရပါမည်။ ထိုင်ချင်လျှင် 'ထိုင်ချင်တယ်' ဟု မှတ်ရပါမည်။ လမ်းလျှောက်ချင်လျှင် 'လမ်းလျှောက်ချင်တယ်' ဟု မှတ်ရပါမည်။ ဤကား ဘုရားအကြိုက်ဖြစ်ပါသည်။

## ဓမ္မာ နု ပ ဿ နာ

တရားသဘောကို စဉ်းစားခြင်း၊ ဥပမာ— ကောင်းသောအလုပ်သည် ကောင်းသောအကျိုးကိုပေး၏။ မကောင်းသောအလုပ်သည် မကောင်းသောအကျိုးကိုပေး၏။ အကြောင်းရှိမှအကျိုးဖြစ်၏။ အကြောင်းမရှိလျှင် အကျိုးမဖြစ်။ ငါ့ကိုယ်သည် 'အမြဲမရှိ-အနိစ္စပဲ။ ငါ့ကိုယ်သည်သုခမဟုတ် - ဒုက္ခပဲ။ ငါ့ကိုယ်သည် အစိုးမရ - အနတ္တပဲ ဟု ခနခနစဉ်းစားလျှင် ကောင်း၏။ ငါသည် ယခင့်ယခင် ဘဝများစွာက ပြုခဲ့သော ကောင်းမှုကြောင့် ယခုဘဝ 'လူ' ဖြစ်၍ ကျန်းကျန်းမာမာနှင့် ချမ်းချမ်းသာသာနေရ၏။ ယခုဘဝမှာ မကောင်းမှုတို့ကို ရှောင်ပြီး၊ ကောင်းမှု ကုသိုလ်တွေကို ပြုလုပ်လျှင် နိဗ္ဗာန်သို့

မရောက်ခင် ဘဝများစွာ ကျန်းမာ ချမ်းသာစွာ နေရလိမ့်မည်၊ ဤသို့မဟုတ်ဘဲ ကုသိုလ်အလုပ် မလုပ်ဘဲ အကုသိုလ်များကို ပြုလုပ်နေလျှင် ဘဝများစွာ အပါယ်ကျမည့်အမှန်ဖြစ်၏။

ဤသတိပဋ္ဌာန်တရား လေးပါးတို့တွင် တမျိုးတည်းကို ထပ်ခါထပ်ခါ ပွားများလျှင်လည်း ဖြစ်၏။ သို့မဟုတ် တမျိုးပြီးတမျိုး ပြောင်း–ပြောင်းပြီး မှတ်လျှင်လည်းရ၏။ အရေးကြီးသောအချက်မှာ- တစ်ရက် ၂၄–နာရီမှ- အိပ်ချိန် ၈–နာရီနုတ်လျှင် ၁၆–နာရီကျန်၏။ ဤ ၁၆–နာရီ တရားမှတ်နိုင်လျှင် မိမိပါရမီအလျောက် မကြာခင် သိသင့်သိထိုက်တာတွေ သိလာပါလိမ့်မည်။

သေခါနီး နှလုံးသွင်းရန်တရားတော်

ပျံလွန်တော်မူခါနီး အသဲအသန် ရောဂါဝေဒနာ ခံစားနေရသော 'ဖဂ္ဂုဏ' ဟောန်းအား မြတ်စွာဘုရားသခင်သည် အောက်ပါတရားတော်ကို ဟောကြားတော်မူခဲ့ပါသည်။

(က) 'ချစ်သား ဖဂ္ဂုဏ ၊ ခန္ဓာရှိလို့သာ ဝေဒနာလာနိုင်မည်၊ နှိပ်စက်နိုင်မည်။ ခန္ဓာသာမရှိလျှင် ဝေဒနာမလာနိုင်ဘူး၊ ခန္ဓာချုပ်လျှင် ဝေဒနာချုပ်တာပဲ'။

(ခ) ခန္ဓာဟာ ဒုက္ခဟူသမျှကို ခံယူတတ်တဲ့ သဘောရှိတယ်၊ ခန္ဓာဟာ ဒုက္ခစုဝေးရာ ဆင်းရဲအမှန်ဖြစ်တဲ့ ဒုက္ခသစ္စာပဲလို့ သိရမယ်။

(ဂ) အဲဒီဒုက္ခအချက်- ဆင်းရဲအနက်ကို မပြတ်ရှု နှလုံးသွင်းပြီး ဉာဏ်နှင့်ရှုအောင် ကြည့်လေလော့။

(ဃ) ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်ဆိုတဲ့ ခန္ဓာ၏အဖြစ်ကို မပြတ်ရှု ဆင်ခြင်လော့။

(င) 'ချစ်သား- ဖဂ္ဂုဏ....။ ကောင်းစွာ နှလုံးထား လော့၊ ဒီခန္ဓာစုဟာ အပူကပေးတဲ့ဒုက္ခကိုလဲ ခံယူတတ်တယ်၊ အအေးက ပေးတဲ့ ဒုက္ခကိုလဲ ခံယူတတ်တယ်။ အခါးကပေး၊ အစပ်ကပေး၊ ပေးသမျှ ဒုက္ခအစုကို သူကခံယူတတ်တယ်'။

(စ) ဒါကြောင့် ဒီခန္ဓာကို ဆင်းရဲအမှန်တရား ဒုက္ခ သစ္စာပဲလို့ ခေါ်ဆိုရတယ်။ မိမိကမကြိုက်တာ၊ မနှစ်သက်တာ ဟူသမျှ သူက အကုန်လက်ခံတတ်တဲ့ သဘောရှိတယ်။ သူနှင့် ကြာရှည်နေရလေ - မကောင်းလေဘဲဆိုတဲ့ အချက်ကို ဉာဏ် သက်ဝင်အောင် အမြဲနှလုံးသွင်းလော့။

(ဆ) ခန္ဓာချုပ်ရာ နိဗ္ဗာန်တရားဟာ အချမ်းသာဆုံး ဖြစ် ပေတယ်။ ခန္ဓာချုပ်ရာသည် ဒုက္ခအပေါင်း၏ ချုပ်ဆုံးရာဖြစ် တဲ့ နိဗ္ဗာန်ပဲ။

ဒီလိုဟောကြားပြီး အတန်လောက် (ခနလောက်) ကြာယင် ဖဂ္ဂုဏ ရဟန်းဟာ အောက်မဂ်သုံးပါးကို မျက်မှောက်ပြုပြီး ပျံလွန်တော်မူခဲ့လေသတည်း။

**ကမ္မဋ္ဌာန်း အကျိုးများ**

၁။ လောဘမီး ကင်းငြိမ်းစေ၏။
၂။ ဒေါသမီး ပျောက်ကင်းစေ၏။
၃။ မောဟမီး ငြိမ်းစေ၏။
၄။ သောကမီးကို ငြိမ်းသတ်၏။

၅။ ကိုယ်ဆင်းရဲမှုကို ပယ်ပျောက်စေ၏။

၆။ စိတ်ဆင်းရဲမှုကို ပပျောက်စေ၏။

၇။ အသိဉာဏ်ကို တိုးပွားစေ၏။

၈။ စိတ်ပျံ့လွင့်ခြင်းကို ဖယ်ရှားပစ်၏။

၉။ ထောင်လွှားခြင်းကို ကင်းပျောက်စေ၏၊

၁၀။ ယုံမှားခြင်းကို ပယ်၏။

၁၁။ စိတ်ထိခိုက်မှုဝမ်းနည်းခြင်းကို ကွယ်ပျောက်စေ၏။

၁၂။ မကောင်းမှုမှ ရှက်ခြင်းကိုဖြစ်စေ၏။

၁၃။ မကောင်းမှုမှ လန့်ခြင်းကိုဖြစ်စေ၏။

၁၄။ အယူမှားခြင်းကို ပယ်ပျောက်စေ၏။

၁၅။ အပြစ်များကို တားမြစ်၏။

၁၆။ ရဲရင့်ခြင်းကို ဖြစ်စေ၏။

၁၇။ ကြောက်စိတ်ကို ပယ်၏၊

၁၈။ ဦးနှောက်ကို ကြည်စေ၏။

၁၉။ ကမ္မဋ္ဌာန်းထိုင်သူကို ကြည်ညိုဖွယ်ရာဖြစ်စေ၏၊

၂၀။ စိတ်စွဲလန်းခြင်းကို ပယ်ပျောက်စေ၏။

၂၁။ နိဗ္ဗာန်ကို မျက်မှောက်ပြုရ၏။

မဟာဂန္ဓာရုံ – ဆရာတော်ကြီး၏

# သံဝေဂတရားတော်

ငါတို့နေရာ ဤကမ္ဘာ တကျော အုပ်စိုးသည်၊
တကျော့စေရာ မနေသာ ဖွေရှာဆက်ရသည်။
ရသည့် ဥစ္စာ ချစ်သူပါ စွန့်ခွာသွားရမည်။
တကာယ့်အရေး–တကာယ့်ဘေး ဘယ်သွေး–ဘယ်သား မကာယ်ပြီ။

ငါနှင့်ရွယ်တူ ငါ့အောက်လူ၊ ကြီးသူသေကြ များလှပြီး
ခနမစဲ အိုစမြဲ ငါ့လဲ သေဘက် နီးလာပြီ။
ငှာ မီးတောင် ကိုယ်လဲလောင် သေအောင် မြိုက်တော့မည်။
မသေရခင်၊ သွားလမ်းစဉ်၊ ကြိုတင်ပြင်သင့်ပြီ။
ဒါန၊ သီလ၊ ဘာဝနာ လမ်းသာထွင်လိမ့်မည်။
မဂ္ဂင်ယာဉ်ကြီး အမြန်စီး ခရီးထွက်တော့မည်။

# ဗုဒ္ဓဘာသာဝင်တိုင်း

## သိသင့်သောအချက်များ

( စကုက္တကွဲ )

# ဩဝါဒ

မည်၍ မည်မျှပင် — စားရ၊ စားရ၊
တစ်ဝမ်း ဝ ရုံပဲ။

မည်၍-မည်မျှပင် — ဝတ်ရ၊ ဝတ်ရ၊
သားရေပြား ဖုံးရုံပဲ။

မည်၍ မည်မျှပင် - အိပ်ရ၊ နေရ၊
တစ်ကိုယ်စာကလေးပဲ။

မည်၍ မည်မျှပင် — ပစ္စည်း—ဥစ္စာရှိရှိ၊
သေလျှင် ထားပစ်ခဲ့ရတာချည်းပဲ။

ကုသိုလ်ပြုလျှင် — ကိုယ့်ဖို့၊
ကျန်ခဲ့လျှင် - သူများဖို့။ ။

# နိဒါန်း

ကမ္ဘာပေါ်တွင် နေထိုင်ကြသော လူတိုင်း-လူတိုင်းတို့သည် မိမိတို့ ကိုးကွယ်သော ဘာသာတရားကို စိစစ်သင့်လှပေသည်။ အဘယ်အကြောင်းကြောင့်ဆိုသော် မိမိတို့ ကိုးကွယ်သော ဘာသာတရား မှန်ကန်လျှင် တရားတော်အတိုင်း လိုက်နာ ကျင့်သုံးသော ပုဂ္ဂိုလ်တို့တွင် အကျိုးစီးပွားဖြစ်ထွန်းသည့်အပြင် စိတ်ချမ်းသာမှု(သုခ) ကိုလည်း ရမည်ဖြစ်ပါသည်။

အကယ်၍ ဘာသာတရား တစ်ခုခုကို လိုက်နာကျင့်သုံး ခြင်းအားဖြင့် အကျိုးစီးပွားလည်း မဖြစ်ထွန်း၊ စိတ်ချမ်းသာ မှု (သုခ) ကိုလည်း မရခဲ့လျှင် ထိုဘာသာတရားကို မလိုက်နာ မကျင့်သုံးသင့်ပါ။

ထို့ကြောင့် ကမ္ဘာပေါ်တွင်ရှိသမျှ ဘာသာတရားတို့ကို လူတိုင်း-လူတိုင်း လေ့လာသင့်လှပေသည်။ ထိုသို့လေ့လာပြီး လျှင် မိမိကိုယ်ပိုင်ဉာဏ်ဖြင့် စဉ်းစားဆင်ခြင်၍ ရွေးချယ်ပါ။

ထိုသို့ ဘာသာတရား တမျိုးမျိုးကို ရွေးချယ်ပြီးလျှင် လိုက်နာ ကျင့်သုံးပါဟု စေတနာကောင်းဖြင့် အကြံပေးရပါ သည် ခင်ဗျား။

အားလုံး ကျန်းမာ၍ ချမ်းသာကြပါစေသော်—

ဦးကံညွန့်

မိုးငြိမ်းပြုစုသော စာအုပ်များ

၁။ အနန္တမတဂ္ဂသံယုတ် ပါဠိတော် (မြန်မာပြန်)
၂။ ဓမ္မပဒ ဝတ္ထုတော်ကြီး ( ပထမတွဲ )
၃။ ဓမ္မပဒ ဝတ္ထုတော်ကြီး (ဒုတိယတွဲ)
၄။ ပရမတ္ထဒီပနီဋီကာ (မြန်မာပြန်)

## လူတိုင်း-လူတိုင်း
## စဉ်းစား ဆင်ခြင်ထိုက်သော အချက်များ
## အဝိဇ္ဇာလောက

ငါသည် ယခု ရ,ထားသော လူ့ဘဝကို ဘယ်ဘဝမှ လာသနည်း–ဟု ငါမသိပါ။ ဗြဟ္မာဘဝကလာသလား၊ ငါ-မသိ။ နတ်ဘဝမှလာသလား ငါမသိ။ လူ့ဘဝမှပြန်လာ၍ လူဖြစ်လာသလား ငါမသိ။ တိရစ္ဆာန်ဘဝမှလာသလား ငါမသိ။အသူရကာယ်ဘဝမှ လာသလား ငါမသိ။ ငရဲပြည်မှ လာသလား ငါမသိ။ ငါသည် ဘယ်ဘဝမှလာသည်ကို မသိသော်လည်းဘဲ ထိုခုနစ်ဌာနထဲက တစ်ခုခုမှလာသည် ဖြစ်ရမည်။

ငါသည် တစ်နေ့သေရမည်။ သေပြီးလျှင် ဘယ်ဘဝသို့ သွားရမည်နည်း ငါမသိ။ ဗြဟ္မာပြည်သို့သွားရမည်လား ငါမသိ။ နတ်ပြည်ကိုသွားရမည်လား ငါမသိ။ လူ့ပြည်မှာပဲ လူပြန်ဖြစ်ရမလား ငါမသိ။ တိရစ္ဆာန်ဖြစ်ရမှာလား ငါမသိ။ ပြိတ္တာဖြစ်ရမှာလား ငါမသိ။ အသူရကာယ်ဖြစ်ရမှာလား ငါမသိ။ ငရဲပြည်ကိုသွားရမှာလား ငါမသိ။ သေပြီးရင် ဘယ်ဘဝကိုသွားရမည်ဟု ငါမသိသော်လည်းဘဲ ငါစိတ်အားမငယ်ပါ။ အကယ်ကြောင့်ဆိုသော် ဘုန်းတော် ခြောက်ပါးသခင် မြတ်စွာဘုရား ဟောထားတော်မူခဲ့သည်ကို ငါမှတ်ထားသည်။ မြတ်စွာဘုရားက အတိတ်ဘဝကို ပြုပြင်လို့မရ၊ အနာဂတ်ဘဝကိုသာ ပြုပြင်၍ ရ၏–ဟု ဟောတော်မူခဲ့၏။

ငါသေသောအခါ ဘယ်ဘဝကို သွားရမည့် အချက်သည် လူတိုင်း-လူတိုင်း အတွက် အရေးကြီးလှပေသည်။ ငါသည် တိရစ္ဆာန်လည်း မဖြစ်ချင်ပါ။ ပြိတ္တာလည်းမဖြစ်ချင်ပါ။အသူရကာယ်လည်း မဖြစ်ချင်ပါ။ ငရဲပြည်သို့လည်း မသွားချင်ပါ။ အထက်ဖော်ပြပါ လေးဌာနကို ငါမသွားလိုပါ။ ငါမသွားချင်သလို သူတပါးတို့ကလည်း သွားချင်မှာ မဟုတ်ပါ။

ဘုန်းတော်ခြောက်ပါးသခင် မြတ်စွာဘုရားသည် နည်းလမ်းဟောပြော ပြထားခဲ့သည်။ ထိုနည်းလမ်းကို ငါ လိုက်မည်။ နည်းလမ်းရှိပါလျက်နဲ့ ငါမလိုက်လျှင် ငါ့အပြစ်ပဲ။ နည်းလမ်းပြသူ၏ အပြစ်မဟုတ်ပါ။ လောဘ အားကြီးလျှင် ပြိတ္တာဘဝရောက်သည်-ဟု မြတ်စွာဘုရား ဟောတော်မူခဲ့သည်။ ထို့ကြောင့် ပြိတ္တာ မဖြစ်လိုသော ငါသည် လောဘကင်းအောင် ကမ္မဋ္ဌာန်းထိုင်ရမည်။ ဒေါသအားကြီးလျှင် ငရဲပြည်သို့ရောက်သည်-ဟု မြတ်စွာဘုရားသခင်ဟောတော်မူခဲ့သည်။ ထို့ကြောင့် ငရဲသားမဖြစ်လိုသော ငါသည် ဒေါသကင်းအောင် ကမ္မဋ္ဌာန်းထိုင်ရမည်။ မောဟ အားကြီးလျှင် တိရစ္ဆာန် ဖြစ်သည်-ဟု မြတ်စွာဘုရားသခင်ဟောတော်မူခဲ့သည်။ ထို့ကြောင့် တိရစ္ဆာန် မဖြစ်လိုသော ငါသည် မောဟကင်းအောင် ကမ္မဋ္ဌာန်း ထိုင်ရမည်။ မကောင်းသော အလုပ်ဖြင့် ရသော ပိုက်ဆံဖြင့် ဒါနပြုသူသည် အသူရကာယ်ဘုံသို့ ရောက်သည်-ဟု မြတ်စွာဘုရားသခင် ဟောတော်မူခဲ့သည်။ ထို့ကြောင့် အသူရကာယ်မဖြစ်လိုသော ငါသည် မကောင်းသော အလုပ်ဖြင့် ပိုက်ဆံ ရှာမှုကို ရှောင်ရမည်။

ဥပမာ- (ကုန် အရောင်းအဝယ် ပြုလုပ်သူသည် ပထမ အရင်းရအောင် ကြိုးစားရမည်။ ထို့နောက် အမြတ်ရအောင် အားထုတ်ရမည်။) ထို့ကြောင့် ငါသည် သေလျှင် အနည်းဆုံး လူ့ဘဝပြန်ရအောင် ဒါနလည်း ပြုသင့်သည်။ သီလလည်း ဆောက်တည်သင့်သည်။ ငါသည် အသက်ကြီးလှပြီ။ ငါသေဖို့ ရက်သည် နီးကပ်လာပြီ၊ ငါမသေခင် ရသမျှ အချိန်ကို ငါ့ အကျိုးအတွက် အသုံးချမှသင့်တော်မည်။ ဒါကြောင့် ငါသည် မသေခင် ရှိနေသည့်အချိန်တွင် ဒါနလည်းပြုမည်။ သီလလည်း ဆောက်တည်မည်။ ဘာဝနာလည်း ပွားများမည်ဟု သန္နိဋ္ဌာန် ချပါသည်။

ကောင်းသောအလုပ်သည် ကောင်းသောအကျိုးကို ပေး၏ ဟု မြတ်စွာဘုရား သခင် ဟောတော်မူခဲ့ပါသည်။ ငါသည် မကောင်းသောအလုပ်ဟူသမျှကိုရှောင်၍ ကောင်းသောအလုပ် ဟူသမျှကို ပြုလုပ်နေပါ၏။ ထို့ကြောင့် ငါသည် အပါယ် ကျမည်ကို စိုးရိမ်စရာမရှိ။

## သောတာပန် ပုဂ္ဂိုလ်

သောတာပန်ပုဂ္ဂိုလ်သည် လေးပါးသောအရိယာပုဂ္ဂိုလ်တို့ တွင် အငယ်ဆုံးဖြစ်၏။ ထိုပုဂ္ဂိုလ်အတွက် အတိတ်က အကုသိုလ် ကံ အနန္တတို့သည် အကုန်ချုပ်ငြိမ်းလေကုန်၏။ အနာဂတ်တွင် ဖြစ်မည့် အကုသိုလ်ကံ အကုန်လုံး အဖြစ် ငြိမ်း၍ ဇာတ်သိမ်း လေကုန်၏။ ထိုပုဂ္ဂိုလ်သည် မည်သည့်အခါမျှ အပါယ်လေးဘုံ သို့ မကျနိုင်။ သောတာပန်ပုဂ္ဂိုလ်အတွက် သာသနာ ကွယ်သော ဘဝမရှိ။ သောတာပန်ပုဂ္ဂိုလ်သည် နိဗ္ဗာန်အတွက် တစ်ပါးသော

ဘုရားကိုလည်း တောင့်တဖွယ်မရှိ။ ပြီးသော သောတာပန်အဖြစ်သည် နိဗ္ဗာန်မရခင်လက်လွတ်သွားသည်မရှိ။ သောတာပန်သည် ပုထုဇဉ် ပြန်မဖြစ်နိုင်။ သောတာပန်ပုဂ္ဂိုလ်သည် နိဗ္ဗာန်မရခင် ခုနစ်ဘဝတွင် ဘုန်းတန်ခိုး ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသော လူ့ဘဝ၊ နတ်ဘဝ၊ ဗြဟ္မာဘဝသာ စံရ၏။ သောတာပန်ပုဂ္ဂိုလ်၏ ချမ်းသာခြင်းသည် ကြီးကျယ်မြင့်မြတ်လှပေ၏။ သောတာပန်ပုဂ္ဂိုလ်၏ ချမ်းသာခြင်းသည် စကြာမင်း၏ ချမ်းသာခြင်းထက် (၂၅၆)ဆမက ကြီးကျယ်၏။

## စကြာမင်းကြီး

စကြာမင်းကြီးသည် လေးကျွန်းလုံး (တစ်ကမ္ဘာလုံး) ကို အစိုးရသောမင်းကြီး ဖြစ်၏။ အတိတ်က အကုသိုလ်ကံအားလုံး မချုပ်ငြိမ်းသေးဘဲ ရှိနေပါ၏။ အနာဂတ်တွင် ဖြစ်မည့် အကုသိုလ်ကံ အကုန်လုံး မဖြစ် မငြိမ်း ဇာတ်မသိမ်းဘဲ ရှိနေပါ၏။ အပါယ်လေးဘုံသို့ ကျနိုင်၏။ စကြာမင်း အတွက် သာသနာကွယ်သောဘဝ ရှိ၏။ နိဗ္ဗာန်ရရန်အတွက် တစ်ပါးသော ဘုရားကိုလည်း တောင့်တ၍ နေ၏။ စကြာမင်းသည် နိဗ္ဗာန်အတွက် တစ်ပါးသော သာသနာကို တောင့်တဖွယ်ရှိ၏။ ရပြီးသောစကြာမင်း၏ အဖြစ်သည် တစ်ဘဝသာ စံရ၏။ စကြာမင်းသည် နောက်နောင်ဘဝတို့တွင် လူဆင်းရဲ ဖြစ်နိုင်၏။ စကြာမင်းသည် သေပြီးလျှင် နောက်နောင်ဘဝတို့တွင် အပါယ်လေးဘုံသို့ ကျနိုင်၏။ စကြာမင်း၏ ချမ်းသာခြင်းသည် သောတာပန်၏ ချမ်းသာခြင်းထက် (၂၅၆) စိတ်-စိတ်၍ တစ်စိတ်မျှပင် မမှီ။

## မင္ဒကုဏ္ဍလီဝတ္ထု

'သာဝတ္ထိပြည်'၌ ပစ္စည်းဥစ္စာ ကြွယ်ဝသော အဒိန္နပုဗ္ဗက အမည်ရှိသော ပုဏ္ဏားကြီးသည် ရှိခဲ့၏။ ထိုပုဏ္ဏားကြီး၏ အလွန်ချစ်လှစွာသော တစ်ဦးတည်းသောသား မင္ဒကုဏ္ဍလီ သေသောအခါ ပုဏ္ဏားကြီးသည် စိတ်ထိခိုက်သဖြင့် နေ့စဉ် သင်းချိုင်း-သုသာန်သို့သွား၍ မြေကြီး၌ လျောင်းကာ–လူးကာ ပြင်းစွာ ငိုကြွေး၏။ ထိုပုဏ္ဏားကြီး၏သား မင္ဒကုဏ္ဍလီသည် သေသွားသောအခါ တာဝတိံသာ နတ်ပြည်၌ နတ်ဖြစ်လေ၏။ ထိုမင္ဒကုဏ္ဍလီနတ်သားသည် ဘဝဟောင်းဖခင်ပုဏ္ဏားကြီးငိုကြွေးနေသည်ကို နတ်ပြည်မှ မြင်၍ ဖျားပြခြင်းငှာ လူ့ပြည်ကို ဆင်းလာ၍ ထိုပုဏ္ဏားကြီးငိုကြွေးနေသော သင်းချိုင်းသုသာန်၌ လက်မောင်းနှစ်ဘက်တို့ကိုမြှောက်လျက် ပြင်းစွာငိုကြွေးလေ၏။ ပုဏ္ဏားကြီးသည် ပြင်းတန်စွာငိုကြွေးနေသော နတ်သားကိုမြင်၍ အောက်ပါအတိုင်း မေးမြန်းလေ၏။

'အို...လုလင်...၊ ငါ၏တစ်ဦးတည်းသော သား၊ သေလွန်သောကြောင့် ငါသည် ငိုကြွေးနေပါ၏။ အသင် လုလင်သည် အဘယ်ကြောင့် ငိုကြွေးနေပါသနည်း' ဟု မေး၏။ ထိုအခါ နတ်သားက 'ငါမှာ အလွန်လှပကင့်တယ်သော ရတနာ ၁နှစ် ရွှေဖြင့်ပြီးသော ရထားအိမ်တစ်ခုသည် ရှိပေ၏။ ယင်းရထားအိမ်အတွက် လှည်းဘီး တစ်စုံ မရှိ။ ကျိုကောင်းကင်၌ ရှိနေသော နေနှင့်လတို့ကို ရထားလှည်းဘီး အဖြစ် တပ်ဆင်ရန် ရလို၏။ နေနှင့် လတို့ကို မရသောကြောင့် ငိုကြွေးနေရပါ၏' ထိုစကားကိုကြားလျှင် ပုဏ္ဏားက 'အမောင် လုလင်...၊ သင်သည်

မတောင့်တအပ်သော အရာကို တောင့်တနေသောကြောင့် အလွန်ပင် မိုက်မဲလှပေသည်တကား။ အမောင်လုလင်၊ သင်သည် ဤကဲ့သို့ ငိုကြွေးခြင်းကြောင့် မသေသာသွားလိမ့်မည်။ သင်တောင့်တနေသော နေနှင့်လတို့ကို ရမည်မဟုတ်'ဟု ပြောဆို၏။ ထိုအခါ မဋ္ဌကုဏ္ဍလီနတ်သားက 'အသင်–ပုဏ္ဏား…၊ ငါကဲ့သို့ မျက်ဝါးထင်ထင် မြင်ရသော အရာကို လိုချင်ဆန္ဒ တောင့်တ ငိုကြွေးနေသော သူနှင့် မမြင်ရသောအရာကို တောင့်တငိုကြွေးနေသောသူ ထိုသူနှစ်ဦးတို့တွင် အဘယ်သူက သာ၍လွန် ပို၍ မိုက်မဲသနည်း'ဟု မေး၏။

ထိုအခါ ပုဏ္ဏားက တရားသဘောပေါက်၍ 'အမောင်–လုလင်….၊ သောပက်အိုးသွန်းလောင်းသော အရှိန်ကြောင့် တထိန်ထိန် တက်ကြွလျက်တောက်သော မီးလျှံကို အေးမြမ်းသော ရေဖြင့် သွန်းလောင်း၍ ငြိမ်းစေဘိသကဲ့သို့ ကွယ်လွန်သောသားကြောင့် ပူလောင် ဒုက္ခခံစား၍ နေရသော ငါ့အား တရားစကားတည်းဟူသော ရေဖြင့် အသင် သွန်းလောင်း၍ငြိမ်းစေဘိ၏။ အသင်ပြောသော တရားစကားကြောင့် ငါမှာ သောက ငြိမ်း ရပါပြီ။ ယနေ့မှစ၍ နောက်ကာလ၌ ငိုကြွေး မြည်တမ်းခြင်းကို ငါ မပြုတော့အံ့'ဟု ပြောလေ၏။

ထိုစကားကို ကြားလျှင် နတ်သားသည် ငါ လာရသောကိစ္စ ပြီးပြီ ဟု ဆို၍ ကိုယ်ဖျောက်၍ ကွယ်ပျောက်လေ၏။

## တရားစာအုပ် များစွာတို့မှ ကောက်နုတ်ချက်များ

### (က)

(၁) မျက်စိဖြင့် ပြုသော ကောင်းသော အလုပ်သည် မျက်စိမှာ ကောင်းကျိုး ပေးလိမ့်မည်။
(၁) မျက်စိဖြင့် ပြုသော မကောင်းသော အလုပ်သည် မျက်စိမှာ မကောင်းကျိုး ပေးလိမ့်မည်။
(၂) နားဖြင့် ပြုသော ကောင်းသော အလုပ်သည် နားမှာ ကောင်းကျိုးပေးလိမ့်မည်။
(၂) နားဖြင့် ပြုသော မကောင်းသော အလုပ်သည် နားမှာ မကောင်းကျိုးပေးလိမ့်မည်။
(၃) နှာခေါင်းဖြင့် ပြုသော ကောင်းသောအလုပ်သည် နှာခေါင်းမှာ ကောင်းကျိုးပေးလိမ့်မည်။
(၃) နှာခေါင်းဖြင့် ပြုသော မကောင်းသော အလုပ်သည် နှာခေါင်းမှာ မကောင်းကျိုး ပေးလိမ့်မည်။
(၄) ပါးစပ်ဖြင့် ပြုသော ကောင်းသော အလုပ်သည် ပါးစပ်မှာ ကောင်းကျိုး ပေးလိမ့်မည်။
(၄) ပါးစပ်ဖြင့် ပြုသော မကောင်းသော အလုပ်သည် ပါးစပ်မှာ မကောင်းကျိုး ပေးလိမ့်မည်။
(၅) ကိုယ်ဖြင့် ပြုသော ကောင်းသော အလုပ်သည် ကိုယ်မှာ ကောင်းကျိုးပေးလိမ့်မည်။
(၅) ကိုယ်ဖြင့် ပြုသော မကောင်းသော အလုပ်သည် ကိုယ်မှာ မကောင်းကျိုးပေးလိမ့်မည်။

(၆) စိတ်ဖြင့် ပြုသော ကောင်းသော အလုပ်သည် စိတ်မှာ ကောင်းကျိုးပေးလိမ့်မည်။

(၆) စိတ်ဖြင့် ပြုသော မကောင်းသော အလုပ်သည် စိတ်မှာ မကောင်းကျိုးပေးလိမ့်မည်။

(၇) လက်ဖြင့် ပြုသော ကောင်းသော အလုပ်သည် လက်မှာ ကောင်းကျိုးပေးလိမ့်မည်။

(၇) လက်ဖြင့်ပြုသော မကောင်းသော အလုပ်သည် လက်မှာ မကောင်းကျိုးပေးလိမ့်မည်။

(၈) ခြေဖြင့်ပြုသော ကောင်းသောအလုပ်သည် ခြေမှာ ကောင်းကျိုးပေးလိမ့်မည်။

(၈) ခြေဖြင့်ပြုသော မကောင်းသောအလုပ်သည် ခြေမှာ မကောင်းကျိုး ပေးလိမ့်မည်။

( ခ )

- သူတစ်ပါးအသက်ကို သတ်လျှင် မိမိအသက်ကို အသတ်ခံရလိမ့်မည်။
- သူတစ်ပါး ဥစ္စာကို ခိုးလျှင် မိမိဥစ္စာကို အခိုးခံရလိမ့်မည်။
- သူတစ်ပါးသားမယားကို ပြစ်မှားမိလျှင် မိမိသားမယားကို ပြစ်မှားခံရလိမ့်မည်။
- သူတစ်ပါးကို လိမ်ပြောလျှင် မိမိသည်လည်း လိမ်ညာပြောဆိုခြင်း ခံရလိမ့်မည်။
- သူတစ်ပါးကို ကုန်းချောလျှင် မိမိသည်လည်း ကုန်းချောခြင်း ခံရလိမ့်မည်။

- သူတစ်ပါးကို ကြမ်းတမ်းသော စကားပြောဆိုလျှင် မိမိသည်လည်း ကြမ်းတမ်းသော စကားကို ပြောဆိုခြင်းခံရလိမ့်မည်။
- သူတစ်ပါးကို သိမ်မွေ့ချိုသာ စကား ပြောဆိုလျှင် မိမိသည်လည်း သိမ်မွေ့ချိုသာ စကားကို ပြောဆိုခြင်း ခံရလိမ့်မည်။
- သူတစ်ပါးပစ္စည်းကို မိမိပစ္စည်းဖြစ်အောင် ကြံစည်လျှင် မိမိပစ္စည်းကိုလည်း သူတစ်ပါး ပစ္စည်းဖြစ်အောင် အကြံခံရလိမ့်မည်။
- သူတစ်ပါးကို ဖျက်ဆီးရန်ကြံလျှင် မိမိသည်လည်း ဖျက်ဆီးရန် အကြံခံရလိမ့်မည်။
- သူတစ်ပါးကို ဆဲလျှင် မိမိသည်လည်း အဆဲခံရလိမ့်မည်။
- သူတစ်ပါးကို ရိုက်လျှင် မိမိသည်လည်း အရိုက်ခံရလိမ့်မည်။
- သူတစ်ပါးကိုခုတ်လျှင် မိမိသည်လည်း အခုတ်ခံရလိမ့်မည်။
- သူတစ်ပါးကို သတ်လျှင် မိမိသည်လည်း အသတ်ခံရလိမ့်မည်။
- သူတစ်ပါးကို မီးရှို့လျှင် မိမိသည်လည်း မီးရှို့ခံရလိမ့်မည်။
- သူတစ်ပါးကို ရေနစ်အောင် လုပ်လျှင် မိမိသည်လည်း ရေအနစ်ခံရလိမ့်မည်။
- သူတစ်ပါးကို ညှင်းပမ်းလျှင် မိမိသည်လည်း အညှင်းပမ်းခံရလိမ့်မည်။
- ဒေါသမကြာခနထွက်လျှင် အရုပ်ဆိုးလိမ့်မည်။

- သူတပါး ဘုန်းတန်ခိုးကြီးသည်ကို ငြူစူစောင်းမြောင်းလျှင် မိမိဘုန်းတန်ခိုးနည်းမည်။
- သူတပါးကို ပေးကမ်းခြင်းမရှိလျှင် မိမိဆင်းရဲမည်။
- တရားတော်ကို မမေး - မမြန်း၊ မကျက် - မမှတ်လျှင် မိမိဉာဏ်ပညာနည်းမည်။

## ( ဂ )

- အသက်ရှည်လိုလျှင် သူတပါးအသက်ကိုမသတ်နှင့်။
- အနာရောဂါကင်းလိုလျှင် သူတပါးကို မညှင်းပမ်းနှိပ်စက်နှင့်။
- အဆင်းလှလိုလျှင် ဒေါသမထွက်နှင့်။
- ဘုန်းတန်ခိုးကြီးမားလိုလျှင် သူတပါး ဘုန်းတန်ခိုးကြီးသည်ကို ငြူစူစောင်းမြောင်းခြင်း မပြုနှင့်။
- သဌေးဖြစ်လိုလျှင် ဒါနပြုပါ။ ပေးကမ်းစွန့်ကြဲပါ။
- အမျိုးမြတ်လိုလျှင် မာန်မာန မရှိနှင့်။ ရှိသေထိုက်သူကို ရှိသေပါ။
- ဉာဏ်ပညာကြီးလိုလျှင် ကုသိုလ်-အကုသိုလ်တရားတို့ကို မေး - မြန်းပြီး ကျက်မှတ်၍ ဟောပြောပါ။

## ( ဃ )

(၁) မျက်စိကိုလည်း အလိုမလိုက်နှင့်။ မျက်စိကို အလိုလိုက်လျှင် မျက်စိက အပါယ်ဒုက္ခ ပေးလိမ့်မည်။ ကြည့်ချင်တိုင်းလည်း မကြည့်နှင့်။ ဘုရား ကြိုက်တာ ကို သာ ကြည့်ပါ။

(၂) နားကိုလည်း အလိုမလိုက်နှင့်။ နားကို အလိုလိုက်လျှင် နားက အပါယ်ဒုက္ခပေးလိမ့်မည်။ နား ထောင်ချင်တိုင်းသည်း နားမထောင်နှင့်။ ဘုရားကြိုက်တာကိုသာ နားထောင်ပါ။

(၃) နှာခေါင်းကိုလည်း အလိုမလိုက်နှင့်၊ နှာခေါင်းကို အလိုလိုက်လျှင် နှာခေါင်းက အပါယ်ဒုက္ခ ပေးလိမ့်မည်။ နမ်းချင်တိုင်းလည်း မနမ်းနှင့်၊ ဘုရားကြိုက်တာကိုသာ နမ်းပါ။

(၄) လျှာကိုလည်း အလိုမလိုက်နှင့်။ လျှာကိုအလိုလိုက်လျှင် လျှာက အပါယ်ဒုက္ခပေးလိမ့်မည်။ စားချင်တိုင်းလည်း မစားနှင့်။ ဘုရားကြိုက်မှ စားပါ။

(၅) ကိုယ်ကိုလည်း အလိုမလိုက်နှင့်။ ကိုယ်ကို အလိုလိုက်လျှင် ကိုယ်က အပါယ်ဒုက္ခပေးလိမ့်မည်။ ထိချင်တိုင်းလည်း မထိနှင့်။ ဘုရားကြိုက်တာကိုသာ ထိပါ။

(၆) စိတ်ကိုလည်း အလိုမလိုက်နှင့်။ စိတ်ကိုအလိုလိုက်လျှင် စိတ်က အပါယ်ဒုက္ခပေးလိမ့်မည်။ ကြံစည်ချင်တိုင်းလည်း မကြံနှင့်။ ဘုရားကြိုက်တာကိုသာ ကြံစည်ပါ။

( င )

ဤလောက၌ အချို့သောသူတို့သည် မိမိပစ္စည်း-ဥစ္စာကိုသာ ပေးလှူ၏။ သူတပါးကို မလှူဒါန်းရန် ဆုံးမ၏။ ထိုသူသည် ဖြစ်တိုင်း-ဖြစ်တိုင်းသော ဘုံဘဝဌာနတို့၌ စည်းစိမ်ချမ်းသာ၏ ပြည့်စုံခြင်းကို ရ၏။ အခြံအရံနှင့် ပြည့်စုံခြင်းကို မရ။

အချို့သော သူတို့သည် သူတပါးကို လှူဒါန်းရန် ဆိုးမ၏။ မိမိသည် ပစ္စည်း - ဥစ္စာကို မပေးကမ်း - မလှူဒါန်းပါ။ ထိုသူသည် ဖြစ်တိုင်း - ဖြစ်တိုင်းသော ဘုံဘဝ ဌာနန္တ အခြံအရံနှင့် ပြည့်စုံခြင်းကိုမူကား ရ၏။ စည်းစိမ် - ချမ်းသာတို့၏ ပြည့်စုံခြင်းကိုမူကား မရချေ။

အချို့သော သူတို့သည် မိမိသည်လည်း မပေးကမ်း - မလှူဒါန်း။ သူတပါးကိုလည်း မလှူဒါန်းစေ။ ထိုသူတို့သည် ဖြစ်တိုင်း - ဖြစ်တိုင်းသော ဘုံဘဝဌာနန္တ စည်းစိမ် - ချမ်းသာ၏ ပြည့်စုံခြင်းကိုလည်း မရ။ အခြံအရံ၏ ပြည့်စုံခြင်း ကိုလည်း မရချေ။

အချို့သော သူတို့သည် မိမိသည်လည်း ပေးကမ်း-လှူဒါန်း၏။ သူတပါးတို့အားလည်း လှူဒါန်းစေ၏။ ထိုသူတို့သည် ဖြစ်တိုင်း - ဖြစ်တိုင်းသော ဘုံဘဝဌာနတို့၌ စည်းစိမ်-ချမ်းသာ၏ ပြည့်စုံခြင်းကိုလည်း ရ၏။ အခြံအရံ၏ ပြည့်စုံခြင်းကိုလည်းရ၏။

( ၈ )

တိရစ္ဆာန်တို့သည် သုံးမျိုးသော အာရုံတို့ကိုသာ လိုလား- တောင့်တကြကုန်၏။ ထိုသုံးမျိုးသော အာရုံတို့သည်ကား—

(၁) လွန်စွာ စားလိုခြင်း။

(၂) လွန်စွာ အိပ်လိုခြင်း။

(၃) လွန်စွာ မေထုန်မှီဝဲလိုခြင်း တို့ ဖြစ်ကြပါသည်။

လူတို့တွင် အချို့သော သူတို့သည် လွန်စွာစားကြပါသည်။ လွန်စွာ အိပ်ကြပါသည်။ လွန်စွာ ကာမဂုဏ်တို့ကို ခံစားကြပါ

သည်။ ထိုသူတို့သည် တိရစ္ဆာန်ဘုံ နှင့် နီးကပ်၍ နိဗ္ဗာန် နှင့် ဝေးကြပါသည်။

ထို့ကြောင့် သံသရာဘေးကိုကြောက်၍ နိဗ္ဗာန်ကိုရလိုသော ပုဂ္ဂိုလ်တို့သည် စားခြင်း၊ အိပ်ခြင်း၊ ကာမဂုဏ် ခံစားခြင်းတို့ကို လျှော့သင့်ပါသည်။

( ဆ )

ငါတို့နေရာ-ဤကမ္ဘာတွင် လူတို့သည် ဘုရားပွဲတော်သို့ လာကြသော သူတို့နှင့် လွန်စွာ တူကြကုန်၏၊ ဘုရားပွဲတော်သို့ အချို့ဝေးသော ရွာတို့မှ လာကြသည်။ အချို့ နီးသောရွာမှ လာကြသည်။ အချို့ မြို့ကြီးများမှ လာကြသည်။ အချို့ တောမှ လာကြသည်။ ထိုဘုရားပွဲတော်သို့လာကြသော လူများ တို့တွင် အချို့သော သူတို့အချင်းချင်း တစ်ယောက် နှင့် တစ် ယောက် ညီအစ်ကို၊ မောင်နှမအရင်းကဲ့သို့ ချစ်ခင် ကြင်နာ ကြ ပါသည်။ အချို့သောသူတို့သည် တစ်ယောက်နှင့်တစ်ယောက် ရန်ဖြစ်၍ အကြီးအကျယ်မုန်းကြပါသည်။ ဘုရားပွဲတော် ပြီး ဆုံးသွားသောအခါ ချစ်ခင်သော သူတို့သည်လည်းကောင်း၊ မုန်းသော သူတို့သည်လည်းကောင်း ဆက်မနေနိုင်ဘဲ မိမိတို့ နေရင်းဌာနများသို့ ပြန်သွားကြရပါသည်။

ထို့အတူ ဤလောက၌ လူတို့သည် အချို့-နတ်ပြည်မှ၊ အချို့-ဗြဟ္မာ့ပြည်မှ၊ အချို့-တိရစ္ဆာန်ဘဝမှ၊ အချို့-ပြိတ္တာ ဘဝမှ၊ အချို့-အသူရကာယ်ဘဝမှ၊ အချို့ - ငရဲပြည်မှလာ ကြပါသည်။ ဤလောကကြီး၌ နေသောအခါ အချို့သောသူ တို့သည် တစ်ယောက်နှင့်တစ်ယောက် ချစ်ချစ်ခင်ခင်-ရင်းရင်း

နှိုးနှိုး ပေါင်းသင်း ဆက်ဆံကြပါသည်။ အချို့မူကား တစ်ယောက်နှင့် တစ်ယောက် ရန်ဖြစ်ပြီး အကြီးအကျယ် မုန်းကြပါသည်။ သို့သော် သေမင်းခေါ်သောအခါ ချစ်ခင်သော သူတို့လည်း မနေနိုင်ပါ။ မုန်းသော သူတို့သည်လည်း သေမင်းခေါ်ရာသို့ လိုက်ပါသွားကြပါသည်။ ထို့ကြောင့် ငါသည်-အိုရမည်။ နာရမည်။ သေရမည်မှာ အမှန်ဖြစ်သည့် အချက်များကို နေ့-ည မပြတ် စဉ်းစားဆင်ခြင်အပ်ကုန်၏။

(၉)

ခရီးသွားရန် အကြံရှိသော သူတို့သည် အောက်ပါအတိုင်း ကြိုတင်စဉ်းစားရမည်။ ငါသည် ခရီးသွားသောအခါ လမ်းတွင် စားဖို့ ထမင်း-ဟင်း၊ ဝတ်ဖို့ အဝတ်အထည်၊ အိပ်ဖို့ အိပ်ယာ ခြင်ထောင်၊ သုံးဖို့ငွေ-ကြေးလိုလိမ့်မည်။ ထို့ကြောင့် ငါသည် ထမင်း-ဟင်း ဝယ်စားရန် အတွက် ပိုက်ဆံ၊ ဝတ်ဖို့ အဝတ်အထည်၊ အိပ်ဖို့ အိပ်ယာ-ခြင်ထောင်၊ သုံးဖို့ ပိုက်ဆံ၊ ငါနှင့် တပါတည်းယူသွားမှ သင့်တော်လိမ့်မည်။ အကယ်၍ မေ့လျော့ခြင်းကြောင့် ထိုပစ္စည်းများ ပါမသွားခဲ့လျှင် ငါသည် အကြီးအကျယ် အတိ-ဒုက္ခနှင့် တွေ့ကြုံရလိမ့်မည်မှာအမှန်ဖြစ်ပါသည်။

ထိုနည်းကူစွာ စာရေးသူ အပါအဝင် လူအားလုံးတို့သည် နိဗ္ဗာန်မရခင်စပ်ကြား ဤဘဝမှ ထိုဘဝ - ထိုဘဝမှ ဤဘဝသို့ ခရီးပြေးသွားစဉ် စားဖို့-အစာ၊ ဝတ်ဖို့-အဝတ်၊ နေဖို့-အိမ်လိုလိမ့်မည်။ ယခု အစားအသောက် ဒါနပြုလျှင် နောက်ဘဝတွင် အစားအသောက် လွယ်ကူစွာ ရလိမ့်မည်။ ယခုဘဝတွင် အဝတ်အထည်၊ သင်္ကန်းလှူလျှင် နောင်ဘဝတွင် အဝတ်

လှူယ်ကူစွာ ရလိမ့်မည်။ ယခုဘဝတွင် အိမ်၊ ကျောင်း၊ ဇရပ် လှူလျှင် နောင်ဘဝတွင်အိမ်ရမည်။ ပိုက်ဆံလှူလျှင်နောင်ဘဝ တွင် ပိုက်ဆံလွယ်ကူစွာ ရလိမ့်မည်။ ထို့ကြောင့် 'သူတော် ကောင်းတို့–ခင်ဗျား၊ နောင်ဘဝတို့တွင် ဒုက္ခမရောက်ရန် ယခု ဘဝတွင် အစားအသောက်၊ အဝတ်၊ ကျောင်း၊ ဇရပ်၊ အိမ်၊ ငွေကြေး (ပိုက်ဆံ) လှူဒါန်းကြပါ' ဟု အကြံပေးရပါသည် ခင်ဗျား။

( ၅ )

- အသက်ကြီးသောသူလည်း အိုရလိမ့်မည်၊ နာရလိမ့်မည်၊ သေရလိမ့်မည်။
- အသက်ငယ်သော သူလည်း အိုရလိမ့်မည်၊ နာရလိမ့်မည်၊ သေရလိမ့်မည်။
- ကျန်းမာသောသူသည်လည်း အိုရလိမ့်မည်၊ နာရလိမ့်မည်၊ သေရလိမ့်မည်။
- မကျန်းမာသောသူသည်လည်းအိုရလိမ့်မည်၊ နာရလိမ့်မည်၊ သေရလိမ့်မည်။
- ရုပ်အဆင်းလှသော သူသည်လည်း အိုရလိမ့်မည်၊ နာရ လိမ့်မည်၊ သေရလိမ့်မည်။
- ရုပ်အဆင်းမလှသော သူသည်လည်း အိုရလိမ့်မည်၊ နာရ လိမ့်မည်၊ သေရလိမ့်မည်။
- ဘုန်းတန်ခိုးကြီးသောသူသည်လည်း အိုရလိမ့်မည်၊ နာရ လိမ့်မည်၊ သေရလိမ့်မည်။

— ဘုန်းတန်ခိုးနည်းပါးသော သူသည်လည်း အိုရလိမ့်မည်၊ နာရလိမ့်မည်၊ သေရလိမ့်မည်။
— သူဌေးသည်လည်း အိုရလိမ့်မည်၊ နာရလိမ့်မည်၊ သေရလိမ့်မည်လိမ့်မည်။
— ဆင်းရဲသော သူသည်လည်း အိုရလိမ့်မည်၊ နာရလိမ့်မည်၊ သေရလိမ့်မည်။
— ရာထူးရှိသော သူသည်လည်း အိုရလိမ့်မည်၊ နာရလိမ့်မည်၊ သေရလိမ့်မည်။
— ရာထူးမရှိသော သူသည်လည်း အိုရလိမ့်မည်၊ နာရလိမ့်မည်၊ သေရလိမ့်မည်။
— ပညာဉာဏ်ကြီးသော သူသည်လည်း အိုရလိမ့်မည်၊ နာရလိမ့်မည်၊ သေရလိမ့်မည်။
— ပညာဉာဏ်မရှိသောသူသည်လည်း အိုရလိမ့်မည်၊ နာရလိမ့်မည်၊ သေရလိမ့်မည်။
— အမျိုးမြတ်သော သူသည်လည်း အိုရလိမ့်မည်၊ နာရလိမ့်မည်၊ သေရလိမ့်မည်။
— အမျိုးယုတ်သော သူသည်သည်း အိုရလိမ့်မည်၊ နာရလိမ့်မည်၊ သေရလိမ့်မည်။

( ည )

ဤလောကကြီးသည် ဇာတ်ခုံနှင့်လည်း တူလှ၏။ အချို့သော ဇာတ်ဆောင်သူတို့သည် ရှင်ဘုရင်၊ အမတ်ကြီး၊ စစ်သူကြီး၊ သူဌေးကြီး၊ အလုပ်သမား၊ ဆင်းရဲသား၊ သူတောင်းစားယောကျ်ား၊ မိန်းမ၊ တိရစ္ဆာန်အဖြစ်ဖြင့် သူတို့ သင့်လျော်ရာ

ထင်သည်ကို ပြောဆိုလုပ်ကိုင်ပြီးမှ လိုက်ကာ (ကန့်လန့်ကာ) နောက်သို့ ဝင်သွားကြပါသည်။

ထိုနည်းတူစွာ လောကကြီး၌ လူတို့သည် အချို့ ရှင်ဘုရင် အချို့ အမတ်ကြီး၊ အချို့ စစ်သူကြီး၊ အချို့ သူဌေးကြီး၊ အချို့ လူလတ်တန်းစား၊ အချို့ ဆင်းရဲသား၊ အချို့ သူတောင်းစား၊ အချို့ ယောကျ်ား၊ အချို့ မိန်းမ၊ အချို့ တိရစ္ဆာန်အဖြစ်ဖြင့် လောကကြီး၌ သူတို့သင့်လျော်ရာ ထင်သည်ကို လုပ်ကိုင်ပြောဆိုပြီး နေထိုင်ကြ၍ သေသွားကြရပါသည်။

သဒ္ဒိသံပါကံ ဇနေတိ-

၁။ မိမိကိုယ်ကို အသတ်မခံချင်လျှင် သူတပါး အသက်ကို မသတ်နှင့်။ သူတပါး အသက်ကို သတ်လျှင် မိမိကိုယ်ကို အသတ်ခံရလိမ့်မည်။

၂။ မိမိခြေမကျိုးချင်လျှင် သူတပါးခြေတို့မချိုးပါနှင့်။ သူတပါးခြေကိုချိုးလျှင် မိမိခြေအချိုးခံရလိမ့်မည်။

၃။ မိမိလက်မကျိုးချင်လျှင် သူတပါးလက်ကို မချိုးပါနှင့်။ သူတပါးလက်ကို ချိုးလျှင် မိမိလက်အချိုးခံရလိမ့်မည်။

၄။ မိမိမျက်စိ မကန်းချင်လျှင် သူတပါးမျက်စိကို ကန်းအောင် မလုပ်နှင့်။ သူတပါးမျက်စိကို ကန်းအောင်လုပ်လျှင် မိမိမျက်စိကို ကန်းအောင်အလုပ်ခံရလိမ့်မည်။

၅။ မိမိနားမထိုင်းချင်လျှင် သူတပါးကို နားထိုင်းအောင် မလုပ်နှင့်။ သူတပါးနားထိုင်းအောင်လုပ်လျှင် မိမိနားကို ထိုင်းအောင် အလုပ်ခံရလိမ့်မည်။

၆။ မိမိကိုယ်ကို မနာချင်လျှင်သူ တစ်ပါးကိုယ်ကို နာအောင် မလုပ်နှင့်။ သူတစ်ပါးကိုယ်ကို နာအောင်လုပ်လျှင် မိမိကိုယ်ကို နာအောင် အလုပ်ခံရလိမ့်မည်။

၇။ မိမိ စိတ်ချမ်းသာချင်လျှင် သူတစ်ပါးစိတ်ကို မချမ်းသာအောင် မလုပ်နှင့်၊ သူတစ်ပါးစိတ်ကို မချမ်းသာအောင် လုပ်လျှင် မိမိသည်လည်း စိတ်မချမ်းသာအောင် အလုပ်ခံရလိမ့်မည်။

၈။ မိန်းမလျာ-ယောကျ်ားလျာ မဖြစ်ချင်လျှင် သူတစ်ပါး သားမယားကို လွန်ကျူးခြင်းမပြုနှင့်။ သူတစ်ပါး သားမယားကို ကျူးလွန်လျှင် နောင်ဘဝတွင် နပုံးပဏ္ဍုတ် ယောကျ်ားလျာ (သို့မဟုတ်) မိန်းမလျာ ဖြစ်ရလိမ့်မည်။

၉။ စကားမထစ်လိုလျှင် သူတစ်ပါး စကားထစ်သည်ကို နောက်ပြောင် မပြောနှင့်။ သူတစ်ပါးကိုနောက်ပြောင် ပြောဆိုလျှင် နောင်ဘဝ၌ စကားထစ်လိမ့်မည်။

၁၀။ အရူး, အနှမ်း မဖြစ်ချင်လျှင် မူးယစ်စေတတ်သောအရာများ စားသောက်ခြင်းကို မပြုနှင့်။ မူးယစ်စေတတ်သော အရာများကို စားသောက်ခြင်း ပြုလျှင် ယခုဘဝနှင့် နောင်ဘဝများစွာတို့တွင် အရူး အနှမ်း ဖြစ်လိမ့်မည်။

ဤလောက၌ သတ္တဝါတို့သည် ဤဘဝမှ ထိုဘဝ၊ ထိုဘဝမှ ဤဘဝသို့ ခရီးပြေးသွားသောအခါ အမိလည်း မပါ၊ အဖလည်း မပါ၊ ညီအစ်ကို မောင်နှမလည်း အဖော်မပါဘဲ တစ်ယောက်တည်းသာလျှင် သွားရပါသည်။ သို့ရာတွင် မိမိ

ပြုခဲ့သော ကောင်းမှုကြောင့် ရသောကုသိုလ်ကံသည် ကောင်းကျိုး ပေးရန်အတွက် မိမိနောက်သို့အမြဲလိုက်၏။ မိမိပြုခဲ့ပြီးသော မကောင်းမှုကြောင့် ရသော အကုသိုလ်ကံသည်လည်း မကောင်းကျိုးပေးရန်အတွက် မိမိနောက်သို့ အမြဲလိုက်၏။

လူတို့သည် ကောင်းသော အလုပ် (ဝါ) ကုသိုလ်ရသော အလုပ်–လုပ်ပြီးလျှင် ထို ကောင်းသော အလုပ်ကြောင့် ရသော ကုသိုလ်ကို သူတစ်ပါးတို့အား အမျှပေးဝေနိုင်၏။ သို့ရာတွင် မကောင်းသော အလုပ်ကြောင့်ရသော အကုသိုလ်ကို အမျှပေးဝေ၍ မရ။ အကုသိုလ်ပြုသူ တစ်ယောက်တည်းသာလျှင် ခံရ၏။

ဥပမာ–အရာရှိတစ်ယောက်သည် လာဘ်စား၏။ ထိုလာဘ်စား၍ ရသောပိုက်ဆံဖြင့် သားမယားတို့ကို လုပ်ကျွေး၏။ ထိုမကောင်းမှုကြောင့် အမှုပေါ်၍ ထောင်ကျလျှင် တစ်ယောက်တည်းသာ ထောင်ကျခံရသလို နောင်ဘဝတွင် ထိုမကောင်းမှု၏ ဒဏ် တစ်ယောက်တည်းသာ ခံရလိမ့်မည်။ သား၊သမီး၊မယားတို့က ထိုဒဏ်ကို မခံရ။

လူတို့သည် သေမင်းခေါ်သောအခါ ခနနေပါရစေဦး–ဟု တောင်းပန်၍မရ၊အသနားခံ၍မရ၊လာဘ်ထိုး၍မရ၊ ပြေး၍မရ၊ ပုန်း၍မရ၊ လိုက်၍သာ သွားရပါသည်။ သေခြင်း တရားသည် အလွန်လျင်မြန်၏။ ကွေ့သောလက် မဆန့်ခင် သေနိုင်၏။ ထို့ကြောင့် လူအိုင်းတို့သည် ဒါနပြုခြင်းအားဖြင့်လည်းကောင်း၊ သီလဆောက်တည်ခြင်းအားဖြင့် လည်းကောင်း၊ ဘာဝနာပွားများခြင်းအားဖြင့် လည်းကောင်း မိမိကိုယ်ကို သေရန်အတွက် ပြင်ဆင်ထားသင့်လှပေ၏။

ထောင်ထဲမှာ ရောက်နေသော သူတို့ကို မေး—မြန်းလျှင် အောက်ပါ အကြောင်းတို့ကို သိရှိရလိမ့်မည်။

(၁) သူတစ်ပါး အသက်ကို သတ်သည့်အတွက် ထောင်ထဲမှာ ရောက်နေရသော သူတို့သည်လည်း ရှိကြ၏။

(၂) သူတစ်ပါး ပစ္စည်းတို့ကို ခိုး–ဆိုး၊ တိုက်ခိုက်ခြင်းကြောင့် ထောင်ထဲမှာရောက်နေရသော သူတို့သည်လည်း ရှိကြ၏။

(၃) သူတစ်ပါး သားမယားကို ကျူးလွန်ခြင်းကြောင့် ထောင်ထဲမှာ ရောက်နေရသော သူတို့သည်လည်း ရှိကြ၏။

(၄) သူတစ်ပါး တို့အား မဟုတ်မမှန် ပြောဆိုခြင်းကြောင့် ထောင်ထဲမှာ ရောက်နေရသော သူတို့သည်လည်း ရှိကြ၏။

(၅) မူးယစ်စေတတ်သော အရာများကို စားသောက်ခြင်းကြောင့် ထောင်ထဲမှာ ရောက်နေသော သူတို့သည်လည်း ရှိကြ၏။

အထက်ဖော်ပြပါ သူတို့သည် ငါးပါးသီလကို မဆောက်တည်ခြင်းကြောင့် ထောင်ဒုက္ခကို ခံရခြင်းဖြစ်သည်။ အကယ်၍ ထိုသူတို့သည် ငါးပါးသော သီလတော်မြတ်ကို ဆောက်တည်ခြင်း ပြုခဲ့ပါလျှင် ထောင်ထဲရောက်စရာအကြောင်း မရှိပါ။ အပြစ်အမျိုးမျိုးကြောင့် ထောင်ထဲမှာရောက်နေသော သူတို့သည် ထောင်က လွတ်ရုံမျှဖြင့် သူတို့၏ အပြစ်များ ကျေမသွားပါ။ နောင် တမလွန် ဘဝတို့တွင်လည်း သူတို့သည် သင့်တင့်လျောက်ပတ်သော ဒဏ်များ ခံရဦးမည်သာတည်း။

## လူဖြစ်ရန် မလွယ်

လူ့ပြည်မှ အပ်တစ်ချောင်း ထောင်ထားပြီး ဗြဟ္မာပြည်က အပ်တစ်ချောင်း ပစ်ချလျှင် ထိုအပ်နှစ်ချောင်း အသွားချင်းထိရန် မလွယ်ကူသလို ထို့ထက်ပင် လူဖြစ်ရန် ခက်ခဲလှ၏။

## ကဏ္ဍကစ္ဆောပမသုတ်

အခါတစ်ပါး၌ မြတ်စွာဘုရားသခင်သည် 'ရဟန်းတို့'ဟု ခေါ်တော်မူ၏။ ရဟန်းတို့က 'အရှင်ဘုရား'ဟု ပြန်ထူးကြ၏။ ထိုအခါ မြတ်စွာဘုရားက 'ရဟန်းတို့...၊ လူဖြစ်ရန်မလွယ်ကူ။ အလွန်ခက်လှ၏။ ဥပမာ–သမုဒ္ဒရာထဲမှာ လိပ်ကန်း တစ်ကောင် ရှိ၏။ ထိုလိပ်ကန်းသည် အနှစ်တစ်ရာကြာမှ ရေပေါ်သို့တစ်ခါ တက်လာပြီး ရေထဲသို့ပြန်ငုပ်သွားလေ့ရှိ၏။ ထိုသမုဒ္ဒရာထဲမှာ အပေါက်တစ်ပေါက်ရှိသော ထမ်းပိုးကို ပစ်ချရာ၏။ ထိုထမ်းပိုးသည်လည်း လေလှိုင်းပုတ်ခတ်ရာသို့ ရွေ့လျောနေလေ့ရှိ၏။ ထိုထမ်းပိုးအပေါက်ထဲသို့ လိပ်ကန်းခေါင်းစွပ်မိရန်အကြောင်းကို အသင်ချစ်သားတို့သည် မည်သို့မှတ်ထင်ကုန်သနည်း'။

ဘုန်းတော် (၆)ပါး သခင် ဖြစ်တော်မူသော မြတ်စွာဘုရား...၊ အကယ်၍ လိပ်ကန်းသည်လည်း မသေဘဲ နေလျှင် ထမ်းပိုးသည်လည်း မဆွေးမြည့်လျှင် သမုဒ္ဒရာ ရေသည်လည်း မခမ်းခြောက်ဘဲနေလျှင် ထမ်းပိုး အပေါက်ထဲသို့ လိပ်ကန်း ခေါင်းစွပ်မိရန် အကြောင်းသည် အနည်းငယ်မျှသာ ရှိပါ၏– မြတ်စွာဘုရား'။

'အသင်-ချစ်သားတို့....၊ ပြောဆိုသည့်အတိုင်း မှန်၏။ လူဖြစ်ရန်အတွက် ထိုထက်ပင် ခဲယဉ်းလှ၏။ ထို့ကြောင့် သင်-ချစ်သားတို့သည် လူ့ဘဝကို ရ,ထားသော ယခုအခါ၌ မိမိအကွက် အကျိုးရှိအောင် နေ့မအား-ညမအား အားထုတ်သင့်၏။

## နခသိခ သုတ္တန်

သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ကနေ့သောအခါ၌ မြတ်စွာဘုရားသခင်သည် လက်သည်းဖျားပေါ်တွင် မြေမှုန့် အနည်းငယ်တင်၍ 'ချစ်သား-ရဟန်းတို့....၊ ထိုအရာကို သင်ချစ်သားတို့ အဘယ်သို့မှတ်ထင်ကြကုန်သနည်း။ လက်သည်းဖျားပေါ်တွင် တင်ထားသောမြေမှုန့်အနည်းငယ်နှင့် ဤမဟာပထဝီမြေကြီးသည် ဘယ်အရာက ပို၍ များသနည်း။ ဘယ်အရာက ပို၍ နည်းသနည်း'ဟု မေးတော်မူ၏။ ရဟန်းတို့က 'မဟာပထဝီမြေကြီးက ပို၍များပါကြောင်း' လျှောက်ကြ၏။ မြေကြီးကိုထောက်ဆ၍ လက်သည်းဖျားပေါ်မှာ မြေမှုန့်က အနည်းငယ်မျှသာ ဖြစ်ပါသည်။ မရေတွက်လောက်ပါ။ မပြောပလောက်ပါ-ဘုရား' ဟု လျှောက်ကြ၏။

'ချစ်သား-ရဟန်းတို့....၊ ဤအတူပင် သစ္စာလေးပါးတရားကို မဂ်-ဉာဏ်ဖြင့် သိပြီးသော သောတာပန် ပုဂ္ဂိုလ်သည် ကုန်ပြီးသော ဝဋ်ဆင်းရဲကား မဟာပထဝီမြေကြီးလောက် ရှိ၏။ ကျန်သော ဝဋ်ဆင်းရဲမှာ လက်သည်းပေါ်တင်ထားသော မြေမှုန့်လောက် အနည်းငယ်မျှသာရှိ၏'။

သောတာပန် ပုဂ္ဂိုလ်သည် 'ဤကား - ဆင်းရဲတည်း၊ ဤကား ဆင်းရဲဖြစ်ကြောင်းတည်း၊ ဤကား ဆင်းရဲချုပ်ရာနိဗ္ဗာန်တည်း၊ ဤကား ဆင်းရဲချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်တည်း' ဟု ဟုတ်မှန်တိုင်း သိ၏။

ထို့ကြောင့် သင်-ချစ်သားတို့သည်လည်း 'ဤကား ဒုက္ခတည်း-ဟု သိအောင် အားထုတ်အပ်၏၊ ဤကား ဒုက္ခဖြစ်ကြောင်းတည်း-ဟု သိအောင် အားထုတ်အပ်၏။ ဤကား ဒုက္ခချုပ်ငြိမ်းရာ ရောက်ကြောင်းအကျင့်တည်း-ဟု သိအောင် အားထုတ်အပ်၏-ဟု' ဟောတော်မူ၏။

## ဂင်္ဂါသုတ်

ဘုန်းတော် (၆) ပါးသခင်ဖြစ်တော်မူသော မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ ပုဏ္ဏားတစ်ယောက်သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် မြတ်စွာဘုရားအား 'ရှေး၌ ကျော်လွန်ကုန်ပြီး ကမ္ဘာတို့သည် အဘယ်မျှလောက် များပါသနည်း' ဟု လျှောက်၏။ မြတ်စွာဘုရားက 'ပုဏ္ဏား....၊ ရှေး၌ ကျော်လွန်ကုန်ပြီးသော ကမ္ဘာတို့သည် များလှသည်သာတည်း။ ထိုကမ္ဘာတို့ကို ရာ၊ ထောင်၊ သိန်း၊ သန်း၊ ကုဋေတို့ဖြင့် ရေတွက်ခြင်းငှာ မလွယ်။ သို့ရာတွင် ဥပမာဆောင်ကား...၊ ဤဂင်္ဂါမြစ် စ၍စီးရာမှ မဟာသမုဒ္ဒရာသို့ စီးဝင်ရာအရပ်အထိ များစွာသော သဲလုံးတို့သည်ရှိ၏။ ပုဏ္ဏား — ရှေး၌ ကျော်လွန်ကုန်ပြီးသော ကမ္ဘာတို့သည် ထို သဲလုံးတို့ထက်ပင် များလှသည်သာတည်း။

ဤမျှလောက်များပြားလှသော ကမ္ဘာဘုံတွင် (အဝိဇ္ဇာ နှင့် တဏှာ) မသိမှုနှင့် တပ်မက်ခြင်းကြောင့် ဤဘဝမှ ထိုဘဝ ထိုဘဝမှ ဤဘဝသို့ ပြေးလွှား ကျင်လည် ကြရကုန်သော သတ္တဝါတို့၏ အစကိုမသိနိုင်။ ပုဏ္ဏား—ဤသို့လျှင် ရှည်မြင့်သော နေ့-ညဉ့်တို့ ကာလပတ်လုံး ဆင်းရဲ-ဒုက္ခ တွေ့ကြုံ ခံစားရဖူးလှလေပြီ။ ပြင်းထန်သော ဆင်းရဲ-ဒုက္ခကို တွေ့ကြုံခံစားရဖူးလှလေပြီ။ ပျက်စီးခြင်းကို တွေ့ကြုံခံစားရဖူးလှလေပြီ။ သင်းချိုင်းမြေပုံတိုးပွားလှလေပြီ။ ပုဏ္ဏား - ဤသို့လျှင် အလုံးစုံသော သင်္ခါရတရားတို့၌ ငြီးငွေ့ခြင်းငှာ သင့်လှသည်သာလျှင်တည်း။ တပ်မက်ခြင်း ကင်းခြင်းငှာ သင့်လှသည်သာလျှင်တည်း။ လွတ်မြောက်ခြင်းငှာ သင့်လှသည်သာလျှင်တည်း’ ဟု ဟောတော်မူ၏။

## ပုဂ္ဂလသုတ်

ရဟန်းတို့…။ သံသရာ၏ အစကိုပင် မသိနိုင်။ ရဟန်းတို့…၊ ဤဘဝမှ ထိုဘဝ၊ ထိုဘဝမှ ဤဘဝသို့ ပြေးလွှားကျင်လည်ရသော သတ္တဝါတစ်ဦး၏ သေပေါင်းများစွာမှရသော များစွာသော အရိုးစု—အရိုးပုံသည် စုပေါင်း သိမ်းဆည်းအပ်သည်ဖြစ်၍ မပျောက်မပျက်ခဲ့မူ ဤဝေပုလ္လတောင်နှင့်အမျှဖြစ်ရာ၏။ ထိုသို့ဖြစ်ခြင်းသည် အဘယ်ကြောင့်နည်း။ ရဟန်းတို့…၊ ဤသံသရာ၏အစကို မသိနိုင်။ လွတ်မြောက်ခြင်းငှာ သင့်လှသည်သာလျှင်တည်း’ ဟု ဟောတော်မူ၏။

**တိ ကာ ကသု တ်**

'ရဟန်းတို့....၊ ဤသံသရာ၏ အစကို မသိနိုင်။ မသိမှုနှင့် တပ်မက်မှု (အဝိဇ္ဇာနှင့် တဏှာ) ကြောင့် ဤဘဝမှ ထိုဘဝ၊ ထိုဘဝမှ ဤဘဝသို့ ပြေးလွှားကျင်လည်ကြရကုန်သော သတ္တဝါတို့၏ ရှေ့အစွန်းသည် မထင်။ ရဟန်းတို့...၊ ဥပမာသော်ကား- ယောကျ်ားတစ်ယောက်သည် ဤဇမ္ဗူဒိပ်ကျွန်း၌ ရှိသမျှ သစ်ပင်၊ သစ်ခက်၊ သစ်ရွက်တို့ကို ဖြတ်၍ တပေါင်းတည်း စုရုံးပြီးလျှင် လက်လေးသစ်၊ လက်လေးသစ်ဖြတ်၍ ဤသည်ကား ငါ၏အမိတည်း ဤသည်ကား ငါ့အမိ၏ အမိတည်း စသည်ဖြင့် လက်လေးသစ်စီ-သစ်ခက်တစ်ခုစီချထားရာ၏။ ရဟန်းတို့-ထိုယောကျ်ား၏ အမိအဆက်ဆက်တို့သည် မကုန်မဆုံးနိုင်သည်သာလျှင်ဖြစ်ကုန်၏။ ဤဇမ္ဗူဒိပ်ကျွန်းတွင် ရှိသမျှ သစ်ပင်၊ သစ်ခက်၊ သစ်ရွက်တို့သည် ကုန်ဆုံးခြင်းသို့ သာရောက်ရာ၏။

ထိုသို့ဖြစ်ခြင်းသည် အဘယ်ကြောင့်နည်း။ ရဟန်းတို့....၊ ဤသံသရာ၏ အစကို မသိနိုင်။ မသိမှု (အဝိဇ္ဇာ) နှင့် တပ်မက်မှု (တဏှာ) တို့ကြောင့် ဤဘဝမှ ထိုဘဝ၊ ထိုဘဝမှ ဤဘဝသို့ ပြေးလွှားကျင်လည်ကြကုန်သော သတ္တဝါတို့၏ ရှေ့အစွန်းသည် မထင်နိုင်သောကြောင့်ပင်တည်း။ ရဟန်းတို့...၊ ဤသို့ ရှည်လျားကြာမြင့်သော နေ့-ညဉ့်တို့ကာလပတ်လုံး ဆင်းရဲကို ခံစားရသလေပြီ။ ရဟန်းတို့....၊ အသုံးစုံသော သင်္ခါရတို့၌ ငြီးငွေ့ခြင်းငှာ သင့်လှသည်သာလျှင်တည်း။ တပ်မက်ခြင်းကင်းခြင်းငှာ သင့်လှသည်သာလျှင်တည်း။ လွတ်မြောက်ခြင်းငှာ သင့်လှသည်သာလျှင်တည်း' ဟု ဟောတော်မူ၏။

## အ သု သုတ်

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူသောအခါ တနေ့သ၌ ရဟန်းတို့ကို ခေါ်တော်မူ၍ 'ရဟန်းတို့...ဤသံသရာ၏ အစကိုမသိနိုင်။မသိမှု (အဝိဇ္ဇာ) နှင့် တပ်မက်မှု (တဏှာ) ကြောင့် ဤဘဝမှ ထိုဘဝ၊ ထိုဘဝမှ ဤဘဝသို့ ပြေးလွှား ကျင်လည်ကြရ ကုန်သော သတ္တဝါတို့၏ ရှေ့အစွန်းသည် မထင်။

ဤဘဝမှ ထိုဘဝ၊ ထိုဘဝမှ ဤဘဝသို့ ပြေးလွှားကျင်လည်ကြရကုန်စဉ်တွင် မချစ် မနှစ်သက်သော သူတို့နှင့် ပေါင်းဖော်ရခြင်းသည်လည်းကောင်း၊ ချစ်ခင်နှစ်သက်အပ်သော သူတို့နှင့် ကွေကွင်းရခြင်းကြောင့် လည်းကောင်း မြည်တမ်းငိုကြွေးရကုန်သော သင်တို့၏ ယိုစီးသော မျက်ရည်သည် မဟာသမုဒ္ဒရာ ရေထက်ပင် များပြားလှပေ၏။ မဟာသမုဒ္ဒရာ လေးစင်းရေသည် မများလှပေ။

ရဟန်းတို့... ရှည်စွာသော နေ့-ညဉ့်တို့ ကာလပတ်လုံး သင်တို့သည် မိမိ၏ သေခြင်းကို တွေ့ကြုံ ခံစားရဘူးလှ လေပြီ။ အဖ၏ သေခြင်းကို တွေ့ကြုံခံစားရဘူးလှလေပြီ။ဆွေမျိုးတို့၏ သေခြင်းကို တွေ့ကြုံခံစားရဘူးလေပြီ။ ထိုသို့ ဖြစ်ခြင်းသည် အဘယ်ကြောင့်နည်း။ ရဟန်းတို့...ဤသံသရာ၏ အစကို မသိနိုင်။ ဤသို့လျှင် အလုံးစုံသော သင်္ခါရတို့၌ ငြီးငွေ့ခြင်းငှာ သင့်လှသည်သာလျှင်တည်း။ တပ်မက်ခြင်း ကင်းခြင်းငှာ သင့်လှသည်သာလျှင်တည်း။ လွတ်မြောက်ခြင်းငှာ သင့်လှသည်သာလျှင်တည်း' ဟု ဟောတော်မူ၏။

ခိရသုတ်

'ရဟန်းတို့...ဤ သံသရာ၏ အစကို မသိနိုင်။ ဤ ရှည်စွာသောကာလပတ်လုံး ဤဘဝမှ ထိုဘဝ၊ ထိုဘဝမှ ဤဘဝသို့ ပြောင်းလွှားကျင်လည်ကြရကုန်သော သင်တို့သောက်စို့အပ်သော အမိနို့ရည်သည် မဟာသမုဒ္ဒရာ လေးစင်းထက်ပင် များလှ၏။ မဟာသမုဒ္ဒရာလေးစင်း ရေသည် မများလှ။ ထိုသို့ဖြစ်ခြင်းသည် အဘယ်ကြောင့်နည်း။ ရဟန်းတို့...ဤ သံသရာ၏ အစကို မသိနိုင်။ လွတ်မြောက်ခြင်းငှာ သင့်လှသည်သာ လျှင်တည်း'ဟု ဟောတော်မူ၏။

ပဗ္ဗတ သုတ်

မြတ်စွာဘုရားသခင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူသောအခါ ရဟန်းတစ်ပါးသည် မြတ်စွာဘုရားအား 'အရှင်ဘုရား....ကမ္ဘာသည် အဘယ်မျှလောက် ရှည်ပါသနည်း'ဟု လျှောက်၏။ မြတ်စွာဘုရားက 'ရဟန်း...ကမ္ဘာသည် ရှည်လျားလှ၏။ နှစ်တို့ဖြင့် ရေတွက်ခြင်းငှာ-မလွယ်' ဟု မိန့်တော်မူ၏။ ဥပမာသော်ကား၊ မကွဲမပြတ်သော အခေါင်းမရှိသော တခဲနက်ဖြစ်သော ကျောက်တောင်ကြီးသည် အလျားအားဖြင့် တယူဇနာ၊ အနံအားဖြင့် တယူဇနာ၊ အမောက်အားဖြင့် တယူဇနာရှိ၏။ ထို ကျောက်တောင်ကြီးကို အနှစ်တစ်ရာလွန်သောအခါ 'ကာသိတိုင်း'ဖြစ် အဝတ်ဖြင့် တစ်ကြိမ်-တစ်ကြိမ်သာပွတ်တိုက်ရာ၏။ ရဟန်းတို့... ထို ကျောက်တောင်ကြီးသည် ဤလုံ့လဖြင့် လျင်မြန်စွာသာ

လျှင် ကုန်ဆုံးခြင်းသို့ ရောက်ရာ၏။ ကမ္ဘာသည် ကုန်ဆုံးခြင်းသို့ မရောက်ရာ။ ရဟန်းတို့ ... ဤသို့ရှည်လှစွာသော ကမ္ဘာတို့သည် ဂင်္ဂါမြစ်ထဲ၌ရှိသော သဲလုံးတို့ထက်ပင် များလှ၏။

ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း။ ရဟန်း ...။ ဤသံသရာ၏ အစကို မသိနိုင်။ သတ္တဝါတို့၏ ရှေ့အစွန်းသည် မထင်။ ရဟန်း ...။ ဤသို့လျှင် အလုံးစုံသောသင်္ခါရတို့၌ ငြီးငွေ့ခြင်းသာ သင့်လှသည်သာလျှင်တည်း။ တပ်မက်ခြင်း ကင်းခြင်းငှာ သင့်လှသည်သာလျှင်တည်း။ လွတ်မြောက်ခြင်းငှာ သင့်လှသည်သာလျှင်တည်း'ဟု ဟောတော်မူ၏။

## သာ သ ဝ သု တ်

မြတ်စွာဘုရားသခင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူသောအခါ ရဟန်းတစ်ပါးသည် မြတ်စွာဘုရားအား 'ကမ္ဘာသည် အဘယ်မျှလောက် ရှည်ပါသနည်း'ဟု လျှောက်၏။ မြတ်စွာဘုရားက 'ရဟန်း ...။ ကမ္ဘာသည် ရှည်လျားလှ၏။ ထိုကမ္ဘာကို နှစ်တို့ဖြင့် ရေတွက်ခြင်းငှာ မလွယ်။ ဥပမာဆောင်ကား၊ အလျား တစ်ယူဇနာ၊ အနံ တစ်ယူဇနာ၊ အစောက် တစ်ယူဇနာရှိသော မုန်ညင်းစေ့တို့ဖြင့် ပြည့်သော သံမြို့ကြီးသည် ရှိ၏။ ထိုသံမြို့ကြီးမှ အနှစ်တစ်ရာ၊ အနှစ်တစ်ရာလွန်သောအခါ မုန်ညင်းစေ့ တစ်စေ့စီ ထုတ်ယူရာ၏။ ရဟန်း ...။ ထိုသံမြို့ကြီးနှင့် အပြည့်ရှိသော မုန်ညင်းစေ့ အစုသည် ကုန်ခြင်း – ဆုံးခြင်းသို့ ရောက်ရာ၏။ ကမ္ဘာသည် ကုန်ခြင်း – ဆုံးခြင်းသို့ မရောက်နိုင်ရာ။ ရဟန်း ...။ ဤသို့လျှင် ကမ္ဘာသည် ရှည်လှစွာ၏။ ဤသို့သော ကမ္ဘာတို့သည် ဂင်္ဂါ

မြစ်ထဲတွင် ရှိသော သဲလုံးမက များလှစွာ၏။ ထို့ကြောင့် သံသရာ၏ အစကိုမသိနိုင်။ လွှတ်မြောက်ခြင်းငှာ သင့်လှသည် သာလျှင်တည်း’ဟု ဟောတော်မူ၏။

## စူဠကမ္မဝိဘင်္ဂ သုတ် အဋ္ဌကထာ

**လောကသုံးပါး**အကြောင်းကို သိမြင်တော်မူသော မြတ်စွာဘုရားသခင်သည် သာဝတ္ထိပြည် ‘ဇေတဝန်’ ကျောင်းတော်၌ သီတင်းသုံး နေတော်မူသောအခါ တနေ့သ၌ နံနက်စောစော ကပင် လောကကို ကြည့်ရှုတော်မူပြီးလျှင် သုဘလုလင်၏ ဖခင် ကပ်စေးနဲသော တောဒေယျ ပုဏ္ဏားကြီးသည် နောက်ခုနစ်ရက် လွန်သောအခါ သေလွန်ပြီးလျှင် ခွေးဖြစ်ပြီး နောက် တဖန် သေသောအခါ ငရဲကျမည်ကို မြင်တော်မူ၏။

မြတ်စွာဘုရားသခင်သည် ထိုပုဏ္ဏားကို ကယ်တင်လိုသော ကြောင့် ထိုသူ၏ အိမ်တံခါးဝတွင် ဆွမ်းခံ ရပ်တော်မူ၏။ ပုဏ္ဏားသည် မြတ်စွာဘုရားကိုမြင်လျှင် ‘ရဟန်းကြီး....၊ ငါသည် သင့်ကို ဆွမ်းမလောင်းလိုပါ၊ သင်စားလိုလျှင် ငါကဲ့သို့ အလုပ် လုပ်ပါ၊ အလုပ်မလုပ်ဘဲ သူတပါးတို့ထံမှ ကောင်းစားရခြင်း သည် မသင့်လျော်ပါ’ဟု လျှောက်၏။ ထိုစကားကို ကြားတော် မူလျှင် မြတ်စွာဘုရားသခင်သည် ဘာမျှပြန်မပြောဘဲ ဆွမ်းခံ ရန် ဆက်သက်ကြွသွားတော်မူ၏။

ခုနှစ်ရက်မြောက်သောအခါ ထိုပုဏ္ဏားသည် သေလွန်ပြီးလျှင် ထိုအိမ်၌ပင် ခွေးမ၏ဝမ်း၌ ပဋိသန္ဓေတည်နေလေ၏။ ကိုယ်ဝန် လွှစေ့သောအခါ မွေးလေ၏။ ထိုခွေးသည် ကြီးပြင်းလာသော

အခါ မြတ်စွာဘုရား ဆွမ်းခံကြွလာ၍ ဆွမ်းရပ်သည်ကို မြင်လေလျှင် ဟောင်လေ၏။ ထိုအခါ မြတ်စွာဘုရားက 'တောဒေယျ—၊ ယခုထက်ထိ ငါ့ကို ရန်မူတုန်းဘဲလား၊ သင်သေလျှင် ငရဲကျလိမ့်မည်'ဟု မိန့်တော်မူ၏။ ထို စကားကို ကြားလျှင် ခွေးသည် ဝမ်းနည်းသောကြောင့် မြေ၌ လူးလိမ့်လေ၏၊ ထိုအကြောင်းကို မြင်လိုက်ရသော အိမ်အစေခံတို့သည် ပုဏ္ဏားဏ်သား သုဘ-လုလင် ပြန်လာသောအခါ ပြောကြားကြကုန်၏။ သုဘ-လုလင်သည် သူ၏ခွေးကို တောဒေယျ-ဟု မြတ်စွာဘုရား ခေါ်တော်မူကြောင်း ကြားသိလေလျှင် ပြင်းစွာ အမျက်ထွက်လျက် မြတ်စွာဘုရားထံတော်သို့ သွား၍ 'အရှင်ဘုရား...၊ တပည့်တော်၏ခွေးကို တောဒေယျဟု ခေါ်ခြင်းသည် မှန်ပါသလား'ဟု လျှောက်၏။ မြတ်စွာဘုရားက 'မှန်၏'ဟုပြောလေလျှင် သုဘ လုလင်က 'အဘယ့်အကြောင်းကြောင့်ခေါ်သနည်း' ဟု လျှောက်ပြန်၏။ ထိုအခါ မြတ်စွာဘုရားက 'သုဘ၊ သင်၏ဖခင် တောဒေယျ ပုဏ္ဏားသည် သေပြီး ခွေးဘဝသို့ ရောက်နေကြောင်း' ရှင်းပြတော်မူလျှင် သုဘလုလင်က 'မယုံကြည်နိုင်ပါဘုရား ၊'ဟု လျှောက်၏။ 'ထိုသို့ဖြစ်လျှင် သင်သည် ထိုခွေးကို ကောင်းစွာ ရေချိုးပြီးလျှင် အကောင်းဆုံးသော အစာ ကျွေးမွေးပြီးနောက် အောက်ပါအတိုင်း မေးလော့။ 'ဖခင်....၊ ဖခင်မြှုပ်နှံထားခဲ့သော ရွှေအိုးငါးလုံး၏ နေရာ သားကို ပြပါ'ဟု ခိုင်းလော့။ ထို စကားကို ကြားလျှင် ဟိုခွေးသည် သင်၏ ပုဆိုးကိုကိုက်၍ သွားပါလိမ့်မည်။ ရွှေအိုးရှိရာသို့ ရောက်လျှင် မြေကြီးကို ခြေဖြင့် ယက်ပြသောနေရာကို တူးလော့'ဟု မိန့်တော်မူ၏။

ထိုသုဘာလုလင်သည် မြတ်စွာဘုရားခိုင်းစေတော်မူသည့်အတိုင်း ပြုလုပ်လျှင် ရွှေအိုးကြီး ငါးလုံးကို တူးဖော်၍ ရလေ၏။ ထိုအခါ သုဘာလုလင်သည် မြတ်စွာဘုရားကို ယုံကြည်မြတ်နိုးခြင်း ရှိလှသဖြင့် မြတ်စွာဘုရားကို ကိုးကွယ်သည်းကာမ်လေ၏။

ခန္ဓာ၏ ခိုင်းနွား ဥပမာ

ဤခန္ဓာ ကိုယ် သည် သေမင်း ထံမှ ငှား ရမ်း ထားသော ခိုင်းနွားနှင့် အလွန်တူလှပေ၏။ ငှားရမ်းထားသောခိုင်းနွားကို ကောင်းမွန်စွာ ကျွေးမွေး ပြီးလျှင် မိမိအတွက် အ ကျိုး ရှိ ရန် လှည်းဆွဲရန်၌လည်းကောင်း လယ်ထွန်ရန်၌လည်းကောင်း အသုံးချရာ၏။ လယ်ထွန်ပြီးလျှင် ကောက်ပဲသီးနှံတို့ကို စိုက်ပျိုးရာ၏။ ကောက်ပဲသီးနှံ ရသောအခါ မိမိတစ်အိမ်သားလုံးလည်း စားသုံးရာ၏။ ပိုလျှံသော ကောက် ပဲ သီး နှံ တို့ ကို ရောင်းချ၍ တစ်အိမ်သားလုံး၏ စားဝတ်နေရေးကိစ္စပြေလည်အောင်ပြုလုပ်ရာ၏။ ခိုင်းနွားပြန်ပေးရန် အချိန်ကျသောအခါ ငှားရမ်းခနှင့်တကွ နွားကိုပါ ပိုင်ရှင်အား ပြန်၍ ပေးရ၏။

အကယ်၍ မွေးလျော့ခြင်းကြောင့် ထိုခိုင်းနွားကို မခိုင်းဘဲ ထားမိလျှင် ကောက်ပဲသီးနှံလည်း မစိုက်နိုင်။ ကောက်ပဲသီးနှံ မရလျှင် တစ်အိမ်သားလုံး အစာမစားရသောကြောင့် အတိဒုက္ခရောက်လိမ့်မည်။

ထိုနည်းတူစွာ ဤခန္ဓာကိုယ်ကို ကောင်းမွန်စွာ ကျွေးမွေးပြီးလျှင် တရားသဖြင့် စီးပွားရှာသင့်၏။ ရသောပိုက်ဆံကို လေးပုံ ပုံ၍ တစ်ပုံကိုလှူသင့်၏။ ဒုတိယအပုံကို အရေးပေါ်ကိစ္စများအတွက် စုထားသင့်၏။ တတိယပုံကို မိသားစု စား

ဝတ်နေရေးအတွက် သုံးသင့်၏။ စတုတ္ထတစ်ပုံကို နောက်ထပ် တရားသဖြင့် စီးပွားရှာရန် ရင်းနှီးအဖြစ် သုံးသင့်သည်။

(အဘက် ဖော်ပြပါ ပိုက်ဆံလေးပုံသည် တူညီရမည်ဟု မဆိုလိုပါ။)

အဘယ်၍ ဓမ္မလျှော့ခြင်းကြောင့် ကောင်းမွန်စွာ စား သောက်ပြီးလျှင် လုပ်မလုပ်တဲ့ ကာမဂုဏ် ခံစားခြင်းဖြင့် အချိန်ကို ကုန်လွန်စေခဲ့လျှင် စီးပွားမရှာခြင်းကြောင့် နောက် နောင်အခါတွင် ထမင်းဝတ်ရုံမျှသာ ရှိသည့်ပြင် ဒါန၊ သီလ၊ မပြုလုပ်ရသောကြောင့် သေပြီးလျှင် ငရဲကျဖို့သာ ရှိတော့၏။

မဟာဝဂ္ဂသံယုတ် အာမကဓည ပေယျာလသုတ်

ဘုန်းတော်မြောက်ပါးသခင်— မြတ်စွာဘုရားသခင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူ သောအခါ လက်သည်းများပေါ်တွင် မြေမှုန့်အနည်းငယ်တင်၍ 'ချစ်သား–ရဟန်းတို့....၊ တို့အရာကို သင် ချစ်သားတို့သည် အဘယ်သို့ မှတ်ထင်ကုန်သနည်း။ လက်သည်းဖျား ပေါ်တွင် တင်ထားသော မြေမှုန့်အနည်းငယ်နှင့် မဟာပထဝီမြေကြီးသည် ဘယ်အရာကပို၍ များသနည်း၊ ဘယ်အရာကပို၍နည်းသနည်း' ဟု မေးတော်မူ၏။ ရဟန်းတို့က မဟာပထဝီမြေကြီးကပို၍များ ပါကြောင်း' လျှောက်ကြ၏။မြေကြီးကိုထောက်ဆ၍လက်သည်း ဖျားပေါ်မှမြေမှုန့်ကအနည်းငယ်မျှသာဖြစ်ပါသည်၊ မရေတွက် လောက်ပါ၊ မပြောပလောက်ပါဘုရား' ဟု လျှောက်ကြ၏။

'ချစ်သား–ရဟန်းတို့....၊ ဤအတူပင် လူ့ဘဝမှ သေပြီး လူ့ဘဝကို ပြန်ရသော သတ္တဝါတို့သည် ဤလက်သည်းဖျား

ပေါ်တွင် တင်ထားသော မြေမှုန့်လောက် အနည်းငယ်မျှသာတည်း။ လူ့ဘဝမှသေပြီး အပါယ်လေးဘုံသို့ ရောက်ကုန်သောသတ္တဝါတို့သည် မဟာပထဝီမြေကြီးလောက် များသည်သာတည်း။ ထိုသို့ဖြစ်ခြင်းသည် သစ္စာလေးပါးတရားကို မသိသောကြောင့်တည်း'ဟု မိန့်တော်မူ၏။

## ကာလာမသုတ်တော်

ကောင်းသောစကားကိုသာ ဆိုတော်မူအပ်သော မြတ်စွာဘုရားသည် ဒေသစာရီကြွတော်မူစဉ် ကာလာမမင်းတို့အုပ်စိုးရာပြည်သို့ ရောက်တော်မူသော အခါ ကာလာမ မင်းတို့သည် အောက်ပါအတိုင်း လျှောက်ထားကြကုန်၏။

'ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား...၊ တပည့်တော်တို့ နေထိုင်ရာ ဤအရပ်သို့အယူဝါဒအမျိုးမျိုးရှိကြသော ဆရာကြီးတို့ လာရောက်၍ မိမိတို့ အယူဝါဒကိုသာ ချီးမွမ်း၍ အခြားသော အယူဝါဒများကို ဖိနှိပ်ပြောဟောတတ်ကြကုန်၏။ တပည့်တော်တို့သည် အယူဝါဒနှင့် ပတ်သက်၍ ယောင်ဝါးဝါး ဖြစ်ကြကုန်၏။ တပည့်တော်တို့သည် အယူဝါဒအမျိုးမျိုးကို ကြားနေရသဖြင့် ဟိုလူပြောတာ ဟုတ်နိုးနိုး၊ ဒီလူပြောတာ ဟုတ်နိုးနိုးဟု တွေးတောနေကြရ ပါသည် ဘုရား....'ဟု လျှောက်ကြ၏။

ထိုအခါ မြတ်စွာဘုရားသခင်က 'အမျိုးမျိုး ကြားနာနေရသော သင်တို့မှာ ယုံမှားတွေးတောစရာပေသဲ'ဟု မိန့်တော်မူပြီးလျှင် အောက်ပါအတိုင်း ဟောကြားတော်မူခဲ့လေသတည်း။

(၁) ကလေးဘဝမှစ၍ကြားနာ- မှတ်သားခဲ့ရခြင်းဖြင့်လည်း 'အဟုတ်-တကယ် မှန်တယ်'ဟု အမြဲအစွဲ မှတ်ယူမထားကြနှင့်။

(၂) မိဘ ဘိုးဘွားတို့မှ ဆင်းသက်၍ မှတ်ယူ-လုပ်ကိုင်ရိုး ဖြစ်၍လည်း 'မှန်တယ်'ဟု 'အမြဲအစွဲ မှတ်ယူ မထားကြနှင့်။

(၃) 'ဒီဟာက-ဒီလိုတဲ့'ဟု အခြား တစ်ယောက်က ပြောလိုက်ရုံမျှဖြင့်လည်း 'မှန်တယ်'ဟု အမြဲမှတ်ယူ မထားကြနှင့်။

(၄) 'ဒီ အယူအဆသည် ငါတို့ သင်ထားသော ကျမ်းစာနှင့် ညီတယ်'ဟု မိမိတို့ ကျမ်းစာနှင့် ညီနေရုံမျှဖြင့်လည်း 'မှန်တယ်'ဟု အဟုတ်တကျ မှတ်ယူမထားကြနှင့်။

(၅) မိမိဘာသာ ကြံစည်ထားသော အရာကိုလည်း 'ဟုတ်လှပြီ-မှန်လှပြီ'ဟု အမြဲအစွဲ မှတ်ယူမထားကြနှင့်။

(၆) အခြားနိုင်ငံတို့၌ သူတစ်ပါးတို့လုပ်နည်း-ကိုင်နည်းကို သဘောကျ၍လည်း ဤနေရာ၌ 'သင့်တော်လှပြီ'ဟု အမြဲအစွဲ မှတ်ယူမထားကြနှင့်။

(၇) တစ်စုံတစ်ရာပြုဖို့ရာအကြောင်း-အထောက်အထားကို စဉ်းစားရာဝယ် အကြောင်း- အထောက်အထားကောင်း ရ၍ သဘောကျ သဖြင့်လည်း 'မှန်လှပြီ'ဟု အမြဲအစွဲ မှတ်ယူမထားကြနှင့်။

(၈) သူတစ်ပါးပြောသော အယူဝါဒသည် ငါတို့စဉ်းစား ကျေနပ်ထားသော အယူနှင့် ညီမျှပေသည်ဟု အယူဝါဒချင်း တူမျှရှိဖြင့်လည်း 'မှန်လှပြီ' ဟု အမြဲအစွဲ မှတ်ယူမထားကြနှင့်။

(၉) ဤရသေ့ - ရဟန်းကား....၊ ယုံကြည်ထိုက်သော အထက်တန်း ပုဂ္ဂိုလ်ပေတည်း။ ဒီလို ပုဂ္ဂိုလ်၏စကား ကို လေးလေး စားစား မှတ်ထားထိုက်သည်' ဟု လည်း စွဲစွဲမြဲမြဲမှတ်ယူမထားကြနှင့်။

(၁၀) 'ဤရသေ့-ရဟန်းကား....၊ ငါတို့ ကိုးကွယ်ထား သော ဆရာဖြစ်၏။ ငါ့ဆရာ စကားကို ငါမှတ် ထားသင့်သည်' ဟုလည်း စွဲမြဲမှတ်ယူ မထားကြနှင့်။

ကာလာမ-အမျိုးသားတို့...၊ ဤအကျင့်တွေကို ကျင့်ကြံ အားထုတ်လုပ်ကိုင်သောအခါ အကျိုးလည်း မရှိဘဲ-ဒုက္ခသာ ဖြစ်၏-ဟု ကိုယ်တိုင်နားလည်လာသောအခါ ထိုအကျင့်၊ ထို အပြုအမူတို့ကို စွန့်လိုက်ကြ။ အကျိုး-စီးပွား တိုးတက်၍သုခ ရသော အကျင့်အကြံများပဲ-ဟု ကိုယ်တိုင် နားလည်ထားသော အကျင့်-အကြံ၊ အပြုအမူများကိုသာ လိုက်နာပြုကျင့်ကြ-ဟု ဟောတော်မူ၏။

တောင်ပုလု ဆရာတော်ဘုရားကြီး၏

# ဓာ သက် မှန် သာ ရ ဇော ရုံ

၁။ ယနေ့ကို အစပြု၍ အသက်ဆုံးသည့် တိုင်အောင် အကျွန်ုပ်သည် မိမိကိုယ်ကို မြတ်စွာဘုရားအား အပ်နှင်း—လှူဒါန်းပါ၏။

၂။ ယနေ့ကို အစပြု၍ အသက်ဆုံးသည့် တိုင်အောင် အကျွန်ုပ်သည် မိမိကိုယ်ကို တရားတော်မြတ်အား အပ်နှင်း—လှူဒါန်းပါ၏။

၃။ ယနေ့ကို အစပြု၍ အသက်ဆုံးသည့် တိုင်အောင် အကျွန်ုပ်သည် မိမိကိုယ်ကို သံဃာတော်မြတ်အား အပ်နှင်း—လှူဒါန်းပါ၏။

၄။ ယနေ့ကို အစပြု၍ အသက်ဆုံးသည့် တိုင်အောင် အကျွန်ုပ်သည် မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

၅။ ယနေ့ကို အစပြု၍ အသက်ဆုံးသည့် တိုင်အောင် အကျွန်ုပ်သည် တရားတော်မြတ်ကို ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်ပါ၏။

၆။ ယနေ့ကို အစပြု၍ အသက်ဆုံးသည့် တိုင်အောင် အကျွန်ုပ်သည် သံဃာတော်မြတ်ကို ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်ပါ၏။

# ဗုဒ္ဓဘာသာဝင်တိုင်း
# သိသင့်သောအချက်များ

( ပဥ္စမတွဲ )

# ဩဝါဒ

မည်ရွေ့ မည်မျှပင် — စားရ၊ စားရ၊
တစ်ဝမ်း ဝ ရုံပဲ။

မည်ရွေ့-မည်မျှပင် — ဝတ်ရ၊ ဝတ်ရ၊
သားရေပြား ဖုံးရုံပဲ။

မည်ရွေ့ မည်မျှပင် — အိပ်ရ၊ နေရ၊
တစ်ကိုယ်စာကလေးပဲ။

မည်ရွေ့ မည်မျှပင် — ပစ္စည်း—ဥစ္စာရှိရှိ၊
သေလျှင် ထားပစ်ခဲ့ရတာချည်းပဲ။

ကုသိုလ်ပြုလျှင် - ကိုယ့်ဖို့၊
ကျန်ခဲ့လျှင် - သူများဖို့။ ။

# နိဒါန်း

ဤစာအုပ်တွင် ပါရှိသော ဇာတ်တော်များသည် မှန်ကန်သေချာ စကားကိုသာလျှင် ဆိုတော်မူတတ်သော မြတ်စွာဘုရားသခင်သည် ကိုယ်တော်တိုင်ဟောကြားတော်မူသော ဇာတ်တော်များ ဖြစ်ကြသောကြောင့် မှန်ကန်သော အဖြစ် - အပျက်များသာလျှင် ဖြစ်ကြပါသည်။

ဘုန်းတော် (၆) ပါးသခင် ဖြစ်တော်မူသော 'ကဿပ' မြတ်စွာဘုရား၏ သာသနာတော်အတွင်း၌ ရဟန္တာ အပေါ်ကို ပြစ်မှားမိခဲ့သော ရဟန်းတပါးသည် အဝီစိငရဲ၌ နှစ်ကုဋေ ပေါင်းများစွာ အလွန့်အလွန်ပြင်းထန်သော ငရဲ - ဒုက္ခကို ခံစားရပြီးနောက် 'ဂေါတမ' မြတ်စွာဘုရားသခင်၏ သာသနာတော်အတွင်း၌ အလွန့်အလွန် ကြီးလေး၍ - ကြောက်စရာ ကောင်းလှသော အပြစ်ဒဏ်ကို 'ဇမ္ဗုက' အမည်ရှိသော သူက ခံစားရပုံတို့ပြထားပါသည်။ နှလုံးတုန်လောက်အောင် ကြောက်စရာကောင်းသော အပြစ်ဒဏ်တို့ကို မခံစားလိုသော လူသား - ပြည်သူအပေါင်းတို့ သည် သူတော်ကောင်းတို့ ကို မပြစ်မှားမိရန် သတိထားသင့်လှပေသည်။

လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါအပေါင်းတို့ကို စောင့်ရှောက်တော်မူသော 'ကဿပ' မြတ်စွာဘုရားသခင် ကို ခဲယဉ်းစွာ ဆွမ်းတစ်နပ် ကျွေးမွေးလိုက်ရသော အလွန့်အလွန်ဆင်းရဲသော 'မဟာဒုဂ်' လင်မယားတို့သည် ချက်ချင်း - လက်ငင်းပင်လျှင် သူဌေးဖြစ်သွားကြောင်းကို ဖော်ပြသော ဇာတ်လည်း ပါရှိ

ပါသည်။ ထိုဝတ္တုကို အတုယူပြီးလျှင် ကောင်းမှုကုသိုလ်တို့ကို မမေ့မလျော့ဘဲ ပြုလုပ်သင့်ကြောင်းကို တိုက်တွန်း - နှိုးဆော်လိုက်ရပါသည်၊

ကောင်းသော အလုပ်သည် - ကောင်းသော အကျိုးကိုသာ ပေးလေသည်။ ထို့ကြောင့် မကောင်းသော အလုပ်ဟူသမျှကို ရှောင်ပြီးလျှင် ကောင်းသောအလုပ်ဟူသမျှကိုသာလျှင် ပြုလုပ်သင့်ကြောင်း - အကြံကောင်းပေးသော အားဖြင့် ဤစာအုပ်ကို ဓမ္မဒါနပြု၍ ဖြန့်ချိလိုက်ရပါသည် - ခင်ဗျား၊

အားလုံးကျန်းမာ၍ ချမ်းသာကြပါစေသောဝ်။
ဦး ကံ ညွန့်။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## နတ်များက လူတို့၏ ကောင်းမှုစာရင်း ကောက်ယူခြင်း

ချစ်သား-ရဟန်းတို့....။ လူတို့၏ကောင်းမှုစာရင်းကို ရက်ခွဲ-စိုးနတ်တို့က လူတို့၏ ကိုယ်စောင့်နတ်နှင့် အိမ်စောင့်နတ်တို့မှ တဆင့် ကောက်ယူပြီးလျှင် လဆန်း(၈)ရက်နှင့် လဆုပ်(၈) ရက်နေ့များ၌ စတုမဟာရာဇ်နတ်မင်းကြီးလေးပါးတို့၏ အလုပ် အကျွေး ဖြစ်ကုန်သော နတ်တို့သည် ကောင်းမှုစာရင်းကို လာ ယူသောအခါ ပေးကြရ၏။

လဆန်း (၁၄) ရက်နေ့နှင့် လဆုပ် (၁၄) ရက်နေ့များ၌ ကား စတုမဟာရာဇ်နတ်မင်း လေးပါးတို့၏ သားတော်များ လူ့ပြည်၌ လှည့်လည်၍ လူတို့၏ကောင်းမှုစာရင်းကို မှတ်သား ကြကုန်၏၊ လပြည့်နေ့နှင့်-လကွယ်နေ့၊ ဥပုသ်နေ့များ၌ကား စတုမဟာရာဇ်နတ်မင်းကြီးလေးပါးတို့ ကိုယ်တိုင် လူ့ပြည်မှာ လှည့်လည်၍ကောင်းမှုစာရင်းကို ရွှေပြားစာအုပ်တွင် မှတ်သား ကြကုန်၏။

ထိုနတ်မင်းကြီးတို့သည် မည်သို့သောသူတို့ကို မှတ်သားကြ ကုန်သနည်းဟူမူကား - (၁) ဒါနပြုသောသူ၊ (၂) သီလ ဆောက်တည်သောသူ၊ (၃) ဘာဝနာ ပွားများသောသူ၊ (၄) ဘုရား၊ တရား၊ သံဃာ၊ မိဘ-ဆရာတို့ကို ပူဇော်သော သူ၊ (၅) ဘုရား၊ တရား၊ သံဃာ၊ မိဘ-ဆရာတို့၏ အကျိုး

စီးပွားကို ပြုလုပ်ပေးသောသူ၊ (၆) မိမိပြုသော ကောင်းမှု တို့ကို သူတပါးတို့အား အမျှပေးဝေသောသူ၊ (၇) သူတပါးတို့ ပြုလုပ်သော ကောင်းမှုတို့၌ သာဓု-ခေါ်သူ၊ (၈) တရား ဟောပြောသူ၊ (၉) တရားနာသူ၊ (၁၀) မှန်ကန်သော အယူသို့ ယူသူတို့ ဖြစ်ကြပါသည်။

ထိုကဲ့သို့ လူတို့၏ ကောင်းမှုစာရင်းကို မှတ်သားကြပြီးလျှင် တာဝတိံသာနတ်ပြည့်ဝယ် 'သုဓမ္မာ'နတ်သဘင်၌ စည်းဝေး လာကြကုန်သော နတ်တို့အား ပြောကြကုန်၏။ ကောင်းမှုပြု လုပ်သူ နည်းပါးလျှင် နည်းပါးကြောင်းကို လည်းကောင်း၊ ကောင်းမှုပြုလုပ်သူ များပြားလျှင်လည်း များပြားကြောင်းကို လည်းကောင်း ပြောကြားကြကုန်၏။

ထိုသို့ ပြောကြားသောအခါ ကောင်းမှု ကုသိုလ် ပြုလုပ်သူ နည်းပါးသည်ကို ကြားရလျှင် နတ်ပြည်၌ ဖြစ်ကြသော နတ် သမီး-နတ်သားတို့ မရှိတော့ဘဲ ယုတ်လျော့-နည်းပါး၍ အပါယ် လေးဘုံ၌ ကျရောက်သူတွေ များပြားကုန်တော့မှာပါတကား- ဟု ညည်းတွားကာ စိတ်မချမ်းမသာ ဖြစ်ကြ၏။ ကောင်းမှု ကုသိုလ်ပြုလုပ်သူများကြောင်းကို ကြားသိရသည့်အခါ၌ကား- နတ်ပြည်တို့၌ ဖြစ်ကုန်သော နတ်သား-နတ်သမီး များပြား၍ အပါယ်လေးပါး၌ သတ္တဝါတွေ ဆုတ်ယုတ်ကြတော့မည်- ဟု ဝမ်းသာအားရ ပြောဆိုကြကုန်၏။

ထိုသို့ပြောဆိုကြပြီးလျှင် ကောင်းမှုကုသိုလ် ပြုလုပ်သူတို့ကို စောင့်ရှောက်ကြရန် ဆုံးဖြတ်ပြီး၍ စောင့်ရှောက်ကြကုန်၏။ မည်ကဲ့သို့ စောင့်ရှောက်ကြကုန်သနည်းဟူမူကား မိဘတို့က သား-သမီးများကို စောင့်ရှောက်ကြသည့်နည်းတူ စောင့်ရှောက်

ကုန်၏။ ကိုယ်ကျန်းမာ-စိတ်ချမ်းသာအောင် လည်းကောင်း၊ ဘေး-ဥပါဒ် အန္တရာယ်ကင်းရှင်းရန်လည်းကောင်း၊ စီးပွား-ဥစ္စာ တိုးတက်ရန် လည်းကောင်း စောင့်ရှောက်ကြကုန်၏- ဟု ဟောတော်မူ၏။

....☆....

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ကုသိုလ် ရွှေအိုး မြှုပ်နှံကြပါ

လူတို့သည် အောက်ပါ အကျိုးများကို မျှော်လင့်၍ ရွှေအိုးကို နက်စွာ မြေတူး၍ မြှုပ်နှံထားကြ၏။

၁။ မင်းဘေး ကျရောက် သောအခါ ထိုဘေး မှ လွတ်မြောက် ရန်အတွက်လည်းကောင်း။

၂။ ကြွေးမြီတင်သောအခါ ကြွေးမြီဆပ်ရန်အတွက်လည်းကောင်း၊

၃။ ခိုးသူတို့ဘေးမှလွတ်မြောက်ရန်အတွက်လည်းကောင်း၊

၄။ ငတ်မွတ် ခေါင်းပါးသောအခါ ထို ငတ်မွတ်ဘေးမှ လွတ်မြောက်ရန်အတွက်လည်းကောင်း၊

၅။ မီးဘေး-ရေဘေးကျရောက်သောအခါ ထိုဘေးတို့မှ လွတ်မြောက်ရန်အတွက် ဖြစ်ကြပါသည်။

ထိုနက်စွာ မြှုပ်နှံထားသော ရွှေအိုးသည် ဆိုခဲ့ပြီးသော ကိစ္စအားလုံးကို ပြီးလုပ်ဆောင်ရွက်ခြင်းငှာ မစွမ်းနိုင်။ အဘယ်

ကြောင့်ဆိုသော် ရွှေအိုးသည် မြှုပ်ထားရာအရပ်မှ ရွှေ့လျား တတ်၏။ ဥစ္စာရှင်သည်လည်း မေ့လျော့တတ်၏။ နဂါးတို့သည် လည်း နေရာပြောင်း၍ ထားတတ်ကြကုန်၏။ မချစ်အပ်သော အမွေခံသား- သမီးတို့သည်လည်း ဥစ္စာရှင် မမြင်စဉ် တူးဖော် ထုတ်ဆောင်တတ်ကြကုန်၏။ ကုသိုလ်ကံကုန်သောအခါ၌မူလည်း ထိုရွှေအားလုံးတို့သည် မီးသွေးဖြစ်တတ်၏။

မိန်းမဖြစ်စေ၊ ယောကျ်ားဖြစ်စေ အားလုံးသောလူတို့သည် အလှူပေးခြင်းဖြင့်လည်းကောင်း၊ သီလ ဆောက်တည်ခြင်းဖြင့် လည်းကောင်း၊ ဘာဝနာ ပွားများ ခြင်းဖြင့် လည်းကောင်း၊ ကောင်းမှုတည်းဟူသော ရွှေအိုးကို ကောင်းစွာ မြှုပ်နှံထား သင့်၏။ ကောင်းစွာ မြှုပ်နှံထားအပ်သော ဤရွှေအိုး သည် ရန်သူတို့ မအောင်နိုင်သည်ဖြစ်၍ တမလွန်ဘဝသို့ ပြောင်းသွား သောအခါ မိမိနောက်သို့ အစဉ်လိုက်၏။ ကုသိုလ်ရွှေအိုးသည် သူတစ်ပါးတို့နှင့် မဆက်ဆံ၊ ခိုးသူတို့မခိုးယူနိုင်။ ကုသိုလ်ရွှေအိုး ကို မီးနှင့် ရေတို့သည်လည်း မဖျက်ဆီးနိုင်။

ထိုကုသိုလ်ရွှေအိုးသည် လူတို့၏ အလိုဟူသမျှကို ပေးနိုင်၏။ ရုပ်အဆင်းလှပသည့်အဖြစ်၊ အသံကောင်းသည့်အဖြစ်၊ အခြွေရံ များသည့်အဖြစ် ဟူသော အကျိုးအားလုံးကို ကုသိုလ်ရွှေအိုး ကြောင့် ရနိုင်၏။ ပဒေသရာဇ် မင်းအဖြစ်ကို လည်းကောင်း၊ အစိုးရသော ဧကရာဇ် မင်းအဖြစ်ကို လည်းကောင်း၊ စကြာ ဝတေးမင်း၏ ချမ်းသာကိုလည်းကောင်း၊ နတ်မင်း၏အဖြစ်ကို လည်းကောင်း ဤအကျိုးအားလုံးကို ကုသိုလ်ရွှေအိုးကြောင့် ရနိုင်၏၊ နိဗ္ဗာန်ချမ်းသာကိုလည်း ထိုကုသိုလ် ရွှေအိုးကြောင့် ရနိုင်၏၊

ဓမ္မပဒပါဠိတော် မြန်မာပြန်အုပ်မှ ကောက်နုတ်ချက်များ

၁။ အိမ်ကို ကောင်းစွာ မိုးအပ်သည်ရှိသော် မိုးရေသည် မဖောက်ဝင်နိုင်သကဲ့သို့ စိတ်ကို သမထ — ဝိပဿနာ တို့ဖြင့် ကောင်းစွာ ပွားများအပ်သည်ရှိသော် ကာမ ဝိတက်စသော လောဘ၊ ဒေါသ၊ မောဟ တို့သည် မဖောက်ဝင်နိုင်။

၂။ နွားမျှင်တို့အား နွားတို့ကို ရေတွက် အပ်နှင်း လိုက်ရသော နွားကျောင်းသားသည် နွားနို့အရသာကို မခံစားရသကဲ့သို့ ပိဋကတ်သုံးပုံတည်းဟူသော ဘုရားစကားကို များစွာပြောဟောနေသော်လည်း မကျင့်ကြံဘဲ မေ့လျော့နေသောသူသည် မဂ်-ဖိုလ်အရသာကို မခံစားရ။

၃။ လူ၊ နတ်၊ နိဗ္ဗာန် သုံးတန်သော ချမ်းသာမျိုးကို အမိ၊ အဖတို့သည် မပေးနိုင်၊ တစ်ပါးသော ဆွေမျိုးတို့သည်လည်း မပေးနိုင်။ ထိုလူ၊ နတ်၊ နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ကောင်းစွာထားအပ်သော စိတ်သည်သာလျှင် ပေးနိုင်၏။

၄။ သူတပါးတို့၏ အပြစ်ကို မကြည့်ရှုရာ၊ မိမိ၏ အပြစ်ကိုသာ ကြည့်ရှုရာ၏။

၅။ ပန်းတို့၏ အနံ့သည် လေညာကို မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့ သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည်သာ အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့မွှေးကြိုင်လှိုင်ကြူ၏။

၆။ အိပ်မပျော်ဘဲ နိုးနေသောသူအတွက် ညဉ့်ကာလရှည်လျား၏။ ခရီးပန်းသောသူအတွက် တစ်ယူဇနာခရီး ရှည်လျား

၏။ သူတော်ကောင်းတရားကို မသိသောသူအတွက် သံသရာ သည် ရှည်လျား၏။

၇။ မိုက်သောသူသည် မိမိမိုက်သည့် အဖြစ်ကို သိလျှင် ပညာရှိ ဖြစ်နိုင်သေး၏ မိုက်သောသူသည် ငါပညာရှိဟု ထင် မှတ်နေလျှင် ထိုသူသည် လူမိုက်အစစ်ဖြစ်၏။

၈။ ယောက်မသည် ဟင်း၏ အရသာကို မသိသကဲ့သို့ လူမိုက်သည် အသက်ရှည်သမျှကာလပတ်လုံး ပညာရှိနှင့် အတူ နေသော်လည်း သူတော်ကောင်းတရားကို မသိနိုင်။

၉။ လျှာသည် ဟင်း၏အရသာကို သိသကဲ့သို့ သိကြွား- လိမ္မာသော သူသည် တခနမျှ ပညာရှိကို ဆည်းကပ်ရလျှင် သူတော်ကောင်းတရားကို လျင်မြန်စွာသိနိုင်၏။

၁၀။ အနာမရှိသော လက်ဖြင့် အဆိပ်ကို ကိုင်ဆောင်လျှင် အဆိပ်မတက်နိုင်သကဲ့သို့ စေတနာ မရှိဘဲ မကောင်းမှုကို ပြုမိ လျှင် အကုသိုလ်မဖြစ်နိုင်။

၁၁။ မကောင်းမှုပြုသောသူသည် ကောင်းကင်၌ တည်နေ သော်လည်းကောင်း၊ သမုဒ္ဒရာအလယ်၌ တည်နေသော်လည်း ကောင်း၊ တောင်စောင်းသို့ဝင်၍ တည်နေသော်လည်းကောင်း၊ မကောင်းကျိုးမှ မလွတ်ရာ။ အကြင်အရပ်၌ တည်နေသော် မကောင်းကျိုးမှ လွတ်ရာ၏။ ထိုအရပ်မျိုး မရှိနိုင် သည်သာ တည်း။

၁၂။ အလုံးစုံသော သတ္တဝါတို့သည် ဒဏ် သားခြင်းမှ ထိတ်လန့်ကြကုန်၏။ အလုံးစုံသော သတ္တဝါတို့သည် သေခြင်းမှ ကြောက်ကြကုန်၏။ မိမိကိုယ်ကို ဥပမာပြု၍ သတ္တဝါတို့ကို မသတ်ဖြတ်-မညှင်းဆဲရာ။

၁၃။ ရှေးဦးစွာ မိမိကိုယ်ကို ကောင်းသောအကျင့်၌ တည်စေရာ၏။ နောက်မှ သူတပါးကို ဆုံးမရာ၏။

၁၄။ ကျောက်မှဖြစ်သော စိန်သည် မိမိမှီရာကျောက်ကို ထွင်းဖောက် ဖျက်ဆီးသကဲ့သို့ မိမိမှဖြစ်သော၊ မိမိကြောင့် ဖြစ်သော မကောင်းမှုသည် မိမိဖြစ်ရာ သူမိုက်ကို ဖျက်ဆီး၏။

၁၅။ ယင်းတောင်းနွယ် (မာလာနွယ်) သည် မှီရာသစ်ပင်ကို လွှမ်းမိုးရစ်ပတ်သကဲ့သို့ ဇကျာ လွှမ်းမိုးခံရသောသူသည် မိမိ အကျိုးမဲ့ကို မိမိကိုယ်တိုင်မင် ပြုလုပ်၏။

၁၆။ သူတပါး၏ များစွာသော အကျိုးစီးပွား အတွက်ကြောင့် မိမိ အကျိုးစီးပွားကို အနည်းငယ်မျှ မဆုတ်ယုတ်စေရာ၊ မိမိအကျိုးစီးပွားကို တိုးပွားအောင် လေ့ကျင့်-အားထုတ်ပါ၊

၁၇။ ယာမဂုဏ်အယုတ်တရားကို မမှီဝဲရာ။ မေ့မေ့ လျော့လျော့ မနေရာ။ မှားသောအယူကို မယူရာ။ လောကကြီးပွားရေးအတွက် သက်သက်မဖြစ်ရာ။

၁၈။ မကောင်းမှုဟူသမျှကို မပြုရာ။ ကုသိုလ်နှင့် ပြည့်စုံစေရာ၏။ မိမိစိတ်ကို ဖြူစင်စေရာ၏။ ဤသည်ကား ဘုရားရှင်တို့၏ အဆုံးအမတော် ဖြစ်သတည်း။

၁၉။ လူအဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်း တရားကို ကြားနာရခြင်းသည် ခဲယဉ်း၏၊ ဘုရားရှင်တို့ ပွင့်ထွန်း-ပေါ် ပေါက်လာရခြင်းသည် ခဲယဉ်း၏။

၂၀။ အနိုင်ရသူသည် ရန်ကိုပွားစေ၏။ ရှုံးသော သူသည် ဆင်းရဲစွာနေရ၏။ ကိလေသာ ငြိမ်းပြီးသောသူသည် အနိုင် အရှုံးကို စွန့်၍ ချမ်းသာစွာနေရ၏။

၂၁။ ရာဂနှင့်တူသော မီးမရှိ (ရာဂ - မီးသည် အပူဆုံး) ဒေါသနှင့်တူသော အပြစ်မရှိ (ဒေါသသည် အပြစ်အကြီးဆုံး) ခန္ဓာနှင့်တူသော ဆင်းရဲမရှိ (ခန္ဓာ - သည် အ ဆင်း ရဲ ဆုံး) နိဗ္ဗာန်နှင့်တူသော ချမ်းသာမရှိ (နိဗ္ဗာန်သည် အချမ်းသာဆုံး)။

၂၂။ အနာရောဂါကင်းခြင်းသည် အလွန်ကဲဆုံးလာဘ်ကြီး တည်း။ ရောင့်ရဲမှုသည် အလွန်ကဲဆုံးဥစ္စာတည်း။ ချစ်ကျွမ်း ဝင်သူသည် အလွန်ကဲဆုံးဆွေမျိုးတည်း။ နိဗ္ဗာန်သည် အလွန် ကဲဆုံး ချမ်းသာတည်း။

၂၃။ ချစ်သောသူနှင့်လည်း မပေါင်းဖော်လင့်။ မုန်းသော သူနှင့်လည်း တရံတဆစ်မျှ မပေါင်းဖော်လင့်။ ချစ်သောသူကို မမြင်ရခြင်းသည် ဆင်းရဲ၏၊ မုန်းသောသူကို မြင်ရခြင်းသည် လည်း ဆင်းရဲ၏။

၂၄။ ကြာမြင့်စွာခွဲခွာ၍ ရပ်ဝေးမှ ချမ်းသာစွာ ပြန်ရောက် လာသူကိုမြင်၍ ဆွေမျိုးမိတ်ဆွေ - ချစ် ကျွမ်း ဝင် သူတို့သည် နှုတ်သက်ဝမ်း မြောက်ကုန်၏။ ထိုနည်းတူစွာလျှင် ဤဘဝမှ တမလွန်ဘဝသို့သွားသော ပြုပြီးသော ကောင်းမှုရှိသူကိုလည်း ကောင်းမှုတို့သည် ကြိုဆိုကြကုန်၏။

၂၅။ အမျက်ထွက်သောသူကို မေတ္တာတရားဖြင့် အောင်ရာ ၏။ မကောင်းသောသဘော ရှိသောသူကို ကောင်းသော သဘောဖြင့် အောင်ရာ၏။ နှမြောဝန်တိုသောသူကို ပေးကမ်း ခြင်းဖြင့် အောင်ရာ၏။ မဟုတ်မမှန် ပြောဆိုသော သူကို အဟုတ် အမှန် ပြောဆိုခြင်းဖြင့် အောင်ရာ၏။

၂၆။ မှန်ကန်သောစကားကိုသာ ပြောဆိုရာ၏။ အမျက် မထွက်ရာ၊ တောင်းလာသည်ရှိသော် အနည်းငယ်မျှကိုလည်း

ပေးလှူရာ၏။ ဤအကြောင်း သုံးပါးတို့ဖြင့် နတ်ပြည်သို့ ရောက်ရာ၏။

၂၇။ ကဲ့ရဲ့ခြင်းသည် ရှေးရိုးစဉ်လာ ပေတည်း။ ဤကဲ့ရဲ့ခြင်းသည် ယခုမှဖြစ်သည်မဟုတ်။ ဆိတ်ဆိတ် နေသူတို့ကိုလည်း ကဲ့ရဲ့တတ်ကုန်၏။ များစွာပြောဟောသူကိုလည်း ကဲ့ရဲ့တတ်ကုန်၏။ အနည်းငယ် ပြောဆိုသောသူကိုလည်း ကဲ့ရဲ့တတ်ကုန်၏။ လောကဥ္ဇ အကဲ့ရဲ့မှ လွတ်သောသူဟူသည် မရှိပေ။

၂၈။ လုံးဝ မကဲ့ရဲ့ခံရသူနှင့် လုံးဝ အချီးမွမ်းခံရသူ မည်သည် ရှေးက ည်း မရှိခဲ့ဘူး။ နောင်အခါလည်း ရှိလိမ့်မည်မဟုတ်ပါ။ ယခုအခါလည်းမရှိ။

၂၉။ သံချေးသည် သံမှပင်ဖြစ်လာ၍ သံချေးတက်ပြီးလျှင် ထိုသံကိုပင် ပြန်၍စားသကဲ့သို့ ဤအတူ မကောင်းမှု၌ လွန်ကျူး၍ ကျင့်သောသူကို မိမိကျင့်ကြံမှုတို့သည် 'ဒုဂ္ဂတိဘဝ'သို့ ဆောင်တတ်ကုန်၏။

၃၀။ စာပေ-ကျမ်းဂန် အတတ်ပညာတို့သည် မရွတ်-မဖတ်လျှင် ပျက်စီးကြောင်း အညစ်အကြေးရှိကုန်၏။ အိမ်တို့သည် မပြုပြင်လျှင် ပျက်စီးကြောင်း အညစ်အကြေးရှိကုန်၏။ ပျင်းရိခြင်းသည် အဆင်းလှခြင်း၏ ပျက်စီးကြောင်း အညစ်အကြေး ရှိကုန်၏။

၃၁။ သူတပါး၏ အပြစ်ကိုမြင်လွယ်၏။ မိမိအပြစ်ကိုကား မြင်နိုင်ခဲ၏။ သူတပါး၏အပြစ်ကို အမြဲမပြတ် ကဲ့ရဲ့တတ်သူ၌ အာသဝေါတရားတို့သည် တိုးပွားကုန်၏။

၃၂။ ဘုရားရှင်တို့သည် လမ်းမှန်ကို ညွှန်ကြားရုံမျှသာ ဖြစ်ကြ၏။ နိဗ္ဗာန်ရရှိလိုသော သူတို့သည် ကိုယ်တိုင်အားထုတ်ကြကုန်လော့။

၃၃။ အနည်းငယ်သော ချမ်းသာကို စွန့်လွှတ်ခြင်းကြောင့် ကျယ်ပြန့်ပြောသော ချမ်းသာကိုရလိမ့်မည်ဟု မြင်ခဲ့မူ၊ ကြီးကျယ်ပြန့်ပြောသော ချမ်းသာကိုမြင်သော ပညာရှိသည် အနည်းငယ်သောချမ်းသာကို စွန့်လွှတ်ရာ၏။

၃၄။ မပျင်း–မရိမူ၍ တစ်ယောက်တည်းနေ၊ တစ်ယောက်တည်းအိပ်၊ တစ်ယောက်တည်း လှည့်လည် သွား လာ လျက် မိမိကိုယ်ကို ဆုံးမပြီးလျှင် တစ်ယောက်တည်း တရားအားထုတ်ရာ၌ မွေ့လျော်ရာ၏။

၃၅။ သီလမရှိဘဲ တိုင်းသူပြည်သားတို့ သဒ္ဓါကြည်ဖြူ၍ ပေးလှူသောဆွမ်းကို စားရခြင်းထက် မီးလျှံကဲ့သို့ ပူလောင်သော သံတွေခဲကို စားရခြင်းက သာ၍ ကောင်းမြတ်သေး၏။

၃၆။ ရဟန်း....၊ မိမိကိုယ်ကို စစ်ဆေးလေလော့၊ မိမိကိုယ်ကို မိမိကိုယ်တိုင် ဆင်ခြင်လေလော့။ မိမိကိုယ်တိုင် – မိမိကိုယ်ကို စောင့်ရှောက်သည်ဖြစ်၍ သတိရှိသောသင်သည် ချမ်းသာစွာ နေရလတ္တံ့။

၃၇။ မိမိသည်သာလျှင် မိမိ၏ကိုးကွယ်ရာဖြစ်၏။ တပါးသော သူသည် အဘယ်မှာကိုးကွယ်ရာ ဖြစ်နိုင်အံ့နည်း။

၃၈။ ရန်သူသည်–ရန်သူကိုမြင်၍ သတ်နိုင်၏။ ဆုံးမခြင်းမရှိသော စိတ်သည် ထိုထက်ပင်ယုတ်မာအောင် ပြုနိုင်၏။

၃၉။ အလုံးစုံ အရပ်တို့သို့ စိတ်ဖြင့် အစဉ်လျှောက်၍ ရှာဖွေသော်လည်း မိမိထက် ချစ်မြတ်နိုးသူ တစ်စုံ–တစ်ယောက်ကိုမျှ

မရနိုင်။ ထိုကြောင့် မိမိအကျိုးစီးပွား လိုလားသူသည် သူ့ဘစ်ပါးကို မညှင်းဆဲရာ။

၄၀။ သူတော်ကောင်းသည် ကောင်းသောအမှုကို ပြုလွယ်၏။ သူယုတ်မာသည် ကောင်းသောအမှုကိုပြုနိုင်ခဲ၏။ သူယုတ်မာသည် မကောင်းသောအမှုကို ပြုလွယ်၏။ အရိယာသူတော်ကောင်းတို့သည် မကောင်းသောအမှုကို ပြုဘို့ရန် ခဲယဉ်းလှ၏။

၄၁။ ပိုးဖလံတို့သည် ဆီမီးတို့၌ တိုးဝင်စစ်ခဲ့ကာ ပျက်စီးခြင်းသို့ ရောက်ကြကုန်သကဲ့သို့ လူမိုက်တို့သည် သီလ၊ သမာဓိ၊ ပညာစသော အနှစ်သာရတို့ကို မသိကြဘဲ၊ ရာဂ၊ ဒေါသ၊ မောဟစသော တစ်ဆယ့်တစ်ပါးသော မီးကျီးတို့ဖြင့် ရဲရဲကြီးသော ဘဝမီးကျီးတွင်းသို့ ကျရောက်ကြရကုန်၏။

၄၂။ အကြင်မျှလောက် ကာလပတ်လုံး နေဝင်းသည် မထွက်ပေါ်လာသေး။ ထိုမျှလောက် ကာလပတ်လုံး ပိုးစိမ်းဖြူတို့သည် တောက်ပနေသေး၏။ နေမင်းထွက်ပေါ်လာသော အခါ ပိုးစိမ်းဖြူတို့၏ အရောင်ပျောက်၍ မတောက်ပနိုင်သကဲ့သို့၊ ထို့အတူ အကြင်မျှလောက် ကာလပတ်လုံး လောက၌ မြတ်စွာဘုရားတို့သည် မပွင့်ကုန်သေး။ ထိုမျှလောက် ကာလပတ်လုံး မိစ္ဆာဒိဋ္ဌိတို့၏ အရောင်သည် တောက်ပနိုင်သေး၏။ အကြင်အခါ မြတ်စွာဘုရားတို့သည် ပွင့်ကုန်၏။ ထိုအခါ မိစ္ဆာဒိဋ္ဌိတို့သည် မတောက်ပကုန်။

၄၃။ လောက၌ များစွာသော စိုးရိမ်ခြင်းတို့သည် လည်း-ကောင်း၊ ငိုကြွေးခြင်းတို့သည် လည်းကောင်း၊ ဆင်းရဲခြင်းတို့သည် လည်းကောင်း ထင်ကုန်၏။ ထိုအလုံးစုံတို့သည် ချစ်အပ်

သော အရာဝတ္ထုကိုစွဲ၍ ဖြစ်ပေါ်ကုန်၏။ ချစ်အပ်သော အရာဝတ္ထုမရှိမှုကြောင့် ထိုအလုံးစုံတို့သည် မဖြစ်နိုင်။

၄၄။ တစ်ဖန်ထို... ပညာရှိသည် အကြွင်းအရပ်၌ အိမ်ယာဆောက်လုပ် နေထိုင်ကုန်၏။ အရပ်၌ သီလရှိသောပုဂ္ဂိုလ်တို့ကို ဆွမ်းကျွေးပြီးလျှင် ထိုအရပ်၌ရှိသောနတ်တို့ကို အလှူ၏အဖို့ကို အမျှပေးဝေရာ၏။ ဤသို့အမျှပေးဝေလတ်သော် နတ်တို့သည် အပူဇော်ခံရသည်ဖြစ်၍ ထိုအမျှပေးဝေသူကို တုံ့ပြန်၍ ပူဇော်ကုန်၏။ မြတ်နိုးခံရသည်ဖြစ်၍လည်း တုံ့ပြန်၍ မြတ်နိုးကုန်၏။ စောင့်ရှောက်ကုန်၏-ဟု ဟောတော်မူ၏။

၄၅။ အကြွင်းသူသည် ငါးပုတ်ကို သမန်းမြက်ဖြင့် ထုပ်၏။ ထိုသူ၏ သမန်းမြက်တို့သည်လည်း အပုပ်နံ့ လှိုင်သကဲ့သို့ သူမိုက်ကိုမှီဝဲသူတို့သည် ဤအတူ အပုပ်နံ့လှိုင်ကုန်၏။ အကြွင်းသူသည် ပေါက်ရွက်ဖြင့် ကောင်းစွာပန်းကိုထုပ်၏။ ထိုသူ၏ ပေါက်ရွက်တို့သည်လည်း အမွှေးနံ့လှိုင်သကဲ့သို့ ပညာရှိကို မှီဝဲသူတို့သည် ဤအတူ အမွှေးနံ့လှိုင်ကုန်၏။

၄၆။ ယုတ်သော နှလုံးသွင်း ရှိသော လူတို့သည် ယုတ်မာသော နှလုံးသွင်း ရှိသူတို့နှင့်သာ အတူတကွ ပေါင်းသင်း နေထိုင်ကြကုန်၏။ ကောင်းမြတ်သော နှလုံးသွင်းရှိသော လူတို့သည် ကောင်းမြတ်သော နှလုံးသွင်းရှိသော လူတို့နှင့်သာ ပေါင်းသင်းနေထိုင်ကြကုန်၏။

၄၇။ အချို့သော-ရဟန်းတို့သည် ကိုယ့်အကျိုး-ကိုယ့်စီးပွား ဟူသော အကြောင်းကြောင့်သာလျှင် ဆည်းကပ်ကြကုန်၏။-မှီဝဲကြကုန်၏။ ကိုယ့်အကျိုး-ကိုယ့်စီးပွားဟူသော အကြောင်း

မရှိဘဲ၊ ဆည်းကပ် မှီခိုသူ အဆွေခင်ပွန်းတို့ကို ရခဲကုန်၏။ ထိုသို့သဘောရှိသော သူတို့မှ ငြိုးငွေ့သည်ဖြစ်၍ 'ကြံ့ချီ'ပမာ တစ်ယောက်တည်း ကျင့်ရာ၏။

၄၈။ ရဟန်းတို့…၊ အကယ်၍ မျိုးကောင်းသော သား တစ်ယောက်သည် အိမ်ထောင်မပြုဘဲ၊ 'ရဟန်း'ပြုလျှင် ထိုရဟန်း သည် နေ့-ည မပြတ် စိတ်ရောကိုယ်ပါ တရားအားထုတ်သင့် ၏။ အကယ်၍ စိတ်ရောကိုယ်ပါ တရားအားမထုတ်လျှင် သူ သည် အရင်းအဖျားနှစ်ဘက်၌ မီးလျှံစွဲပြီး၍ အလယ်၌ မစင် လိမ်းသော သူ့ကောင်ပုပ် ကျွမ်းထင်းမီးစနှင့်တူ၏။ ထို ထင်း မီးစသည် ရွာ၌လည်း ထင်းအဖြစ်သို့မရောက်၊ တော၌လည်း အသုံးမကျသကဲ့သို့ ထိုရဟန်းသည် လူစည်းစိမ်မှလည်း ဆုတ် ယုတ်၍ ရဟန်းဖြစ်ရကျိုးလည်း မပြည့်စုံရသည်ဖြစ်ရကား၊ ဤ ပုဂ္ဂိုလ်တို့ကို ထိုဥပမာနှင့်တူ၏-ဟု ဟောတော်မူ၏။

၄၉။ ဦးစွန်ရှိ၍ စိမ်းညိုသော လည်ရှိသည့် 'ဥဒေါင်း' ငှက်သည် 'ဟသ်ာ'၏ လျင်မြန်ခြင်းကို မမှီသကဲ့သို့ တိုးအတူ သာလျှင် လူသည် ချွန်ဝင်စားလေ့ရှိသော ရဟန်း၏ လျင်မြန် ခြင်းကို အတုလိုက်၍မပြုနိုင်-ဟု မိန့်တော်၏။

၅၀။ အိုးထိန်းသည်ပြုလုပ်သော မြေအိုး-မြေခွက်အားလုံး တို့သည် ကွဲခြင်းသာလျှင် အဆုံးရှိသကဲ့သို့ သတ္တဝါတို့၏ အသက်သည် သေခြင်းသာလျှင် အဆုံးရှိ၏။

၅၁။ သေမင်း နှိပ်စက်အပ်သည်ဖြစ်၍ တမလွန်လောကသို့ သွားကုန်သော သတ္တဝါတို့တွင် အမိ-အဖတို့သည် သားသမီး တို့ကို သေဘေးမှ မကယ်တင်နိုင်။ ဆွေမျိုးတို့သည်လည်း ဆွေမျိုးတို့ကို သေဘေးမှ မကယ်တင်နိုင်။

၅၂။ လောက၌ သတ္တဝါတို့သည် ကံကြောင့် ဖြစ်ကြ၏။ သွားနေသော ရထား၌ နားပန်းစောင့်သည် ရထားဘီးကို ထိန်းဖွဲ့ထားသကဲ့သို့ သတ္တဝါတို့ကို ကံသည် ထိန်းဖွဲ့ထား၏။

၅၃။ မကောင်းသောအကားသည် ဝေးမနှင့်တူ၏။ လူမိုက်သည် မကောင်းသောစကားဖြင့် မိမိကိုယ်ကိုဖြတ်၏။

၅၄။ အကြင်လူမိုက်သည် ကဲ့ရဲ၏။ ထိုသူသည် ခံတွင်းဖြင့် အပြစ်ကို ဆည်းပူး၏။ ထိုအပြစ်ကြောင့် ချမ်းသာကိုမရ။

၅၅။ လောင်းတမ်းကစားရာ၌ အားလုံးသော စည်းစိမ်ဥစ္စာတို့ကို ဆုံးရှုံးခြင်းသည် အနည်းငယ်သော အပြစ်မျှသာတည်း။ ဘုရားပစ္စေကဗုဒ္ဓါသာဝကတို့၌ ပြစ်မှားခြင်းသည် ဆိုခဲ့ပြီးသော အပြစ်ထက် ကြီးလှစွာသော အပြစ်မည်၏။

၅၆။ မပြစ်မှားထိုက်သော ရဟန္တာပုဂ္ဂိုလ်အား ပြစ်မှားသူသည် လေညာသို့ ပစ်လွှင့်အပ်သော သိမ်မွေ့သော မြူမှုန်သည် ထိုပစ်လွှင့်သူကိုသာ ရွေးရှုပြန်ကျလာ၏။

၅၇။ တစ်စုံတစ်ယောက်သောသူ၏ ပြုလုပ်ပြီးသောကံသည် မပျောက်ပျက်နိုင်သည်သာတည်း။ ဆည်းပူးပြီးသော ကံသည် ဆည်းပူးသူထံသို့ရောက်လာ၏။ ဆည်းပူးသူကံရှင်သည် ဆည်းပူးပြီးသောကံကို ခံသည်သာတည်း။ ကောင်းသောအလုပ်သည် ကောင်းသောကံဖြစ်၍ ကောင်းသောအကျိုးကို ပေးသည်သာတည်း။ မကောင်းသောအလုပ်သည် မကောင်းသောကံကို ဖြစ်စေ၍ မကောင်းသောအကျိုးကို ပေးသည်သာတည်း။

၅၈။ ငါသည် ချမ်းသာခြင်းကို အလိုရှိသကဲ့သို့ အားလုံးသော သတ္တဝါသည်လည်း ချမ်းသာခြင်းကို အလိုရှိ၏။ မိမိ

ကိုယ်ကို ဥပမာပြု၍ သတ္တဝါတို့ကို မိမိကိုယ်တိုင်လည်း မသတ်ရာ။ သူတပါးကိုလည်း မသတ်စေရာ။

၅၉။ ရေရှိသော အိုးသည် အသံမြည်၏။ ရေပြည့်သော အိုးသည် ငြိမ်သက်သည်သာတည်း။ လူမိုက်သည် ရေမပြည့်သော အိုးနှင့်တူ၏။ ပညာရှိသည် ရေပြည့်သောအိုးနှင့် တူ၏။

၆၀။ လောကဥ္စ များစွာသော ဆင်းရဲ-ဒုက္ခ ဟူသမျှ တို့သည် အကုသိုလ်ကံ ဟူသော အကြောင်းကြောင့် ဖြစ်ပေါ်ကုန်၏။ အမှန်တရားကို မသိသော ပုထုဇဉ်တို့သည် အဖန်တလဲလဲဆင်းရဲ ဒုက္ခကို ခံစားရကုန်၏။ ထို့ကြောင့် ဆင်းရဲ၏။ အကြောင်းကို ဆင်ခြင်လျက် အကုသိုလ်ကို မပြုလုပ်ရာ-ဟု ဟောတော်မူ၏။

## လူ ယုတ် မာ တို့ ၏ လ က္ခ ဏာ များ

၁။ အမျက်ထွက်လွယ်သူ၊
၂။ ရန်ငြိုးဖွဲ့တတ်သူ၊
၃။ သူ့ကျေးဇူးကို ချေဖျက်တတ်သူ၊
၄။ ရှေ့၌ ချီးမွမ်း၍ မျက်ကွယ်၌ ကဲ့ရဲ့တတ်သူ
၅။ သတ္တဝါတို့ကို သေနားဘဲ ညှဉ်းဆဲ-သတ်ဖြတ်သူ၊
၆။ ပိုင်ရှင်မပေးသော အရာဝတ္ထုကို ခိုးယူသူ၊
၇။ ကြွေးမြီကို ချေးယူပြီး ပြန်မပေးဆပ်သူ၊
၈။ လူသတ်ပြီး ဥစ္စာယူသူ၊
၉။ ဥစ္စာဟူသော အကြောင်းကြောင့် ရုံး၌သက်သေလိုက်၍ မဟုတ်—မမှန်ပြောဆိုသူ၊
၁၀။ သူတပါးသားမယား၌ ကျူးလွန်ပြစ်မှားသူ၊

၁၁။ အမိ-အဖအိုတို့ကို ကျွေးမွေးနိုင်စွမ်းရှိလျက် မကျွေးမွေး မပြုစုသူ၊

၁၂။ အမိ - အဖ၊ ညီအစ်ကို၊ မောင်နှမတို့ကို ညှဉ်းဆဲ- ရိုက်နှက်သူ၊

၁၃။ အကျိုး — စီးပွား မေးမြန်းလာလျှင် မဟုတ်သည်ကို ညွှန်ကြားသူ၊

၁၄။ မိမိပြုသော မကောင်းမှုကို ဖုံးလွှမ်းသူ၊

၁၅။ အကြွင်သူသည် သူတပါးအိမ်၌ မွန်မြတ်သော အစာကို စား၍ ထိုသူကို အတုံ့-အပြန် မကျွေးမွေးသူ၊

၁၆။ မိမိကိုယ်ကို ချီးမြှောက်၍ သူတပါးအား ရှုတ်ချသူ၊

၁၇။ အရှက်-အကြောက်မရှိသူ၊

၁၈။ သူတပါးအား ပေးလှူသူကို တားမြစ်သူ၊

၁၉။ မြတ်စွာဘုရားနှင့်တကွ အူမြတ်တို့ကို စွပ်စွဲသူ၊

၂၀။ ရဟန္တာ-မဟုတ်ဘဲ ရဟန္တာဟု ဝန်ခံသူ။

....☆....

ကောကာလိကသုတ်

အခါတပါး၌ မြတ်စွာဘုရားသခင်သည် သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ 'ကောကာလိက'မည်သော ရဟန်းတပါးသည် မြတ်စွာ ဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် မြတ်စွာ

ဘုရားအား 'အရှင်ဘုရား....၊ သာရိပုတ္တာ - မောဂ္ဂလာန်တို့သည် ယုတ်ညံ့သော အလိုရှိကြကုန်၏' ဟု လျှောက်၏။

မြတ်စွာဘုရားက 'ကောကာလိက....၊ ဤသို့ မဆိုလင့်၊ သာရိပုတ္တာ-မောဂ္ဂလာန်တို့သည် သီလကို ချစ်မြတ်နိုးကြကုန်၏' ဟုမိန့်တော်မူ၏။ ကောကာလိကရဟန်းသည် နှစ်ကြိမ်မြောက်လည်း ထိုစကားကိုပင် ဆိုပြန်၏။ မြတ်စွာဘုရားက တားမြစ်သော်လည်း မရဘဲ၊ သုံးကြိမ်မြောက်လည်း ထို စကားကိုပင် ပြန်ဆို၏။ ထို့နောက် ကောကာလိက ရဟန်းသည် မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် ပြန်သွားလေ၏။

များမကြာခင် ထိုကောကာလိကရဟန်း၏ကိုယ်၌ မုန်ညင်းစေ့ခန့်လောက်ရှိသော အဖုအပိမ့်တို့သည် ပျံ့နှံ့၍ ဖြစ်ပေါ်ကုန်၏။ ထိုအဖုအပိမ့်တို့သည် တဖြည်းဖြည်းကြီးလာ၍ ဥသျှစ်သီးမှည့်ခန့်လောက် ကြီးလာသောအခါ ပေါက်ကွဲကုန်၏။ ပြည်သည်လည်းကောင်း၊ သွေးသည်လည်းကောင်း ယိုစီးကုန်၏။ ထို သူသည် ထိုအနာဖြင့်သာလျှင် သေလေ၏။ ထို ကောကာလိကရဟန်းသည် သာရိပုတ္တာ နှင့် မောဂ္ဂလာန် တည်းဟူသော သူတော်ကောင်းတို့ကို ရန်ငြိုးဖွဲ့သောကြောင့် 'ပဒုမ' ငရဲ၌ ဖြစ်၏။

## အရှင်သီဝလိမထေရ်၏ ပထမရှေးအကြောင်း

အခါသာပါး၌ ရဟန်းတို့သည် 'ငါ့ရှင်တို့...၊ သီဝလိမထေရ်သည်–

(၁) အဘယ်သို့သောအကြောင်းကြောင့် ဤမျှလောက်သော လာဘ်လာဘ ပြန့်ပြောသည့် အဖြစ်သို့ ရောက်ရပါလိမ့်မည်နည်း။

(၂) အဘယ်သို့သော အကြောင်းကြောင့် အရှင်သီဝလိမထေရ်သည် ခုနစ်နှစ်၊ ခုနစ်လ၊ ခုနစ်ရက်တို့ ကာလပတ်လုံး အမိဝမ်း၌ ကိန်းအောင်း (ပဋိသန္ဓေ) နေရပါလိမ့်မည်နည်း' ဟူသော စကားကို ပြောကြားကြကုန်၏၊

ထိုအခါ မြတ်စွာဘုရားသခင်သည် ကြွလာ၍ 'ချစ်သား–ရဟန်းတို့...၊ အဘယ်သို့သောစကားကိုမပြောဆိုနေကြသနည်း' ဟု မေးတော်မူသည်ရှိသော် ရဟန်းတို့က 'ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ...၊ ဤမည်သော အကြောင်းတည်း' ဟု လျှောက်ထားကြကုန်၏။ ထိုအခါ မြတ်စွာဘုရား သခင်သည် ထိုအရှင်သီဝလိမထေရ်၏ ရှေး၌ပြုခဲ့ဘူးသော အကြောင်းကို ဟောကြားတော်မူလိုသည်ဖြစ်သောကြောင့် အောက်ပါအတိုင်း မိန့်တော်မူ၏။

'ချစ်သား–ရဟန်းတို့....၊ ဤဘဒ္ဒကမ္ဘာမှ ပြန်၍ ရေတွက်သည် ၉၁ သော် လွန်လေပြီးသော ကိုးဆယ့်တစ်ကမ္ဘာ ကာလ၌ 'ဝိပဿီ' အမည်ရှိသော မြတ်စွာဘုရားသခင်သည် လူတွင် ထင်ရှားပွင့်တော်မူသတည်း။ ထိုဘုရားရှင်သည် ခမည်းတော်

မင်းကြီး၏ မြို့တော်သို့ ရောက်တော်မူသောအခါ မင်းကြီးနှင့် မြို့သူ-မြို့သားတို့သည် ပြိုင်ဆိုင်၍ အလှူ-ဒါနကို ပြုကြကုန်၏။

ထိုအလှူ-ဒါနအတွက် လှူရန် ဝတ္ထုအမျိုးများစွာရပြီး ဖြစ်သော်လည်း မချက်ရသေးသော၊စိမ်းစိုသော ပျားလပို့ရည် မရသေး၍ ရှာကြကုန်၏။ ထိုအခါ အရှင်သီဝလိမထေရ် အဓိကာင်းဖြစ်သော ကျေးတောသား တစ်ယောက်သည် သစ်ခက်တုတ်တံနှင့် တကွသော ပျားလပို့နှင့် နို့ခမ်းအိုးတစ်လုံးကို ရွာစားကြီးအား လက်ဆောင်ပေးရန်အတွက် ယူဆောင်လာသည်ကို မြင်၍ ဝယ်ကြကုန်၏။

ထိုကျေးတောသားသည်လည်း ရောင်းရန်အတွက် မဟုတ်ပါ-ဟု ပြောလျှင် မြို့သားတို့သည် အဖိုးငွေ များစွာပေး၍ မရ-ရအောင် ဝယ်ကြကုန်၏။ ဒုတိယ အကြိမ်လည်း ကျေးတောသားက မရောင်းနိုင်-ဟု ဆိုလျှင် မြို့သားတို့သည် သင်၏ ပျားလပို့သည် ယစ်ပဲသာတန်၏။ ငါတို့သည် သင့်အားအသပြာ တစ်ထောင်ပေးပါမည်-ဟု ပြောဆို၍ အတင်း တောင်းကြကုန်၏။ ထိုအခါ ကျေးတောသားက အရှင်တို့-သင်တို့သည် ပျားလပို့ကို အဘယ် ကိစ္စအတွက် လိုပါသနည်း-ဟု မေး၏။ မြို့သားတို့က ငါတို့သည် ဝိပဿီမြတ်စွာဘုရားကို ကြီးစွာသော အလှူ-ဒါနကို ပြုရန်အတွက် လိုပါသည်-ဟု ပြောကြ၏။

ထိုစကားကို ကြားလျှင် ကျေးတောသားက ဒါဖြင့်-ငါသည်လည်း ပျားလပို့နှင့်တကွ နို့ခမ်းအိုး ကိုပါ ဝိပဿီမြတ်စွာဘုရားအား လှူဒါန်းလိုပါ၏-ဟု ဆို၍ ပျားလပို့နှင့် တကွ နို့ခမ်းအိုးကိုပါ မြတ်စွာဘုရားအား လှူဒါန်းရန် အတွက်

မြို့သားတို့ လက်သို့ ပေးအပ်သော်၏။ မြို့သားတို့သည် ပျားလပို့နှင့်တကွ နို့မမ်းအိုးကို လက်ခံ၍ ဝိပဿီမြတ်စွာဘုရားနှင့် နောက်ပါ သံဃာတော် ခြောက်သောင်းရှစ်ထောင်တို့အား နို့နှင့်ပျားလပို့ဖျော်၍ လှူဒါန်းကြကုန်၏။ ထိုနို့ပျားရည်သည် ဝိပဿီမြတ်စွာဘုရား၏ တန်ခိုးတော်ကြောင့် အလိုရှိတိုင်း ခံယူသုံးဆောင်တော်မူကြကုန်သော ခြောက်သောင်း ရှစ်ထောင်များလောက်ကုန်သော အလုံးစုံသော သံဃာတော်တို့အား ပြည့်စုံလုံလောက်ရုံမျှမက ပိုလွန်း၍ ကြွင်းကျန်ခြင်း ဖြစ်သည်သာတည်း။

ထို ပျားလပို့နှင့် နို့စမ်းကို ဝိပဿီ မြတ်စွာဘုရားအား လှူဒါန်းခဲ့သောကြောင့် အရှင်သီဝလိမထေရ်တွင် ကြီးစွာသော လာဘ်ပေါများခြင်းသည် ဖြစ်၏—ဟု ဟောတော်မူ၏။

အရှင်သီဝလိမထေရ်၏ ဒုတိယ ရှေးအကြောင်း

အရှင်သီဝလိမထေရ်၏ အလောင်းဖြစ်သော ထိုကျေးတောသားသည် အထက်ဖော်ပြပါ ပျားလပို့နှင့် နို့စမ်းကို လှူဒါန်းပြီးလျှင် ထိုဘဝမှ သေ၍ နတ်ပြည်၌ ဖြစ်လေ၏။ ထို နတ်ဘဝမှ စုတေခဲ့ပြီးသော် 'ဗာရာဏသီ' ပြည့်ရှင် ဘုရင်—မင်းမြတ်၏ သားတော် ဖြစ်လေ၏။ ထိုမင်း၏ သားတော်သည် ခမည်းတော် နတ်ရွာစံသောအခါ ပြည့်ရှင်မင်း၏ အဖြစ်သို့ ရောက်လေ၏။

ထိုမင်းသည် တစ်ရံသောအခါ မြို့တစ်မြို့ကို တိုက်ခိုက်—သိမ်းယူအံ့ဟု သွားရောက်ပြီးသော် စစ်သည်—ဗိုလ်ပါ များစွာတို့ဖြင့် ထိုမြို့ကို ဝိုင်းရံထား၏။ ဗာရာဏသီမင်းကြီးသည် ထို မြို့တံခါး

ယ်တို့ကိုလွှတ်ထား၍ မြို့တံခါးမကြီး လေးခုကိုသာ စောင့်ရှောက်–လုံခြုံစေလျက် ခုနစ်နှစ်၊ ခုနစ်လတို့ ကာလပတ်လုံး မြို့ကိုဝန်းရံပိတ်ပင်၍ ထား၏။ မြို့သူ–မြို့သားတို့သည် တံခါးငယ်တို့ဖြင့် ထွက်၍ ထင်း၊ ရေတို့ကို ဆောင်ယူခြင်း စသော အလုံးစုံကုန်သော အမှုကိစ္စတို့ကို ဆောင်ရွက်ကြကုန်၏။

ဗာရာဏသီမင်း၏ မယ်တော်က သားတော်ကို မမြင်ရသည်မှာ ကြာပြီဖြစ်၍ စုံစမ်းကာ အကြောင်းစုံကို သိသောအခါ မြို့တံခါးငယ်တို့ကိုပါ ပိတ်ခိုင်းလေ၏။ ဗာရာဏသီမင်းက မယ်တော် ခိုင်းသည့် အတိုင်း ပြုလုပ်လေ၏။ မြို့သူ–မြို့သားတို့သည် မြို့အပြင်သို့ ထွက်ခွင့်မရ၍ ရေနှင့် ထင်းတို့အတွက် အတိဒုက္ခ ရောက်ကြကုန်၏။ ခုနစ်ရက်မြောက် ကျရောက်သော နေ့၌ မြို့သူ–မြို့သားတို့သည် မိမိမင်းကိုသတ်၍ ဝန်းရံလာသော ဗာရာဏသီမင်းကြီးအား မင်း၏အဖြစ်ကိုပေးအပ်ကြကုန်၏။

ထို ဗာရာဏသီမင်းကြီးသည် ထိုမျှလောက်သော အကုသိုလ်ကံကို ပြုလုပ်ခဲ့ပြီးသော် အသက်၏ အဆုံး၌ 'အဝီစိငရဲ' သို့ ကျရောက်လေ၏။ ထို ငရဲဒဏ်ကို ခံပြီးနောက် သာဝတ္ထိပြည်၌ ဥစ္စာပစ္စည်း ကြွယ်ဝချမ်းသာသော၊ ရှေးအတိတ်ဘဝက မယ်–တော် ဖြစ်ခဲ့ဖူးသော အဘယမင်းသား၏ မိဖုရား 'သုပ္ပဝါသ' မင်းသမီး၏ ဝမ်း၌ ပဋိသန္ဓေတည်နေ–စွဲယူ၍ ခုနစ်နှစ်၊ ခုနစ်လတို့ပတ်လုံး အမိဝမ်းတွင်း၌ ကိန်းအောင်းရ၏။ ဖွားမြင်သောအခါ ခုနစ်ရက်မျှသော ကာလပတ်လုံးလည်း အမိဝမ်း၌ ပိလာကန့်လန့် တွေ့ခြင်း၊ မိန်းမောခြင်း၊ နပ်မျောခြင်း ခံစားရ၏။

အရှင်သီဝလိမထေရ်သည် ရှေး ထိုဘဝက မြို့ကို ခုနစ်နှစ်၊ ခုနစ်လ၊ ခုနစ်ရက်တို့ ကာလပတ်လုံး ဝန်းရံ၊ ပိတ်ပင်၊ သိမ်းယူ အပ်သော မကောင်းမှုကံကြောင့် ထိုမျှလောက် ကာလပတ်လုံး အမိဝမ်း၌ အပိတ်ခံရ၏၊ သူသည် ပျားရည်နှင့် နို့မေးကို လှူဒါန်းခဲ့သောကောင်းမှုကြောင့်လာဘ်သာဘဝပြောသည်၏ အဖြစ်၌အထွတ်အမြတ်သို့ ရောက်ရလေ၏ဟု မိန့်တော်မူ၏။

## အာယုဝဍ္ဎန သတို့သားအကြောင်း

'ဒီဃလဋ္ဌိက'မြို့၌ နေသော ပုဏ္ဏားလင်မယား တို့တွင် သားတစ်ယောက် ဖွားမြင်လေ၏။ ထိုပုဏ္ဏား လင်မယား တို့သည် ထိုသားငယ်ကိုပွေ့ပိုက်၍ သူတို့ကိုးကွယ်သော ရသေ့ အား ဖူးမြော်ခြင်းငှာ သွားကြ၏။ ရသေ့၏ ထံမှောက်သို့ ရောက်သောအခါ ရှိခိုးကြ၏။ ရသေ့က သင်တို့ အသက်ရှည် ပါစေဟု ဆုပေး၏။ သားငယ်ကို ရှိခိုးစေသောအခါ ရသေ့က ဆိတ်ဆိတ်သာလျှင် နေ၏။

ထို အခါ ပုဏ္ဏားက ရသေ့ကို 'အရှင်ဘုရား တပည့်တော် တို့သည် ရှိခိုးကြသောအခါ သင်တို့သည် အသက်ရှည်ပါစေ ဟု ဆုပေး၏။ ဤသားငယ်ကို ရှိခိုးခိုင်းစေသော အခါ အဘယ်ကြောင့် ဆုမပေးသနည်း' ဟု မေးလျှင် ရသေ့က 'ဒါယကာ ပုဏ္ဏား....၊ ဤ ကလေးသည် နောက် ခုနစ်ရက်မျှ လောက်သာ အသက်ရှည်ပေလိမ့်မည်' ဟု ပြော၏။ ပုဏ္ဏားက 'အရှင်ဘုရား....၊ ထို အသက် အန္တရာယ်ကို တားမြစ်နိုင်ပါ သလော' ဟု မေးလျှောက်ပြန်သဖြင့် ရသေ့က 'ဒါယကာ ငါသည် ထို အသက်အန္တရာယ်ကို တားမြစ်နိုင်သောအကြောင်း

ကို မသိ။ သို့ရာတွင် ရဟန်းဂေါတမဖြင့် သိနိုင်ရာ၏။ ထိုရဟန်းဂေါတမထံမှောက်သို့ သွားရောက်ပြီးလျှင် မေးလျှောက်လေတော့’ဟု ပြော၏။

ထိုစကားကိုကြားလျှင် ပုဏ္ဏားလင်မယားတို့သည် ရသေ့အကြံပေးသည့်အတိုင်း မြတ်စွာဘုရားထံမှောက်သို့ သွားရောက်၍ ရှိခိုးကြကုန်၏။ မြတ်စွာဘုရားက ‘သင်တို့အသက်ရှည်ပါစေ’ ဟု ဆုပေးတော်မူ၏။ ထို့နောက် သူတို့သည် သားငယ်ကို ရှိခိုးစေ၏၊ မြတ်စွာဘုရားက ဆိတ်ဆိတ်သာလျှင် နေတော်မူ၏။ ထိုအခါ ပုဏ္ဏားက ရသေ့ကိုမေးသည့်အတိုင်း မေးလျှောက်၏။ မြတ်စွာဘုရားသခင်သည်လည်း ရသေ့ပြောသည့် နည်းတူသာလျှင် ဖြေဆိုတော်မူ၏။

ပုဏ္ဏားသည် မြတ်စွာဘုရားသခင်ကို ‘အရှင်ဘုရား.... တပည့်တော် သားငယ်၏ အသက်အန္တရာယ်ကို တားမြစ်နိုင်သော အကြောင်း တစ်စုံတစ်ခု ရှိပါအံ့လော’ဟု မေးလျှောက်၏။ မြတ်စွာဘုရားသခင်က ‘ပုဏ္ဏား... သင့်သား၏ အသက်အန္တရာယ်ကို တားမြစ်နိုင်ကြောင်း စွမ်းနိုင်သည် ဖြစ်ပေရာ၏’ဟု မိန့်တော်မူလျှင် ‘အရှင်ဘုရား.... အဘယ်သို့ပြုရပါအံ့နည်း’ဟု မေးလျှောက်သဖြင့်...

မြတ်စွာဘုရားသခင်က ‘ပုဏ္ဏား.... အသင်သည် မိမိအိမ်၌ မဏ္ဍပ်ကို ဆောက်လုပ်ပြီးလျှင် ထိုမဏ္ဍပ်၏ အလယ်၌ အင်းပျဉ်ကိုပြုလုပ်၍ ထိုအင်းပျဉ်ကို ဝန်းရံလျက် နှစ်ဆယ့်လေးခုသော နေရာတို့ကို ခင်းပြီးလျှင် ငါဘုရားထံသို့ လာ၍ လျှောက်လော့။ ငါဘုရားသည် သားလေးကို အင်းပျဉ်ပေါ်တွင် အိပ်စေ၍ ခင်းထားသောနေရာတို့၌ ငါဘုရား၏ တပည့်

သံဃာတို့ကိုနေထိုင်စေ၍ ခုနစ်ရက်ပတ်လုံး နေ့-ညမပြတ်ပရိတ် အမြဲအတား ရွတ်ဖတ်ခြင်းကိုပြုလျှင် ထိုသူငယ်၏အသက် အန္တရာယ်သည် ပျက်စီးပပျောက်ပေရာ၏'ဟု မိန့်တော်မူ၏။

ထိုပုဏ္ဏားသည် မြတ်စွာဘုရား မိန့်တော်မူသည့်အတိုင်း မဖျက်မလွှဲ ဆောက်လုပ်ခြင်း အစရှိသော ကိစ္စတို့ကို ပြီးဆုံးစေပြီးလျှင် မြတ်စွာဘုရားသခင်၏ အထံတော်သို့ သွား ရောက် လျှောက်ထား၏။ မြတ်စွာဘုရားက 'ရဟန်းတို့ကို စေလွှတ်တော်မူ၏၊ ရဟန်းတို့သည် ခင်းထားသော နေရာတို့၌ ထိုင်နေကုန်၍ သူငယ်ကို အင်းပျဉ်ထက်၌ အိပ်စေပြီးလျှင် ခုနစ်ရက် ထိုကာလပတ်လုံး နေ့-ည မပြတ် ပရိတ်တော်ကို ရွတ်ဖတ် သရဇ္ဈာယ်ကြကုန်၏။

ခုနစ်ရက်မြောက်သောနေ့၌ မြတ်စွာဘုရား ကိုယ်တော်တိုင် ကြွရောက်တော်မူလာ၏။ မြတ်စွာဘုရားနှင့်အတူ အလုံးစုံသော စကြဝဠာ၌ ရှိကုန်သော နတ်တို့သည်လည်း လာကြကုန်၏။ ကလေးကို စားလိုသော 'အဝရုဒ္ဓက' ဘီလူးသည်လည်း ရောက်လာ၏။ သို့ရာတွင် မြတ်စွာဘုရား၏ တန်ခိုးတော်ကြောင့် ကလေးရှိရာသို့ မသွားနိုင်ဘဲ တန်ခိုးကြီးသော နတ်တို့အတွက် နေရာပေးရန် နောက်ဆုတ်၍သာလျှင် သွားသည် ရှိသော် တစ်ဆယ့်နှစ်ယူဇနာ ဝေးသောအရပ်သို့ ရောက်လေ၏။ ထိုနေ့ည ကာလပတ်လုံး မြတ်စွာဘုရားသခင်သည် ထို အိမ်၌ပင်လျှင် သီတင်းသုံးနေတော်မူ၏။ ရဟန်းတို့သည်လည်း ပရိတ်တော်ကို ရွတ်ဖတ်ကြကုန်၏။ ရှစ်ရက်မြောက်သောနေ့၌ ထိုဘီလူးသည် ကလေးကို ယူခွင့်မရသည်ဖြစ်၍ ပြန်သွားလေ သည်။

ပုဏ္ဏားသည် သူ၏သားကို ပွေ့ပိုက်ပြီးလျှင် မြတ်စွာဘုရားကို ရှိခိုးလေ၏။ မြတ်စွာဘုရားက 'အသင်သည်–အသက်ရှည်ပါစေ'ဟု ကလေးကို ဆုပေးတော်မူ၏။ ထိုကလေးသည် 'အာယုဝဍ္ဎန' သတို့သား အမည်ဖြင့် အသက် ၁၂၀–ရှည်လေ၏။

✯

## ကောက–ခွေးမုဆိုးအကြောင်း

ကောကအမည်ရှိသော ခွေးမုဆိုးသည် တစ်နေ့သော နံနက်အခါ၌ လေး-မြားတို့ကိုယူ၍ ခွေးအပေါင်းတို့ခြံရံလျက် တောသို့ သွားသည်ရှိသော် လမ်းခရီးအကြား၌ ဆွမ်းခံရန် ကြွလာသော ရဟန်းတစ်ပါးကိုတွေ့မြင်၍ အမျက်ထွက်ပြီးလျှင် ငါသည် ယနေ့ သူယုတ်မာကိုတွေ့မြင်ရ၏၊ ယနေ့ တစ်စုံတစ်ခုသော သားကောင်ကိုမျှ ရမည်မဟုတ်ဟု ကြံ၍သွား၏။

ထိုရဟန်းသည်လည်း ရွာ၌ဆွမ်းခံပြီးလျှင် သင့်လျော်သောအရပ်၌ ဆွမ်းစားခြင်းကိစ္စကို ပြုပြီးလျှင် တစ်ဖန် ကျောင်းသို့ ပြန်ကြွသွား၏။ ခွေးမုဆိုးသည်လည်း တောကို လှည့်လည်၍ တစ်စုံတစ်ခုသော သားကောင်ကိုမရဘဲ ပြန်လာခဲ့သည်ရှိသော် တစ်ဖန် ထိုရဟန်းကိုမြင်၍ ယနေ့ ငါသည် ဤသူယုတ်မာကို မြင်ရသောကြောင့် တစ်စုံတစ်ခုသော သားကောင်ကိုမျှ မရ၊ ယခုအခါ၌လည်း ဤယုတ်မာသောသူသည် သူ၏ အထံသို့ ရှေးရှုလာသည်ကို တွေ့မြင်ရပြန်၏။ ငါသည် ဤသူယုတ်ကို ခွေးတို့ဖြင့် ကိုက်စေအံ့-ဟု ကြံ၍ အမှတ်ကိုပေးကာ ခွေးတို့ကို လွှတ်လိုက်၏။

မထေရ်သည် 'ဒါယကာ.... ဤတို့မပြုပါလင့်' ဟု တောင်းပန်၏၊ ခွေးမုဆိုးသည် တောင်းပန်၍မရ။ ခွေးတို့ကိုလွှတ်သည်သာလျှင်တည်း။ မထေရ်သည် လျင်စွာသောအဟုန်ဖြင့် တစ်ခုသောသစ်ပင်သို့ ပြေးတက်၍ လူ့တစ်ရပ်အမြင့်၌ ထိုင်နေလေ၏။

ခွေးတို့သည် သစ်ပင်ကို ဝန်းရံကုန်၏။ မုဆိုးသည် မထေရ်၏ ခြေဖဝါးတို့ကို မြားသွားဖြင့်ထိုး၏။ မထေရ်က 'ဒါယကာ.... ဤသို့မပြုပါလင့်၊ ငါ့အား သက်သာရာကိုပေးပါလော့' ဟု အဖန်ဖန်-အထပ်ထပ် တောင်းပန်သော်လည်းမရ။ မထေရ်၏ ခြေဖဝါးတို့မှ သွေးတို့သည် ယိုစီးကုန်၏။ မထေရ်၏ ကိုယ်သည် မီးရှူးနှင့်မြိုက်ဘိသကဲ့သို့ ဖြစ်၏။ မထေရ်သည် ပြင်းထန်သော ဝေဒနာကို ခံစားရသည်ဖြစ်၍ သတိထားခြင်းငှာ မစွမ်းနိုင်၊ မိမိရုံထားသော သင်္ကန်းသည် ကျွတ်ကျ၍ ကောကမုဆိုးကို ဦးခေါင်းမှစ၍ လွှမ်းခြုံပြီးသည် ဖြစ်လေ၏။

ခွေးတို့သည် မထေရ်ကျပြီဟူသော အမှတ်ဖြင့် မိမိသခင်ခွေးမုဆိုးကိုပင် ကိုက်စားကြကုန်၍ အရိုးမျှသာကြွင်းသည်ကို ပြုကုန်၏။ ထို့နောက် ခွေးတို့သည် မထေရ်ရှေ့ချင်းဆိုးသည်ကို ကြား၍ မထေရ်ကိုကြည့်၍မြင်လေ၏၊ ငါတို့သည် မိမိသခင်ကိုသာလျှင် ကိုက်စားကြကုန်ပြီ' ဟု သိသောကြောင့် တောသို့ ပြေးဝင်သွားကြကုန်၏။

ထိုနောက် ထိုမထေရ်သည် သစ်ပင်ပေါ်မှ ဆင်းလာပြီးလျှင် မြတ်စွာဘုရား အထံတော်သို့ သွားရောက်ပြီးလျှင် ဖြစ်ပျက်သမျှ အလုံးစုံကို လျှောက်ထား၏။ မြတ်စွာဘုရားက 'ချစ်

သား ရဟန်း—၊ ထို မုဆိုးသည် မပြစ်မှားထိုက်သော သူတော်ကောင်းကို ပြစ်မှားခြင်းကြောင့် ပျက်စီးခြင်းသို့ ရောက်ရလေ၏-ဟု ဟောတော်မူ၏။

## မီးလောင်သေဆုံးသော ကျီးအကြောင်း

မြတ်စွာဘုရားသခင်သည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူသောအခါ တောရွာတို့၌ သီတင်းသုံး နေတော်မူကြကုန်သော ရဟန်းတို့သည် မြတ်စွာဘုရားသခင်ကို ဖူးမြော်ခြင်းငှာ လာကြကုန်သည်ရှိသော် လမ်းခရီးအကြား၌ ရွာတစ်ရွာသို့ ဆွမ်းအလို့ငှာ ဝင်ကြကုန်၏။

ထိုရွာကျင် ထမင်း၊ ဟင်း ချက်ပြုတ်နေသော မိန်းမတစ်ယောက်၏ မီးဖိုမှ မီးလျှံသည် ထ၍ အိမ်အမိုးကို လောင်၏။ ထို မီးလောင်ရာအရပ်မှ တစ်ခုသော မြက်ခြောက်အခွေ (ကရွတ်) သည် မီးလောင်လျက်သာလျှင် ကောင်းကင်သို့ တက်လေ၏။ ထိုခဏ၌ ကျီးတစ်ကောင်သည် ကောင်းကင်သို့ ပျံသွားသည်ရှိသော် ထိုမီးလောင်နေသော မြက်ခြောက်အခွေ၌ လည်ဖြင့် တိုးဝင်၍ မီးလောင်ပြီးလျှင် ရွာ၏အလယ်၌ ကျ၍သေလေ၏။

ရဟန်းတို့သည် ထိုအခြင်းအရာကို မြင်၍ ကျီး၏ သေခြင်း၌ အံ့သြကြကုန်၏။ ထိုကျီး၏ ရှေးအကုသိုလ်ကံကို မြတ်စွာဘုရားမှတပါးသောသူ သိနိုင်ဖွယ်မရှိ၊ ထို့ကြောင့် မြတ်စွာဘုရား၏ အထံသို့ ရောက်သောအခါ မေးလျှောက်ကုန်အံ့-ဟု ကြံ၍ မြတ်စွာဘုရား သီတင်းသုံးနေတော်မူသော အရပ်သို့ သွားကြကုန်၏။

မြတ်စွာဘုရားသခင်၏ အထံသို့ ရောက်သောအခါ ထိုရဟန်းတို့သည် ထိုကျီး၏ ရှေး၌ ပြုခဲ့ဖူးသော အကုသိုလ်ကံကို မေးလျှောက်ကြကုန်၏။

မြတ်စွာဘုရားသခင်က 'ချစ်သား-ရဟန်းတို့....၊ ထိုကျီးသည် မိမိပြုခဲ့သောကံကိုသာလျှင် ခံစားရ၏။ ချစ်သား-ရဟန်းတို့....၊ ရှေးလွန်လေပြီးသောအခါ ဗာရာဏသီ ပြည်၌ ထိုကျီး၏ အလောင်းဖြစ်သော လယ်သမားတစ်ယောက်သည် မိမိနွားကို ဆုံးမခြင်းငှာ မစွမ်းနိုင်။ ထိုနွားသည် မောပန်းနွမ်းနယ်သော်လည်း အနည်းငယ်သာသွား၍ အိပ်၏။ တစ်ဖန်ကြိမ်တုတ်ဖြင့်ရိုက်နှက်ထ,စေသော်လည်း အနည်းသာ သွား၍ ရှေးနည်းအတူသာလျှင် တစ်ဖန်အိပ်ပြန်၏။ ထိုလယ်သမားသည် ထိုနွားကို လုံ့လပြု၍ ဆုံးမခြင်းငှာ မစွမ်းနိုင်သောကြောင့် ပြင်းစွာ အမျက်ထွက်၍ ကောက်ရိုးလိမ်ကြိုးဖြင့် နွား၏ လည်ပင်းကို ရစ်ပတ်၍ မီးရှို့လေ၏။ နွားသည် ထိုအရပ်၌ပင်လျှင် မီးလောင်၍ သေလေ၏။

ချစ်သား-ရဟန်းတို့....၊ ထိုလယ်သမားသည် ထိုကျီး ဖြစ်လာ၏။ ဤကဲ့သို့သော မကောင်းမှု အကုသိုလ်ကို ပြုခဲ့ခြင်းကြောင့် ထိုကျီးသည် မိမိပြုခဲ့သော မကောင်းမှုကံ၏ အကျိုးကြောင့် ကောင်းကင်၌ မီးကွင်းစွပ်လောင်၍ သေရလေ၏။

...☆....

## လှေသူကြီးမယား၏ - အကြောင်း

မြတ်စွာဘုရားသခင်သည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး တော်မူသောအခါ ဝေးကွာသော အရပ်တို့၌ သီတင်းသုံးနေကြကုန်သော များစွာသော ရဟန်းတို့သည် မြတ်စွာဘုရားသခင်ကို ဖူးမြော်ခြင်းအကျိုးငှာ ကြီးစွာသော လှေကို တက်စီး၍ သွားကြကုန်သည် ရှိသော် လှေကြီးသည် သမုဒ္ဒရာအလယ်၌ ရပ်တန့်၍ နေလေ၏။

ခရီးသည်တို့သည် ဤလှေ၌ ယုတ်မာသောသူပါရှိသည်ဖြစ်ရာ၏-ဟု ပြောဆိုတိုင်ပင်၍ သူယုတ်မာစာရေးတံကို ချကြကုန်၏။ လှေသူကြီး၏မယားသည် လှပတင့်တယ်၍ ရှုချင်စဖွယ်ရှိလှ၏။ သူယုတ်မာ စာရေးတံသည် ထိုလှေသူကြီး၏ မယားအား ကျရောက်လေ၏။ တို့နည်းတူစွာ စာရေးတံကို ဒုတိယအကြိမ်နှင့် တတိယအကြိမ်ထပ်ချကြကုန်၏။ ဒုတိယအကြိမ်နှင့် တတိယအကြိမ်လည်း ထို စာရေးတံသည် ထိုလှေသူကြီး၏ မယားအားသာလျှင် ကျရောက်လေ၏။ ထိုအခါ ခရီးသည်တို့သည် လှေသူကြီးကို 'အရှင်-အသို့ ပြုအံ့နည်း' ဟု မေးလျှင် လှေသူကြီးက 'ငါ့မိန်းမ၏ အကျိုးငှာ လူအများကို ပျက်စီးစေခြင်းသည် မသင့်လျော်သောကြောင့် ထိုမိန်းမကို ရေ၌ စွန့်ပစ်ကြကုန်လော့' ဟု ဆို၏။ စွန့်ပစ်သောအခါ၌လည်း ထိုမိန်းမသည် ရေ၌ ပေါ်လာမျော၍နေသည်ကို ငါသည် ကြည့်ရှုခြင်းငှာ မစွမ်းနိုင်။ ထို့ကြောင့် ထိုမိန်းမသည် ရေ၌ မပေါ်ဘဲ တစ်ခါတည်း နစ်မြုပ်သွားစေရန် တစ်ခုသောသဲအိုးကို လည်၌ မြဲစွာချည်ပြီးလျှင် သမုဒ္ဒရာ၌ ပစ်ချကုန်လော့-ဟု စေခိုင်း၏။

ခရီးသည်တို့သည်လည်း လှေသူကြီး စေခိုင်းသည့်အတိုင်းပြုလုပ်ကြကုန်၏။

ထိုမိန်းမကို သမုဒ္ဒရာ၌ ပစ်ချလိုက်သည်နှင့် တပြိုင်နက် ရပ်တန့်နေသော လှေကြီးသည် လျင်မြန်စွာ ထွက်သွားလေ၏။

ထိုလှေကြီး၌ ပါရှိသော ရဟန်းတို့သည် ထို အဖြစ်အပျက်ကိုမြင်၍ အံ့သြကြကုန်၏၊ ထိုမိန်းမ ပြုခဲ့ဖူးသော အကုသိုလ်ကံကို မြတ်စွာဘုရားသခင်မှ တပါးသောသူတို့ သိနိုင်ဖွယ်မရှိ။ ထို့ကြောင့် ငါတို့သည် မြတ်စွာဘုရား၏ အထံတော်သို့ ရောက်သောအခါ မြတ်စွာဘုရားကို မေးလျှောက်ကုန်အံ့ဟု ကြံ၍နေကြကုန်၏။

## လှေသူကြီးမယား၏ အတိတ်အကြောင်း

ထိုရဟန်းတို့သည် မြတ်စွာဘုရားသခင်၏ ထံမှောက်ရောက်သောအခါ အလုံးစုံသော အကြောင်းတို့ကို လျှောက်ထားပြီးလျှင် လှေသူကြီးမယား၏ ပုဗ္ဗေကုသိုလ်ကို မေးလျှောက်ကြကုန်၏။

မြတ်စွာဘုရားသခင်က ချစ်သားရဟန်းတို့၊ ထိုလှေသူကြီးမယားသည် ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ သူကြွယ်တယောက်၏ မယားဖြစ်ခဲ့၏။ သူ၏လင်ယောကျ်ားဖြစ်သော သူကြွယ်သည် မယားကို အလွန်တရာ ချစ်မြတ်နိုးသောကြောင့် ခေါ်ပြီးလျှင် ထိုအိမ်၌ပင် ခွေး ဖြစ်လေ၏။

ထိုခွေးသည် သူ၏ ဘဝဟောင်းက မယားဖြစ်ခဲ့သော ထိုမိန်းမကို ချစ်ခင်ခြင်းကြောင့် ထို မိန်းမသွားလေရာရာ အရပ်တို့၌ မိန်းမနှင့် အတူတကွသာလျှင် လိုက် သွားလေ့ရှိ၏။ ထိုသို့

အ ူသွားသည်ကို မြင်သော သူငယ်တို့သည် 'အချင်းဘို…ခွေးမှုသိုးသည် ထွက်သွားလေပြီ။ ယနေ့ ငါတို့ သားဟင်းမျိုးကို စားရကုန်တော့အံ့' ဟု ပြက်ရယ်ပြုကြကုန်၏။

ထိုမိန်းမသည် ထိုသူငယ်တို့ နေ့စဉ် ပြက်ရယ်ပြုသော စကားဖြင့် ရှက်နိုးလှသည်ဖြစ်၍ ခွေးကို တုတ်၊ ခဲ စသည်ဖြင့် ပစ်လွှင့် ပုတ်ခတ်၍ ထွက်ပြေးစေ၏။ ခွေးသည် အနည်းငယ် ထွက်ပြေးပြီး၍ တဖန် အစဉ်တစိုက် လိုက်ပြန်သည်သာလျှင်တည်း။

ထိုမိန်းမသည် ခွေးအား အမျက်ထွက်၍ ခွေးကို မရှိရာအရပ်သို့ ခေါ်ဆောင်ပြီးလျှင် ခွေး၏လည်၌ သဲဖြင့်ပြည့်သော အိုးကို ကြိုးဖြင့်ချည်၍ သဲအိုးကို ရေထဲသို့ပစ်ချလိုက်၏။ ခွေးသည် ထိုအိုးနောက်သို့ အစဉ်တစိုက်လိုက်ပါ၍ ရေထဲသို့ကျ၍ သေလေ၏။

'ချစ်သား ရဟန်းတို့ ထိုမိန်းမသည် ယခုသို့ပြုခဲ့ပြီးသော မကောင်းမှုကံ၏ အကျိုးကြောင့် သဲဖြင့်ပြည့်သော အိုးကို လည်၌ ဖွဲ့ချည်ပြီးသော် ရေ၌ပစ်ချခြင်းကို ခံရလေသည်-ဟု မိန့်တော်မူ၏။

☆

## အာဂန္တု ရဟန်း ခုနစ်ပါးအကြောင်း

အခါတပါး၌ အလွန်ဝေးကွာသော တောရွာတိုက်၌ သီတင်းသုံး နေထိုင်ကြကုန်သော ရဟန်းခုနစ်ပါးတို့သည် မြတ်စွာဘုရားသခင်ကို ဖူးမြော်ခြင်းအလို့ငှာ ခရီးစဉ်အတိုင်း လာကြကုန်သည်ရှိသော် ညချမ်းသောအခါ တစ်ခုသောလိုဏ်ဂူ၌ ဝင်

အိပ်ကြကုန်သည်ရှိသော် အိမ်အထွက်မျှလောက်ရှိသော ကျောက်တုံးကြီးတစ်တုံးသည် လိမ့်ကျလာ၍ လိုဏ်ဂူအပေါက်ကို ပိတ်ဆို့၍ နေလေ၏။

လိုဏ်ဂူအတွင်း၌ရှိကုန်သော ရဟန်းတို့သည် လုံ့လပြုကြသော်လည်း ထိုကျောက်တုံးကြီးကို ရွှေ့လျား တုန်လှုပ်စေခြင်းငှာ မစွမ်းနိုင်ကုန်။ ထိုအာဂန္တုရဟန်းတို့သည် ခုနစ်ရက်တို့ကာလပတ်လုံး ပြင်းစွာသော ဆာလောင်မွတ်သိပ်ခြင်းကြောင့် ဆင်းရဲ-ဒုက္ခကို ခံစားရကုန်၏။ ခုနစ်ရက်မြောက်သောနေ့တွင် မိုးသည်းထန်စွာရွာမှုကြောင့် ထိုကျောက်တုံးကြီးသည် အလိုလိုသာလျှင် လိမ့်၍သွားလေ၏။

ထိုကျောက်တုံးကြီး လိမ့်သွား၍ လိုဏ်ဂူပေါက် ပွင့်သွားသောအခါ ရဟန်းတို့သည် အလွန် အားနည်း သည်ဖြစ်၍ တဖြည်းဖြည်း လိုဏ်ဂူအပြင်သို့ ထွက်လာကြ၏။ အစာအာဟာရ သုံးဆောင်၍ တဖြည်းဖြည်း အားပြည့်လာသောအခါ ငါတို့သည် ဤကဲ့သို့ ယုတ်မာ-ညစ်ညမ်းသော အကျိုးဝိပါတ်ကို အဘယ်အကြောင်းကြောင့် ခံစားရသနည်းဟူသော မေးခွန်းကို မြတ်စွာ ဘုရားသခင်ကိုထား၍ တစ်ပါး တစ်ယောက်သော အဘယ်သူ သိနိုင်ပါလတ္တံ့နည်း။ မြတ်စွာဘုရားသခင်ကို မေးလျှောက်ကုန်အံ့ဟု ကြံ၍ သွားကြကုန်၏။

## အာဂန္တုရဟန်း ခုနစ်ပါးတို့၏ ရှေးအကြောင်း

ထိုရဟန်း ခုနစ်ပါးတို့သည် မြတ်စွာဘုရားသခင်၏ အထံတော်သို့ ရောက်သောအခါ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် လိုဏ်ဂူအတွင်း၌ အပိတ်ခံရခြင်းအကြောင်းကို လျှောက်ထား၍

ကြပြီးနောက် သူတို့သည် အဘယ်အကြောင်းကြောင့် လိုက်ဂူ အတွင်း၌ အပိတ်ခံရပါသနည်း ဘုရား—ဟု မေးလျှောက်ကြကုန်၏။

မြတ်စွာဘုရားသခင်က 'ချစ်သား—ရဟန်းတို့ ၊ ရှေး လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ နေလေ့ရှိကုန်သော သင်ချစ်သားတို့၏ အလောင်းများဖြစ်ကြသော ခုနစ်ယောက်သော နွားကျောင်းသားတို့သည် တစ်နေ့သ၌ နွားတို့ကို စိစစ်ရေတွက်ပြီးလျှင် မောင်းနှင်၍သွားရာ တောအရပ်သို့ ရောက်သောအခါ ကြီးစွာသော ဖွတ်တစ်ကောင်ကိုတွေ့မြင်၍ ဖမ်းရန်အလို့ငှာ—လိုက်ကြကုန်၏။ ဖွတ်သည် လျင်မြန်စွာပြေးသွားပြီးလျှင် တစ်ခုသော တောင်ပို့ထဲသို့ ဝင်လေ၏။

ထိုတောင်ပို့၌ အပေါက်ခုနစ်ခုရှိ၏။ သူငယ်တို့သည် ငါတို့သည် ယနေ့ ဖွတ်ကိုဖမ်းယူခြင်းငှာ မစွမ်းနိုင်သေး။ နက်ဖြန်ခါ၌ လာ၍ ဖမ်းယူအံ့—ဟု ပြောဆို၍ ဖွတ် ကို အပြင် သို့ မထွက်နိုင်အောင် တစ်ယောက် တစ်ယောက်သောသူငယ်သည် တစ်ခု—တစ်ခုသော အပေါက်တို့ကို သစ်ရွက်တို့ဖြင့် ပိတ်ဆို့ပြီး၍ သွားကြကုန်၏။

ထိုသူငယ်တို့သည် တစ်ဖန်မိုးသောက်ရောက်သောအခါ ထိုဖွတ်ရှိသော တောင်ပို့သို့သွားရန် မေ့လျော့ကြကုန်သည်ဖြစ်၍ တခြားတစ်ပါးသော အရပ်တို့၌ နွားကို ထိန်းကျောင်းကုန်၏။ ခုနစ်ရက်မြောက်သောနေ့၌ ထိုနွားကျောင်းသားတို့သည် နွားတို့ကို မောင်းနှင်ဘည်ရှိသော် ထိုတောင်ပို့ကိုမြင်၍ သတိရသောကြောင့် မိမိတို့ ပိတ်ဆို့ထားသော အပေါက်တို့ကို အသီးသီး ဖွင့်ကြကုန်၏၊ ဖွတ်သည် အသက်ရှင်နေသေးသော်

လည်း အစာ စားရသည်ဖြစ်၍ အရိုးအရေမျှသာ ကြွင်းကျန်သဖြင့် တုန်လှုပ်လျက်ထွက်လာ၏။ သူငယ်တို့သည် ဖွတ်ကိုမြင်၍ သနားကြကုန်၏။ သူတို့သည် ဖွတ်ကိုမသတ်ဘဲ ဖွတ်၏ကျောကုန်းကို သုံးလယ်ဆုပ်နယ်ပြီးလျှင် လွှတ်လိုက်ကြကုန်၏။

'ချစ်သား-ရဟန်းတို့...၊ ထိုအခါ၌ အသင်တို့သည် ခုနစ်ယောက်သော နွားကျောင်းသားတို့ ဖြစ်ခဲ့၏။ ထိုသို့သော မကောင်းမှုကံကို ပြုခဲ့ဖူးသောကြောင့် သင်တို့သည် ခုနစ်ရက်တို့ ကာလပတ်လုံး လိုဏ်ဂူအတွင်း၌ အပိတ်ခံရလေ၏' ဟု ဟောတော်မူ၏။

★

## မဟာကာလ ဥပါသကာ၏ အကြောင်း

ကောင်းသော စကားကိုသာ ပြောဆိုတော်မူတတ်သော မြတ်စွာဘုရားသခင်သည် သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ သီတင်းသုံး နေထိုင်တော်မူသောအခါ 'မဟာကာလ' အမည်ရှိသော ဥပါသကာ တစ်ယောက်သည် ကျောင်းတော်၌ တညဉ့်လုံး တရားဟောကိုနာကြား၍ နံနက်စောစောကပင်လျှင် ရေကန်၏ ကမ်းနား၌ မျက်နှာကို ဆေးကြော သုတ်သင်နေလေ၏။

ထိုအခါ ခိုးသူတို့သည် အိမ်တစ်အိမ်ကို ဖောက်ဖျက်၍ ပစ္စည်း ဘဏ္ဍာ ဥစ္စာကို ယူသည်ရှိသော် ကြေးခွက်၏အသံဖြင့် နိုးကြကုန်သော ပစ္စည်းရှင်တို့သည် လိုက်လာသောကြောင့် ထိုခိုးသူတို့သည် မဟာကာလ ဥပါသကာ၏အနီး၌ ဘဏ္ဍာထုပ်ကို စွန့်ပစ်၍ ပြေးကြကုန်၏။

ခိုးသူတို့ကို အစဉ်လိုက်ကုန်သော သူတို့သည် ဘဏ္ဍာထုပ်ကို တွေ့မြင်၍ မဟာကာလဥပါသကာကို 'အသင်သည် - ငါတို့၏ အိမ်ကို ဖောက်ဖျက်၍ ဝင်ကာ ဘဏ္ဍာထုပ်ကို ခိုးယူပြီး တရားတော်ကို နာဘိသကဲ့သို့လှည့်လည်ဘိ၏' ဟုခြိမ်းခြောက်ပြောဆို၍ မဟာကာလဥပါသကာကို ဖမ်းယူ ပုတ်ခတ် သတ်ဖြတ်ပြီးလျှင် စွန့်ပစ်၍ သွားကြကုန်၏။

ထိုအခါ နံနက် စောစောကပင်လျှင် သောက်ရေအိုးကို ယူဆောင်၍ ရေသယ်ကြကုန်သောသာမဏေငယ်တို့သည် မဟာကာလဥပါသကာ၏ ရုပ်အလောင်းကိုတွေ့မြင်၍ ကျောင်းတော်၌ တရားတော်ကိုနာကြား၍ အိပ်နေလေ့ရှိသော ဥပါသကာသည် မသင့်လျော် - မလျောက်ပတ်သော သေခြင်းကို ရလေသည်ဟု ပြောဆိုပြီး၍ မြတ်စွာဘုရားသခင်ကို လျှောက်ထားကြကုန်၏။

မြတ်စွာဘုရားသခင်က 'ချစ်သား—ရဟန်းတို့....၊ ထို မဟာကာလဥပါသကာသည် ရှေး၌ပြုခဲ့ဖူးသော မကောင်းမှုနှင့် သင့်လျော်—လျောက်ပတ်သော သေခြင်းကို ရလေသည်' ဟု မိန့်တော်မူ၏။

ထိုအခါ ရဟန်းတို့သည် မြတ်စွာဘုရားသခင်ကို 'အရှင်ဘုရား....၊ ထိုမဟာကာလဥပါသကာသည် အဘယ်သို့သော မကောင်းမှုကို ပြုခဲ့ဖူးပါသနည်း' ဟု မေးလျှောက်ကြကုန်၏။

## မဟာကာလဥပါသကာ ၏ အတိတ်အကြောင်း

မြတ်စွာဘုရားသခင်သည် 'ချစ်သား—ရဟန်းတို့....၊ ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်အတွင်း၌ တောအုပ်နှင့် နီးကပ်လျက် ရွာတစ်ရွာရှိခဲ့၏။ ထိုရွာ၌ ခိုးသူတို့သည် လူတို့ကို

ပုတ်ခတ် – လုယက် ဖျက်ဆီးကြကုန်၏။ ဗာရာဏသီ မင်း ကြီးသည် ထိုတောအုပ်ဝ၌ မင်းချင်းတစ်ယောက် ထားလေ၏။ ထိုမင်းချင်းယောက်ျားသည် အခကိုယူ၍ ခရီးသည်တို့ကို တော၏ ဤမှာဘက်မှ ထိုမှာဘက်သို့ ဆောင်၏။ ထိုမှာဘက်မှ–ဤမှာဘက်သို့ ဆောင်၏။

တစ်နေ့သ၌ ယောက်ျားတစ်ယောက်သည် ရုပ်အဆင်းလှ စွာ လှပတင့်တယ်သော မိမိ၏မယားကို လှည်းယာဉ်ငယ်ထက်၌ တင်၍ ထိုအရပ်သို့ ရောက်လာ၏။ မင်းချင်းယောက်ျား သည် ထိုမိန်းမကိုမြင်၍ ချစ်ခင်ခြင်းဖြစ်ကာ ထိုမိန်းမကိုမရ,ရ အောင် ယူမည်ဟု ကြံသေ၏။

ခရီးသည်ယောက်ျားက မင်းချင်းယောက်ျားကို 'အရှင် အကျွန်ုပ်တို့ကို တောအုပ်၏ ထိုမှာဘက်သို့ပို့ဆောင်လော့' ဟု ပြောဆိုသည်ရှိသော် မင်းချင်းယောက်ျားက 'ယခုအခါ၌ ခရီးသွားရန် မသင့်လျော်သောအချိန် ဖြစ်၏။ နံနက်စောစောကျမှ ပို့ဆောင်ပါမည်' ဟု မကောင်းကြံ၍ ပြော၏။ ခရီးသွား ယောက်ျားသည် အလိုမရှိဘဲ မင်းချင်းယောက်ျား၏ အိမ်၌ အိပ်ရ၏။ ထိုည၌ မင်းချင်းယောက်ျားသည် သူ၏ ပတ္တမြား တစ်လုံးကို လှည်းယာဉ်တုပ်ကြား၌ ထည့်သွင်းထား စေပြီး လျှင် မိုးသောက်ယံ၌ ခိုးသူတို့ ဝင်ရောက်သော အသံကို ပြုစေ၏။ မင်းချင်းယောက်ျား၏အလုပ်အကျွေးဖြစ်ကြသော ယောက်ျား တို့သည် မင်းချင်းယောက်ျားကို 'အရှင့်– ပတ္တမြား ရတနာကို ခိုးသူတို့ ခိုးယူသွားကြပြီ' ဟု (စေခိုင်းသည့်အတိုင်း) တိုင်ကြ ကုန်၏။

မင်းချင်းယောကျ်ားသည် ရွာတံခါးတို့၌အစောင့်အရှောက်ကိုထား၍ ရွာတွင်းမှ ထွက်လာသော သူတို့ကို စုံစမ်းစိစစ်ရှာဖွေကြကုန်လော့-ဟု ပြော၏။ ခရီးသည်ယောကျ်ားသည် နံနက်စောစောကပင်လျှင် လှည်းယာဉ်ကို မောင်းနှင်၍ ထွက်လာ၏။ ထိုအခါ ခရီးသည်ယောကျ်ား၏ လှည်းယာဉ်ကို ရှာဖွေသည်ရှိသော် မိမိသည်ပင် ထားသော ပတ္တမြား ရတနာကို တွေ့မြင်၍ ခြိမ်းခြောက်ပြီးလျှင် ပတ္တမြားရတနာကို ခိုးယူ၍ ထွက်ပြေးလေဘိ၏-ဟု ပုတ်ခတ်ပြီးလျှင် 'အရှင် – ဤခိုးသူသည် အကျွန်ုပ်၏ ပတ္တမြားရတနာကို ခိုးယူလေသည်' ဟု ပြောဆို၍ ရွာစားအား တိုင်ကြားကြကုန်၏။

ထိုရွာစားသည် မစုံစမ်း-မစစ်ဆေးဘဲ တစ်ဘက်ကေားကိုယုံ၍ ခရီးသည်ယောကျ်ားကို 'အသင်သည် – မင်းချင်းယောကျ်ား၏ အိမ်၌ ထမင်းကိုလည်း စား၏။ အိပ်ရာနေရာကိုလည်း ရ၏။ ထိုသို့ကျေးဇူးရှိသော သူ၏ ပတ္တမြားရတနာကို ခိုးယူ၍ သွားလေဘိ၏၊ အလွန်ယုတ်မာသောဤယောကျ်ားကို ဖမ်းဆီးကြကုန်လော့' ဟု ပြောဆိုပြီးလျှင် ရိုက်နှက် ပုတ်ခတ် သတ်ဖြတ်ပြီး စွန့်ပစ်စေ၏။

'ချစ်သား-ရဟန်းတို့….၊ ထိုအခါ မင်းချင်းယောကျ်ားသည် ယခုအခါ မဟာကာဠဥပါသကာဖြစ်လာ၏။ ထိုမဟာကာဠဥပါသကာ၏ ရှေး၌ ပြုခဲ့သောမကောင်းမှုသည် မကောင်းကျိုး ပေးလေ၏'-ဟု ဟောတော်မူ၏။

…★…

## စက္ခုပါလ မထေရ် အကြောင်း

သစ္စာလေးပါးတရားကို ဆရာမရှိဘဲ ကိုယ်တော်တိုင် သိမြင်တော်မူသော မြတ်စွာဘုရားသခင်သည် သာဝတ္ထိ ပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူသောအခါ မဟာပါလအမည်ရှိသော သူကြွယ်တစ်ယောက်သည် မြတ်စွာဘုရား၏ တရားတော်ကို ကြားနာရ၍ မိမိပစ္စည်း ဥစ္စာတို့ကို စွန့်၍ ရဟန်းပြုသောအခါ စက္ခုပါလအမည်ကို ရလေ၏။

ထိုစက္ခုပါလ ရဟန်းသည် မြတ်စွာဘုရားထံမှ တရားကျင့်နည်းကို သင်ယူပြီးလျှင် ဆိတ်ငြိမ်သက်သော အရပ်သို့ သွား၍ တရားအားထုတ်နေစဉ် မျက်စိနာ ရောဂါထ၍ မျက်စိနှစ်ဘက် ကွယ်လေ၏။ မျက်စိကန်းသွားသော်လည်း ကိုရဟန်းသည် ဝီရိယမလျော့ဘဲ ဆက်လက်၍ တရားအားထုတ်သဖြင့် များမကြာခင် အာသဝေါတရားလေးပါး ကုန်ခမ်း၍ ရဟန္တာအဖြစ်သို့ ရောက်လေ၏။

ထိုမျက်စိကွယ်နေသောရဟန္တာသည် စင်္ကြံသွားဘတ်သော အလေ့ရှိ၏။ တစ်နေ့သည်၌ မိုးရွာသစ်စဖြစ်သောကြောင့် ထိုမထေရ်၏ စင်္ကြံသွားလမ်းပေါ်၌ များစွာသော ပိုးပရန့်တို့သည် ထကုန်၏။ ထိုပိုးပရန့်တို့သည် စင်္ကြံနလျှောက်ရာ လမ်းပေါ်မှာ များသောအားဖြင့် သေလွန်ကုန်၏။

အခြားသော ရဟန်းတို့သည် ထိုပိုးပရန့်တို့ကို မထေရ် နင်းသတ်သည်—ဟု ထင်၍ မြတ်စွာဘုရားသခင်အားလျှောက်ထားကြကုန်၏။ မြတ်စွာဘုရားသခင်က ထို မထေရ်သည် ကုန်ပြီးသော အာသဝေါတရားရှိသောရဟန္တာပုဂ္ဂိုလ်ဖြစ်၏။ ထို့အပြင်

ထိုပုဂ္ဂိုလ်သည် မျက်စိကွယ်နေသောကြောင့် ထိုပိုးပရန်တို့ကို မမြင်သဖြင့် ထိုသတ္တဝါတို့ကို သေစေလိုသော စေတနာမရှိ-ဟု မိန့်တော်မူ၏။

ထိုအခါ ရဟန်းတို့က 'ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား....၊ထိုစက္ခုပါလမထေရ်သည် အရဟတ္တဖိုလ်၏အကြောင်းနှင့် ကောင်းစွာပြည့်စုံသော ကုသိုလ်ကံပါရမီ ရှိပါလျက် အဘယ်အတွက်ကြောင့် မျက်စိ ကွယ်ရပါသနည်းဘုရား' ဟု မေးလျှောက်ကြကုန်၏။ မြတ်စွာဘုရားသခင်က 'ချစ် သားရဟန်းတို့....၊ မိမိပြုခဲ့သော မကောင်းမှုကံ၏ အစွမ်းကြောင့် မျက်စိ ကွယ်ပျက်ခြင်းဖြစ်လေ၏'ဟု မိန့်တော်မူ၏။ ထိုစကားကို ကြားလျှင် ရဟန်းတို့က 'ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား....၊ ထိုစက္ခုပါလမထေရ်ပြုခဲ့သော မကောင်းမှုကံကား-အဘယ်ပါနည်း'ဟု မေးလျှောက်ကြကုန်သည်ရှိသော် မြတ်စွာဘုရားသခင်က အောက်ပါအတိုင်း အတိတ်ကိုဆောင်၍ ဟောတော်မူ၏။

## စက္ခုပါလမထေရ်၏ ရှေးအကြောင်း

'ချစ်သား-ရဟန်းတို့....၊ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီးသည် မင်းပြု၏၊ ထိုအခါ စက္ခုပါလမထေရ်၏ အလောင်းဖြစ်သော တစ်ဦးသော ဆေးသမားသည် ရွာတို့ကို လှည့်လည်လျက် ဆေးကုခြင်းအမှုကိုပြု၏။ ထိုဆေးသမားတော်သည် ပြင်းစွာဝိုကြွေးနေသော မိန်းမတစ်ယောက်ကို တွေ့မြင်၍ 'နှမ....၊ အသင့်အား အဘယ်သို့သော ဒုက္ခဝေဒနာ ဖြစ်နေသနည်း'ဟု မေး၏။ ထိုမိန်းမက 'အရှင်....

ကျွန်တော်မှသည် မျက်စိနာ ရောဂါဝေဒနာဖြစ်၍ ငိုကြွေးနေရပါသည်'ဟု ပြောလျှင် ဆေးဆရာက 'နှမ...၊ အသင့်အား ငါသည် ဆေးကုသခြင်းအမှုကို ပြုအံ့'ဟု ဆို၏။ 'အရှင်... ဆေးကုသခြင်းငှာ–စွမ်းနိုင်လျှင် ကုသပါ'ဟု တောင်းပန်၏။

ဆေးဆရာက 'အသင့်ကို ဆေးကုသသည်ရှိသော် ငါ့အား ဆေးခကို မည်မျှပေးလတ္တံ့နည်း'ဟု မေးလျှင် 'အရှင်–အကယ်၍ ကျွန်မ၏မျက်စိကို ပကတိအတိုင်း ထင်မြင်အောင် ကုစားခြင်းငှာ စွမ်းနိုင်ပါအံ့၊ ကျွန်တော်မသည် သားသမီးနှင့်တကွ အသင်၏ 'ကျွန်' အဖြစ် ဝန်ခံပါ၏။

ဆေးဆရာသည်လည်း 'ကောင်းလှပါပြီ'ဟု နှစ်သက်၍ ထက်မြက်သောဆေးကို ခတ်ပေးလေ၏။ ထိုမိန်းမသည် တစ်ကြိမ်သာ ခတ်ကာမျှဖြင့် ပကတိသော မျက်စိတို့သည် ဖြစ်လေကုန်၏။ ထိုမိန်းမသည် သားသမီးတို့နှင့်တကွ ဆေးဆရာထံ၌ ကျွန်မခံလို၍ ဆေးဆရာအား လှည့်ပတ်တော့အံ့'ဟု ကြံလေ၏။

ဆေးဆရာသည် လာ၍ 'နှမ–အသင်၏မျက်စိရောဂါဝေဒနာသည် အဘယ်သို့ရှိလေသနည်း'ဟု မေးလေ၏။ 'အရှင်... ရှေးအခါ၌ မျက်စိရောဂါသည် အနည်းငယ်သာ တိုးကျွံနှိပ်စက်ပါသည်။ ယခုမှာ မူကား–ရှေးကထက် တိုး၍တိုးကျင် ကိုက်ခဲပါသည်'ဟု ပြောလျှင် ဆေးဆရာသည် ဤမိန်းမသည် ငါ့ကို တစ်စုံတစ်ခုသောဆေးခကို မပေးလိုသောကြောင့် လှည့်ပတ်ပြောဆိုလေသည်–ဟု သိ၍ စိတ်ဆိုးသောကြောင့် ထိုသူမ ပေးသော ဆေးခဖြင့် ငါ့အား အဘယ်မူအံ့နည်း။ ယခုအခါပင် ထိုသူမကို မျက်စိကန်းအောင် ပြုတော့အံ့'ဟု ကြံပြီးလျှင်

မျက်စိကန်းစေတတ်သော ဆေးကိုခတ်ပေးလေ၏။ ထိုဆေးကို ခတ်ကာမျှဖြင့် ထိုမိန်းမ နှစ်ဘက်သော မျက်စိတို့သည် ကန်းလေ၏။

ထိုဆေးဆရာသည် ယခုအခါ စက္ခုပါလမထေရ်ဖြစ်လာ၏၊ 'ချစ်သား ရဟန်းတို့....၊ မိမိပြုအပ်သော မကောင်းမှုကံသည် မိမိနောက်သို့ အစဉ်တစိုက်လိုက်သည်ဖြစ်၍ ယခုဘဝ၌ စက္ခုပါလမထေရ်သည် မျက်စိကန်းခြင်းဖြစ်ရလေသည်-ဟု ဟောတော်မူ၏။

☆

## ဇမ္ဗူက သုတ္တန် တရားတော်

ဘုန်းတော်ခြောက်ပါးသခင် ဖြစ်တော်မူသော မြတ်စွာဘုရားသခင်သည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ ဇမ္ဗူကသုတ္တန်တရားတော်ကို အောက်ပါအတိုင်း ဟောကြားတော်မူခဲ့လေသတည်း။

ရှေးလွန်လေပြီးသောအခါ 'ကဿပ' မြတ်စွာဘုရား၏ သာသနာတော်အတွင်း၌ မွာတစ်ရွာတွင် နေလေ့ရှိသော သူကြွယ်တစ်ဦးသည် တစ်ပါးသောရဟန်းအား ကျောင်းဆောက်လှူဒါန်း၏။ ထိုသူကြွယ်သည် ထိုရဟန်းအား လေးပါးသောပစ္စည်းတို့ဖြင့် ချီးမြှင့်လုပ်ကျွေး၏။ ထိုကျောင်းနေရဟန်းသည် ကျောင်းတကာ သူကြွယ်၏အိမ်၌ နေ့စဉ် ဆွမ်းဘုန်းပေး၏။

တနေ့သ၌ ရဟန္တာတစ်ပါးသည် နံနက်အခါ ဆွမ်းအလို့ငှာ ရွာတွင် လှည့်လည်နေစဉ် ထို သူကြွယ် ၏ အိမ် တံ ခါး သို့ ရောက်လာ၏။ သူကြွယ်သည် ထိုရဟန်း၏ အမူအယာကိုမြင်၍

ကြည်ညိုသောစိတ်ဖြစ်သဖြင့် အိမ်တွင်းသို့ပင့်၍ ကျောင်းထိုင်ရဟန်းနှင့်အတူ ရှိသေစွာ မွန်မြတ်သော ခဲဘွယ်ဘောဇဉ်တို့ဖြင့် ပူဇော်လုပ်ကျွေးပြီးလျှင် အောက်ပါအတိုင်း လျှောက်ထားလေ၏။

'အရှင်ဘုရား....၊ အရှင်ဘုရား၏ သင်္ကန်းအတွက် အဝတ်ကိုလည်းကောင်း၊ အရှင်ဘုရားအတွက် ဆံပင်ရိတ်ရန် ဆတ္တာသည်ကိုလည်းကောင်း၊ အရှင်ဘုရားအတွက် ညောင်စောင်းကိုလည်းကောင်း တပည့်တော်သည် ယူဆောင်၍ ကျောင်းသို့ လာခဲ့ပါမည်။ အရှင်ဘုရားသည် တပည့်တော်၏ကျောင်းသို့ ဤရဟန်းနှင့်အတူ ကြွသွား၍ သီတင်းသုံးတော်မူပါဘုရား'

ထိုစကားကိုကြားလျှင် ထိုအာဂန္တုရဟန်းသည် ကျောင်းထိုင်ရဟန်းနှင့်အတူ ကျောင်းသို့သွား၍ သီတင်းသုံးလေ၏။

မျှားမကြာခင် သူကြွယ်သည် ကျောင်းသို့သွား၍ ဆတ္တာသည်ကို အာဂန္တုက ရဟန်း၏ဆံပင်ကိုရိတ်ခိုင်းပြီးလျှင် သင်္ကန်းအသစ်ကို ဝတ်စေပြီး၍ သူကိုယ်တိုင် ယူဆောင်လာသော ညောင်စောင်းပေါ်မှာ သီတင်း သုံးတော်မူပါ ဘုရား' ဟု လျှောက်၏။ သူကြွယ်သည် နှစ်ဦးကုန်သော ရဟန်းတို့ကို နက်ဖြန် ဆွမ်းစားပင့်ပြီးလျှင် ပြန်ခဲ့လေ၏။

ထိုကျောင်း၌ အမြဲနေသောရဟန်းသည် ဧည့်သည်ရဟန်းအား ပူဇော်သက္ကာရကို မြင်၍ စိတ်မချမ်းသာ ဖြစ်လေ၏။ ဤကျောင်းတကာသည် တခဏမျှမြင်ရသော ဧည့်သည်ရဟန်းအား ကြီးစွာသော ပူဇော်သက္ကာရကို ပြုဘိ၏။ အိမ်၌ အမြဲမပြတ် ဆွမ်းစား၍နေသော ငါ့အားမူကား၊ တစ်စုံတစ်ရာ ပူဇော်သက္ကာရမပြုဘဲနေ၏-ဟု ပြင်းစွာသော မနာလိုစိတ်ဖြစ်လေ၏။

ထိုနေ့ ညချမ်းသောအခါ ကျောင်းထိုင် ရဟန်းသည် ဧည့်သည်ရဟန်း၏ အိပ်ယာသို့သွား၍ 'ငါ့ရှင် ဧည့်သည်ရဟန်း ဤသူကြွယ်သည် သူယုတ်မာပေတည်း။ ထိုသူကြွယ်၏ အိမ်၌ ဆွမ်းကိုစားရသည်ထက် အသင့်အား မစင်စားသုံးရခြင်းသည် မြတ်သေး၏။ သူကြွယ်ခေါ်ဆောင်လာသော ဆတ္တာသည်ဖြင့် ဆံကိုရိတ်ရသည်ထက် ထန်းစိညှပ်ဖြင့် ဆံပင်ကို နှုတ်ပစ်ခြင်းသည်ကား မြတ်သေး၏။ သူကြွယ်ပေးလှူသော သင်္ကန်းတို့ ဝတ်ရုံရသည်ထက် အသင့်အား အဝတ်မဝတ်ဘဲ ကိုယ်တုံးလုံးနေရခြင်းသည်ကား မြတ်သေး၏' ဟု လေးပါးကုန်သော အခြင်းအရာတို့ဖြင့် ပြင်းစွာ ဆဲရေးလေ၏။

ဧည့်သည် ရဟန္တာ အရှင်မြတ်က ဤသူမိုက်သည် ငါ့ကို အမှီပြု၍ အကြီးအကျယ် ကြောက်မက်ဖွယ်သော အကုသိုလ်ဖြစ်၍ မပျက်စီးပါစေလင့်–ဟု ကြံဆ - ဆင်ခြင်တော်မူ၍ နံနက်စောစောကပင် ထ၍ တခြားအရပ်သို့ ကြွသွားလေ၏။

ကျောင်းထိုင် ရဟန်းသည် နံနက်စောစောကပင် လျှင် ကျောင်း၌ပြုဖွယ်ကိစ္စတို့ကို ပြုပြီးလျှင် ဧည့်သည်ရဟန်း အိပ်နေသည့်ကုဋင်မှတ်၍ တစ်ပါးတည်း ဆွမ်းစားကြွသွားလေ၏။ သူကြွယ်အိမ်သို့ရောက်လျှင် သူကြွယ်က ဧည့်သည်ရဟန်းမပါ လာကြောင်းကို မေးလျှင် အိပ်ယာမှ မနိုးသေးကြောင်း ပြန်ပြော၏။ သူကြွယ်သည် ကျောင်းနေရဟန်းကို ဆွမ်းကျွေးပြီးလျှင် ဧည့်သည်ရဟန်းအတွက် ဆွမ်းသပိတ်အပြည့် လှူလိုက်လေ၏။ ကျောင်းထိုင်ရဟန်းသည် ထိုဆွမ်းကို အပြန်လမ်းတွင် သွန်ပစ်ခဲ့လေ၏။

ကျောင်းထိုင်ရဟန်းသည် ဤမျှလောက် အတိုင်းအရှည်ရှိသော အမှုတို့ဖြင့် ရဟန္တာအား ပြစ်မှားခြင်းဟူသော အကုသိုလ်မကောင်းမှုကြောင့် သေပြီးနောက်ကာလ၌ အဝီစိငရဲကြီး၌ဖြစ်၍ နှစ် ကုဋေပေါင်းများစွာ ကြီးစွာသော ဆင်းရဲ-ဒုက္ခကိုခံစားပြီးနောက် ဂေါတမမြတ်စွာဘုရား ပွင့်တော်မူသောအခါ ရာဇဂြိုဟ်ပြည်၌ ဥစ္စာကြွယ်ဝသော အမျိုးအိမ်၌ဖြစ်လေ၏။

ထိုသူငယ်ကို ဇမ္ဗုကဟူ၍အမည်ပေးကြ၏။ ထိုသူငယ်သည် ခြေဖြင့်သွားလာနိုင်သော အရွယ်မှစ၍ အိပ်ရာ၌မအိပ်ဘဲ မြေ၌သာ အိပ်၏။ ထမင်းဟင်းတို့ကို မစားဘဲ မစင်ကိုသာစား၏။ အဝတ်မဝတ်ဘဲ ကိုယ်တုံးလုံး သာ လျှင် နေ၏။ ထိုအခါ ထိုသူငယ်၏ မိဘတို့သည် အကြီးအကျယ် စိတ်ထိခိုက်ကြ၏။

ဤသူငယ်သည် ငါတို့ အမျိုး အနွယ်အား မ သင့် တင့် မလျော်ပတ်သော အမှုကိုပြုနေ၍ ရှက်ကြ၏။ သူတို့သည် ထိုသူငယ်ကို အိမ်မှာ မထားလိုသောကြောင့် အာဇီဝကတို့၏ ကျောင်း၌ ရဟန်းပြုစေ၏။ ဇမ္ဗုကသည် ရဟန်း အဖြစ်နှင့် နေစဉ် ထမင်းဟင်းတို့ကို မစားဘဲ မစင်ကိုသာစား၏။ အဝတ်မဝတ်ဘဲကိုယ်တုံးလုံးသာနေ၏။ချောင်စောင်းပေါ်မှာမအိပ်ဘဲ မြေပေါ်၌သာအိပ်၏။ ဆံပင်တို့ကို ဓားဖြင့်မရိတ်ဘဲ ထန်းစိညှပ်ဖြင့်သာနုတ်၏။ ထိုအကြောင်းကို အာဇီဝကတို့ သိသောအခါ ကျောင်းမှ နှင်ထုတ်ကုန်၏။

ဇမ္ဗုကကို အာဇီဝကတို့ နှင်ထုတ်သဖြင့် သူသည် နေစရာမရှိသောကြောင့် လူအပေါင်းတို့၏ ကျင်ကြီးစွန့်ရာအရပ်ဝယ် တစ်ခုသော ကျောက်ဖျာကိုမှီ၍ နေထိုင်ခြင်းကိုပြု၏။ သူသည်

လက်တစ်ဘက်ဖြင့် ကျောက်ဖျာအစွန်းကို ကိုင်ပြီး လျှင် တစ်ဘက်သော ခြေကို ပင့်မြှောက်၍ ဒူးဖြင့် ထောက်ပြီး ခံတွင်းကို ဖွင့်၍နေ၏။ လူတို့သည် ထိုသို့သော အခြင်းအရာကို မြင်သောအခါ ချဉ်းကပ်ပြီးလျှင် ရှိခိုး၍ 'အရှင်ဘုရား....၊ အရှင်မြတ်သည် အဘယ်ကြောင့် ခံတွင်းကိုဖွင့်၍နေတော်မူသနည်း' ဟု မေးလျှောက်ကုန်၏။

'ဒါယကာတို့....၊ကျွန်ုပ်သည်လေကိုသာစားသုံး၏။ငါ့အားလေမှ တပါးသော အစာဟာရမရှိ' ဟု ဆို၏။ ထို့ နောက်တဖန် 'ခြေတစ်ဘက်ကို ထောက်ပြီး ဒူးထောက်၍ အဘယ်ကြောင့် နေပါသနည်း' ဟု မေးမြန်းလျှင် ငါသည်မြတ်သောကျင့်ခြင်းရှိ၏။ ကြမ်းတမ်းပြင်းထန်သောအကျင့်ရှိ၏။ ငါသည် ခြေနှစ်ဘက်တို့ဖြင့် နင်းထောက်သည်ရှိသော် မြေကြီးတုန်လှုပ်လတ္တံ့။ ထို့ကြောင့် တစ်ဘက်သောခြေကို မြှောက်ပြီး ဒူးဖြင့်ထောက်၍ နေ၏။ ငါသည် နေ့ - ညပတ်လုံး ကျွဲကဲ့သို့ အခြင်းအရာဖြင့်ပင် ကာလကို လွန်စေ၏ ထိုင်နေခြင်းမရှိ။ အိပ်နေခြင်းမရှိ-ဟု ပြော၏။

လူတို့သည် များသောအားဖြင့် စကားမျှကိုပင်သော်လည်း ယုံကြည်ကြကုန်၏၊ လူတို့သည် အံ့ဩဖွယ်သော စကား ကို ကြား၍ ချီးမွမ်းကုန်၏။ လတိုင်း - လတိုင်းကြီးစွာသော ပူဇော်သက္ကာရကို ပြုကြကုန်၏၊ လူတို့ ယူ ဆောင် လာ သော ထောပတ်-တင်လဲစသည်တို့ကို မြက်ဖျားဖြင့်ယူ၍ လျှာပေါ်တင်ထားပြီးလျှင် သွားကြကုန်လော့။ ဤမျှလောက်ဖြင့် အသင်တို့အား အကျိုးစီးပွား များလောက်ပေပြီ-ဟု လွှတ်လိုက်၏။ဤသို့

နည်းဖြင့် ဇမ္ဗူကသည် ငါးဆယ့်ငါးနှစ်တို့ ကာလပတ်လုံး အဝတ်မဝတ်ဘဲ မစင်စား၍ ဆံပင်တို့ကို ထန်းစိသွပ်ဖြင့် နုတ်လျက် မြေ၌သာ အိပ်ပြီးလျှင် ကာလကို ကုန်လွန်စေခဲ့သည်။

တစ်နေ့သောအခါ မြတ်စွာဘုရားသခင်သည် နံနက်စောစောကပင်လျှင် လောကကို ကြည့်ရှုတော်မူသောအခါ၌ ဇမ္ဗူကကိုဉာဏ်တော်တည်းဟူသော ကွန်ရက်အတွင်း၌ ထင်လာ၏။ ထိုဇမ္ဗူကသည် အရဟတ္တဖိုလ်သို့ ရောက်အံ့သော ဥပနိဿယ၏ ပြည့်စုံခြင်းကို မြင်တော်မူ၍ မြတ်စွာဘုရားသည် ညချမ်းခါဝယ် ဇမ္ဗူက၏ထံသို့ ကြွသွားတော်မူ၏။ မြတ်စွာဘုရားသခင် ဇမ္ဗူကထံသို့ မရောက်ခင် နတ်တို့သည် မိုးရွာခြင်းဖြင့် ကျောက်ဖျာကို အညစ်အကြေးကင်းစင်စေ၍ ငါးပါးသော အဆင်းရှိသော ပန်းမိုးကို ရွာစေကုန်၏။

မြတ်စွာဘုရားသည် ဇမ္ဗူကထံသို့ ရောက်၍ တစ်ညတည်းခိုရန် နေရာကို တောင်းတော်မူ၏။ ဇမ္ဗူက ခွင့်ပေး၍ နေရာရလျှင် မြတ်စွာဘုရားသခင်သည် ဇမ္ဗူကနှင့် မနီးမဝေးသော နေရာ၌ သီတင်းသုံးတော်မူ၏။

ည၏ပဌမယံ၌ လောကပါလ နတ်မင်းကြီး လေးပါးတို့သည် အရပ်လေးမျက်နှာတို့ကို အရောင်ပြုလျက်မြတ်စွာ ဘုရားသခင်ကို ခစားခြင်းငှာ လာရောက်ကြကုန်၏။ ဇမ္ဗူကသည် ထိုအလင်းရောင်တို့ကို မြင်၍ အံ့သြ၏။ ည၏ဒုတိယယံ၌ သိကြားမင်းသည် ကြီးစွာသော ကိုယ်အလင်းရောင်ဖြင့် မြတ်စွာဘုရားသခင်ထံလာ၍ ခစား၏။ ဇမ္ဗူကသည် ထိုအလင်းရောင်တို့ကို

မြင်၍ အံ့သြပြန်၏။ ည၏ တတိယယံ၌ မဟာ ဖြူဟွံ့မင်းကြီး သည် အလွန်ထွန်းလင်းတောက်ပသော ကိုယ်အရောင်အလင်း တို့ဖြင့် လာ၍ မြတ်စွာဘုရားသခင်အား ဆည်းကပ် လာ ၏။ ဇမ္ဗုကသည် ထိုအလင်းရောင်တို့ကို မြင်၍အံ့သြ၍မဆုံး ဖြစ် လေ၏။

မိုးလင်းသောအခါ ဇမ္ဗုကသည် ထိုအရောင်အလင်းတို့ကို စုံစမ်းလို၍ 'မြတ်စွာဘုရား၏ အထံတော်သို့ လာ၍မေး၏၊ ရဟန်းကြီး....၊ ညက ပထမယံ၌ လေးပါးကုန်သော အရပ်တို့ကို ထွန်းလင်းစေလျက် အသင်၏ ထံမှောက်သို့ အဘယ်သူတို့ လာရောက်ကြသနည်း'ဟု မေး၏။ မြတ်စွာဘုရားက 'စတု မဟာရာဇ်နတ်မင်းကြီးလေးပါးတို့သည် ငါ့အား အခစားမှိဝဲ ဆည်းကပ်ခြင်းငှာ လာကုန်၏ ဟုမိန့် တော်မူလျှင် 'အသို့နည်း ရဟန်းကြီး ...၊ အသင်သည် ထိုနတ်မင်းကြီးထိုထက်ပင်မြတ် သေးသလော'ဟု မေးမြန်း၏။

'သြော်-ဟုတ်ပေ၏ ဇမ္ဗုက၊ ငါသည် ထိုနတ်မင်းကြီးတို့ ထက် လွန်ကဲထူးမြတ်ပေသည်' ဟု မိန့်တော်မူ၏။ ဇမ္ဗုကက တစ်ဖန် ည၏ ဒုတိယယံ၌ အဘယ်သူလာသနည်း'ဟု မေးပြန် ၏။ 'ဇမ္ဗုက ...၊နတ်တို့ကို အစိုးရသော သိကြားမင်းသည် ငါ့ အား ခစားမှိဝဲဆည်းကပ်ခြင်းငှာ လာသည်' ဟု မိန်တော်မူ လေ၏။ အသို့နည်း - ရဟန်းကြီး....၊ အသင်သည် သိကြား မင်းထက်ပင် မြတ်သေးသလော'ဟု မေးမြန်း၏။ 'သြော်-ဟုတ် လှပေ၏' ဟု မိန့်တော်မူ၏။ ဇမ္ဗုကက 'ရဟန်း-မင်းကြီး၊....၊ ထို့နောက် ည၏ တတိယယံ၌ အလုံးစုံသော တောအုပ် ကို

ကိုယ်ရောင်ဖြင့် ထွန်းလင်းစေလျက် အဘယ်သူ လာသနည်း’ဟု မေးမြန်း၏ မြတ်စွာဘုရားက ‘ဇမ္ဗူက....၊ ပုဏ္ဏား လူမျိုးတို့၏ ကိုးကွယ်ဆည်းကပ်ရာဖြစ်သော မဟာဗြဟ္မာသည် ငါ့အား မို့ဝဲ ဆည်းကပ်ရန် လာသည်’ဟု မိန့်တော်မူ၏။ ‘အသို့နည်း–ရဟန်း ကြီး....၊ အသင်သည် မဟာဗြဟ္မာမင်းကြီးထက်ပင် မြတ်သေး သလော’ဟု မေးမြန်းသဖြင့် မြတ်စွာဘုရားက ‘ဇမ္ဗူက၊ ဩဘ်– ဟုတ်ပေ၏။ ငါသည် ဗြဟ္မာတကာတို့ထက် လွန်ကဲစွာမြတ် သော ဗြဟ္မာပေတည်း’ဟု မိန့်တော်မူသည်ရှိသော် ဇမ္ဗူကက ‘ရဟန်းကြီး....၊ အသင်သည် အလွန်အကြူး တရားသဖြင့် ချီးမွမ်းထိုက်၍ အံ့ဩဖွယ်ရှိလေစွ–တကား။

ငါသည် ငါးဆယ့်ငါးနှစ်တို့ ကာလပတ်လုံး ဤအရပ်၌ နေသော ငါ့အား စတုမဟာရာဇ် နတ်မင်း၊ သိကြားမင်း၊ ဗြဟ္မာမင်းတို့တွင် တစ်စုံတစ်ယောက်မျှပင် ခစားဆည်းကပ်ခြင်း ငှာ လာဖူးသည် မရှိပါ။

ထိုအခါ မြတ်စွာဘုရားသခင်က ‘ဇမ္ဗူက....၊ သင်သည် ရှေးဘဝက ပြုခဲ့သော မကောင်းမှု၏ အပြစ်ဒဏ်ကိုခံစားလျက် ဤမျှလောက်ရှည်သောကာလကို ကုန်လွန်စေခဲ့ပြီး အမှန်ဖြစ် ၏။ ဇမ္ဗူကက ‘ရဟန်းကြီး....၊ ငါသည် အ ဘယ် သို့ သော မကောင်းမှုကို ပြုခဲ့ဖူးသနည်း’ဟု မေးသဖြင့် မြတ်စွာဘုရား သခင်က ‘ဇမ္ဗူက...၊ သင်သည် ကဿပဘုရား သာသနာတော် အတွင်းက ရဟန်းတစ်ပါးကို ပြစ်မှားခဲ့သော အကြောင်းကို ပြောကြားတော်မူ၏။ မြတ်စွာဘုရား ဟောကြားတော်မူစဉ်ပင် ဇမ္ဗူကအား ထိတ်လန့်တုန်လှုပ်ခြင်း ဖြစ်၍ ရှက်ခြင်း၊ ကြောက်

ခြင်းဖြစ်ပေါ်လာပြီးဆောင့်ကြောင့်ဟိုင်လေ၏။ထိုအခါမြတ်စွာဘုရားသခင်က 'ရေသနုပ်'ကိုပစ်၍ ပေးသနားတော်မူ၏။ဇမ္ဗူကက ရေသနုပ်ကိုပတ်၍ မြတ်စွာဘုရားသခင်ကို ရိုသေစွာ ရှိခိုးလေ၏။

မြတ်စွာဘုရားသခင်သည် ဇမ္ဗူကအား အစဉ်သော တရားစကားကို ဟောကြားတော် မူသည်ရှိသော် ဒေသနာတော်၏ အဆုံး၌ ဇမ္ဗူကသည် အရဟတ္တဖိုလ်သို့ ရောက်လေ၏။

—☆—

## မဟာဒုဂ်အကြောင်း

ဘုန်းတော် ခြောက်ပါးသခင် ဖြစ်တော်မူသော 'ကဿပ' မြတ်စွာဘုရားသည် ဗာရာဏသီပြည်၌ သီတင်းသုံးနေတော်မူသော အခါ ထိုမြို့၌ မဟာဒုဂ် အမည်ရှိသော အလွန် ဆင်းရဲသော ယောကျ်ားတစ်ယောက်သည် သူ၏ဇနီးနှင့်အတူ နေထိုင်လျက် ရှိ၏။ သူသည် အခစားအလုပ်ဖြင့် စားသောက်နေထိုင်၏။ အလုပ်မရသောနေ့များတွင် သူသည် ဘုရားသခင်၏ ကျောင်းတော်သို့ သွား၍ စားကြွင်းစားကျန်စား၏။

တစ်နေ့သ၌ သူကြွယ်တစ်ယောက်သည် သံဃာဆွမ်းကျွေးလိုသူများ စာရင်းကောက်လျက်လာ၍ မဟာဒုဂ်ကို သံဃာဆွမ်းကျွေးလိုသလော—ဟု မေး၏။ မဟာဒုဂ်က 'ငါသည် သူများကဲ့သို့ လုံလောက်အောင် ထမင်းကိုပင် မစားရဘဲ၊ ယာဂုမျှကို သုံးဆောင်ရသဖြင့် ယာဂုကျိုချက်ရန် အလို့ငှာဖြစ်သော ဆန်မျှမရှိသေးပါ။ သူတစ်ပါးတို့၏ ထံမှောက်၌ အခစား

အဖြစ်ဖြင့် ဝမ်းစာရှာကျွေး–အသက်မွေးရသော အကျွန်ုပ်သည် ရဟန်း–သံဃာကို အဘယ်မှာ ကျွေးမွေးနိုင်ပါအံ့နည်း’ ဟု ပြော၏။

ထိုစကားကိုကြားလျှင် သံဃာစာရင်းကိုင် ယောကျ်ားက ‘အချင်း–မဟာဒုဂ္ဂ…၊ အသင်သည် တစ်နေ့ပတ်လုံး အခစား အမှုကို ပြုလုပ်သော်လည်း ဝမ်းပြည့်ရုံမျှကိုပင် မရချေ။ ဤသို့ ဖြစ်ခြင်းသည် အသင်သည် ရှေးရှေးသော ဘဝတို့၌ ဒါနစသော ကောင်းမှုကုသိုလ်ကံကို မပြုလုပ်ခဲ့ခြင်းကြောင့် တစ်စုံတစ်ခုမျှကို မရ။ ဝမ်းဝအောင်ပင် မစားရ–ဟု အသင် အောက်မေ့ဆင်ခြင်၍ သိပါ၏လော’ ဟု မေးလျှင် အရှင်သိပါ၏။ ထိုသို့ သိပါလျက် ယခုအခါ အဘယ်ကြောင့် အသင်သည် ကောင်းမှုကို မပြုလုပ်ပါသနည်းအရှင်၊ သင်ပြောသည့်အတိုင်း မှန်၏။ အရှင်ပေးသော အကြံကို ကျွန်ုပ်လိုက်နာပါမည်။ အကျွန်ုပ်အတွက် တစ်ပါးသောရဟန်းကို သံဃာစာရင်းတွင် မှတ်ပါတော့။ အကျွန်ုပ်သည် အခစားအမှုကိုလုပ်ပြီး နက်ဖြန်နံနက် ရဟန်းတစ်ပါးအား ဆွမ်းလှူဒါန်းပါအံ့–ဟု ဝန်ခံ၏။

သံဃာစာရင်းကိုင် ယောကျ်ားသည် တခြားသောသူတို့နှင့် မေးသည်ကို ဖြေနေရ၍ မဟာဒုဂ္ဂအတွက် ရဟန်းတစ်ပါးစာရင်းတွင် မှတ်ရန် မေ့လျော့လေ၏။

မဟာဒုဂ္ဂသည် နောက်နေ့ ဆွမ်းကျွေးရန် ရဟန်းတစ်ပါး ရလိမ့်မည်–ဟု မှတ်၍ ဝမ်းသာအားရဖြစ်၍ အိမ်သို့ပြန်သွား၍ ဆွမ်းကျွေးရန် ရဟန်းတစ်ပါး ရခဲ့ကြောင်းကို သူ့ဇနီးအား ပြောလေ၏။ မဟာဒုဂ္ဂ၏ ဇနီးမယားသည်လည်း ဝမ်းသာအားရ ဖြစ်လေ၏။

'ငါတို့သည် ရှေးရှေးသောဘဝတို့၌ တစ်စုံတစ်ခုသောဒါန ဝတ္ထုကို လှူဒါန်းခြင်းမရှိသောကြောင့် ယခုဘဝ၌ ဆင်းရဲ ပင်ပန်းခြင်း ဖြစ်ရ၏။ နှစ်ဦးကုန်သော ငါတို့သည် အခစား အမှုကို ပြုလုပ်ပြီး တင်ပါးသောသံဃာတော် အရှင်မြတ်အား ဆွမ်းကိုပေးလှူကုန်အံ့'ဟု ပြောဆိုပြီး နှစ်ဦးကုန်သော လင်– မယားတို့သည် အိမ်မှထွက်၍ အခစားအမှု လုပ်ရာအရပ်သို့ သွားကြကုန်၏။

သူဌေးကြီးတစ်ယောက်သည် မဟာဒုဂ်ကိုမြင်၍ ထင်း–သစ် တို့ကို ခွဲစိတ်ခိုင်းလေ၏။ မဟာဒုဂ်သည် ပုဆိုးကို မြဲမြံစွာ အောက်ပိုးကြိုက်၍ ကြီးစွာသောအားထုတ်ခြင်းဖြင့် ထင်းတို့ ကို ပေါက်ခွဲလေ၏။ သူဌေးကြီးသည် နှစ်သက်၍ များစွာ သော အခကို ပေးလေ၏။

သူဌေးကတော်သည်လည်း မဟာဒုဂ်၏ မယားကို မြင်၍ ကောက်စပါးကို ထောင်းဖွပ်–ပြာလှင့်ခိုင်းလေ၏။ မဟာဒုဂ်၏ မယားသည်လည်း သီချင်းကိုရွတ်ဆို၍ ရွှင်လန်း–ဝမ်းမြောက် သော စိတ်ရှိသည်ဖြစ်၍ ကောက်စပါးကို ထောင်းဖွပ်–ပြာလှင့် လေ၏။ သူဌေး ကတော်သည်လည်း နှစ်သက် သည် ဖြစ် ၍ တစ်ခုသော ထောပတ်အိုးငယ်ကိုလည်းကောင်း၊ နို့ဓမ်းအိုးကို လည်းကောင်း၊ ရှောက်ခြင်းကိုလည်းကောင်း စင်ကြယ်–သန့်ရှင်း သော ဆန်တစ်ကွမ်းစားကိုလည်းကောင်း ပေးလေ၏။

ဤသို့သော အခြင်းအရာဖြင့် နှစ်ဦးသော လင်မယားတို့ ရသော ဆန်တို့သည်ကား ငါးကွမ်းစားမျှရှိကုန်၏။

နောက်နေ့ ထိုလင်မယားတို့သည် နံနက် စောစောကပင် အိပ်ရာမှထကြ၍ မယားသည် ထမင်းဟင်းချက်ပြုတ်ရန် အိမ်

မှာပဲနေခဲ့၍ မဟာဒုဂ်သည် ဟင်းချက်ရန် အသားနှင့်ဟင်းရွက် ရှာ ထွက်လေ၏။ မြစ် ကမ်း သို့ ရောက် လျှင် တံငါသည် တစ်ယောက်သည် မဟာဒုဂ်ကို မြင်လျှင် ငါးရွေးခိုင်းလေ၏။ ငါးရွေးချယ်ခြင်းအလုပ်ပြီးလျှင် တံငါသည်သည် ငါးကြင်း လေးကောင်ကို အခအဖြစ် ပေးလေ၏။ မဟာဒုဂ်သည် ငါး ကြင်းလေးကောင်နှင့် လမ်းမှရခဲ့သော ဟင်းရွက်တို့ကို သူ၏ ဇနီး-မယားအား ပေးလေ၏။

ထိုအခါ သိကြားမင်းနေရာ ကျောက်ဖျာသည် တင်းမာ၍ ပူလောင်သောအခြင်းအရာကို ပြုလေ၏။ သိကြားမင်းသည် အကြောင်း အသို့နည်းဟု ကြည့်ရှု-ဆင်ခြင်သည်ရှိသော် ဗာရာဏသီမြို့၌ မဟာဒုဂ်အမည်ရှိသော ဆင်းရဲသားသည် 'ကဿပ' မြတ်စွာဘုရားအား ဆွမ်းလုပ်ကျွေးရန် ပြင်ဆင်နေ သည်ကို မြင်၍ ငါသွား၍ ကူညီလုပ်ကိုင်ပေးမှ သင့်တော်မည် ဟု ကြံ၏။ ထိုသို့ကြံစည်ပြီးလျှင် သိကြားမင်းသည် မထင်ရှား သော လုလင်အသွင်ဖြင့် မဟာဒုဂ်၏အိမ်အနီးအပါးသို့ သွား ရောက်၍တစ်စုံတစ်ခုသော ပြုဖွယ်အမှုသည် ရှိသလောဟု မေး၏။ မဟာဒုဂ်သည် ထိုလုလင် မေးသံကိုကြား၍ 'ငါတို့မှာ ရဟန်း တစ်ပါးအတွက် ဆွမ်းချက်ရန်ကိစ္စရှိပါ၏။ သို့သော် ဆွမ်းချက် ခ ငွေ ပေးစရာမရှိ' ဟု ဆို၏။ 'ငါသည် သံဃာအတွက် ဆွမ်းချက်ခ ငွေမလိုပါ၊ ကုသိုလ် လိုပါ၏' ဟု ဆိုလျှင် ဝင်ချက်ပါလေလော့ဟု မဟာဒုဂ်က အခွင့်ပေးလေ၏။

လုလင်အသွင် ဆောင်ထားသော သိကြားမင်းသည် မီးဖို ချောင်ထဲဝင်၍ ထမင်းဟင်းတို့ကို ချက်သည့်အပြင် အိမ်

မခိုင်သည်ကို ခိုင်အောင်၊ မြေမညီသည်ကိုညီအောင်၊ အိမ်နိမ့်သည်ကို မြင့်အောင် မိမိဘာနိုင်ဖြင့် ပြုလုပ်ပေးလေ၏။

သံဃာဆွမ်းကျွေးချိန် ရောက်သောအခါ မဟာဒုဂ်သည် သွား၍ သံဃာစာရင်းကိုင်ယောကျ်ားထံမှ ရဟန်း တစ်ပါးကို တောင်းလေ၏။ သံဃာစာရင်းကိုင်ယောကျ်ားသည် မဟာဒုဂ် အတွက် ရဟန်းတစ်ပါး စာရင်းတွင်မထည့်မိ၍ မဟာဒုဂ်အတွက် ရဟန်းတစ်ပါး မချန်ထားမိပါ။ တခြားမယောလူတို့သည်စာရင်း အတိုင်း ရဟန်းများကို ပင့်ဆောင်သွားကြကုန်၏။ မဟာဒုဂ် အတွက် ရဟန်းမကျန်တော့ပါ။ သံဃာစာရင်းကိုင်ယောကျ်ား သည် ရဟန်းတစ်ပါးမျှမရှိတော့ပါဟု ပြောလျှင် မဟာဒုဂ်၏ ရင်ဝမ်းကို ထက်လှစွာသော လှံသွားဖြင့် ထိုးဆွတ်သကဲ့သို့ ဖြစ်သွား၍ ညာ လက်မောင်းနှစ်ဘက်ကိုအထက်သို့ မြှောက်ပြီး သည်းကြီးစွာ ငိုကြွေး၏။

မဟာဒုဂ်၏ ငိုကြွေးသော အသံကိုကြား၍ လူအပေါင်းတို့သည် စုရုံး-စည်းဝေး လာကြကုန်၏။ ထိုလူတို့သည် အကြောင်းကိုမေးလျှင် မဟာဒုဂ်သည် အကြောင်းကို ပြန်ပြောလေ၏။ ထိုလူတို့သည် မြတ်စွာဘုရားထံသို့ သွား၍ သတင်းတော်ကို ကောင်းလှလေဘဟု အကြံပေးကြ၏။မဟာဒုဂ် သည် အကြံရသည့်အတိုင်း မြတ်စွာဘုရားထံသို့သွား၍ ငါးပါးသော မည်ကို ထိမြင်းဖြင့် ရှိခိုးပြီးသော် အောက်ပါအတိုင်း လျှောက်ထားလေ၏။

'ဘုန်းတော်ကြီးတော်မူပေသော မြတ်စွာဘုရား....၊ ဤ ဗာရာဏသီ မြို့တော်ကြီး၌ တပည့်တော်အောက် ယုတ်နိမ့်ပြီး ဆင်းရဲ-ငြိုငြင်ပင်ပန်းသော သတ္တဝါသည်တစ်ကိုယ်တစ်ယောက်မျှ

မရှိပါ။ အရှင်ဘုရားသည် တပည့်တော်၏ ကိုးကွယ်ရာ - မှီခိုရာ ဖြစ်တော်မူပါလော့။ တပည့်တော်အား အစဉ် သနားတော်မူပါသဖြင့် သင်္ဂြိုဟ်-ချီးမြှင့်ခြင်းကို ပြုတော်မူပါလော့....' ဟု လျှောက်ကြား၏။

မြတ်စွာဘုရားသခင်သည် သပိတ်တော်ကို လှမ်းယူတော်မူပြီးလျှင် မဟာဒုဂ်၏ လက်ပေါ်၌ တင်ထားတော် မူလေ၏။ မဟာဒုဂ်သည်လည်း မြတ်စွာဘုရား၏ သပိတ်တော်ကို ရလျှင် စကြဝဠာမင်း၏ အဖြစ်သို့ ရောက်သကဲ့သို့ ဝမ်းမြောက် ဝမ်းသာ ဖြစ်လေ၏။

မဟာဒုဂ်သည် မြတ်စွာဘုရား၏ သပိတ်တော်ကို ရပြီဟု ကြားသိရသောအခါ မင်းကြီး၊ မင်းသား၊ အမတ်၊ စစ်သူကြီး စသည်တို့သည် မဟာဒုဂ်ထံသို့ လာ၍ အချင်း - မဟာဒုဂ် ငါတို့အား မြတ်စွာဘုရား၏ သပိတ်တော်ကို ပေးပါလော့။ ငါတို့သည် အသင့်အား ကြီးများလောက်ကုန်သော အဖြာတို့ကို ပေးပါကုန်အံ့။ အသင်သည် ဆင်းရဲ--ခြို့ငြင် ပင်ပန်းလှသည် ဖြစ်သောကြောင့် ပစ္စည်း--ဥစ္စာကိုသာ ယူပါလော့။ ဘုရားသပိတ်တော်ဖြင့် အသင့်အား အဘယ် အကျိုးရှိအံ့နည်း' ဟု ပြောဆိုကြကုန်၏။ မဟာဒုဂ်သည်လည်း 'ငါသည်-တစ်စုံတစ်ယောက်သောသူကိုမျှ သပိတ်တော်ကို မပေးတော့အံ့၊ မြတ်စွာဘုရားသခင်ကိုသာ ဆွမ်းလုပ်ကျွေးအံ့' ဟု ပြော၏။

ထမင်းချက်သမားလုလင်အသွင်ဆောင်ထားသော သိကြားမင်းသည် မြတ်စွာဘုရားကြွလာခင် ယာဂု ထမင်း ဟင်းလျာသည်တို့ကို ပြည့်စုံစေပြီးလျှင် နိမ့်နေသောအိမ်ကို မြင့်အောင် ပြုလုပ်ပေး၏။ မခိုင်သောအိမ်ကို ခိုင်အောင်ပြုလုပ်ပေးလေ၏။

မဟာဒုဂ်သည် မြတ်စွာဘုရားသခင်ကို ပင့်ဆောင်လာ၍ 'အရှင်ဘုရား....၊ တပည့်တော်၏ အိမ်အတွင်းသို့ ဝင်ကြွတော်မူပါဘုရား'ဟု လျှောက်၏။ မြတ်စွာဘုရားသည်လည်း မဟာဒုဂ်၏ အိမ်အတွင်းသို့ ကြွဝင်၍ သိကြားမင်း ခင်းထားသော နေရာ၌ ထိုင်နေသီတင်းသုံးတော်မူလေ၏။

ထမင်းချက်သမားလုလင်အသွင်ဆောင်သော သိကြားမင်းသည်၊ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးကို ယာဂုခဲဖွယ်စသည်တို့ဖြင့် ရှိသော - ကောင်းမွန်စွာ လုပ်ကျွေး ပြုစုလေ၏။ မြတ်စွာဘုရားသခင်သည် ဆွမ်းဘုဉ်း ပေးပြီးသည် အဆုံး၌ အနုမောဒနာတရား-ဟောကြားပြီးလျှင် နေရာမှ ထတော်မူပြီး ဖယ်ကြွတော်မူလေ၏။ မဟာဒုဂ်သည် သပိတ်တော်ယူပြီးသောအခါ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီး၏ နောက်တော်သို့ အစဉ်လိုက်၍ ပို့လေ၏။

ထိုခဏ၌သာလျှင် ကောင်းကင်မှ ရတနာခုနစ်ပါး မိုးကြီး ရွာ၍ မဟာဒုဂ်၏ အိမ်တစ်အိမ်လုံးကို ပြည့်လျှံစေ၏။ မဟာဒုဂ်သည် မြတ်စွာဘုရားကို အစဉ်ပို့လိုက်ပြီး၍ ပြန်လာသောအခါ မိမိအိမ်တအိမ်လုံး ရတနာခုနစ်ပါးတို့ဖြင့် ပြည့်နေသည်ကိုမြင်၍ 'သြော်-အံ့ဖွယ်ရှိလေစွ။ ယခုချက်ချင်းပင်လျှင် ငါ လှူဒါန်းအပ်သော ဒါနသည် အကျိုးပေးလေပြီ။ သြော်-အံ့ဖွယ်ရှိလေစွ'။

ထို့နောက် မဟာဒုဂ်သည် ပင်းကြီးထံမှောက်သို့သွားရောက်ရှိခိုးပြီး 'အရှင်-မင်းမြတ်....၊ အကျွန်ုပ်၏ အိမ်သည် ရတနာခုနစ်ပါးတို့ဖြင့် ပြည့်နေပါ၏။ ထိုပစ္စည်း - ဥစ္စာတို့ကို သိမ်းဆည်းတော်မူပါလော့'ဟု လျှောက်၏။ မင်းကြီးက 'မဟာ

ဒုဂ်...။ ထိုပစ္စည်း-ဥစ္စာတို့သည် သင်၏ဘုန်းကံကြောင့် ရသည်ဖြစ်၍ —သင်သာလျှင် ယူထိုက်၏။ ငါမသိမ်းဆည်းထိုက်' ဟု ဆို၏။ ထို့နောက် မင်းကြီးသည် များစွာသော ပစ္စည်း–ဥစ္စာပိုင်ရှင်ဖြစ်သော မဟာဒုဂ်ကို ကြီးစွာသော ပူဇော်သက္ကာရကို ပြု၍ သူဌေးကြီးရာထူးကို ပေးသနားတော်မူလေ၏။

ထို့နောက် မင်းကြီးက မဟာဒုဂ် သူဌေးကြီးအား ရှေးအခါက သူဌေးတစ်ဦး နေခဲ့ဘူးသော အိမ်နေရာကို ညွှန်ပြ၍ 'သူဌေးကြီး....၊ ဤနေရာ၌ အိမ်ကိုဆောက်လုပ်၍နေလော့' ဟု ဆို၏။ မဟာဒုဂ် သူဌေးကြီးသည် ထိုနေရာကို သုတ်သင်ရှင်းလင်း၍ ညီညွတ်အောင် ပြုလုပ်ပြီးသောအခါ အိမ်ဆောက်ရန်မြေကို တူးဆွသည်ရှိသော် အချင်းချင်းထိလျက်ရှိသော ရွှေအိုးကြီးတို့ကို တွေ့မြင်ရလေ၏။ ထိုအကြောင်းကို မင်းကြီးအား လျှောက်ကြားသည်ရှိသော် မင်းကြီးက 'သူဌေးကြီး....၊ အသင်၏ ကောင်းမှုဘုန်းကံကြောင့်ရသော ရွှေအိုးကြီးတို့ကို အသင်ပင် သိမ်းဆည်း၍ ယူလေလော့' ဟု ပြော၏။

မဟာဒုဂ်သူဌေးကြီးသည် အိမ်ကို ဆောက်လုပ်ပြီးသောအခါ ဘုရားအမှူးရှိသော ရဟန်း-သံဃာတော် အပေါင်းအား ပင့်ဖိတ်ပြီးလျှင် ကြီးစွာသော အလှူကြီးကို ခုနစ်ရက် ပတ်လုံး ပေးလှူလေ၏။ ထို့နောက်လည်း အသက်ရှည်သမျှ ကာလပတ်လုံး ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်ပြီးလျှင် အသက်ကို အဆုံး၌ နတ်ပြည်၌ ဖြစ်လေ၏။

ထို့နောက် ဤဂေါတမမြတ်စွာဘုရား၏ သာသနာတော်အတွင်း၌ မဟာဒုဂ်သည် 'သုခသာမဏေ'၏အဖြစ်ဖြင့် ဆဠာဘိညာ ရဟန္တာ ဖြစ်လေသတည်း။

## ဆင်းရဲဒုက္ခတို့မှ ကာကွယ်ရန် နည်းလမ်း

ပုထုဇဉ် လူသားတိုင်းသည် ကောင်းသောအစာကို စားလိုကြ၏။ ကောင်းသောအဝတ်တို့ကို ဝတ်ဆင်လိုကြ၏။ ကောင်းမွန်သောအိမ်တွင် နေလိုကြ၏။ ကောင်းသော ကျန်းမာရေးဖြင့် နေ့စဉ် သားမယားတို့နှင့် အတူတကွ ပျော်ပျော် - ပါးပါး နေထိုင်လိုကြကုန်၏။

မည်သူမျှ စားဝတ်နေရေးတို့အတွက် ဒုက္ခ မခံစားလိုပါ။ မည်သူမျှ ရောဂါမရလိုပါ။ မည်သူမျှ စိတ်ညစ်မခံလိုပါ။ သို့ရာတွင် ပုထုဇဉ်လူသားတိုင်း နေ့စဉ် စားဝတ်နေရေး ဒုက္ခ၊ လိုလားမရသော ဒုက္ခ၊ မလိုလားရသော ဒုက္ခ၊ တစ်ခုမဟုတ်တစ်ခု ခံစားကြရ၏။

လောက၌ များစွာသော ဆင်းရဲ - ဒုက္ခ ဟူသမျှတို့သည် အကုသိုလ်ကံဟူသော အကြောင်းကြောင့် ဖြစ်ပေါ်ကုန်၏။ အမှန်တရားကိုမသိသော ပုထုဇဉ်တို့သည် အဖန်တလဲလဲ ဆင်းရဲဒုက္ခကို ခံစားရကုန်၏။ ထို့ကြောင့် ဆင်းရဲ၏ အကြောင်းကို ဆင်ခြင်လျက် အကုသိုလ်ကို မပြုလုပ်ရာ-ဟု မြတ်စွာဘုရားသခင် ဟောတော်မူခဲ့၏။

ထို့ကြောင့် ဒုက္ခမခံစားလိုလျှင် - (၁) မကောင်းသော အကြံကို မကြံစည်နှင့်။ (၂) မကောင်းသောစကားကို မပြောနှင့်။ (၃) မကောင်းသော အလုပ်ကို မလုပ်နှင့်။ ဤကဲ့သို့ ကိုယ် နှုတ် နှလုံးတို့ကို စောင့်ရှောက်လျှင် အကုသိုလ်ကံမဝင်နိုင်ပါ။ အကုသိုလ်ကံ မဝင်လျှင် ဒုက္ခမခံစားရပါ။

အတိတ်ကပြုခဲ့သော အကုသိုလ် သာမညရှိလျှင် ဒါန၊ သီလ၊ ဘာဝနာနှင့် ပရိတ် ရွတ်ဖတ်ခြင်းအားဖြင့် ပပျောက်နိုင်၏။ မီးလောင်သောအခါ ရေများလျှင် ငြိမ်းနိုင်၏။ မီးများလျှင် မီးနိုင်သကဲ့သို့ ဒါန၊ သီလ၊ ဘာဝနာတို့ဖြင့် ကုသိုလ်များလာသောအခါ သာမည အကုသိုလ် ပပျောက်နိုင်၏။

ကြီးလေးသော အကုသိုလ်ကံတို့သည် မပပျောက်နိုင်။ ဥပမာ– အမိ၊ အဘ၊ ရဟန္တာ သတ်သူ၊ သံဃာ သင်းခွဲသူ၊ ဘုရားရှင်အား သွေးစိမ်းတည်အောင် ပြုလုပ်သူတို့၏ ကံကို ကြီးလေးသောကံ (ဂရုက ကံ)ဟု ခေါ်၏။ ထိုကြီးလေးသော ကံကို ပြုထားသောသူသည် သေလျှင် အခြား ကုသိုလ်ကံတွေ မည်မျှပင် ပြုလုပ်ထားစေကာမူ မုချ ကေန် အဝီစိငရဲသို့ ကျရောက်မည်သာတည်း။

☆

## သတိသံဝေ ရစေဖို့

(၁) ငါသည် ယခု မည်မျှပင် နိုပျို၍ တင့်တယ်စေကာမူ နောက်ဆုံး မအိုချင်ဘဲ အိုရမှာပဲ။

(၂) ငါသည် ယခု မည်မျှပင် ကျန်းမာစေကာမူ နောက်ဆုံး မနာချင်ဘဲ နာရမှာပဲ။

(၃) ငါသည် ယခု အသက်ရှင်စဉ် မည်မျှပင် ပျော်ရွှင် မြူးတူးစေကာမူ နောက်ဆုံး မသေချင်ဘဲ သေရမှာပဲ။

(၄) ငါ့မှာ ချစ်ကျွမ်းဝင်သူ မည်မျှပင် ရှိစေကာမူ နောက်ဆုံး မခွဲချင်ဘဲ ခွဲရမှာပဲ။

## ဥပမာ စကားပုံ

(၁) ငါ့ကို ရန်သူ ဝိုင်းထားသောအခါ ရန်သူတို့ မသိသော ထွက်လမ်း ရှိပါလျက်နှင့် ထွက်မပြေးလျှင် ငါ့အပြစ်ပဲ။

(၂) ငါ့ကိုယ်၌ ဖျင်လူးသောအခါ သန့်ရှင်းသောရေ ရှိပါလျက်နှင့် ငါမဆေးလျှင် ငါ့အပြစ်ပဲ။

(၃) ငါ့ကိုယ်၌ ပြင်းထန်သောရောဂါ စွဲကပ်နေသောအခါ အတုမရှိသော သမားတော်ကြီးက ပေးထားသောဆေး ရှိပါလျက်နှင့် ငါဆေးမစားလျှင် ငါ့အပြစ်ပဲ။

☆

## သတိသံဝေ ရစေဖို့

ဒါနပြုရန်အတွက်ဖြစ်စေ၊ သီလ ဆောက်တည်ရန်အတွက်ဖြစ်စေ၊ ဘာဝနာ ပွားများရန်အတွက်ဖြစ်စေ နက်ဖြန်-သန်ဘက် ရက်မရွှေ့ပါနှင့်၊ ယနေ့ ယခုပင်လျှင် ပြုလုပ်ပါ။ အဘယ်အကြောင်းကြောင့်ဆိုသော် သေရမည့်အချိန်ကို မည်သူမျှ မသိနိုင်။ နက်ဖြန်-သန်ဘက် ရက်ရွှေ့နေလျှင် ဒါန၊ သီလ၊ ဘာဝနာ မလုပ်ခင် သေနိုင်၏။ သေခြင်းတရားသည် အလွန် လျင်မြန်၏။ ကွေးသောလက် မဆန့်ခင် သေနိုင်၏။ သေမင်း ခေါ်သောအခါ ငါသည် ဒါန၊ သီလ၊ ဘာဝနာ အလုပ်ကို မလုပ်ရသေးဘူး။ ထိုအလုပ်တို့ကို လုပ်နိုင်ရန်အတွက် ခဏနေပါရစေအုံး-ဟု တောင်းပန်၍ ရမှာမဟုတ်ဘူး။

လူတို့သည် အများအားဖြင့် 'နာမ်' ကို မပြုပြင်ဘဲ 'ရုပ်'ကိုသာ ပြုပြင်နေကြ၏။ ထို့ကြောင့် နာမ်မလှ၍ ရုပ်မလှ ဖြစ်ကြ၏။ ရုပ်ကိုပြုပြင်သလို နာမ်ကိုလည်း ပြုပြင်လျှင် နာမ်နှင့်ရုပ် နှစ်ခုစလုံး လှမည်ဖြစ်ပါသည်။ နာမ်ကို ဘာဝနာ ပွားများခြင်းအားဖြင့် ပြုပြင်ရာ၏။

☆

## မိမိကိုယ်ကို သတိရပါ

ယခုပင်လျှင် မအိုခင်က ဒါန၊ သီလ၊ ဘာဝနာပြုလုပ်ရန် နေ့-ည မမေ့နှင့်။ ယခုပင်လျှင် မနာခင်က ဒါန၊ သီလ၊ ဘာဝနာပြုလုပ်ရန် နေ့—ညမမေ့နှင့်။ ယခုပင်လျှင် မသေခင်က ဒါန၊ သီလ၊ ဘာဝနာပြုလုပ်ရန် နေ့-ည မမေ့နှင့်။ မြူးတူးပျော်ပါး တဟားဟား လာမ်းမှားကြောင်းသတိထား။ နောင်အခါ ပူပန်ခြင်းမရှိရန် တရားလက်ကိုသာ လိုက်ပါ။ လူမှုကိစ္စ မည်မျှပင် များစေကာမူ ဒါန၊ သီလ၊ ဘာဝနာပြုလုပ်ရန် နေ့—ညမမေ့နှင့်။ အကယ်အကြောင်းကြောင့်ဆိုသော် ငါတို့တွင် သေဖို့အရေးသည် အကြီးဆုံးအရေးဖြစ်၏။ ထိုသေဖို့အရေးအတွက် ပြင်ဆင်ရန်လည်း အရေးကြီးဆုံးလုပ်ငန်းဖြစ်၏။

☆

ဤလောကဌ် လိုချင်မှု (တဏှာ) အခါချုပ်၏။ တဏှာကား ခိုင်းသမျှ (ငြင်းပယ်၍မရဘဲ) ရှာဖွေ၍ပေးရ၏။ ရှာ၍ရသမျှ

ဥတ္တရ– ပစ္စည်းအားလုံးနှင့် ချစ်ခင်ရသောသူ အားလုံးကို ငါစွန့်ပစ်၍ သေမင်းခေါ်ရာသို့ တစ်နေ့လိုက်သွားရလိမ့်မည်။ ထို သေဖို့အရေးမှ ဘယ်သား၊ ဘယ်သမီးမျှ ငါ့ကိုမကယ်နိုင်ဘူး။ ငါ့ထက်ကြီးသူ၊ ငါ့ထက်ငယ်သူ၊ ငါနှင့်အသက်အရွယ်အားဖြင့် တူသူတို့ သေကြသည်မှာ များလှပြီ။ ငါလည်း သေဘက် နီးလာပြီ။ ငါမသေခင် ငါသွားရမည့်လမ်းကို ပြင်မှသင့်တော်မည်။ ဒါန၊ သီလ၊ ဘာဝနာတို့သည် ငါ့အတွက်သွားရန် လမ်းဖြစ်လိမ့်မည်။

ယော်စဉ်ကာပင်လျှင် ငါသည် မအိုချင်ဘဲ အိုရလိမ့်မည်။ မနာချင်ဘဲ နာရလိမ့်မည်။ မသေချင်ဘဲ သေရလိမ့်မည်–ဟု သိပါ၏။ သို့ရာတွင် မည်သည့်နေရာဂါဖြင့် သေမည်–မည်သည့်နေရာ သေမည်။ မည်သည့်အချိန် သေမည်ကို မသိပါ။ ထို့ကြောင့် ငါသည် မသေခင် ခွင့်သာတုန်းအချိန်မှာ ဒါန၊သီလ၊ ဘာဝနာအလုပ်ကို လုပ်ခြင်းအားဖြင့် သေရန်အတွက် မိမိကိုယ်ကို ပြင်ဆင်ထားမှ သင့်တော်မည်။

☆

ဗုဒ္ဓဘာသာဝင်ဖြစ်ကြသော သူတော်ကောင်းတို့သည် အများအားဖြင့် ဥပုသ်နေ့များ၌သာ ဒါန၊ သီလ၊ ဘာဝနာစသော ကောင်းမှုကုသိုလ်တို့ကို ပြုလုပ်ကြပါသည်။ ထိုသူတို့သည် ဥပုသ်နေ့မဟုတ်သော နေ့များ၌ ထိုဒါန၊ သီလ၊ ဘာဝနာ စသော ကောင်းမှုကုသိုလ်တို့ကို မလုပ်ကြပါ။ ဤကဲ့သို့ မဖြစ်သင့်ပါ။

နေ့စဉ် ဥပုသ်နေ့ပဲ–ဟု မှတ်၍ ဒါန၊ သီလ၊ ဘာဝနာ စသော ကောင်းမှုကုသိုလ်တို့ကို နေ့စဉ်မပြတ် ပြုလုပ်သင့်ပါသည်၊ အဘယ်အကြောင်းကြောင့်ဆိုသော် တစ်ရက်လွန်သွားလျှင် တစ်ရက် အသက်ကြီးလာ၏။ သေဖို့ရက်သည် တစ်ရက် နီးကပ်လာ၏။ တစ်နာရီလွန်သွားလျှင် သေဖို့အချိန် တစ်နာရီ နီးကပ်လာ၏။

(၁) လူ့ဘဝ ရဖို့ ခဲယဉ်း၏။ (၂) လူ့ အသက်ရှင်ဖို့ ခဲယဉ်း၏။ (၃) တရားတော် နာရဖို့ ခဲယဉ်း၏။ (၄) ဘုရားသာသနာနှင့် တွေ့ကြုံရဖို့ ခဲယဉ်း၏–ဟု မြတ်စွာဘုရားသခင် ဟောတော်မူခဲ့၏။

ထိုရဖို့ခဲယဉ်းသော တရားလေးခုကို ငါတို့ ရထားပြီဖြစ်၏။ ဤအချိန်တွင် ငါတို့သည် ဒါန၊ သီလ၊ ဘာဝနာအလုပ်ကို နေ့ရော–ညပါ ကြိုးစား၍ ပြုလုပ်သင့်လှပေ၏။ ဤအချိန်တွင် ဒါန၊ သီလ၊ ဘာဝနာအလုပ်ကို မလုပ်ဘဲနေလျှင် ငါတို့ထက် မိုက်သောသူ ကမ္ဘာ၌ မရှိ–ဟု မှတ်ထိုက်ပေသည်။ အဘယ်ကြောင့်ဆိုသော် ယခုအချိန်တွင် ဒါန၊ သီလ၊ ဘာဝနာအလုပ်ကို မလုပ်ဘဲ သေသွားလျှင် လူ့ဘဝ ပြန်ရမှာ မဟုတ်ဘူး။

လူ့ဘဝရပြန်ရင်လဲ အသက်ရှည်မှာမဟုတ်ဘူး။ အသက်ရှည်ရင်လဲ ဘုရားသာသနာနှင့် တွေ့ကြုံရမှာမဟုတ်ဘူး။ ဘုရားသာသနာအတွင်းမှာ လူဖြစ်ရင်လဲ လူရိုင်းဖြစ်နေ၍ တရားနာရမှာ မဟုတ်ဘူး။ မိစ္ဆာဒိဋ္ဌိဖြစ်ရင်လဲ ဘုရားတရားတော်နာချင်မှာမဟုတ်ဘူး။

(အရူပ) ရုပ်မရှိသော ပြဟ္မာဖြစ်နေရင်လဲ ဘုရား တရားတော်ကို နာနိုင်မှာမဟုတ်ဘူး။ (အသညသတ်) နာမ်မရှိသော ပြဟ္မာဖြစ်နေရင်လဲ တရားနာဖြစ်မှာမဟုတ်ဘူး။ အပါယ်ဘုံမှာ ကျနေရင်လဲ ဘုရားတရား နာခွင့်ရမှာ မဟုတ်ဘူး။

တိုတိုပြောရလျှင် ရရန်ခဲယဉ်းသော အရာလေးခုကို ယခုလို ရထားသောအခါ 'လသာတုန်း-ဗိုင်းငင်၊ မိုးရွာတုန်း-ရေခံ' ဆိုသလို ဘုရားသာသနာနှင့် တွေ့ကြုံတုန်း နေ့-ညမပြတ် ဒါန၊ သီလ၊ ဘာဝနာအလုပ်ကို ပြုလုပ်သင့်လှပေသည်။

☆

အားလုံးသော လူ နတ် ပြဟ္မာ သတ္တဝါ အပေါင်းတို့သည်-

---

(၁) ကံသာလျှင် မိမိတို့ရဲ့ ကိုယ်ပိုင် ဥစ္စာ ရှိကြပေကုန်၏။

(၂) ကံသာလျှင် အမွေဆိုင် ပစ္စည်း ရှိကြပေကုန်၏။

(၃) ကံသာလျှင် အကြောင်းခံ ရှိကြပေကုန်၏။

(၄) ကံသာလျှင် အဆွေအမျိုး ရှိကြပေကုန်၏။

(၅) ကံသာလျှင် ကိုးကွယ်လဲလျောင်းရာ ရှိကြပေကုန်၏။

မိမိတို့ ပြုလုပ်ထားသော ကုသိုလ်ကံ၊ အကုသိုလ်ကံ မှန်သမျှတို့သည် လူ နတ် ပြဟ္မာ သတ္တဝါ အပေါင်းတို့အား အယုတ်အမြတ် ကွဲပြားအောင် စီမံခန့်ခွဲ၍ နေပါပေကုန်၏။

ဘုရား၊ တရား၊ သံဃာဆိုတဲ့ ရတနာသုံးပါးတို့သည် ဒုက္ခ ခပ်သိမ်း ငြိမ်းစေနိုင်သော ကိုးကွယ်ပုန်းအောင်း လဲလျောင်း ဖွယ်ရာ မြတ်ရတနာသည် မုချ-ပုံသေ ဖြစ်ပေတော့၏။

ဤဘုရား၊ တရား၊ သံဃာဆိုတဲ့ ရတနာအား ပြိုင်လာ တိုင်း ရှုံးရသောကြောင့် ဤရတနာသည် အမြတ်ဆုံးရတနာ မုချပုံသေ ဖြစ်ပေတော့၏။

ဤရတနာသုံးပါးအား မပြတ် ဆည်းကပ် ကိုးကွယ်ခြင်း ကို အစွဲပြု၍ ဒုက္ခဟူသမျှမှ ကင်းစင်လွတ်မြောက်၍ နိဗ္ဗာန်သို့ ဆိုက်ရောက်နိုင်ကြလေကုန်ရာ၏။

☆

ဂင်္ဂါမြစ်ထဲမှာရှိသော သဲလုံးမကပွင့်တော်မူခဲ့ကြကုန်သော မြတ်စွာဘုရားသခင်တို့သည် အချက်သုံးချက်ပါသော တစ်မျိုး တည်းသော တရားတော်ကို ဟောကြားတော်မူခဲ့ကြကုန်၏။ ထိုအချက် သုံးချက်တို့သည်-အဘယ်နည်း ဟူမူကား (၁) မ ကောင်းမှုဟူသမျှကို ရှောင်ပါ။ (၂) ကောင်းမှုဟူသမျှကို ပြုလုပ်ပါ။ (၃) မိမိစိတ် ဖြူစင်အောင် ဘာဝနာပွားများ ပါ-ဟု ဖြစ်ကြပါသည်။

ထိုတစ်မျိုးတည်းသော တရားကို လိုက်နာ ကျင့်သုံးခြင်း အားဖြင့် တစ်ဆူ-တစ်ဆူသော ဘုရားရှင်၏ သာသနာတော် အတွင်း၌ မရေမတွက်နိုင်အောင် များပြားကြကုန်သော လူ၊ နတ်၊ ဗြဟ္မာအပေါင်းတို့သည်ကျွတ်လွတ်ခဲ့ကြကုန်၏ဟုကျမ်းဂန် များ၌ ပါရှိပါသည်။ ထိုလောက်များပြား၍ ကျွတ်တမ်းဝင်

ကြာကုန်သော လူနတ်ပြဟ္မာ အပေါင်းတို့တွင် ငါသည်အဘယ် အကြောင်းကြောင့် မပါရှိခဲ့သနည်း။ ငါသည် အဘယ် အကြောင်းကြောင့် ကျွတ်တမ်းမဝင်ခဲ့သနည်း – ဟု စဉ်းစား ကြည့်လျှင်...။

မြတ်စွာဘုရားကိုင်း ဟောကြားတော်မူခဲ့သော တစ်မျိုး တည်းသော တရားတွင် ပါရှိသော အချက်သုံးချက်တို့ကို စဉ်း စားရာတွင် ငါသည် ယခင့်–ယခင် ဘဝများစွာ၌ ဒါနပြုခဲ့ သောကြောင့် ယခုဘဝ ပစ္စည်း–ဥစ္စာ အသင့်အတင့် ရှိပါ၏။ ငါသည် ယခင်–ယခင်ဘဝများစွာတို့၌ သီလ ဆောက်တည် သောကြောင့် ယခုဘဝ အသက်ရှည်၍ ကိုယ်ကျန်းမာ၊ စိတ် ချမ်းသာစွာ ရှိပါ၏။ ငါသည် ယခင်–ယခင်ဘဝတို့၌ ဘာဝ- နာအလုပ်ကို မလုပ်ခဲ့သောကြောင့် ယခုတက်ထိ ကျွတ်တမ်း မဝင်ဘဲ ဖြစ်နေရသည်–ဟု ငါ ထင်မှတ်၏။

အတိတ်ဘဝများစွာတွင် ငါမှားခဲ့သည့် အပြစ်ရှိပါစေဦး တော့၊ ယခုဘဝ မမှားဘို့အရေးကြီးဘယ်။ ယခု ငါသည် လူ့ဘဝလည်း ရထားပြီး ဘုရားသာသနာ နှင့်လည်း တွေ့ကြုံ နေရ၏။ ဘုရား တရားတော်ကိုလည်း နာနေရ၏။ ကိုယ် လက် အင်္ဂါ စုံလင်စွာလည်းရှိ၏။ ရရန်ခဲယဉ်းသော အရာလေးခုကို ငါရထားပြီ။ ယခုအချိန်တွင်ငါသည် ဒါန၊ သီလ၊ ဘာဝ- နာအလုပ်ကို မလုပ်ဘဲနေလျှင် ငါ့လောက်မိုက်သောသူ ကမ္ဘာ ပေါ်မှာမရှိ–ဟု ငါထင်၏။ ထို့ကြောင့် ယခု ငါသည် ဒါန၊ သီလ၊ ဘာဝနာအလုပ်ကို နေ့စဉ်လုပ်နေပါ၏။ စာရှု သူတိုင်း ဒါန၊ သီလ၊ ဘာဝနာအလုပ်ကို ပြုလုပ်ကြပါ – ဟု တိုက်တွန်းနှိုးဆော်ပါ၏။

## မှီငြမ်းပြုစုသောစာအုပ်များ

(၁) သံယုတ်ပါဠိတော် မြန်မာပြန် ပထမတွဲ။
(၂) ။ ။ ဒုတိယတွဲ။
(၃) ။ ။ တတိယတွဲ။
(၄) ခုဒ္ဒကပါဌပါဠိတော် မြန်မာပြန်။
(၅) ပဋိသမ္ဘိဒါမဂ် ပါဠိတော် မြန်မာပြန်။
(၆) သုတ္တန္တပိဋကသုတ်ပါထေယျ ပါဠိတော် မြန်မာပြန်။
(၇) မဟာဝဂ္ဂပါဠိတော် မြန်မာပြန်။
(၈) ဓမ္မပဒဝတ္ထုတော်ကြီး ပထမတွဲ။
(၉) ။ ဒုတိယတွဲ။
(၁၀) ။ တတိယတွဲ။
(၁၁) ဗုဒ္ဓဘာသာလက်စွဲ တတိယတွဲ။
(၁၂) ခုဒ္ဒကပါဌပါဠိတော် မြန်မာပြန်
(၁၃) ဒိပဲရင်းဆရာတော် ရေးသားသော 'အနာဂတဝင်ကျမ်း'။
(၁၄) သုတ္တန်ပိဋက မဟာဝဂ္ဂသံယုတ်ပါဠိတော်မြန်မာပြန်။
(၁၅) အနမဂ္ဂသံယုတ်ပါဠိလော် မြန်မာပြန်
(၁၆) ပရမတ္ထဒီပနီ ဋီကာ မြန်မာပြန်

ရွှေဟင်္သာဆရာတော်ဘုရားကြီး၏

# တရားသုံးပါး

မီးတုံးကြီး – မီးတောင်ကြီးတို့သည်
လိမ့်ကာ လိမ့်ကာ လာနေကြသကဲ့သို့
"အိုခြင်း"သဘောသည်လည်းကောင်း၊
"နာခြင်း"သဘောသည်လည်းကောင်း၊
"သေခြင်း"သဘောသည်လည်းကောင်း၊
ဤသဘောတရားသုံးပါးတို့သည်တအိအိနှင့်
လိမ့်၍ လိမ့်၍ လာနေကြလေကုန်ပြီ။

တအိအိနှင့် လိမ့်၍လာနေကြကုန်သော – မီးတုံး မီးတောင်ကြီးနှင့် တူကုန်သော ထို ဇရာ၊ ဗျာဓိ၊ မရဏ၊ တရားသုံးပါးတို့ကို တွန်းလှန်၍ ဖယ်ရှားခြင်းငှာ ခွန်အား ဗလသည်– အဘယ်လူ၊ အဘယ်နတ်၊ အဘယ်သတ္တဝါ မှာမှမရှိ၊ ထိုဘေးမှ လွတ်အောင် ပြေးရှောင်ခြင်းငှာ၊ လျှင်မြန်သော အဟုန်သည် အဘယ်လူ– အဘယ်နတ် အဘယ်သတ္တဝါမှာမှ မရှိပါပေ။